www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ်စုံထောက်ဝတ္ထု

# ဝေယမင်းအိမ်

သေဘက်ဗဟာင်နှင်းသံဗဟိုတ်နှင့်

# ယုံပါတယ် မောင်ဘုတ်ကိ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၆၂၁၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၀၉၇၄၀၈၀၇

ပုံနှိပ်ခြင်း

ပထမအကြိမ် ▸ (၂၀၀၈၊ မေလ)

အုပ်ရေ ▸ (၅၀၀)

မျက်နှာဖုံး ▸ နီပိုဦး

ကွန်ပျူတာစာစီ ▸ *Quality*

အတွင်းဖလင် ▸ *Quality*

ပုံနှိပ်သူ

နော်ဆဲနေမူး(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊

အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ▸ ၁၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

တစ်ညသ၌ ကျွန်ုပ်နှင့် ကိုသံဟိတ်သည် အပြင်သို့ မသွားကြဘဲ ဆိုင်မှာပင်ထိုင်၍ စာဖတ်လိုက်၊ စကားပြောလိုက် လုပ်နေကြလေတော့၏။ အပြင်ဘက်တွင်လည်း နှင်းများ စောစီးစွာ ကျနေသည်ဖြစ်ရာ လမ်းသွား လမ်းလာများလည်း သိပ်မရှိတော့ပေ။ ယခုနှစ်ဆောင်းသည် ယခင်နှစ်က ထက် ပို၍အေးသောကြောင့်လည်း ရန်ကုန်တွင် နေထိုင်သည့် နိုင်ငံခြား သားများရော မြန်မာများပါ အနွေးထည်ထူထူကြီးများကို ဝတ်ကြရသော နှစ်တစ်နှစ်ဖြစ်လေ၏။

"ဒီနှစ်ကတော့ မနှစ်ကထက် သိသိသာသာ ပိုအေးတယ် ခင်တောအုပ်ရေ"

ဟု အင်ဆိုက်ကလိုပီးရီးယား စာအုပ်ကြီးကို ဖတ်နေသော ကိုသံဟိတ်က စာအုပ်ဖွင့်လျက်သားနှင့် စကားစလိုက်လေ၏။ ကျွန်ုပ် သည်လည်း ဖတ်လက်စ ဒီတက်တစ်စတိုရီ စာအုပ်ကို ပိတ်လိုက်ကာ

"ဟုတ်တယ်ဗျို့၊ ဒီနှစ် ပိုအေးတယ် မှတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ ပြောလိုက်လေ၏။ ကိုသံဟိတ်က စီးကရက်တစ်လိပ်ကို ထုတ်မီးညှိလေ၏။ ပြီးလျှင် ကျွန်ုပ်ဘက်သို့ စီးကရက်ဘူးကို တိုးပေးလိုက်လေရာ ကျွန်ုပ်ကလည်း စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလိုက်လေ၏။

"မနက်ဖြန် ဒီဇင်ဘာ ၁၅ ရက်နော်။ ဒါဆို မနက်ဖြန်စမှာပဲ"

ဟု ကိုသံဟိတ်က အရင်းမရှိ အဖျားမရှိသော စကားကို ပြောလေရာ ကျွန်ုပ်က မည်သို့မျှ နားမလည်တော့သောကြောင့်...

"မနက်ဖြန်စမှာ ဘာများလဲဗျ ကိုသံဟိတ်ရဲ့"

"ပန်းချီပြပွဲလေ မောင်တောအုပ်ရဲ့။ ဂျူဗလီဟောမှာ လုပ်မှာကွယ့်။ ဦးဘဉာဏ်ကားတွေ တော်တော်များများ ပါမယ်ပြောတယ်"

"ဦးဘဉာဏ် တစ်ကိုယ်တော်လားဗျ"

"မဟုတ်ဘူးကွယ့်။ ပန်းချီဆရာ အစုံပါပဲ။ ဦးထွန်းကြွယ်၊ ဆရာမြစ်၊ ဦးဘလုံ၊ ဦးဘဇော်၊ ဦးဘအုန်း၊ ဆရာချုံနဲ့ မန္တလေးက ဆရာဝင်း၊ ပြီးတော့ ဦးစောမောင်တို့သားအဖလည်း ကားတွေ ပို့ထားတယ် ပြောတယ်။ တော်တော်တော့ စုံတယ်တဲ့ မောင်တောအုပ်ရဲ့၊ ဆရာစုံ၊ ကားစုံ ကြည့်ရမှာပေါ့ကွယ်"

"ဟာ... ကောင်းသားပဲဗျ။ ဒါဆိုရင် မနက်ဖြန် သွားကြစို့ဗျာ"

"သွားရမယ် မောင်တောအုပ်ရေ၊ သွားကိုသွားမှ ဖြစ်မယ်၊ ဒီပွဲမျိုးက ကြုံရခဲတယ်ကွယ့်"

"အင်း... ဦးဘဉာဏ်ကတော့ တော်တော့်ကို တော်တာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပန်းချီကျော်ဦးဘဉာဏ်ကို ချီးမွမ်းလိုက်လေရာ သံဟိတ်က ခေါင်းကို ညိတ်လိုက်ကာ...

"တော်ဆို အင်္ဂလန်မှာကို နှစ်ကြိမ်တိတိသွားပြီး ပညာသင်ခဲ့ကွယ့်။ ပထမအကြိမ်ကတော့ စကောက်မင်းကြီး ကင့်ချ်၊ ပါမောက္ခ ...နဲ့ ပါမောက္ခ လုစ်တို့ရဲ့ တိုက်တွန်းစိစဉ်မှုနဲ့ ဘုရင်ခံဆာဘတ္တလာက ...ဘာတူပြီး ပညာတော်သင်လွှတ်လိုက်တာ။ ဒီတုံးက ခရစ်နှစ် ၁၉၂၀ ...ပြောတယ်။ နောက်တစ်ကြိမ်ကတော့ အင်ပိုင်ယာမတ်ကက်တင်း ...တ်ကပြုလုပ်တဲ့ ပန်းချီပြိုင်ပွဲမှာ ပထမဆုရလို့ ဥရောပတစ်ခွင် လှည့် ...ည့် နေထိုင်ခွင့် တစ်နှစ်ခွဲရခဲ့တယ်။ အဲဒီမှာ အင်္ဂလန်က သူ့ဆရာကြီး ...င်းလပ်ဆီကို ပြန်ရောက်သွားပြီး ပညာတွေထပ်သင်ခဲ့တယ်။ ဒီတုံးက ...ခရစ်နှစ် ၁၉၂၅ လို့ ပြောတယ်"

"တယ်တော်တဲ့လူပေပဲဗျာ"

"ဟုတ်တယ် မောင်တောအုပ်။ ဦးဘဉာဏ်က လူတော်ကွယ့်။ ...တော့ လူကလည်း လူကောင်းတစ်ယောက်ပေပဲ။ အားကြီး ရိုးသားပြီး ...သုံ့လလည်း အားကြီးရှိတဲ့လူကွယ့်။ အင်္ဂလန်က သူ့ဆရာတွေဆိုရင် ...ကို သိပ်ချီးမွမ်းကြတာ"

"ကျွန်တော်တို့ မြန်မာတွေအနေနဲ့တော့ ဦးဘဉာဏ်ဟာ ...င်းသူစရာပေပဲဗျာ"

"မှန်ပါတယ် မောင်တောအုပ်။ မှန်ပါတယ်"

"ကျွန်တော် သူ့ကားတွေ မကြာမကြာ ကြည့်ခွင့်ရခဲ့ပါတယ်။ ...ောက်က နည်းနည်းကြမ်းပေမယ့် တော်တော်သွက်တာကလား"

www.burmeseclassic.com



"ဟုတ်တယ် မောင်တောအုပ်ရဲ့၊ ဦးဘဉာဏ်က သူ့ကား
ကို စုတ်နဲ့ အခြေတည်ပြီးတော့မှ ပဲလက်နိုက်ဖ်လို့ခေါ်တဲ့ သံလက်
ကလေးနဲ့ အပြားလိုက် ဆေးတင်ပြီး ဆွဲတာကွယ့်။ အနီးကပ်ကြည့်
ကတော့ သိပ်မကောင်းဘူး၊ ဆယ်ပေလောက်က ခွာကြည့်မှကောင်းတာ

"ဟုတ်တယ်ဗျို့ ဟုတ်တယ်။ ပြီးတော့ သူ့ပုံတွေက ပုံ
ကူးဆွဲတာမျိုး မဟုတ်ဘူး"

"မှန်တယ် မောင်တောအုပ်။ သဘာဝကနေ ဓာတ်ပုံရိုက်သ
တိတိကျကျ အသေးစိတ်ရေးဆွဲတာ မဟုတ်ဘူးကွယ့်၊ အမြင်သဘော
ထက် စိတ်ခံစားမှုကို ပေါ်လွင်အောင် ရေးဆွဲတာမျိုးပဲ"

"နို့... နေပါဦးဗျ၊ ဦးဘဉာဏ်ကို တခြားနိုင်ငံတွေကရေ
သိရဲ့လား"

"သိပါသော်ကော မောင်တောအုပ်ရယ်၊ အင်ပိုင်ယာမတ်က
တင်း ဘုတ်က ဆုရတုံးက ဥရောပတစ်ခွင် လှည့်ခဲ့သေးတာကို၊ ဒီတုံး
ရောက်လေရာ နိုင်ငံတွေမှာ ပန်းချီကားတွေရေးဆွဲပြီး ရောင်းခဲ့တ
ကွယ့်၊ ပုံတူပေဒလည်း ဆွဲပေးခဲ့သေးတယ်။ ပြင်သစ်ရောက်တော့ ပဲရစ်
သူ့ပန်းချီကားတွေကို လက်ခံပြီး ဝယ်ခဲ့ကြတယ်"

"အို... ဝမ်းသာဖို့ ကောင်းလိုက်တာဗျာ၊ တကယ့်ကို ပါ
ရှိတဲ့လူပဲ"

"အင်း... ပါရမီလည်းပေါ့ကွယ်။ သူ့ရဲ့ အပင်ပန်းခံ
ကြိုးစားအားထုတ်မှုကလည်း တော်ရုံလူ လိုက်မမီနိုင်ဘူးကွယ့်၊ လူတွေ
လူတစ်ယောက် ထူးချွန်လာရင် ကံပါလို့ ပါရမီပါလို့လို့ အမြဲပြော
တာ၊ တကယ်တမ်းကြတော့ ကံတို့ ပါရမီတို့ ရေခံမြေခံ ကောင်းကော



www.burmeseclassic.com

www.burmeseclassic.com



ရွေးပြီး အပင်ပန်းခံ စိုက်ပျိုးနိုင်မှ မျိုးစေ့ကလေးက အပင်ဖြစ်လာပြီး တစ်စတစ်စနဲ့ အကိုင်းအခက်တွေ ဝေဝေဆာဆာ ဖြစ်လာမှာပေါ့။ ပြီးတော့ အသီးအပွင့်တွေ သီးပွင့်လာမှာပေါ့ မောင်တောအုပ်ရဲ့။ ဒီတော့ သူ့ရဲ့ ကံ၊ ပါရမီတို့တင်မကဘဲ သူ့ရဲ့ အခုဘဝ ကြိုးစားအားထုတ်မှု တွေကိုလည်း ချီးမွမ်းရမှာကွယ့်"

"ဟုတ်ပါတယ် ကိုသံဟိတ်။ အလွန်မှန်ကန်တဲ့ စကားပေပဲဗျာ"

"ဦးဘညာဏ်ရဲ့ ရေဆေးကားတွေ တွေ့ရင် သေသေချာချာ ကြည့် မောင်တောအုပ်ရဲ့။ ဦးဘညာဏ်က လိုအပ်တဲ့ နေရာတွေမှာ အဖြူရောင်ရောပြီး အကြည်ဆွဲတာကွယ့်။ သူ့ရေဆေးကားတွေလည်း အလွန်ကောင်းတာကလား"

"ကိုသံဟိတ်ပြောပြတာနဲ့ အခုတောင်ထသွားပြီး ကြည့်လိုက် ချင်ပြီဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်က သူ၏ မေးစေ့ ဘယ်ဘက်ထောင့်မှ မှဲ့နက်ကလေး လှုပ်သွားအောင် ပြုံးလိုက် ပြီးလျှင်...

"ဒီညလည်း ပြပွဲမဖွင့်သေးပါဘူးကွယ်။ မနက်တော့ ကြည့်ရမှာ ပေါ့လေ။ ကဲ.. ကဲ.. စောစော အိပ်ရာဝင်ပေတော့ မောင်တောအုပ် ရေ။ မနက်စောစောထပြီး ဘရိတ်ဖတ်စ် စားပြီးတာနဲ့ သွားကြတာပေါ့"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ကျွန်ုပ်လည်း အိပ်ရာသို့ စောစောဝင်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

၂

# အခန်း (၂)

ကျွန်ုပ်နှင့် ကိုသံဟိတ်တို့သည် နံနက်အိပ်ရာမှ နိုးသောအခါ ကမျာကယာ ရေချိုးကြလေ၏။ ပြီးလျှင် ကိုသံဟိတ်က ဥရောပဝတ်စုံကို ကျကျနနဝတ်၍ နက်တိုင်ကိုပါ စည်းလေ၏။ ကျွန်ုပ်ကတော့ မီးခိုးရောင် သက္ကလပ်ဘောင်းဘီကို ဝတ်၍ အပေါ်မှ ဘလေဇာကုတ်အင်္ကျီကို ထပ်၍ ဝတ်လိုက်လေ၏။

"ကဲ... တစ်ခုခု သွားပြီးစားကြစို့ မောင်တောအုပ်ရေ။ စားသောက်ပြီးမှပဲ ဂျူဗလီဟောကို သွားကြတာပေါ့ကွယ်"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ကျွန်ုပ်ကလည်း ပြန်၍ ပြောရလေ၏။

"အဆင်သင့်ပါပဲဗျာ။ သွားကြရုံပေါ့"

ဟု ပြောရင်း ဖိနပ်များ စီးလိုက်ကြလေ၏။ ပြီးလျှင် အခန်း တံခါးပိတ်၍ လှေကားမှ ဆင်းခဲ့ကြလေတော့၏။ ကျွန်ုပ်တို့ လှေကားမှ ဆင်းလာ၍ အလယ်ထပ်သို့ ရောက်ချိန်တွင်...



www.burmeseclassic.com

www.burmeseclassic.com



"အလို... ဒါက ဘယ်သွားကြမလို့တုံး"

"အောင်မယ်... ကံကောင်းပေလို့ပါလား။ အုပ်မိရုံကလေးပဲ ရှိတယ်ဗျို့"

ဟူသောအသံများကို လှေကားရင်းမှ ကြားလိုက်ရလေတော့၏။

"ဟာ... ကိုဘခင်နဲ့ ကိုထွန်းသောင်ပါလားဗျ"

ဟု ကျွန်ုပ်က နှုတ်ဆက်လိုက်လေရာ ကိုဘခင်က သူ့၏ ဟစ်တလာနှုတ်ခမ်းမွေးကြီးကို လက်နှင့်သပ်ရင်း မော့ကြည့်လေ၏။ သံလက်သီးထွန်းသောင်ဟု ခေါ်သော လူထွားကြီးကလည်း ပြုံးပြုံးကြီး သုပ်နေကာ...

"ဒီလိုထွက်ပြေးလို့ လွတ်ဦးလားဗျ"

ဟု ပြောလေ၏။ ပြီးလျှင် ကြီးမားသော သူ၏လက်သီးကြီးကို သူ၏ လက်ဝါးထဲတွင် ထည့်၍ ပွတ်နေလေတော့၏။

"တည့်တည့်ကို တိုးတယ်ဆိုတာ ဒါမျိုးပဲကိုး"

ဟု ကိုသံဟိတ်ကလည်း ရယ်မော၍ ပြောလေ၏။

"ဘယ်သွားကြမှာတုံးဗျ။ နှစ်ယောက်စလုံး ရှိုးအပြည့်နဲ့ပါလား"

ဟစ်တလာဘခင်ခေါ် အင်းစိန်စီအိုင်ဒီမှ အင်စပိတ်တော် ကိုဘခင်က မေးလေ၏။

"ဂျူဗလီဟောကို သွားမလို့ဗျ။ အဲဒီမှာ ပန်းချီပြပွဲ ရှိတယ်လေ ဗျာ။ ဒီနေ့ပဲ ဖွင့်မှာဗျ။ ကိုဘခင်တို့ရော လိုက်ခဲ့ပါလား"

ဟု ကိုသံဟိတ်က ပြောလိုက်လေ၏။ ကျွန်ုပ်တို့အားလုံးသည် ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)နှင့် လွှစွလမ်း(ဆိပ်ကမ်းသာလမ်း) ထိပ်တွင် ရပ်၍စကားပြောနေကြခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အိုင်ခေးကိုသံဟိတ်၊ ဒါကိုလည်း တစ်ဆိတ်ကြည့်စမ်းပါဦးဗျ"

ဟု ပြောရင်းမှ ကိုထွန်းသောင်ကြီးက စာအိတ်အညိုကြီးတစ်လုံးကို ထုတ်ပြလေ၏။ ကိုသံဟိတ်သည် စာအိတ်ကြီးကို သေသေချာချာ ကြည့်လိုက်ကာ...

"ရက်ရက်စက်စက် သတ်ကြပြန်ပြီပဲ၊ လူသတ်မှုဖြစ်တဲ့နေရာကို မင်းကြီးတောင်ရောက်သွားပြီမဲ့။ ဒါဆိုရင်တော့ သေတဲ့လူဟာ ပေါ့သေးသေးထဲက ဟုတ်မယ်မထင်ဘူးဗျ။ အင်း... နေပါဦးဗျ၊ ဒြော်ဖြစ်မှုဖြစ်ရပါလေ့ဗျာ။ မင်းယာထရိတ်ဒင်းကုမ္ပဏီပိုင်ရှင် ဦးမင်းယာပါလား၊ အလို.. သူမိန်းမအငယ်ပါ သေတာပဲကိုး၊ ဒါဆိုတော့ ခင်ဗျားတို့အခုလာတာ ဝင်ဒါမီယာထဲကပေါ့။ ဟုတ်စ.. ကိုဘခင်"

ဟု ကိုသံဟိတ်က တန်း၍ပြောလိုက်လေရာ ကိုဘခင်ရော ကိုထွန်းသောင်ပါ မျက်နှာကွက်ခနဲ ပျက်သွားကြလေတော့၏။

"ဘယ်လိုလဲဗျ ကိုသံဟိတ်ရဲ့၊ အချင်းချင်းတွေပဲဗျာ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ဘာကို ပွင့်ပွင့်လင်းလင်း ပြောရမှာတုံးဗျ ကိုထွန်းသောင်ရဲ့"

"ခင်ဗျားက မှော်အောင်ထားတယ် မဟုတ်လား"

"အလို... ဘာကြောင့်များတုံးဗျ၊ ကျုပ်ရှေ့က စုန်းတွေ၊ ကဝေတွေပုံ ပေါ်နေလို့လား"

"ဟာ... မဟုတ်ရပါဘူးဗျာ။ ခင်ဗျား ပြောနေတာတွေက အတိအကျတွေချည်း ဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကိုထွန်းသောင်ရယ်၊ ကျုပ်က ဘာမှော်မှ မအောင်ပါဘူးဗျာ။ ကျိုးကြောင်းဆက်စပ်ပြီး တွေးလိုက်တာပါ။ ရက်ရက်စက်စက် သတ်ကြပြန်ပြီဆိုတာက ခင်ဗျား ဖိနပ်ဦးမှာ သွေးတွေ စိုနေတယ်။ သွေးဆိုတာ သေချာတာက ယင်တွေအုံနေတယ်လေဗျာ"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ကိုထွန်းသောင်ကြီးသည် သူ့ဖိနပ်ကို အလန့်တကြား ငုံ့ကြည့်လေ၏။

"ဟာ... ဟုတ်သားပဲ"

ဟု ပြောရင်း ခြေထောက်ကြီးကို ခါလိုက်ကာ ဖိနပ်ဦးကို သဲနှင့် ဖိပွတ်လေတော့၏။

"ရက်ရက်စက်စက် သတ်လို့သာ အလောင်းတွေရဲ့ ဘေးပတ်လည်မှာ သွေးတွေအိုင်နေလို့ ခင်ဗျားဖိနပ်မှာ သွေးတွေပေနေတာပေါ့ဗျ။ ပြီးတော့ ခင်ဗျားပေးတဲ့စာအိတ်က စီအိုင်ဒီကစာအိတ် မဟုတ်ဘူးဗျ။ ထောင့်မှာ မင်းယာထရိတ်ဒင်းကုမ္ပဏီဆိုတဲ့ စာလုံးလေးတွေ ပါတယ်လေဗျာ။ ဒါကိုကြည့်ခြင်းအားဖြင့် မင်းကြီးဟာ အခင်းဖြစ်တဲ့ အိမ်ကို ရောက်ပြီး အဲဒီကနေ စာတစ်စောင်ရေးပြီး အဆင်သင့် တွေ့တဲ့စာအိတ်နဲ့ စာကို ထည့်၊ ကျုပ်ဆီကို ပို့ခိုင်းတာနေမှာပေါ့။ မင်းကြီးကိုယ်တိုင် အားချင်းဆင်းလာဆိုတော့ လူသတ်မှုဟာ ကြီးလို့နေမှာပေါ့။ ပြီးတော့ ထင်ရှားတဲ့သူ သေလို့ဖြစ်မှာပေါ့။ ဒါဆိုရင် ကုမ္ပဏီပိုင်ရှင်ကိုမင်းယာ ကိုယ်တိုင် သေတာဖြစ်မယ်လို့ တွေးမိတယ်။ ကိုမင်းယာဆိုတဲ့လူကို ကျုပ် ကောင်းကောင်းသိပါတယ်။ သူ့မှာ အိမ်ထောင်သုံးခု ရှိတယ်။ မင်းကြီးအခုလို ပြာပြာသလဲ ဆင်းပုံထောက်ရင် တတိယမိန်းမနဲ့ ပတ်သက်နေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ တတိယမိန်းမက ဘို



www.burmeseclassic.com

www.burmeseclassic.com



ကပြားမဗျ။ ဝင်ဒါမီယာထဲမှာနေတာ။ ဒါကြောင့် ခင်ဗျားတို့ကို ဝင်ဒါမီယာက လာတာလို့ ကျုပ်က တစ်ထစ်ချ ယူဆလိုက်တာပါ''

''ဩော်.. ကိုသံဟိတ်ရယ်၊ ခင်ဗျားရှင်းပြတော့လဲ အားလုံးဟာ ရှင်းနေတာပါလား။ ဒီလိုသာ ခင်ဗျားရှင်းမပြရင် ကျုပ်က ခင်ဗျားကို ကျိန်းသေ စွပ်စွဲတော့မှာဗျ။ ခင်ဗျားဟာ ရှက္ခစိုးမှော်လို မှော်ပညာတစ်ခုအောင်ထားတာလို့ကို ပြောတော့မှာ''

ကိုသံဟိတ်ရဲ့ တွေးလုံးတွေကတော့ လိုက်လို့ကို မမီနိုင်အောင်ပါပဲဗျာ''

ဟု ကိုထွန်းသောင်ရော ကိုဘခင်ကပါ ပြောလေ၏။

''ဝင်ဒါမီယာထဲကိုသွားရမှာဆိုတော့ တစ်ခုခုစားဦးမှဗျို့။ အဲဒီအထဲမှာက ဘာဆိုင်မှရှိတာ မဟုတ်ဘူးဗျ။ ကျုပ်တို့က တစ်ခုခုစားပြီးရင် ဂျူဗလီဟောက ပန်းချီပြပွဲကို သွားကြမယ်လို့ စိတ်ကူးပြီးဆင်းလာတာ။ ဘာမှမစားရသေးဘူး''

''ကျွန်တော်တို့လည်း မစားရသေးပါဘူး လက်ဖတင်နင်ရာ။ ကဲ... ဒီအနီးအနားမှာပဲ တစ်ခုခု စားသွားကြတာပေါ့ဗျာ''

ဟု ကိုဘခင်က ပြောလေရာ ကိုသံဟိတ်က...

''ဒါဆိုရင် ဒီချစ်တီးဆိုင်မှာပဲ ချာပါတီဖြစ်ဖြစ်၊ အာလူးပူရီဖြစ်ဖြစ် စားကြတာပေါ့ဗျာ။ ဒီမှာ လက်ဖက်ရည်လည်း ရပါတယ်ဗျ''

''ဟာ... ကောင်းတာပေါ့ဗျာ''

ဟု ကိုထွန်းသောင်းကြီးက ပြောလိုက်လေရာ ကျွန်ုပ်နှင့် ကိုဘခင်လည်း ကျွန်ုပ်တို့နေသောတိုက်၏ အောက်ထပ်တွင်ရှိသော ချစ်တီးဆိုင်သို့ဝင်ရန် ပြင်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ခင်ဗျားတို့ သွားနှင့်တော့ဗျာ။ ကျုပ်အပေါ် ခဏ ပြန်တက်ဦးမယ်။ လိုအပ်တဲ့ပစ္စည်းကလေးတွေ ယူလိုက်ဦးမယ်"

ဟု ပြောကာ ကိုသံဟိတ်က အပေါ်ထပ်သို့ ပြန်၍ တက်လေ၏။ ကျွန်ုပ်တို့ သုံးယောက်က ချစ်တီးဆိုင်ထဲသို့ ဝင်ခဲ့ကြလေ၏။ ကျွန်ုပ်တို့လည်း ချာပါတီတစ်ပွဲစီမှာ၍ စားလိုက်ကြလေ၏။ ကျွန်ုပ်တို့ စားသောက်နေစဉ်မှာပင် ကိုသံဟိတ် ရောက်လာလေ၏။

ကိုသံဟိတ်သည် စောစောက အဝတ်အစားများကို လဲဝတ်လာလေ၏။ ဘလေဇာကုတ်အစား လောင်းကုတ်ကို ဝတ်လာလေ၏။ နက်တိုင်ကိုလည်း ဖြုတ်ပစ်ခဲ့ကာ ခေါင်းတွင် သက္ကလပ်ဦးထုပ်အပျော့ တစ်လုံးကို ဆောင်းလာလေ၏။

ကိုသံဟိတ်လည်း ချာပါတီတစ်ပွဲ မှာ၍ စားသောက်လေ၏။ အားလုံးစားပြီးသောအခါ လက်ဖက်ရည်ကျကျတစ်ခွက်စီ မှာ၍ သောက်ကြလေ၏။ ကိုဘခင်က ကျသင့်ငွေကို ရှင်းပြီးသောအခါ...

"ကဲ... သွားကြစို့ဗျို့"

ဟု ကိုသံဟိတ်က လှမ်းဆော်လိုက်ကာ ကျွန်ုပ်တို့အားလုံး ကားပေါ်သို့ တက်ကြလေ၏။ ထုံးစံအတိုင်း ကိုဘခင်က ဆီဒင်ကား ကလေးကို မောင်းကာ ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)မှ ဆူးလေဘုရား လမ်း၊ ဆူးလေဘုရားလမ်းမှ ကော်မရှင်နာလမ်း(ဗိုလ်ချုပ်အောင်ဆန်း လမ်း)သို့ ချိုးလိုက်ကာ ရွှေတိဂုံဘုရားလမ်းအတိုင်း မောင်းလာကာ ဆရာရှည်လမ်းမှ ဖောက်ထွက်လိုက်လေ၏။ ပြီးလျှင် လင့်လမ်းမှ ဘင်ဒါမီယာထဲသို့ ချိုးချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ကွေ့ကောက်ကောက် လမ်းကလေးများကို ချိုးကွေ့မောင်းနှင်းလာပြီး အတန်ကြာသောအခါ လွန်စွာ သေသပ်လှပသော တစ်ထပ်တိုက်ကလေး၏ရှေ့သို့ ရောက်ခဲ့လေ၏။ ကိုဘခင်က ကားကို ခြံဝတွင် ရပ်လိုက်သောအခါ ကိုသံဟိတ်သည် ကားထဲမှ ဆင်းသွားကာ နောက်ဘက်သို့ ပြန်၍လျှောက်သွားလေ၏။

သစ်ပင်အုပ်ကလေးများ ရှိသောနေရာသို့ရောက်လျှင် ရပ်လိုက်ကာ မြေပြင်သို့ ငုံ့ကြည့်နေသည်ကို တွေ့ရလေ၏။ ဆောင်းလေကလည်း ခပ်ကြမ်းကြမ်း တိုက်နေသည်ဖြစ်ရာ ကိုသံဟိတ်၏ လောင်းကုတ်အင်္ကျီကြီးသည် လေထဲသို့ တဖြတ်ဖြတ် လွင့်နေလေတော့၏။ ခဏကြာလျှင် ကိုသံဟိတ်သည် မြေပြင်တွင် ဆောင့်ကြောင့်ထိုင်လိုက်ကာ လမ်းဘေးမှ မြက်ပင်ကလေးများအတွင်းသို့ သေသေချာချာ ကြည့်လေ၏။

သူ၏ လောင်းကုတ်ကြီးထဲမှ မှန်ဘီလူးကြီးကို ထုတ်ယူကာ မြက်ပင်များကြားတွင် ထင်နေသော ခြေရာများကို သေသေချာချာ ကြည့်လေ၏။ ပြီးလျှင် ခေါင်းညိတ်၍ မတ်တပ်ရပ်လိုက်လေ၏။

ထို့နောက် တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးလေ၏။ ပြီးမှ ကားဘက်သို့ ပြန်လျှောက်လာကာ မြေပြင်သို့ ငုံ့ကြည့်လာလေ၏။ ထို့နောက် အိုင်ဗီပန်းနွယ်များ တွယ်တက်နေသော အုတ်တံတိုင်းကို တစ်ချက်ကြည့်လေ၏။ အိုင်ဗီနွယ်အချို့ ပြတ်ကျနေသည်ကို တွေ့ရသောအခါ...

"လူသတ်သမားက ဒီနေရာက ကျော်တက်သွားတာပဲ။ ပြန်ဆင်းတော့လည်း ဒီနေရာကပဲ ဆင်းတာ။ အဆင်းရောအတက်ရော ဒီနေရာကပဲ လုပ်သွားတာတောင် ပန်းနွယ်တွေက ပုံစံသိပ်မပျက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တော်တော့်ကို ပေါ့ပါးသွက်လက်တဲ့ကောင်ပဲ''

ဟု ကိုသံဟိတ်က ပြောလေရာ ကျွန်ုပ်တို့အားလုံးသည် ကိုသံဟိတ်ပြသော နေရာကို သေသေချာချာ ကြည့်ကြလေ၏။

''ပြီးတော့ ဒီကောင်လာတာ ရထားနဲ့လာတာဗျ။ ဟိုသစ်ပင် အုပ်အုပ်ကလေးအောက်မှာ ရထားရပ်ထားတာ၊ ရထားဘီးရာက မြက်ပင် တွေကြားမှာ တော်တော်ကလေး နက်ဝင်နေပုံရတယ်။ ရထားပေါ်က ဆင်းလာတဲ့ ဒီကောင့်ခြေရာတွေလည်း တွေ့ရတယ်ဗျ။ ဒီကောင် ဖိနပ် မပါဘူးဗျ''

''ဗျာ... ဖိနပ်မပါဘူး ဟုတ်စ... ကိုသံဟိတ်''

ဟု ကိုဘခင်က အံ့သြပြီး မေးလေ၏။

''ဟုတ်တယ် ကိုဘခင်ရဲ့၊ ဒီကောင့်ခြေရာတွေကို အထင်းသား တွေ့နေရတယ်။ ဟောဒီခြံကို လျှောက်လာတဲ့ ခြေရာလမ်းကြောင်းနဲ့ ပြန်ထွက်သွားတဲ့ ခြေရာလမ်းကြောင်းကို တွေ့ရတယ်။ အပြန်လမ်း ကြောင်းက ခြေရာတွေမှာ ယင်ကောင်တွေ နားနေတယ်ဗျ။ သူ့ခြေ ထောက်မှာ သွေးပါလာလို့ ဖြစ်မှာပေါ့''

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ကိုထွန်းသောင်ကြီးက အံ့သြလွန်းသဖြင့်...

''မြင်တတ်လိုက်တာ ကိုသံဟိတ်ရာ... ''

ဟု ချီးမွမ်းလေ၏။ ကိုသံဟိတ်ကတော့ တွေးလက်စကိုသာ ဆက်၍ တွေးနေလေ၏။

''ပြီးတော့ ရထားက အငှားရထားမဟုတ်ဘူးဗျ။ အပိုင်ရထား ဖြစ်မယ်။ ရထားဘီးရာတွေကို ကြည့်ရတာ များများ အသုံးပြုထား

www.burmeseclassic.com



ပုံ မရှိဘူး။ ဒါပေမယ့် ရထားဆွဲတဲ့မြင်းကတော့ ရှေ့ခြေထောက်တစ်ဖက် နာနေတယ်။ ရထားရပ်ထားတုံးမှာ နာနေတဲ့ သူ့ခြေထောက်ကို မကြာ မကြာ မြှောက်ထားပုံရတယ်ဗျ။ ခြေရာသုံးခုက နက်ပြီး ထင်နေတယ်။ ရှေ့ဘက်က လက်ဝဲဘက်ခြေထောက်ရာက ထင်ရုံကလေးပဲ ရှိတယ်''

''အလို... ကောင်းလိုက်တဲ့ တွေးလုံးဗျာ၊ အံ့သြပါရဲ့''

ဟို ကိုတခင်ကလည်း ပြောလေ၏။ ကျွန်ုပ်ပင်လျှင် ကိုသံဟိတ် ပြောနေပုံကို နားထောင်၍ စိတ်ထဲမှာ ကျိတ်ပြီး ချီးမွမ်းနေမိလေတော့၏။

''ကဲ... အိုင်ပီတို့ အိမ်ထဲဝင်ကြည့်ကြစို့ဗျာ''

ဟု ကိုသံဟိတ်က ပြောရင်းမှ ခြံထဲသို့ ဝင်သွားလေ၏။ လွန်စွာလှပသေသပ်သော ဘိုဆန်ဆန် တစ်ထပ်တိုက်ကလေးကို တစ်ချက်မော့ကြည့်ရင်းမှ ကိုသံဟိတ်သည် အိမ်ထဲသို့ ဝင်လေ၏။

ခြံထဲတွင်တွေ့ရသော ပုလိပ်များထဲမှ ဌာနအုပ်က ခပ်သုတ် သုတ် ထွက်လာကာ ကိုသံဟိတ်ကို ဆီးကြိုလေ၏။

''ကျွန်ုပ်က ဗဟန်းက ဌာနအုပ်ပါ။ လက်ဖတင်နင် ပါလာမယ် ဆိုလို့ ဝမ်းသာပြီး မျှော်နေတာ ခင်ဗျ။ အဖြစ်ကတော့ မြင်လို့တောင် မကောင်းပါဘူးဗျာ''

ဟု ဗဟန်းဌာနအုပ်က ဆီးကြို၍ ပြောလေ၏။

''ပထမဆုံးစသိတာ ဘယ်သူလဲဗျ။ ခြံက ဒီလောက်လုံနေတာ ဆိုတော့ သိဖို့တောင် မလွယ်ဘူးဗျ''

ဟု ကိုသံဟိတ်က မေးလိုက်လေရာ ဌာနအုပ်က

''နွားနို့ပို့တဲ့ကုလားလေး စသိတာ လက်ဖတင်နင်ရဲ့''

''နို့... အဲဒီကောင်လေးရောဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်။ ဟော့... ကျော်ခေါင် အပွနားကို ခေါ်လိုက်စမ်းကွာ" ဟု ဌာနအုပ်ကြီးက ပြောလိုက်သောအခါ ကျော်ခေါင်ဟုခေါ်သော ဗုလိပ်သားကလေးက ခြံဝင်းဘေးမှ အုံးပင်အောက်တွင် ထိုင်နေသော ခေတောင်းကြိုက်ကုလားကလေးကို ခေါ်လာလေ၏။

"အပွနား မင်း မနက်က ဘယ်လိုတွေ့တာတုံး"

ဟု ကိုသံဟိတ်က အပွနားဟုခေါ်သော နွားနို့ပို့သည့် ကုလားကလေးကို မေးလေ၏။

"ဒီအိမ်က ရှိလင်ဒါသခင်မနော်၊ ကျွန်တော့်နွားနို့ကို နေ့တိုင်းယူတယ်။ ကျွန်တော်လာတာ နောက်ကျတယ်နော်၊ ရှိလင်ဒါသခင်မက မကြိုက်ဘူး ဆပ်။ ဒါကြောင့် ကျွန်တော် စောစောလာရတယ်။ ဒီမနက် ကျွန်တော်ရောက်တော့ ခြံတံခါးက ပိတ်ထားတယ်။ ခါတိုင်း ကျွန်တော် လာရင် သခင်မနော် ခြံထဲမှာ ပန်းတွေ ရေလောင်းနေပြီ။ ကျွန်တော် စောင့်ကြည့်တယ်။ တော်တော်ကြာတဲ့အထိ ဘယ်သူမှ မတွေ့ရဘူး။ အဲဒီနဲ့ ကျွန်တော် ခြံတံခါးကို ကျော်ဝင်ပြီး အိမ်ဘေးက ပတ်သွားတယ်။ ပြတင်းပေါက်တွေအားလုံးလည်း ပိတ်ထားတယ်။ ကျွန်တော် ပြတင်းပေါက် ကနေ အထဲကို ချောင်းကြည့်တော့ အားပါး သွေးတွေ.. သွေးတွေ သိပ်မကောင်းဘူး ဆပ်၊ ကျွန်တော့်သခင်မရော သူ့ယောကျ်ား ဗမာသူဌေး ရော သွေးတွေထဲမှာ လဲနေတယ် ဆပ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိတာနဲ့ ခြံထဲကပြန်ထွက်ပြီး ဘေးအိမ်တွေကို လိုက်ပြောတော့ ဘယ်လီဖုန်းဆက်ပေးကြတယ်။ ဒီမှာတင် ဟောဒီက ဌာနအုပ်ဆရာရဲ့ အဖွဲ့တွေရောက်လာပြီး တံခါးတွေဖျက်ဝင်ကြတာပါ"

ဟု နွားနို့ပို့သော အပွနားက သေသေချာချာ ပြောပြလေ၏။

www.burmeseclassic.com



"အေး ... အေး ... ကောင်းပြီ အပ္ပနာ။ မင်းပြောတာ ပြည့်စုံပါတယ်"

ဟု ကိုသံဟိတ်က ပြောလိုက်ပြီးလျှင် အိမ်ထဲသို့ ဝင်ခဲ့လေ၏။ ဌာနအုပ်ရော ကျွန်ုပ်တို့ပါ အိမ်ထဲသို့ ဝင်ခဲ့ကြလေတော့၏။

ကျွန်ုပ်တို့ အိမ်ထဲသို့ရောက်လျှင် စားပွဲတစ်လုံးတွင် ထိုင်၍ စာရေးနေသော ကိုအုန်းသင်က ကျွန်ုပ်တို့ ဝင်လာသည်ကို မသိဟန်ဆောင်၍ စာကိုသာ ဆက်ရေးလေ၏။

"အင်း... ကိုသံဟိတ်ရေ ကျုပ်တို့က အခုမှ အမှုကို စပြီးလေ့လာမလို့ ရှိသေးတယ်။ ကိုအုန်းသင်ကတော့ အစီရင်ခံစာတောင် ရေးနေပြီဗျို့"

ဟု ကိုထွန်းသောင်ကြီးက ကိုအုန်းသင်ကို ကလိလေ၏။ ထိုအခါ ကိုအုန်းသင်က နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ကာ...

"ဂွတ်မောနင်း လက်ဖတင်နင်၊ ဖမ်းရမယ့်လူတွေကို စစ်ထုတ်နေတာဗျို့"

"ဟာ... လုပ်ပါ... လုပ်ပါ ကိုအုန်းသင်"

ဟု ကိုသံဟိတ်က ခပ်ပင့်ပင့်ကလေး ပြောလိုက်သောအခါ ကိုအုန်းသင်သည် ရင်ဘတ်ကြီးကို မသိမသာကော့၍...

"ကုမ္ပဏီပိုင်ရှင်သူဌေး အသတ်ခံရတယ်ဆိုကတည်းက ကုမ္ပဏီက ဝန်ထမ်းတွေကလွဲရင် ဘယ်သူရှိဦးမလဲဗျာ။ အဲဒီအထဲက ငွေတွေအလွဲသုံးစားလုပ်ထားတဲ့ ကောင်တွေကို စစ်ဆေးလိုက်ရင် အမှုက ဘွားခနဲ ပေါ်လာမှာပါဗျာ"

"ဟာ... ဟုတ်လိုက်တာ အိုင်ပီစုတ်ချွန်ရယ်။ ကုမ္ပဏီက



www.burmeseclassic.com

www.burmeseclassic.com



ဒရဝမ်တွေ၊ တံမြက်စည်းလှဲတဲ့ကောင်တွေပါ မချန်နဲ့နော်။ အကုန်သာ ဖမ်းပေတော့"

ဟု ကိုထွန်းသောင်ကြီးက အင်စပိတ်တော်ကိုအုန်းသင်ကို ပြောလေရာ ကိုအုန်းသင်က မျက်နှာပျက်သွားပြီးလျှင်...

"ခင်ဗျားတို့ကတော့ လက်ဖတင်နှင်သံဟိတ်ကို အားကိုးဖို့ပဲ တတ်ကြတာ။ ကိုယ်ကိုတိုင် အားထုတ်ဖို့တော့ တစ်ခါမှ ထည့်မစဉ်းစား ဘူးမို့လား။ ကျုပ်တို့ကတော့ ကြိုးစားရမှာပဲဗျို့။ ကိုယ့်ဘဝတိုးတက်ရာ တိုးတက်ကြောင်းကတော့ ကိုယ်ကိုတိုင်ပဲ လုပ်ယူရမှာပဲ"

"ဟာ... စုတ်ချွန်းရယ် ခင်လို့နောက်တာပါကွာ။ စိတ်မဆိုး ပါနဲ့။ စုတ်ချွန်း မင်းကြီးတွေ ဘာတွေဖြစ်ရင် ပစ်မထားနဲ့နော်"

"စိတ်ချ... စိတ်ချ ခင်ဗျားကို ကျုပ် ရုံးခန်းရှေ့မှာ စန္ဒရီ စောင့်ခိုင်းမယ်"

"ဟား... ဟား... ဟား... ဟား"

ဟု ကိုထွန်းသောင်ကြီးက အော်၍ ရယ်လေ၏။ ထိုအချိန်မှာပင်

"ကလစ်..."

ဟူသော အသံကြီး ထွက်လာကာ အခန်းထဲတွင် ဝင်းခနဲ ဖြစ်သွားလေတော့၏။

"ဩော်... ဆပ်ကလေးကောင်းစိန် ဓာတ်ပုံရိုက်လိုက်တာကိုး"

ဟု ကိုထွန်းသောင်ကြီးက ပြောလေ၏။ ဆပ်ကျောင်းဆင်းစ ဆုဇဝတ်ကလေး မောင်ကောင်းစိန်သည် ဓာတ်ပုံရိုက်သော ကင်မရာကြီး တစ်လုံးကို လွယ်လျက် အိမ်ထဲတွင် လှည့်ပတ်၍ ဓာတ်ပုံရိုက်နေလေ သော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်လှချည်လား မောင်ကောင်းစိန်ရဲ့။ တဝင်းဝင်းကို ဖြစ်နေတော့တာပါလား"

ဟု ကိုထွန်းသောင်ကြီးက မေးလိုက်လေရာ ဆပ်ကလေး ကောင်းစိန်ကလည်း မျက်နှာခပ်တင်းတင်းလုပ်ကာ...

"ရိုက်ရတယ် ကိုထွန်းသောင်ရေ... ရိုက်ရတယ်ဗျို့...။ ကျွန်တော်စုံစမ်းထောက်လှမ်းတဲ့နည်းက ကမ္ဘာ့အဆင့်မီ နည်းစနစ်တွေဖျ ထင်ရာမြင်ရာ ရမ်းတွေးတဲ့နည်း မဟုတ်ဘူးဗျို့"

ဟု ဆပ်ကလေးကောင်းစိန်ကလည်း ရိသဲ့သဲ့နှင့် ပြောလေ၏ ထိုအခါ ကိုထွန်းသောင်ကြီးက...

"မင်းကြီးဖြစ်မယ့်လူ နှစ်ယောက်တောင်ဆိုတော့ ခွကျတာ ပဲကွာ။ ဘယ်သူ့ရုံးခန်းမှာ သွားပြီး စန္ဒရီလုပ်ပေးရမှန်းတောင် မသိတော့ ဘူးဗျို့"

ဟု ကိုထွန်းသောင်ကြီးက ပြောလိုက်စဉ်မှာပင် 'ကာလစ်' ဟူသော အသံနှင့်အတူ ဝင်းခနဲ လက်သွားပြန်တော့၏။ ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း စီအိုင်ဒီမှ အင်စပိတ်တော်များ၏ တစ်ယောက်နှင့် တစ်ယောက် ထေ့ကြငေါ့ကြသည်ကို ကြည့်၍ ပြုံးမိကြလေ၏။

ကိုသံဟိတ်ကတော့ သူ့ထုံးစံအတိုင်း အိမ်အနေအထားကို ကြည့်၍ တွေးနေလေ၏။ ပြီးလျှင် ဗဟန်းဌာနအုပ်နှင့် ပုလိပ်သားများ ဖျက်၍ဝင်ထားသော တံခါးကို သေသေချာချာ စစ်ဆေးကြည့်လေ၏

"တော်တော်ကိုတော်တဲ့ လက်သမားတွေ ဆောက်သွားတဲ့ တိုက်ပဲ ကိုဘခင်ရဲ့။ ဒီတိုက်ထဲကို အိမ်ရှင်တံခါးဖွင့်မပေးဘဲ ဝင်ဖို့ဆိုတာ သိပ်မလွယ်ဘူးဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုသံဟိတ်က ပြောလေ၏။ ထိုအချိန်မှာပင်...

"ကြွပါ လက်ဖတင်နှင်း။ အလောင်းတွေက ဒီအခန်းမှာပါ"

ဟု ဗဟန်းဌာနအုပ်က ပြောလိုက်လေရာ ကိုသံဟိတ်သည် ဌာနအုပ်၏နောက်သို့ လိုက်သွားလေ၏။ ကျွန်ုပ်တို့လည်း ကိုသံဟိတ်၏ နောက်မှ လိုက်ခဲ့ကြလေ၏။

ကြမ်းပြင်တွင် ပက်လက်ကြီးများလန်၍သေနေသော ယောကျ်ား အလောင်း တစ်ခုနှင့် မိန်းမအလောင်းတစ်ခုကို တွေ့ရလေ၏။

မိန်းမသည် ဆံပင်နီညိုရောင်ရှိပြီး ဖြူဖွေးသောအသားအရည် ရှိလေ၏။ ပြူးထွက်နေသောမျက်လုံးများသည် အပြာရောင်ဖြစ်လေရာ ဥရောပသွေးနှင့် မြန်မာ့သွေးရောထားသူ ဖြစ်မည်ဟု ခန့်မှန်းမိလေ၏။ ဖြူဖွေးသောအသားပေါ်တွင် အမည်းကွက်ကြီးများကိုလည်း တွေ့ရလေ ၏။ သေနေသော မိန်းမသည် စကပ်ရှည်ကြီးနှင့် အင်္ကျီလက်ပြတ်ကလေး ဝတ်ထားလေရာ သူ၏တစ်ကိုယ်လုံးတွင် မည်သည့်ဒဏ်ရာမှ မတွေ့ရပေ။

ယောကျ်ားကြီး၏အလောင်းတွင် ဒဏ်ရာနှစ်ခု တွေ့ရလေ၏။ ခေါင်းတွင် ဘယ်တက်ချိုစောင်းကြီး ဟက်တက်ကွဲနေကာ ခေါင်းအတွင်းမှ ဦးခေါင်းခွံ ဖြူဖြူကြီးကိုပင် တွေ့နေရလေတော့၏။ လည်ပင်းတွင်လည်း ဒဏ်ရာကြီးတစ်ခုကို တွေ့ရလေရာ လည်ပင်းတစ်ဝက် ကျော်ကျော် လောက်အထိ နက်ဝင်နေသည်ကို တွေ့ရလေ၏။ ယောကျ်ားအလောင်း၏ ရုပ်ရည်မှာ မြန်မာစစ်စစ် ပုံသဏ္ဌာန်ဖြစ်လေ၏။ ရုပ်ချော့ချော ဥပဓိရုပ် ကောင်းကောင်း ဖြစ်လေ၏။

ကိုသံဟိတ်သည် ကြမ်းပြင်တွင် အိုင်ထွန်းနေသော သွေးများ တို့ တက်နင်းကာ မိန်းမအလောင်းအနီးတွင်ထိုင်၍ အသားပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထင်နေသော အမည်းကွက်ကြီးများကို မှန်ဘီလူးနှင့် သေသေချာချာ ကြည့်လေ၏။ ပြီးလျှင် လက်အိတ်ကို သေသေချာချာစွပ်၍ မိန်းမ အလောင်းကို တွန်း၍မှောက်လိုက်လေ၏။ သည့်တော့မှ မိန်းမအလောင်း ၏ ကျောဘက်တွင် ခါးမြှောင်နှင့် ထိုးထားသည့်ဒဏ်ရာကြီးကို တွေ့ရလေ၏။

ကိုသံဟိတ်သည် ဓားဒဏ်ရာကို မှန်ဘီလူးနှင့် သေသေချာချာ ကြည့်လေ၏။ ပြီးလျှင် အနီးဝန်းကျင်သို့ လှည့်ပတ်ကြည့်လေ၏။ ကိုသံဟိတ်ကြည့်ရှုရာသို့ ကျွန်ုပ်တို့ရော ပုလိပ်သားကလေးများပါ လိုက်၍ ကြည့်ကြလေ၏။ ကိုသံဟိတ်မျက်လုံးများ ရပ်တန့်သွားရာသို့ ကျွန်ုပ်တို့ ကြည့်လိုက်သောအခါ ပြတင်းပေါက်ဘောင်ရှိ သစ်သားထဲတွင် စိုက်ဝင် နေသော ဓားမြှောင်တစ်လက်ကို တွေ့လိုက်ရလေ၏။

"အဲဒီဓားမြှောင်ကို မထိကြနဲ့။ အဲဒီဓားမှာ အဆိပ်ပါတယ်"

ဟု လှမ်း၍ပြောလိုက်လေရာ အနားတွင်ရပ်နေသော ပုလိပ်သား ကလေး နှစ်ယောက်မှာ ယောင်၍ ဖယ်ရှားသွားကြလေတော့၏။

ပြီးလျှင် ကိုသံဟိတ်သည် သွေးအိုင်ထဲတွင် ထင်နေသည့် ခြေရာကို မှန်ဘီလူးနှင့် ကြည့်ပြန်၏။ ခြေရာမှာ သိပ်မကြီးလှဘဲ ခပ်ငယ်ငယ်သာ ဖြစ်၏။ ခြောက်နေပြီဖြစ်သော သွေးကွက်များပေါ်တွင် အတိုင်းသားထင်ကျန်နေသည့် ခြေရာများမှာ ဖိနပ်စီးထားခြင်း မရှိပေ။

ကိုသံဟိတ်သည် ထိုခြေရာကို သေသေချာချာကြည့်ပြီးသော အခါတွင်မှ ယောကျ်ားအလောင်းကို ကြည့်လေ၏။ ခေါင်းမှဒဏ်ရာကို မှန်ဘီလူးနှင့် ကြည့်သည်။ ပြီးလျှင် လည်ပင်းမှ တစ်ဝက်ခန့် ပြတ်နေ သော ဒဏ်ရာကို ကြည့်ပြန်သည်။ ပြီးလျှင် ယောကျ်ားအလောင်း၏



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဘက်သို့ သွားကာ ခေါင်းမှဒဏ်ရာကို သေသေချာချာ ထပ်၍ ကြည့်ပြန်၏။ မျက်နှာတစ်ခုလုံး သွေးများ ချင်းချင်းနီနေသော ယောက်ျား အလောင်းကိုကြည့်၍ တစ်စုံတစ်ခုကို ကိုသံဟိတ် တွေးနေလေတော့၏။

ပြီးလျှင် ထိုင်ရာမှထ၍ ရပ်လိုက်ကာ ပြတင်းပေါက်ဘောင်တွင် စိုက်နေသော ဓားမြှောင်ကို သေသေချာချာ ကြည့်လေ၏။ ဓားမြှောင်၏ အသွားတွင် တွန့်နေသောနေရာကလေး ရှိလေရာ ကိုသံဟိတ်သည် ထိုနေရာကို မှန်ဘီလူးနှင့် ကြည့်လေ၏။ ဓားမြှောင်၏ အသွားတစ်ဝက်ခန့် အထိ ရွံ့နေသော သွေးများကိုလည်း သေသေချာချာ ကြည့်လေ၏။

ပြီးလျှင် ဓားကို အရိုးမှ သေသေချာချာကိုင်၍ နှုတ်ယူလေ၏။ ပြီးမှ စက္ကူအိတ်ကြီးထဲသို့ သေသေချာချာ ထည့်လိုက်ကာ...

"ဒီဓားဟာ တော်တော်အဆိပ်ပြင်းတဲ့ ဓားပဲဗျ"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ကိုဘခင်က မျက်မှောင် ကြုတ်ကာ...

"အဆိပ်တွေ လူးထားတာကို ပြောတာလား ကိုသံဟိတ်"

ဟု မေးလေ၏။ ထိုအခါ ကိုသံဟိတ်က...

"အဆိပ်လူးလိုက်၊ နေလှမ်းလိုက်၊ ခြောက်သွားရင် ထပ်လူး လိုက်နဲ့ အချိန်တော်တော်ကြာအောင် အဆိပ်လူးထားတဲ့ဓားဗျ ကိုဘခင်ရဲ့။ ဒီဓားနဲ့ ထိလိုက်လို့ကတော့ ရှုရှိုက်တင် သေနိုင်တယ်ဗျို့"

"အလို ... တယ်လည်းကြောက်စရာကောင်းပါလား ကို သံဟိတ်ရဲ့"

ဟု ကိုဘခင်က ပြောလိုက်ရင်း နှုတ်ခမ်းမွေးပြားပြားကြီးကို လက်နှင့်သပ်လေ၏။ ထိုအချိန်မှာပင် ကိုသံဟိတ်သည် ခြေပုံစံထင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော သွေးစများနောက်သို့ လိုက်သွားလေ၏။ ထိုခြေရာများသည် အိမ်ထဲသို့ ဝင်သွားလေရာ ကိုသံပတ်လည်း ထိုခြေရာများအတိုင်း လိုက်လေတော့၏။ ကျွန်ုပ်တို့လည်း ကိုသံပတ်နောက်မှ လိုက်ကြလေ၏။

ကိုသံပတ်က ခြေရာများကို မှန်ဘီးလူးနှင့် သေသေချာချာ စစ်ကြည့်လေ၏။ ခြေရာများသည် မီးဖိုဆောင်ဘက်သို့ ရောက်သွားကာ ပျောက်သွားလေ၏။ သည်တော့မှ ကိုသံပတ်သည် ခေါင်းကို ညိတ်လိုက်ကာ မီးဆိုးခေါင်းတိုင်ကို အတွင်းမှဝင်၍ မော့ကြည့်လေ၏။

ထို့နောက်တွင် ကိုသံပတ်သည် တစ်စုံတစ်ခုကို စဉ်းစားနေလေ၏။ ပြီးမှ မီးဖိုဆောင်၏တံခါးကို ဖွင့်လိုက်ကာ အိမ်၏ ခေါင်းရင်းဘက်သို့ ထွက်သွားလေ၏။ ကျွန်ုပ်တို့လည်း ကိုသံပတ်၏နောက်မှ လိုက်ကြရပြန်လေ၏။ ကိုသံပတ်သည် မီးဖိုဆောင်ခေါင်မိုးပေါ်သို့ သစ်ကိုင်းကြီး ထိုးကျနေသော သရက်ပင်ကြီး၏ ခြေရင်းသို့သွားကာ ကြည့်လေ၏။ မီးဖိုခေါင်းမိုးသို့ ထိုးကျနေသည့် သစ်ကိုင်းကြီးကို သေသေချာချာကြည့်ကာ တစ်စုံတစ်ခုကို တွေးနေလေ၏။ ပြီးတော့မှ အိမ်ထဲသို့ ပြန်ဝင်သွားကာ အလောင်းများရှိသောအခန်းသို့ ဝင်သွားလေ၏။ ပြီးလျှင် စားပွဲခုံပေါ်ရှိ သေတ္တာအနီကလေးကို မယူ၍ ကြည့်လေ၏။ ကတ္တီပါစနှင့် ဖုံးအုပ်ထားသော သေတ္တာနီကလေးသည် မျောက်လက်ကလေးနှင့် သော့ကွင်းကလေးပါ ပါရှိလေ၏။ ယခုမှ မျောက်လက်ကလေးသည် ကွေးနေကာ သေတ္တာကို စုပ်ထားသည့် ဝက်အူကလေးမှ လည်း ပြုတ်ထွက်နေသည်ကို တွေ့ရလေ၏။

သေတ္တာကလေး၏မျောက်လက်ကို တစ်ခုခုနှင့်ကော်၍ ဖွင့်ထား သည်မှာ သေချာနေလေတော့၏။ ကတ္တီပါအနီပေါ်တွင် ညိုမည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



အရောင်များ စွန်းနေသည်ကို ကျွန်ုပ်တို့ တွေ့ရလေ၏။ ကိုသံဟိတ်က သေတ္တာနီကလေးကို ဖွင့်၍ အတွင်းကိုကြည့်လေ၏။ ပြီးတော့မှ . .

"ကိုဘခင်ရေ ဟောဒီသေတ္တာနီကလေးထဲက ပစ္စည်းအတွက် သတ်ကြတာဗျို့"

ဟု ကိုသံဟိတ်က ပြောလိုက်လေ၏။ ကိုသံဟိတ် စုံစမ်းထောက်လှမ်းနေပုံကို စိတ်ဝင်တစားကြည့်ရှုနေသော ဗဟန်းဌာနအုပ်နှင့် ပုလိပ်သားကလေးများမှာ ကိုသံဟိတ်ပြောမည့်စကားကို စိတ်ဝင်တစားနားထောင်နေကြလေ၏။

"ဘာပစ္စည်းများတုံးဗျ"

ဟု ကိုထွန်းသောင်ကြီးက မေးလေ၏။ ထိုအခါ ကိုသံဟိတ်က ပြောလေ၏။

"ဘာပစ္စည်းဆိုတာတော့ အတတ်မပြောနိုင်ဘူး ကိုထွန်းသောင်ရဲ့။ ရတနာတစ်ခုခုတော့ မဟုတ်ဘူးဗျ။ သေတ္တာအရွယ်အစားနဲ့ ယှဉ်ကြည့်ရင် သုံးလက်မပတ်လည်လောက်ရှိတဲ့ ပစ္စည်းပဲဗျ။ တန်ဖိုးရှိလို့သာ အခုလို လူသတ်ပြီး ယူတာပေါ့ဗျာ"

."အေးဗျာ... ဘာပစ္စည်းများပါလိမ့်"

ဟု ကိုဘခင်ကလည်း ဝင်၍ ပြောလိုက်လေ၏။ ထိုစဉ်တွင် ကိုသံဟိတ်က အောက်ပါတိုင်း ပြောပြလိုက်လေ၏။

"လူသတ်သမားက ရထားကို ကိုယ်တိုင်မောင်းပြီး လာတာဗျ။ သစ်ပင်အုပ်အုပ်ကလေးတွေ အောက်မှာ မှောင်ရိပ်ခိုပြီး သူ့ရထားကို ချည်ထားတယ်။ သူ့ရထားကို ဆွဲတဲ့မြင်းက ဘယ်ဘက်ရှေ့ခြေထောက် နာနေတယ်ဗျ။ လူသတ်ကောင်က ဝင်းတံတိုင်းကို ကျော်တက်ပြီး ခြံထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်တယ်။ ပြီးတော့ ခေါင်းရင်းက သရက်ပင်ကြီးပေါ်ကို တက်တယ်။ အဲဒီကမှ မီးဖိုခေါင်းမိုးပေါ်ကို ကိုင်းကျနေတဲ့ သစ်ကိုင်းကနေ မီးဖိုခေါင်မိုးပေါ်ကို တက်သွားတယ်။ ပြီးတော့ မီးခိုးခေါင်းတိုင်ကနေ ဝင်လာတာဗျို့"

"ဗျာ... မီးခိုးခေါင်းတိုင်က ဟုတ်စ... "

"ဟုတ်တယ်... ကိုထွန်းသောင်။ ဒီကောင်က လူကောင်သေးသေးကလေးဗျ။ ဖိနပ်လည်း စီးမထားဘူး။ မီးဖိုခေါင်းတိုင်ထဲကနေ ကြိုးနဲ့ဆင်းတာဗျ။ တော်တော်တော့ ပေ့ပါးသွက်လက်နေတဲ့ ကောင်ဗျို့။ အိမ်ထဲရောက်တော့ အရက်ဖိမ်ရစ်နေတဲ့ သူဌေးကိုမင်းယာနဲ့ တိုက်ကြခိုက်ကြတာပေါ့။ ကိုမင်းယာက ပောဟိုက အဆိပ်ဓားနဲ့ တိုက်တယ်။ ဒီကောင်က ရဲတင်းနဲ့ဗျ"

"ဗျာ... ရဲတင်း ဟုတ်စ... "

"ဟုတ်တယ်... ကိုထွန်းသောင်။ ဒီကောင် လူသတ်တဲ့ လက်နက်က ရဲတင်းဗျ။ ကိုမင်းယာရဲ့ ဒဏ်ရာတွေဟာ ရဲတင်းနှင့်ခုတ်တဲ့ ဒဏ်ရာတွေဗျ"

"အဲဒီမှာတင် ကိုမင်းယာရဲ့ ဒုတိယမိန်းမဖြစ်တဲ့ ဟောဒ်ဘိုကပြားမက အခန်းထဲကနေ အသံတွေကြားပြီး ပြေးထွက်လာပုံပဲဗျ။ တိုက်ပွဲထဲကို သူ ဘယ်လိုပါသွားသလဲတော့ မသိဘူး။ လူသတ်သမားက သူ့ကိုပဲ အကာအကွယ်ယူလိုက်သလား မပြောတတ်ဘူးဗျ။ ကိုမင်းယာ လူသတ်သမားကို အပိုင်ထိုးလိုက်တဲ့ ဓားချက်က သူ့မိန်းမရဲ့ ကျောကုန်းကို စိုက်ဝင်သွားလိမ့်မယ်။ ဒီမှာတင် ကိုမင်းယာလည်း ယားဖော့ အတင်းဝင်တိုက်ပုံ ရတယ်ဗျ။ လူသတ်သမားရဲ့ သတ်ကွင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားတော့မှာပေါ့ဗျာ။ ခေါင်းကို တစ်ချက်ခုတ်ပြီးမှ လည်ပင်းကို ပိုင်းတာဗျို့။ ပြီးတော့မှ ပေါဒီသေတ္တာနီကလေးထဲက ပစ္စည်းကိုယူပြီး ဝင်လာတဲ့ မီးခိုးခေါင်းတိုင်ကပဲ ကြိုးနဲ့ ပြန်တက်သွားတာဗျို့။ ပြန်ထွက်သွားတဲ့ ခြေရာတွေမှာ သွေးတွေပေနေတယ်ဗျ"

"ကိုသံဟိတ်ရဲ့ တွေးလုံးတွေကတော့ လိုက်လို့မမီနိုင်အောင်ပါပဲဗျာ။ ထိုင်ကြည့်နေတဲ့အတိုင်းပဲ"

ဟု ကိုထွန်းသောင်ကြီးက ချီးမွမ်းလေရာ ကိုသံဟိတ်က ခေါင်းခါလိုက်လေ၏။

"မဟုတ်သေးဘူးလေ ကိုထွန်းသောင်းရဲ့။ အခု ကျုပ် ပြောတာက လူသတ်သမား ဘယ်လိုလာတယ်၊ ဘယ်လိုသတ်တယ်၊ ပြီးတော့ ဘယ်လိုပြန်သွားတယ်ဆိုတာကိုပဲ ပြောနိုင်တာလေ။ ဘယ်သူသတ်တယ် ဆိုတာ ပြောနိုင်သေးတာမှ မဟုတ်တာ"

"ဒါပေမယ့် လက်ဖတင်နှင်ရယ်၊ ဒီလောက်အထိ တွေးနိုင်တာပဲ နည်းမှတ်လို့ဗျာ"

ဟု ကိုဘခင်ကလည်း ဝင်၍ ပြောလေ၏။ ထိုအခါ ကိုသံဟိတ်က...

"အင်း ... ဒီလူသတ်မှုမှာ ထူးခြားတာကလေးတွေတော့ ရှိနေတယ်ဗျ။ ဒီဓားကောင်ဟာ ဖိနပ်မစီးတာရယ်၊ မီးခိုးခေါင်းတိုင်က ဆင်းနိုင်အောင် သေးကွေးတာရယ်၊ ရဲတင်းကို လက်နက်လုပ်တာရယ် ဒါတွေဟာ တော်တော်ထူးခြားနေတဲ့ အချက်တွေပဲဗျ။ ထူးခြားတဲ့ အချက် အသက်တွေ ဘာမှမတွေ့ရင်သာ ဖမ်းဖို့ခက်တတ်တာမို့လားဗျ။ အခုလို



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတဲ့အချက်တွေ ရှိနေတယ်ဆိုရင်တော့ ဒီလူသတ်သမားကို မိနိုင်လောက်တယ်လို့တော့ ပြောရမှာပေါ့ဗျာ"

ဟု ကိုသံဟိတ်က ပြောလေ၏။ ပြီးလျှင် အနေအထားများကို အပြီးသတ်စစ်ဆေးပြီးလျှင် ဗဟန်းဌာနအုပ်၊ ကိုအုန်းသင်နှင့် ဆပ်ကလေး မောင်ကောဇ်းစိန်တို့ကို နှုတ်ဆက်၍ ဝင်ဒါမီယာမှ ပြန်၍ထွက်လာခဲ့လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

နောက်တစ်နေ့တွင် ကိုသံဟိတ်သည် အပြင်မှ ပြန်ရောက်လာလျှင်လာချင်းမှာပင် ဆိုဖာခုံကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့၏။ ကျွန်ုပ်ကလည်း အလိုက်သိစွာပင် ရေအေးကလေးတစ်ဖန်ခွက်ကို ခပ်၍တိုက်လိုက်လေ၏။ ကိုသံဟိတ်သည် ဘာကိုမှ မပြောနိုင်သေးဘဲ စီးကရက်တစ်လိပ်ကိုသာ အားရပါးရ ဖွာရှိုက်လေ၏။ အတန်ကြာတော့မှ...

"ဝင်ဒါမီယာက လူသတ်မှုရဲ့တရားခံကိုတော့ ခြေရာခံမိပါပြီဗျာ"

"အလို... တယ်လည်း မြန်တာကလား ကိုသံဟိတ်ရဲ့"

"ဟာ... ကျုပ်ပြောတာက ခြေကြောင်းခံမိတာကို ပြောတာပါခင်ဗျာ။ ဘယ်သူဘယ်ဝါဆိုတာတော့ အခုထိ မသိသေးဘူးဗျာ"

"ဟာ... ဒါလည်း လွယ်တဲ့ကိစ္စမှ မဟုတ်တာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နို့... နေပါဦး ကိုသံဟိတ်ရဲ့ ဘယ်လိုများ ခြေကြောင်းခံမိတာလဲဗျ"

"ဒီလိုမောင်တောအုပ်ရဲ့ လူသတ်သမားဟာ ဖိနပ်မစီးတာကို တွေ့ရတော့ တော်တော်ကလေး ထူးခြားနေတယ်ကိုကွယ့်။ ဒီလိုကိစ္စမျိုးမှာ ကင်းဘတ်ဖိနပ်ကလေးဖြစ်ဖြစ် စီးပြီးလုပ်ကြတာပဲ မဟုတ်လား။ ဒါမှ ကိုယ့်ခြေရာ မကျန်ခဲ့မှာပေါ့။ အခုတော့ ဒီလူသတ်သမားဟာ ဖိနပ်စီးမထားဘူးဆိုတော့ ဖိနပ် စီးလေ့စီးထမရှိတဲ့ လူမျိုးမို့လို့ပေါ့ကွယ်"

"ဖိနပ်စီးလေ့မရှိတာ ဘယ်လိုလူမျိုးလဲဗျ"

"အိမ်ထဲမှာ အလုပ်လုပ်တဲ့ လက်သမားတွေ၊ ပြီးတော့ မြစ်ရိုးမှာ လှေနဲ့ သွားလာလုပ်နေတဲ့ လှေထိုးသားတွေ၊ ဘုန်းကြီးကျောင်းဝင်းထဲမှာ သွားလာလုပ်ကိုင်တဲ့ သူတွေပေါ့"

"ဪ... ဟုတ်သားပဲဗျ။ အဲဒီလူတွေက ဖိနပ်မှ စီးလေ့မရှိကြတာ"

"ဒါပေမယ့် ဒီလူက ခေါင်းမိုးပေါ်ကို သရက်ပင်ကတစ်ဆင့် တက်တယ်။ မီးခိုးခေါင်းတိုင်ကို အဖုံးဖွင့်ပြီး ဝင်တယ်။ ပြီးတော့ လူသတ်လက်နက်ကို ရဲတင်းသုံးတယ်ဆိုတော့ လူသတ်သမားဟာ လှေထိုးသားတော့ မဖြစ်နိုင်ဘူးကွယ့်။ လက်သမားပဲ ဖြစ်ရလိမ့်မယ်"

"အို... ဒီအကြောင်းကို အိုင်ပီကိုအုန်းသင်ကိုတော့ မပြောလိုက်နဲ့ ကိုသံဟိတ်ရေ"

"ဘာဖြစ်လို့တုံး မောင်တောအုပ်ရဲ့"

"ဟာ... ကိုသံဟိတ်ရယ်၊ ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ လက်သမားတွေကို အကုန်ဖမ်းပြီး ရိုက်ပုတ်စစ်နေမှာဖြင့် အကျိုးနည်းရ



www.burmeseclassic.com

www.burmeseclassic.com



ညည်ရဲ့ဗျာ''

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်က ပြုံးလိုက်ပြီးလျှင်...

''မောင်တောအုပ်ပြောတာလည်း ဟုတ်သားကွယ့်။ အခုသောက်ဆိုရင် မင်းယာထရိတ်ဒင်းကုမ္ပဏီက ဝန်ထမ်းတွေ တော်တော်များများကို ဖမ်းပြီးလောက်ပြီထင်တယ်''

ဟု ကိုသံဟိတ်က ပြောလိုက်စဉ်မှာပင် လှေကားမှ တက်လာသော 'တကွပ်ကွပ်' နှင့် ခြေသံကို ကြားလိုက်ရလေ၏။

''အလို ... ဟစ်တလာကြီး ရောက်လာပြန်ပါရောလား မောင်တောအုပ်ရေ''

ဟု ခြေသံကို တစ်ချက်နားထောင်ရုံနှင့် မည်သူဆိုသည်ကို အတတ်ပြောနိုင်သော ကိုသံဟိတ်သည် ကျွန်ုပ်အား တံခါးဖွင့်ခိုင်းလေ၏။ ကျွန်ုပ်ကလည်း ခပ်သုတ်သုတ်သွားကာ တံခါးဖွင့်ပေးလိုက်ရလေ၏။

''ဂွတ်အာဖတာနူး ကိုဘခင်''

ဟု ကျွန်ုပ်က နှုတ်ဆက်လိုက်လေရာ...

''ဂွတ်အာဖတာနူး ကိုတောအုပ်''

ဟု ကိုဘခင်ကလည်း ပြန်၍ နှုတ်ဆက်လေ၏။

''ကြွပါ ကိုဘခင်... ကြွပါ။ ဘာများထူးလာလို့လဲဗျ''

ဟု ကိုသံဟိတ်က ခရီးဦးကြိုပြု၍ မေးလေ၏။

''ထူးပါဘိလား လက်ဖတင်နင်ရယ်။ ကျုပ်တို့လူ အင်စပိတ်ဘော် ကိုအုန်းသင်တစ်ယောက်တော့ တပည့်လက်သားအစုံအလင်နဲ့ မင်းယာထရိတ်ဒင်းကုမ္ပဏီက စာရွက်စာတမ်းတွေကို ပွစတော်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာပြီး ဖမ်းတဲ့လူတွေ ဖမ်းလာလောက်ရောပေါ့ဗျာ။ ကျုပ်တို့ စီအိုင်ဒီထဲမှ စာရေးတွေ စာရေးမတွေ ဘယ်ရောက်နေပြီလဲသာ မပြောတတ်တာဖို့"

ဟု ကိုဘခင်က သူ၏ နှုတ်ခမ်းမွေးပြားပြားကြီးကို လက်နှင့် သပ်ရင်း စိတ်ပျက်လက်ပျက်နှင့် ပြောလေ၏။ ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း ဘာမှမပြောနိုင်တော့ဘဲ ရယ်၍သာနေကြရလေ၏။

"ကိုဘခင်လာတာနဲ့ အတော်ပဲဗျ။ ကားရောပါရဲ့လား"

ဟု ကိုသံဟိတ်က မေးလိုက်လေရာ ကိုဘခင်က ခေါင်းညိတ် ပြလိုက်ကာ...

"ပါ... ပါတယ် ကိုသံဟိတ်ရဲ့။ ကိုသံဟိတ် ဘယ်များ သွားချင် လို့တုံး"

ဟု မေးလေ၏။ ထိုအခါ ကိုသံဟိတ်က...

"ကပ္ပလီကွက်သစ်ထဲကို သွားချင်လို့ဗျို့"

ဟု ပြောလေရာ ကိုဘခင်က...

"ဒါဆိုလည်း သွားကြစို့လေ"

ဟု ပြန်၍ပြောလေ၏။ ပြီးလျှင် ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း အဝတ်အစားလဲကာ အောက်သို့ဆင်း၍ ကိုဘခင်၏ ကားကလေးထဲသို့ ဝင်ကြလေ၏။ ကိုဘခင်လည်း ကားကလေးကို စက်နှိုးကာ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း)အတိုင်း မောင်း၍ ဘုန်းကြီးလမ်းအထိ ဆင်းခဲ့လေ၏။ ဘုန်းကြီးလမ်းကို ရောက်သောအခါမှ ညာဘက်သို့ချိုးကာ။ အင်းစိန်လမ်း အတိုင်း ထောင်တက်ခဲ့ကာ မြေနီကုန်းသို့ ရောက်သောအခါတွင်မှ ညာဘက်သို့ ချိုးပြီးလျှင် ကပ္ပလီကွက်သစ်သို့ သွားခဲ့လေ၏။

ကိုဘခင်က သူ၏ ဆီဒင်ကားကလေးကို ဘီးလိုမ့်ရုံကလေး



www.burmeseclassic.com

www.burmeseclassic.com



မောင်း၍ လမ်းကျဉ်းကလေးထဲသို့ ဝင်ခဲ့လေ၏။ ကပ္ပလီကွက်သစ်မှာ အိမ်ခြေ သိပ်မများလှသဖြင့် လူတစ်ယောက်ကို ရှာဖွေရန်ကိစ္စမှာ များစွာမခဲယဉ်းလှပေ။ သို့သော် ကိုသံဟိတ်သည် ဤအရပ်သို့လာ၍ ညည်သူ့ကို ရှာဖွေမှန်းလည်း ကျွန်ုပ်တို့ မသိရပေ။

"ကိုဘခင်ရေ အဲဒီရှေ့က ကာကာဆိုင်ကလေးနားမှာ ကား ခဏရပ်လိုက်ဗျာ။ မောင်တောအုပ်က အောက်ဆင်းပြီး ကာကာဆိုင်ပိုင်ရှင်ကို လက်သမားဖိုးစီ ဘယ်မှာနေသလဲလို့ မေးလိုက်ပါကွယ်"

ကျွန်ုပ်လည်း ကိုခင်ကားရပ်ပေးလိုက်သည်နှင့် ကားပေါ်မှ ဆင်းလိုက်ကာ လမ်းဘေး၌ တဲထိုး၍ရောင်းနေသော ကာကာဆိုင်ကလေးထဲသို့ ဝင်လိုက်လေ၏။

"ဘာများအလိုရှိပါသလဲ ဘရားဆပ်"

ဟု ဆိုင်ရှင်ဖြစ်ဟန်တူသော ဗိုက်ရွှဲရွှဲကုလားကြီးက ကျွန်ုပ်ကို လှမ်း၍မေးလေ၏။

"ဪ ... ဒီအနီးအနားမှာ လက်သမားလုပ်တဲ့ ဖိုးစီ နေသလားလို့"

"ဖိုးစီလား နေပါတယ်... နေပါတယ်။ လက်သမား အားကြီး တော်တယ်။ ဒါပေမယ့် အားကြီးပျင်းတဲ့လူ။ အလုပ်မှန်မှန်မသွားဘဲ အိမ်မှာချည်း အိပ်အိပ်နေလို့ သူ့ကို အလုပ်အပ်ထားတဲ့လူတွေက သူ့ကို လာလာခေါ်ရတယ်။ အခုလည်း ဘရားဆပ်တို့ လိုက်လာရပြီမို့လား"

"အေးကွာ... အဲဒီဖိုးစီအိမ်ကို လမ်းညွှန်ပေးပါ"

"ဟုတ်ကဲ့ပါ ဘရာဆပ်။ ဟောဒီတည့်တည့်သွားလိုက်ရင် လမ်းကလေးတစ်လမ်း တွေ့လိမ့်မယ်။ ဘယ်ဘက်ကို တွေ့လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဆုံးကအိမ်ဟာ ဖိုးစီအိမ်ပါပဲ''

''ကောင်းပါပြီ''

ဟု ပြောလိုက်၍ ကျွန်ုပ်က ကားပေါ်သို့ ပြန်တက်ခဲ့လေ၏။ ကာကာဆိုင်မှ ဗိုက်ရွှဲဆရာ၏ လမ်းညွှန်သောအသံကို ကိုဘခင်ရော ကိုသံဟိတ်ပါ ကြားကြရလေရာ ကျွန်ုပ်အနေနှင့် ပြန်ပြောရန် မလိုတော့ပေ။

ကားကလေးကို ကိုဘခင်က ဆက်၍မောင်းလာလေရာ လမ်းကလေး တစ်လမ်းသို့ ရောက်လာလေ၏။ ကိုဘခင်က သူ၏ ဆီဒင်ကားအနီကလေးကို ဘယ်ဘက်သို့ ချိုးကွေ့လိုက်သောခါ ခပ်ယိုင်ယိုင်ဖြစ်နေသော သစ်သားအိမ်ကလေးတစ်လုံး၏ ရှေ့သို့ ရောက်ခဲ့လေ၏။

''ဒီအိမ်ပဲဖြစ်မယ်ဗျို့။ ဖိုးစီက စောစောက ကာကာဆိုင်ပိုင်ရှင်ပြောတဲ့ အတိုင်းပဲ ပညာကောင်းပေမယ့် အားကြီးပျင်းတဲ့ကောင်၊ ဒီတော့ ကြီးပွားသင့်သလောက် မကြီးပွားတော့ဘူးပေါ့လေ''

ကားစက်သပ်လိုက်ပြီးလျှင် ကိုသံဟိတ်က ရှေ့ဆုံးမှ ဝင်သွားလေတော့၏။

''ဟော့... ဖိုးစီ... ဖိုးစီရှိသလား''

ဟု မေးလိုက်လေရာ ထဘီရင်လျားထားသော မိန်းမ တစ်ယောက် နို့စို့အရွယ် ကလေးတစ်ယောက်ကို ခါးထစ်ခွင်ရင်း ထွက်ကြည့်လေ၏။

''ဟုတ်ကဲ့ ရှိပါတယ်ရှင်။ ကိုဖိုးစီ အိပ်နေပါတယ်''

''ဖိုးစီကို ခဏနှိုးပေးပါဗျာ။ သူ့ကို ပိုက်ဆံပေးဖို့ လာတာပါ''

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ထဘီရင်လျားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခိန်းမလည်း အိမ်ထဲသို့ ဝင်သွားလေ၏။ ခဏကြာလျှင် အိပ်မှုန်စုံမွှား နှင့် ထလာသောလူတစ်ယောက်သည် အိမ်ထဲမှ ထွက်လာလေ၏။

"ဟာ... ဆရာပါလား။ လာပါဆရာ... လာပါ"

ဟု ကိုသံဟိတ်ကို ဖိတ်ခေါ်လေ၏။ သည်တော့မှ ကိုသံဟိတ်နှင့် သက်သမားဖိုးစီသည် ရင်းနှီးနေသူများဖြစ်ကြောင်း ကျွန်ုပ်နှင့် ကိုဘခင်က သိမိလေ၏။ အိမ်ရှေ့ခန်းတွင် ချထားသော ကုလားထိုင်များပေါ်သို့ ဝင်ထိုင်မိကြချိန်တွင် ကိုသံဟိတ်က စတင်၍...

"ဖိုးစီ ဟိုဘက်က ဝင်ဒါမီယာက နှစ်လောင်းပြိုင်လူသတ်မှု အကြောင်း မင်း ကြားပြီးပြီလားကွ"

"ဟာ... ကြားပါသော်ကော ဆရာရယ်။ အောင်မလေး... ကြားရုံနဲ့တောင် ရင်တွေပန်တွေ တုန်လိုက်တာဗျာ"

ဟု ပြောရင်း ဖိုးစီဆိုသူက သူ့ခေါင်းပေါ်မှ ဆံပင်ဘုတ်သိုက် ကြီးကို တဗျင်းဗျင်းကုတ်လေ၏။ ပြီးလျှင် သူ၏ နှုတ်ခမ်းမွေး ကုတ် ဘုတ်ကြီးကို လက်နှင့်သပ်၍...

"မကြားစရာလည်း မရှိဘူးလေ ဆရာရဲ့။ စမ်းချောင်းဘက် သွားလည်း ဒီသတင်းပဲ။ ဗဟန်းဘက်သွားလည်း ဒီသတင်းပဲ လူတွေ ပြောနေကြတာကလား ဆရာရဲ့"

"ဩော်... လူတွေက ဒီသတင်းကို ဒီလောက်တောင် စိတ်ဝင်စားနေကြသလားကွ"

"ဟာ... စိတ်ဝင်စားပါပြီလား ဆရာရယ်။ ဒီလောက် လုံခြုံတဲ့ အိတ်ထဲကို တံခါးမပွင့်ဘဲ ဝင်နိုင်ပြီး လင်မယားနှစ်ယောက်စလုံးကို ချောက်ချက်စက်စက် သတ်သွားတာဆိုတော့ ဒီလူသတ်မှုသတင်းက

www.burmeseclassic.com



အုတ်အော်သောင်းနင်း ဖြစ်ကြတာပေါ့ဗျာ။ တချို့လူတွေကြတော့လည်း ချဲ့ကားပြောကြတာပေါ့ဗျာ။ လူသတ်သမားကပဲ ရှိန်းပြီးသလိုလို တိုက်ထဲကို ကိုယ်ပျောက်ပြီး ရောက်လာသလိုလိုတွေ ချဲ့ကားပြောကြတာတွေလည်း ကြားရတယ် ဆရာရဲ့။ ဒါပေမယ့် ကျွန်တော်ကတော့ ဒါမျိုးကို မယုံပါဘူးဗျာ"

"အင်း.. ဖိုးစီက ဘယ်ဆိုးလို့တုံးကွ။ လူတွေက မဆင်ခြင်ဘဲ ရမ်းသမ်းယုံနေကြတဲ့ အချိန်မှာ မင်းက ဆင်ခြင်ပြီးမှ ယုံတတ်တယ် ရှိတော့ မဆိုးပါဘူးကွယ်"

"ဟုတ်ကဲ့ ... ဒါထက်ဆရာတို့ ကျွန်တော့်ဆီလာတာက ကိစ္စများရှိလို့လဲဗျ"

ဟု ဖိုးစီက မေးလေ၏။ ထိုအခါ ကိုသံဟိတ်က တစ်ခုခုကို ချင့်ချိန်နေကာ စကားလုံးကို စဉ်းစားပြီးမှ ပြောလေ၏။

"ဒီလိုဖိုးစီရဲ့၊ မင်းတို့ဒီရန်ကုန်က လက်သမားဆရာတွေထဲမှာ သူ့ဂုဏ်ပုဒ်ကလေးတွေနဲ့ သူ ရှိကြတယ်လို့ ငါ သိတယ်ကွ။ ဥပမာ မင်းဆိုရင် 'စရွေးဖိုးစီ' လို့ ခေါ်ကြတယ်ကွာ။ မင်းက အတွင်းပိုင်း အနုစိတ်ကိုင်တဲ့နေရာမှာ စရွေးသိပ်နိုင်တယ်လို့ ပြောကြတယ်။ စရွေးပိုင်လွန်းလို့ မင်းကို 'စရွေးဖိုးစီ'လို့တောင် ခေါ်ရတယ်မို့လား"

ဟု ကိုသံဟိတ်က မေးလိုက်လေရာ ဖိုးစီက သူ၏ နှုတ်ခမ်းမွေးကုတ်ကုတ်ကြီးများကို ကားသွားအောင် ရယ်လိုက်လေရာ သွားဖါကြီးများပင် ပေါ်သွားလေ၏။

"အေး.. အဲဒီလိုပဲ 'သောက်မောင်တင်' ဆိုတာက သောက်ရှိက်၊ သောက်ထွင်းလုပ်တဲ့နေရာမှာ အတော်ဆုံးမို့လား။ 'ရွှေဘော်ငွေနှန်း'



www.burmeseclassic.com

www.burmeseclassic.com



ိုရင် ရွှေဘော်ထိုးတဲ့နေရာမှာ သိပ်တော်တယ်လေ။ အဲဒီလိုမျိုးပေါ့ကွာ။ ရိုက်တဲ့နေရာမှာ ဘယ်သူအတော်ဆုံးလဲကွ''

''ဟာ.. ဆရာကတော့ တကယ့်ကို လူတော်ပဲဗျာ။ ကျွန်တော် တို့ လက်သမားလောကကို တော်တော့်ကို နှံ့နှံ့စပ်စပ် သိထားပေတာပဲ''

ဟု ဖိုးစီက ပြောလိုက်ရင်း စဉ်းစားလိုက်ကာ...

''သံငပိုက်ဆိုတဲ့ကောင်ပေါ့ ဆရာ။ သံကို တည်ပြီးရင် တူနဲ့ ရိုက်တဲ့နေရာမှာ နောက်ပြန်ရိုက်သွင်းရင်တောင် သံမကောက်အောင် ရိုက်နိုင်တဲ့ကောင် ဆရာရဲ့''

''ဩော်... မင်းတို့ လူတော်တွေပါလားကွ။ စရွေးဖိုးစီရဲ့''

ဟု ကိုသံပတ်က ချီးမွမ်းလေရာ ဖိုးစီက ပြုံးပြုံးကြီးလုပ်ပြီးလျှင်

''ကျွမ်းကျင်ရာ လိမ္မာဆိုသလိုပေါ့ ဆရာရယ်''

''နေပါဦးဖိုးစီရဲ့ မင်းတို့လက်သမားဆရာလောကမှာ စရွေး ဖိုးစီ ရွှေဘော်ထွန်း၊ ခေါက်တောင်၊ သံငပိုက်ဆိုတဲ့ လူတော်တွေ လိုသလို ရဲတင်းခုတ်တာ ကျွမ်းကျင်တဲ့လူကော မရှိဘူးလားကွယ့်''

ဟု ကိုသံပတ်က မေးလိုက်လေရာ ဖိုးစီက သူ၏ ခေါင်း ဆုတ်သိုက်ကြီးကို တဗျင်းဗျင်းကုတ်လိုက်ပြီးမှ...

''ရှိပါပြီလား ဆရာရယ်။ သူကမှ တကယ့်ဆရာဗျ။ တကယ့် လက်သမားဆရာ အကျော်အမော်''

''ဟေ... ဟုတ်လား။ အဲဒါ ဘယ်သူများပါလိမ့်''

''ရွှေရဲတင်းမောင်အုတ်စီဆိုရင် လက်သမားလောကမှာ မသိတဲ့ သူ မရှိဘူးဗျ။ သူ့အဖေက ဘုံပျံဦးမိုးသီးလေဗျာ။ ကျောင်းကြီးတွေ၊ ဘုရားတန်းဆောင်းတွေ၊ ဘုံအဆင့်ဆင့်နဲ့ ဆောက်တဲ့အခါမှာ ဘုံပျံ



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသီးကို အပ်ကြရတာချည်းပဲဗျ။ ဒါပေမယ့် ဆရာကြီးဦးမိုးသီးကတော့ ဆုံးသွားပါပြီလေ။ နှမြောဖို့ အားကြီးကောင်းတာ ဆရာရဲ့။ ဒီလို ဆရာကြီးတွေသေရင် ကျွန်တော်တော့ သိပ်နှမြောတာဗျာ"

"အေးပါ... မိုးစီရဲ့။ မင်းကတော့ လူ့တန်ဖိုးကို အတော်သိတဲ့ လူပဲ။ နို့... အဲဒီဆရာကြီး ဘုံပွဲဦးမိုးသီးက ဘာရောဂါနဲ့ဆုံးတာလဲကွယ့်"

"ဟာ... ဆရာရယ်၊ ဘာရောဂါနဲ့မှ မဟုတ်ဘူး။ မိုးထိပြီး ဆုံးတာ။ လိုက်ပို့လိုက်ကြတဲ့ လက်သမားတွေဆိုတာ မနည်းပါဘူးဗျာ။ လူစုံတက်စုံပါပဲ၊ ဆရာကြီးထိတဲ့မိုးက အဆိပ်တော်တော်ပြင်းပုံ ရတယ်ဗျ။ သင်္ချိုင်းရောက်လို့ ခေါင်းဖွင့်ကြည့်ကြတော့ တစ်ကိုယ်လုံး မည်းပြာနေ တော့တာပါပဲဗျာ"

"အလို... ဒီလောက်တောင် ပြင်းတဲ့အဆိပ်ပဲ၊ ဘာမြွေများ ကိုက်တာပါလိမ့်ကွယ်"

"အဲဒါတော့ အတိအကျမသိဘူး ဆရာရဲ့။ ညဘက်ခြံထဲက လမ်းဆင်းလောက်တုံး မိုးထိသွားတာလို့ ပြောတာပဲ"

"ဩော်... နှမြောစရာပေါ့ကွယ်၊ ဆရာကြီးဆုံးတော့ သူ့သား က အလုပ်တွေကို ဆက်ပြီး ဦးစီးနိုင်ရဲ့လား"

"ဟာ... စီးနိုင်ပါပြီလားဗျာ။ ကိုအုတ်စီကလည်း လူတော်ပဲ။ သူ့အဖေဆီက ပညာအမွေတွေအားလုံး ရထားလိုက်တာပါ"

"ဩော်... ဒီလိုဖြင့် တော်သေးတာပေါ့။ မိုးစီနဲ့ သူတို့ တွဲပြီး အလုပ်လုပ်ဖူးသေးလား"

"မကြာမကြာ တွဲဖူးတာပေါ့ ဆရာရဲ့။ ဆရာ အခုနကမေးတဲ့ ဝင်ဒါမီယာက တိုက်ကလေး ဆောက်တုံးကလည်း ကျွန်တော်ပါတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆရာရဲ့။ အဲဒီတိုက်ကလေးထဲမှာ နံရံကပ်လုပ်ထားတဲ့ ဗီရိုတွေ၊ ခန်းဆီး တွေ၊ အခန်းတွေအားလုံး ကျွန်တော့်လက်ရာတွေပေါ့ ဆရာ။ သူဌေး ဦးမင်းယာက သူ့ရဲ့တတိယမိန်းမ စိတ်တိုင်းကျအောင် ဆောက်ပေးထား တာဗျ။ ဒီအိမ်ထဲကို ဝင်နိုင်တဲ့ လူသတ်သမားကိုလည်း ကျွန်တော် အံ့သြပါရဲ့ဗျာ။ သူ ဒီအထဲရောက်အောင် ဘယ်လိုများ ဝင်သလဲဆိုတာ တွေးကိုမတွေးတတ်ပါဘူးဗျာ။ ကျွန်တော်တို့ ဆောက်ခဲ့တဲ့အိမ်ပဲ ဆရာရယ် ဘယ်လောက် လုံခြုံတယ်ဆိုတာ ကျွန်တော် အသိဆုံးပေါ့။ သူဌေး ဦးမင်းယာက ဆရာကြီးဦးမိုးသီးနဲ့ မောင်အုတ်စီတို့သားအဖကို သေသေ ချာချာကို ရွေးပြီးမှ အပ်တာဗျ''

''ဪ... အဲဒီတိုက်ကို ဆရာဦးမိုးသီးတို့သားအဖ ဆောက် တာပေါ့''

''ဟုတ်တယ်လေ ဆရာရဲ့။ အဲဒီတိုက်ဆောက်ပြီး ငါးလလောက် အကြာမှာ ဆရာဦးမိုးသီး ဆုံးတာလေ။ အခုတစ်ခါ အိမ်ရှင်လင်မယား လူသတ်ခံရပြန်ပြီဆိုတော့ ဒီအိမ် ခိုက်များ ခိုက်သလားလို့တောင် ကျွန်တော်တွေးနေတာ ဆရာရဲ့''

''ဟာ... အဲဒီလိုမျိုးတွေ တကယ်ကော ရှိလို့လား ဖိုးစီရဲ့''

ဟု ကိုသံဟိတ်က မေးလိုက်လေရာ ဖိုးစီက မျက်မှောင် တစ်ချက်ကုတ်လိုက်ကာ...

''ဟာ... ရှိပါပြီလား ဆရာရယ်။ အိမ်ဆောက်တာ အမှား အယွင်းရှိရင် ခိုက်တာပေါ့ဗျာ''

''ဒါထက် အဲဒီလက်သမားဆရာ ဦးမိုသီးတို့သားအဖက ဘယ်မှာနေတာတုံး ဖိုးစီရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဗဟာန်းမှာ ဆရာရဲ့။ ဖအေရောသားရော အိမ်ထောင်မရှိကြဘူးလေ။ ဦးမိုးသီးကလည်း လူပျိုကြီးပဲ ဆရာရဲ့။ ကိုအုတ်စီကို မွေးစားတာ"

"ဩော်... ဒီလိုလား။ ဒါဆိုတော့ တစ်အိမ်ထဲနေကြတာပေါ့လေ"

ဟု ကိုသံဟိတ်ကပြောရင်း ဦးမိုးသီး၏အိမ်ကို လမ်းညွှန်နိုင်းလေ၏။ ဖိုးစီကလည်း ကိုသံဟိတ်ကို သေသေချာချာ လမ်းညွှန်လေ၏။ ကိုသံဟိတ်သည် အိမ်ထဲသို့ နှုတ်လိုက်ကာ...

"ကဲ... ဖိုးစီ ဒါ့ကို အခုလို သေသေချာချာ ပြောပြတဲ့အတွက် ကျေးဇူးတင်တယ်ကွာ။ ငွေနှစ်ဆယ် ကလေးမုန့်ဖိုးပေါ့ကွာ"

ဟု ကိုသံဟိတ်က ဖိုးစီကို ငွေနှစ်ဆယ်ပေး၍ ပြန်ခဲ့ကြလေတော့၏။ ပြန်ကာနီးတွင် ဖိုးစီက...

"ဆရာတို့ ကိုအုတ်စီနဲ့ အိမ်တွေဘာတွေဆောက်ရင် ကျွန်တော့်ကိုလည်း ခေါ်ကြပါ။ အတွင်းပိုင်းအချောကိုင်ဖို့ကတော့ ကျွန်တော် အားလုံးတာဝန်ယူတယ်ဗျာ"

ဟု အော်ပြောလိုက်လေရာ ကိုသံဟိတ်က ခေါင်းညိတ်ပြလိုက်ကာ...

"အေးပါ ဖိုးစီရာ၊ မင်းလည်း ပါရမှာပါ"

ဟု ပြောလိုက်လေရာ ဟစ်တလာဘခင်ဟုခေါ်သော အင်စပိတ်တော် ကိုဘခင်ကြီးက ခေါင်းကြီးငုံ့ကာ ခွီးခွီးခွီးနှင့် ရယ်လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

မြင်းနက်ကြီးဆွဲသည့် ရထားတစ်စီးသည် ဗဟန်းမှ လက်သမား ဆရာကြီးဦးမိုးသီး၏ ခြံဝင်းထဲသို့ ကွေ့ဝင်လိုက်လေ၏။ ရထားရပ်ပြီးသောအခါ ရထားသမားက ခပ်သုတ်သုတ် ပြေးလာကာ ရထားတံခါးကို ဖွင့်ပေးလေ၏။ ပြီးလျှင် သေတ္တာတစ်လုံးကို လှမ်းယူလိုက်လေ၏၊ ရထားပေါ်မှ မျက်မှန်ဝိုင်းဝိုင်းကြီး တပ်ထားသော နှုတ်ခမ်းမွှေးပြားပြားကြီးနှင့် လွန်စွာဥပဓိရုပ်ကောင်းသော လူတစ်ယောက် ဣန္ဒြေရရနှင့် ဆင်းလာလေ၏။ မီးခိုးရောင်သက္ကလပ်ဘောင်းဘီနှင့် ရှပ်အင်္ကျီအဖြူကို ကျကျနန ဝတ်ထားပြီးလျှင် အပေါ်မှ ဘလေဇာကုတ် မီးခိုးရောင်ကို ဝတ်ထားကာ ဖိနပ်ကိုလည်း ဖိတ်ဖိတ်တောက်အောင် တိုက်ထားလေရာ မြင်ရုံနှင့်ပင် ပညာတတ်တစ်ယောက်ဖြစ်မှန်း သိသာနေလေတော့၏။

ရထားသမားမှာ ဂျာစီအင်္ကျီ အဖြူပွပွကြီးကို ဝတ်ထားကာ ဆိုးကွက်တုံးကြီးကို ဝတ်ဆင်ထားသည်။ နှုတ်ခမ်းမွှေးကားကားနှင့် အိန္ဒိယသားတစ်ယောက် ဖြစ်လေ၏။ ခေါင်းတွင်လည်း ပိတ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါင်းကို ပေါင်းထားသည့်အပြင် ရထားပေါ်မှ ဆင်းလာသူကို လွန်စွာရိုကျိုးသောအသွင်ကို ဆောင်လျက် ဆက်ဆံနေသည်ဖြစ်ရာ အိမ်ရထားမောင်းသူမှန်း သိသာနေလေ၏။

"ဟာ... ဆရာကြီး ကြွလာပါလား။ ကြွပါဆရာ... ကြွပါ။ ဆရာကိုအုတ်စီကတော့ ခရီးသွားနေတယ် ခင်ဗျာ"

ဟု အိမ်ထဲမှလူက ဆီးကြို၍ ပြောလေ၏။

"ရတယ် မောင်ဘမောင်ရတယ်။ သြော်... မောင်ဘမောင် ဟုတ်ရဲ့လား။ မောင်ညွှန့်များလား"

"ကျွန်တော် ဘမောင်ပါ ဆရာကြီး။ ကိုညွှန့်က ကိုအုတ်စီနဲ့ လိုက်သွားတယ်ခင်ဗျ။ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း ရှိတယ် ဆရာကြီးရဲ့"

"သြော်... သြော်... ဖြစ်ပါတယ်... ဖြစ်ပါတယ်။ မြင်း အခြေအနေက ဘယ်လိုလဲ မောင်ဘမောင်"

ဟု ဆရာကြီးဆိုသူက မေးလေ၏။

"ခြေထောက်တစ်ဖက်က သိပ်မထောက်နိုင်ဘူး ဆရာကြီးရဲ့။ ကျွန်တော်လည်း တတ်သလောက် မှတ်သလောက်တော့ စီးပေးတာပဲ ဆရာကြီးရဲ့။ မရဘူး။ ဒါနဲ့ စိုးရိမ်ပြီးတော့ အသိတစ်ယောက်ကို ဆရာကြီး ပင့်ခိုင်းလိုက်တာပါ"

"အင်း... အဲဒါကြောင့် ကျုပ်လာခဲ့တာ။ သူပြောလို့ ဒီအိမ်မှာ ကိုအုတ်စီတို့၊ ကိုညွှန့်တို့၊ ကိုဘမောင်တို့ ရှိတယ်ဆိုတာ သိတာပဲ။ ခုနက အဲဒါကြောင့်မေးတာ။ နာမည်များ မှားခေါ်မိသလားလို့"

အသက်ကြီးနေပြီဖြစ်သော မြင်းကုသည့် ဆရာဝန်ကြီးက သူ၏ မျက်မှန်ကို မတင်လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကဲ... မောင်ဘမောင်၊ မြင်းကို ပြပါဦး"

ဟု ပြောလေ၏။ ကိုဘမောင်က မြင်းထားသောနေရာကို ပို့ပေးလေ၏။ ဆရာဝန်ကြီးက ခြေတစ်ဖက်မြှောက်ထားသော မြင်းကို သေသေချာချာ စစ်ဆေးကြည့်လေ၏။ ခဏကြာလျှင်..

"အကျိတ်ပေါက်နေတာပဲ မောင်ဘမောင်ရဲ့။ ခွဲထုတ်မှ ရမယ်။ တိစွမရှိပါဘူး။ ကျုပ် ခွဲပေးခဲ့ပါ့မယ်"

"ဟုတ်... ဟုတ်ကဲ့၊ ဘာများလိုသေးလဲ ခင်ဗျာ"

"တခြားမလိုပါဘူး။ မြင်းကိုသာ နည်းနည်း ပိုင်းထိန်းပေးပါ။ ဟေ့... ဘနာကျီ ဒီကိုလာစမ်း။ မြင်းကို ခွဲရမယ်။ မကြာပါဘူး။ နည်းနည်းထိန်းပေးစမ်း"

ဟု သူ၏ရထားသမားကို လှမ်းပြောလိုက်သောအခါ ပုဆိုးတွက်တုံးကြီး ဝတ်ထားသည့် ဘနာကျီဆိုသူ ရထားသမားက ကပျာကယာ ရောက်လာကာ မြင်းကို ထိန်းပေးလေ၏။ ကိုဘမောင်ကလည်း မြင်းကို ထိန်းထားလေ၏။ မြင်းဆရာဝန်ကြီးက ခွဲစိပ်သော ကိရိယာများကို သူ၏ ဆေးသတ္တာကြီးထဲမှ ထုတ်ယူကာ မြင်း၏ ဘယ်ဘက်ရှေ့ခြေ ထောက်မှ အကျိတ်ကို ခွဲထုတ်ရန် စီစဉ်လေ၏။ နောက်ထပ်နှစ်မိနစ် အကြာတွင် ခွဲစိတ်မှု ပြီးသွားပြီဖြစ်ရာ မြင်းကို ဆေးသေသေချာချာ ထည့်၍ ပတ်တီးစည်းပေးလေ၏။ ပြီးလျှင် မြင်းကို ထည့်ပေးရန် ဆေးပုလင်းပေးလေ၏။

ကိုဘမောင်ဆိုသူက ဆေးဖိုးနှင့်ခြေကြွခ ငွေနှစ်ဆယ် တန်တော့လေ၏။

"ကိုအုတ်စီတို့၊ ကိုညွန့်တို့က ဘယ်ကိုသွားတာတုံး မောင် ဘမောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျိုက်ထီးရိုးကို ဘုရားဖူးသွားတာပါ ဆရာကြီး မနက်ဖြန်ဆို ပြန်ရောက်မှာပါ"

"ဩော်... အေး... အေး... ကိုအုတ်စိပြန်လာရင်သာ ပြောလိုက်ပါ။ မြင်းအတွက် ဘာမှ မစိုးရိမ်နဲ့လို့ တစ်ရက်နှစ်ရက်ဆိုရင် လုံးလုံးကောင်းသွားမှာပါလို့"

"ဟုတ်ကဲ့ပါ ဆရာကြီး။ အခုလိုလာပြီး ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟု ကိုဘမောင်က ပြောလေ၏ ဆရာကြီး၏တပည့် ဘနာဂျီဆိုသူက ဆေးသေတ္တာကိုသယ်၍ ရှေ့ကသွားလေ၏။ မြင်းဆရာဝန်ကြီးက ကိုဘမောင်တို့၏ ရထားလုံးကို သေသေချာချာရပ်၍ ကြည့်လေ၏။

"အင်း... ဒီရထားလုံးက ကောင်းသားပဲ။ လက်ရာလည်း မြောက်တယ် မောင်ဘမောင်ရဲ့"

"ဟုတ်ကဲ့ ဆရာကြီး။ ဒါ သွားလေသူ ဆရာကြီးဦးမိုးသီးရဲ့ လက်ရာပါ ခင်ဗျာ"

ဟု ကိုဘမောင်က ပြောလေရာ ဆရာဝန်ကြီးက သူ၏ မျက်မှန်ဝိုင်းဝိုင်းကြီးကို မတင်လိုက်ရင်းမှ...

"ဦးမိုးသီးဆိုတာ ဘယ်သူတုံး မောင်ဘမောင်ရဲ့"

"ဩော်... ဒီအိမ်က ကျွန်တော်တို့ရဲ့ လက်သမားဆရာကြီးပါ ခင်ဗျာ။ လက်သမားပညာမှာ အလွန်တော်တဲ့ ဆရာကြီးပါ။ ဘုန်းကြီးကျောင်းတွေကို လက်ရာမြောက်အောင် ဆောက်နိုင်တဲ့ ဆရာကြီးပါ ခင်ဗျ။ တချို့ကဆိုရင် ဆရာကြီးကို 'ဘုံပျံမိုးသီး'လို့တောင် ခေါ်ကြတာ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဩော်... ဆုံးသွားတာ ကြာပြီလားကွယ့်"

"မကြာသေးပါဘူး ခင်ဗျာ။ လွန်ခဲ့တဲ့ ခုနစ်လ၊ ရှစ်လကာမှ ဆုံးသွားတာပါ"

"အလို... ဘာရောဂါများပါလိမ့်ကွယ်"

"ပိုးထိတာလို့ ပြောတာပဲဗျာ။ ညဘက်ကြီး အပြင်က ပြန်လာပြီး မြွေဆိပ်တွေတက်ပြီး သေတာပါပဲဗျာ။ ကျွန်တော်တို့က သူ့တပည့်တွေပါ။ ကိုအုတ်စီဆိုတာက သူ့သားပါ"

"သူ့သားမယားတွေကကောကွယ့်"

"ကျွန်တော်ထို့ဆရာကြီးက လူပျိုကြီးခင်ဗျ၊ ကိုအုတ်စီကလည်း သားလို့သာ ပြောတာ။ မွေးစားတာပါ ခင်ဗျာ"

"ဩော်... ဩော်.. အဲဒီဆရာကြီးသာရှိရင် ဒီလိုရထားလုံး အိမ်မျိုးတစ်ခုလောက် အပ်ချင်လိုက်တာ မောင်ဘမောင်ရယ်။ ကဲ.. ကဲ... စကားကောင်းနေလိုက်တာ၊ သွားဦးမှကွယ့်၊ ကျိုက်ကွာဆံဘက်မှာ မြင်းတွေ ဝင်ပြီးကုရဦးမှာ"

ဟု ပြောရင်း မြင်းဆရာဝန်ကြီးသည် ရထားလုံးထဲသို့ ဝင်သွားလေ၏။ သူ၏ ရထားသမား ဘနာဂျီက ရထားကို ချက်ချင်း မောင်းထွက်သွားလေတော့၏။

ကိုဘမောင်လည်း မြင်းကြည့်ရန် မြင်းစောင်းသို့ ဝင်ခဲ့လေ၏။

မြင်းဆရာဝန်ကြီး၏ ရထားသည် ဗဟန်းမှ ထွက်လာကာ ရွှေဂုံတိုင်သို့ ရောက်လာလေ၏။ ထိုအချိန်မှာပင် ဗန်ဒါပင်အုပ်အုပ် ဘလေးများ အောက်တွင် ရထားကို ရပ်လိုက်လေ၏။ ဗန်ဒါပင်အုပ်အုပ် ဘလေးများ၏ အောက်တွင် ရပ်နေသော လူနှစ်ယောက်က ရထားရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာလေ၏။ ထိုအချိန်တွင် လူတစ်ယောက်သာ ဤအနီးမှ ဖြတ်လျှောက်သွားခဲ့လျှင် လွန်စွာ အံ့ဩဖွယ်ကောင်းသည့် အမွှာပူး နှစ်စုံကို တွေ့မြင်ရပေလိမ့်မည်။

တစ်ပုံစံတည်း ခွဲမရအောင်တူသည့် မြင်းဆရာဝန်ကြီး နှစ်ယောက်နှင့် လုံးဝခွဲခြား၍ မရအောင်တူသည့် ရထားသမား ဘနာဂျီ နှစ်ယောက်လည်း တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်နေကြလေ၏။

"ကျေးဇူးပဲ သူငယ်ချင်းဂျော်နီရာ"

"ဟာ... ရပါတယ်ကွာ သံဟိတ်ရာ။ မင်းနဲ့ငါနဲ့က သူငယ်ချင်း တွေပဲကွာ။ ဒါလောက်တော့ ကူညီရမှာပေါ့ကွာ"

"တောအုပ် ဆပ်၊ ကျွန်တော့်ရထားကို မောင်းရတာ ကောင်းရဲ့ လား"

"ဟာ... မောင်းလို့ သိပ်ကောင်းတာကွ။ ရထားက ကောင်း သလို မြင်းကြီးကလည်း အားကြီးလိမ္မာတာကလား ဘနာဂျီရဲ့"

ဟု တစ်ယောက်နှင့်တစ်ယောက် ပြောဆိုနှုတ်ဆက်ကြပြီးလျှင် မြင်းဆရာဝန်ကြီးဂျော်နီနှင့် သူ၏ ရထားသမား ဘနာဂျီတို့က သူတို့၏ ရထားပေါ်သို့ တက်ကာ မောင်းထွက်သွားလေတော့၏။

လွန်စွာကောင်းမွန်၍ အံ့ဩဖွယ်ကောင်းလောက်အောင် ပီပီ သသပ်လှသော ကိုသံဟိတ်၏ ရုပ်ဖျက်ပညာကြောင့် မည်သူမျှ ခွဲခြား၍ မရနိုင်အောင် တူလွန်းလှသော မြင်းဆရာဝန်ကြီး ဂျော်နီသံဟိတ်နှင့် ရထားသမား ဘနာဂျီတောအုပ်တို့ကတော့ တက္ကစီတစ်စီးငှားကာ လွှစွလမ်း(ဆိပ်ကမ်းသာလမ်း)သို့ ပြန်ခဲ့ကြလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ကျွန်ုပ်နှင့်ကိုသံဟိတ် အခန်းသို့ ပြန်ရောက်သောအခါ ရုပ်ဖျက်ထားသည်များကို ဖျက်ပစ်ကာ ရေမိုးချိုးကြလေ၏။ အဝတ်အစား လဲလိုက်ကြပြီးလျှင် နှစ်ယောက်သား အေးအေးလူလူထိုင်ကာ စီးကရက်ကလေး တစ်ယောက်တစ်လိပ် ဖွာနေကြလေ၏။

"နေပါဦးဗျ ကိုသံဟိတ်ရဲ့။ ကိုဘမောင်က မြင်းဆရာဝန်ဝင့်တာကို ခင်ဗျား ဘယ်လိုလုပ်သိတုံး"

ဟု ကျွန်ုပ်က ကျွန်ုပ်သိချင်သည်ကို မျိုသိပ်မထားနိုင်သဖြင့် ဆုတ်ဖော်မေးလိုက်လေတော့၏။ ထိုအခါ ကိုသံဟိတ်က စီးကရက်တဖွာဖွာလိုက်ကာ...

"တိုက်ဆိုင်မှုပါပဲ မောင်တောအုပ်ရယ်။ မနေ့က ကျုပ်ရဲ့မိတ်ဆွေ ဒေါက်တာဂျော်နီဆီကို ရောက်သွားတယ်။ ဂျော်နီက ရွှေဂုံတိုင်မှာနေတာလေ။ တာမွေတစ်ပိုက်က ပြိုင်မြင်းတွေကို ကြေးကောင်းကောင်းယူပြီး ဆေးကုပေးနေတဲ့ တိရစ္ဆာန်ဆေးကုတဲ့ ဆရာဝန်ပေါ့ကွယ်။ ဂျော်နီက



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မြင်းတစ်မျိုးပဲ သီးသန့်ကုတော့တာ။ တခြားတိရစ္ဆာန်တွေဆိုရင်ကုတောင် မကုတော့ဘူးကွယ့်"

"ဒေါက်တာကျော်နီဆီကို သွားတာကော အလည်သက်သက်သွားတာလား"

"ဟာ... ဘယ်ဟုတ်မလဲ မောင်တောအုပ်ရဲ့။ ဝင်ဒါမီယာလူသတ်မှုမှာ လူသတ်သမားမောင်းလာတဲ့ ရထားကို ဆွဲလာတဲ့မြင်းကရှေ့ခြေတစ်ဖက် နာနေတယ်လေကွယ်။ ဒါကြောင့် အဲဒီမြင်းဟာကျော်နီဆီမှာ ဆေးတွေဘာတွေများ ကုနေမလားဆိုပြီး သွားစုံစမ်းကြည့်တာပါ"

"ဩော်... အဲဒီလိုသဘောနဲ့ သွားတာလား"

"ဟုတ်ပါတယ် မောင်တောအုပ်ရဲ့။ ဟိုရောက်တော့မှ ကျော်နီကဒီမနက်ပဲ လက်သမားဆရာ ကိုအုတ်စီရဲ့အိမ်က မြင်းတစ်ကောင် ရှေ့ခြေတစ်ဖက် ထောက်မရအောင် နာနေလို့ လာကြည့်ပေးပါလို့ သူ့အသိတစ်ယောက်ကနေ တစ်ဆင့် လာပင့်တဲ့အကြောင်း ပြောတယ်။ ဒီမှာတင်ကျုပ်က အကျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းရတာပေါ့။ပြီးတော့ မောင်တောအုပ်ရော ကျုပ်ရော သူတို့ဆရာတပည့်ပုံစံ ရုပ်ဖျက်ပြီး သွားခဲ့ကြရတာပေါ့ကွယ်"

"ဒီအထိကတော့ ကျွန်တော် နားလည်သွားခဲ့ပါပြီ။ မြင်းတိုသေသေချာချာ စမ်းသပ်ပြီး ခွဲစိတ်ပေးခဲ့တာကရောဗျာ"

"ဟာ... အဲဒါက ကျုပ် အင်္ဂလိပ်စစ်တပ်ထဲမှာ အမှုထမ်းခဲ့ကတည်းက စစ်မြင်းတွေကို ဆေးကုတဲ့ ဆေးတပ်မှာ အမှုထမ်းခဲ့ရသေးတာကွယ့်။ စစ်မြင်းတွေ၊ စစ်လားတွေ၊ ကုလားအုပ်တွေကို တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘလေး ကျုပ် ကုသတတ်တယ်"

"ဪ... ဒါကြောင့်ကို။ ဒီအကြောင်းကို ကိုသံဟိတ်က တစ်ခါမှ မပြောဘူးတော့ ကျွန်တော်ဖြင့် အံ့သြလိုက်တာဗျာ။ ခင်ဗျား နဲ့ပုံ၊ စိတ်ပုံကဖြင့် တကယ့်ဆရာဝန်တစ်ယောက်လို့ကို မြန်ဆန်ပြီး သေသပ်လိုက်တာ မပြောပါနဲ့တော့"

"အဲဒါတွေက ကျုပ် စစ်တပ်ထဲမှာ နှစ်တော်တော်ကြာအောင် လုပ်ခဲ့တဲ့ အလုပ်တွေကိုကွယ့်။ ဒီတော့ ကျွမ်းကျင်နေတာပေါ့"

"နို့.. ကိုသံဟိတ် အဲဒီအိမ်ကရထားလုံးကို သေသေချာချာ ကြည့်နေတာကရော ဘာများထူးလို့တုံးဗျ"

"ကျုပ် ဆေးကုပေးခဲ့တဲ့မြင်းဟာ ဝင်ဒါမီယာလူသတ်မှုမှာ လူသတ်သမားစီးလာတဲ့ ရထားကို ဆွဲတဲ့မြင်းပေါ့ မောင်တောအုပ်ရဲ့။ ကျုပ် ကြည့်နေတဲ့ ရထားရဲ့ဘီးကလည်း အဲဒီည မြက်ခင်းကလေးထဲမှာ အရာထင်ကျန်နေတဲ့ ရထားဘီးအစစ်ပဲကွယ့်"

"ဟင်... ဒါဆိုရင် တရားခံက"

"သေချာနေပြီပေါ့ မောင်တောအုပ်ရယ်"

"ဘယ်သူတုံးဗျ"

"ရွှေရဲတင်းမောင်အုတ်စီပေါ့ကွယ်"

"ဟာ.. ဟုတ်လားဗျ"

"ဒါပေမယ့် ကျုပ် အပြီးတိုင် မဆုံးဖြတ်သေးပါဘူး။ မောင် အုတ်စီကို တွေ့တော့မှ အပြီးဆုံးဖြတ်မှာပါ"

"အခု မောင်အုတ်စီက ဘယ်ကိုသွားတာတဲ့တုံးဗျ"

"မနက်က ဘမောင်ပြောတာကတော့ ကျိုက်ထီးရိုးဘုရားဖူး

www.burmeseclassic.com



သွားတယ်ဆိုပဲ။ မနက်ဖြန်တော့ ပြန်ရောက်မယ်လို့ ပြောတာပဲကွယ်"

"ဟာ... ဟုတ်ပါ့မလားဗျာ။ တစ်ခါတည်းများ ထွက်ပြေး သွားတာလားဗျာ"

"ကျုပ်လည်း အဲဒါကို တွေးနေတာပဲကွယ့်။ လူတစ်ယောက် ဟာ အခုလို လူသတ်မှုကျူးလွန်ပြီး အေးအေးဆေးဆေး ဘုရားဖူးသွား ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ မောင်တောအုပ်ရဲ့"

"အဲဒါကြောင့် ပြောတာပေါ့ဗျ။ ဒီကောင် တစ်ခါတည်း ထွက် ပြေးသွားတာများလားလို့"

"အင်း... ပြေးတော့လည်း ဘာတတ်နိုင်မှာလဲကွယ်။ ပုလိပ် ဘက်က ဆက်ပြီးလုပ်ပေတော့ပေါ့"

"အင်းလေ... ပြန်လာမယ်ဆိုတဲ့ ရက်ကိုတော့ စောင့်ကြည့် ကြရမှာပေါ့လေ"

"ဒါပေမယ့် မောင်တောအုပ်ရဲ့၊ ဘာမှ တွယ်တာစရာမရှိတဲ့ လူတွေကသာ ပြေးကြတာပါ။ မောင်အုတ်စီလို အိမ်နဲ့ယာနဲ့ နာမည် တစ်လုံးနဲ့ နေတဲ့လူတစ်ယောက်အနေနဲ့ ထွက်ပြေးလေ့ မရှိပါဘူးကွယ်။ လူဆိုတာ တွယ်စရာကလေးရှိရင် တွယ်ကြတဲ့သဘာဝရှိတာပဲကွယ့် မောင်တောအုပ်ရဲ့"

"ဒါဆိုရင် မောင်အုတ်စီ ပြန်ရောက်မရောက်ကို ထောက်လှမ်း ဖို့တော့ လိုတာပေါ့နော်"

"အဲဒါတော့ မစိုးရိမ်နဲ့ကွယ့်။ သဘက်ခါလောက်ဆိုရင် ဒေါက်တာကျော်နီက သူ့ခွဲထားတဲ့မြင်းအနေနဲ့ တစ်ခေါက်သွားကြည့်လိမ့် မယ်။ မောင်အုတ်စီကို မတွေ့မချင်း မြင်းကို တစ်ရက်ကျော် သွားသွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေးနေမယ်။ မောင်အုတ်စီ တွေ့တာနဲ့ ကျုပ်ကို အကြောင်းကြား ပါ"

"ဪ... ခင်ပျားနဲ့ ဒေါက်တာဂျော်နီက တိုင်ပင်ပြီးသားကိုး။ ကိုသံဟိတ်တို့ စီစဉ်တဲ့ကိစ္စတွေဟာ ဘယ်လည်း အကွက်စေ့တာကိုး"

"ဘာမဆို ကွက်စိတ်ရိုက်ပြီး စီစဉ်တာ အကောင်းဆုံးပဲ မောင်တောအုပ်ရဲ့။ သတိပေါ့ကွယ်။ သတိ သိပ်အရေးကြီးတာပေါ့။ ဒီလိုကိစ္စမျိုးမှာ နည်းနည်းဟာတာနဲ့ တရားခံဟာ အဲဒီဟာပေါက်က ထွက်သွားတတ်တယ်ကွယ့်"

ဟု ကိုသံဟိတ်က ပြောပြလေရာ စုံထောက်ခြင်း အတတ်သည်၏ နက်ရှိုင်းပုံ၊ သတိအလွန်ကောင်းရပုံတို့ကို ကျွန်ုပ်သည် ဆက်လက်၍ တွေးတောနေလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ထိုနေ့က ကျွန်ုပ်နှင့် ကိုသံဟိတ်တို့ ထမင်းစားနေကြစဉ် ကိုသံဟိတ်က...

"ဟာ ... ဒီနေ့ချက်တဲ့ ဝက်သားဟင်းက တယ်လည်း ကောင်းပါလား မောင်တောအုပ်ရဲ့"

"ဟုတ်တယ်ဗျ။ ဂျင်းကလေးနိုင်နိုင်ထည့်ပြီး သကြားကလေးနဲ့ လှိမ့်ပြီး နှပ်ထားတာဗျ"

"ညောင်ဦးက ပုန်းရည်ကြီးသုတ်ကလေးနဲ့တော့ တယ်လည်း လိုက်ဖက်ပေတာပဲကွယ်"

"ဟုတ်တယ်ဗျ။ ငါးပိရည်ကျိုကလေးနဲ့ တို့စရာကလေးပါ ကဲထားတော့ ပိုပြီး ထမင်းမြိန်တာပေါ့ဗျာ"

"ဒါပေါ့ မောင်တောအုပ်ရာ။ ကျုပ်တော့ နိုင်ငံ ခြားတော် များများကို ရောက်ဖူး သွားဖူး နေဖူးပါရဲ့။ ဒါပေမယ့် မြန်မာထမင်းဟင်း ကိုပဲ စားရတာ အားအရှိဆုံးပဲကွယ့်။ အိန္ဒိယမှာ နေဖူးကလည်း အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



ဘင်းတွေကို စားဖူးပါတယ်။ ဒါပေမယ့် အာသီသ မကြေပါဘူးကွယ်''

ဟု ကိုသံဟိတ်က ကျွန်ုပ်ချက်ထားသော ဝက်သားဟင်းနှင့် ထမင်းပိုင်းကို ချီးကျူးစကား ပြောနေစဉ်မှာပင် လှေကားမှ တက်လာသော ခြေသံကို ကြားရလေ၏။

''အလို... ဘယ်သူပါလိမ့်။ ဒီခြေသံမျိုး ဒီအိမ်ကို တစ်ခါမှ လာဖူးပါဘူး မောင်တောအုပ်ရဲ့''

ဟု ကိုသံဟိတ်က ပြောလိုက်သောအခါ ကျွန်ုပ်လည်း အိမ်ရှေ့ခန်းသို့သွားကာ တံခါးကို ဖွင့်ပေးလိုက်လေ၏။

''ဟာ... ဘနာဂျီပါလား။ လာ... လာ''

''လက်ဖတင်နှင်းဆပ် ရှိပါသလား''

''ရှိတယ်ကွ... ရှိတယ်။ လာ... လာ''

ဟု ကျွန်ုပ်က ဘနာဂျီကို အိမ်ထဲသို့ ခေါ်လိုက်ချိန်မှာပင် ကိုသံဟိတ်သည် အခန်းထဲမှ ထွက်လာကာ..

''ဟာ... ဘနာဂျီပါလား။ လာဟေ့... လာ... လာ''

ဟု ပြော၍ ဘနာဂျီကို ဆိုဖာခုံတစ်လုံးတွင် ထိုင်ခိုင်းလေ၏။ ဘနာဂျီက သူ့အင်္ကျီအိတ်ကပ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ယူကာ ကိုသံဟိတ်ကို ရိုရိုသေသေ ပေးလေ၏။

သူငယ်ချင်းသံဟိတ်...

မင်း ရုပ်ဖျက်တာကတော့ အံ့မခန်းပါပဲကွာ။ အဲဒီအိမ်က အမောင်ဆိုတဲ့ကောင်က ငါ ရောက်သွားပြီး မြင်းကို ကြည့်နေတော့ ငါနဲ့ ဘနာဂျီကို မင်းနဲ့ ကိုတောအုပ်ပဲ ထင်နေတာကွ။



www.burmeseclassic.com

www.burmeseclassic.com



မင်းပြောတဲ့ မောင်အုတ်စီဆိုတဲ့ကောင် ရောက်နေပြီ၊ ငါလည်း ခေါ်ဆေးကုတာ ပြီးသွားပါပြီ။

မင်းသူငယ်ချင်း

ဂျော်နီ

ကိုသံဟိတ်က သူဖတ်ပြီးသော စာရွက်ကလေးကို ကျွန်ုပ်အား ပေး၍ ဖတ်ပြန်လေ၏။ ဘနာဂျီ ပြန်သွားချိန်မှစ၍ ကိုသံဟိတ်သည် အပြင်သို့ ထွက်လေတော့၏။

ညမိုးချုပ်စ အချိန်တွင်မှ ကိုသံဟိတ် ပြန်ရောက်လာလေ၏။ ကိုသံဟိတ်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်းမှ. . .

"အားလုံးတော့ စီစဉ်ပြီးပြီ မောင်တောအုပ်ရေ၊ မနက်ကျရင် ကိုဘခင်နဲ့ ကိုထွန်းသောင်တို့ ရောက်လာလိမ့်မယ်ကွယ့်"

"သေချာသွားပြီလား ကိုသံဟိတ်ရဲ့"

"ကျုပ် အပြီးမဆုံးဖြတ်သေးပါဘူး မောင်တောအုပ်၊ မောင် အုတ်စီကို ကျုပ် ကြည့်ရဦးမှာပါ"

ဟု ကိုသံဟိတ်က ပြောလေရာ ဘယ်အရာကိုမျှ လွယ်လွယ်နှင့် မဆုံးဖြတ်တတ်သော ကိုသံဟိတ်၏ စိတ်ဓာတ်ကို ကျွန်ုပ်သည် စိတ်ထဲမှ ကြိတ်၍ ချီးကျူးမိလေ၏။

ထိုညက ကိုသံဟိတ်ရော ကျွန်ုပ်ပါ စောစောအိပ်ရာဝင်ခဲ့ကြလေ၏။ နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့နှစ်ယောက်စလုံး စောစော နိုးလာကြကာ ရေမိုးချိုး၍ ဧည့်ခန်းတွင် ထိုင်နေကြလေ၏။ မကြာမီမှာပင် လှေကားမှ တက်လာသော ကိုဘခင်၏ ခြေသံကို ကြားရလေ၏။

ကျွန်ုပ်လည်း ကိုဘခင်ကို တံခါးဖွင့်ပေးလိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်မောနင်း ကိုဘခင်"

"ဂွတ်မောနင်း ကိုတောအုပ်"

"ဟာ... လာဗျို့ ကိုဘခင်ရေ၊ ကျုပ်တို့ အဆင်သင့် စောင့်နေတာဗျ"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ...

"အို... မထိုင်တော့ဘူးလေ။ တစ်ခါတည်းပဲ သွားကြတာပေါ့ဗျာ"

"တစ်ခါတည်းသွားလို့တော့ မဖြစ်သေးဘူးဗျ။ မဂိုလမ်း(ရွှေဘုံသာလမ်း)မှာ ဝင်ပြီး တစ်ခုခုလေးတော့ စားသွားဦးမှ ကိုဘခင်ရဲ့"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ကိုဘခင်က...

"ဟာ... သိပ်ကောင်းတဲ့ အစီအစဉ်ပေပဲဗျာ"

ဟု ပြောရင်း လှေကားမှ ဆင်းသွားလေ၏။ ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း အိမ်တံခါးပိတ်ကာ လိုက်ကြရလေ၏။

ကားထဲတွင် ထိုင်စောင့်နေသော အင်စပိတ်တော်ကြီး သံသက်သီးကိုထွန်းသောင်က ပါးစပ်ကြီးဖြဲ၍ ရယ်ပြနေလေ၏။

"ဘယ်လိုလဲ ကိုထွန်းသောင်ကြီးရဲ့၊ အပေါ်ကိုတောင် တက်မလာပါလားဗျ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ကိုထွန်းသောင်ကြီးက ရယ်နေလျက်မှ...

"မတက်နိုင်တော့ဘူး ကိုတောအုပ်ရေ၊ မနက်မိုးလင်းကတည်းက ဘာမှစားမလာရသေးလို့ ဗိုက်ဆာနေတာနဲ့ ဒီမှာပဲငြိမ်ပြီး ထိုင်နေတာဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"အလို... တယ်လည်းထူးခြားပါလားဗျ။ ဒီမနက် ဗိုက်ဆာနေတဲ့ သူတွေက များနေတယ်ဗျို့"

"အဲဒါ ကောင်းတာပေါ့ဗျာ။ သိမ်ကြီးဈေးကိုသွားပြီး ဒေါ်ပုကြီးရဲ့ ငါးသလောက်မုန့်ဟင်းခါး အရင်စားကြရအောင်ဗျာ"

ဟု ကိုဘခင်က ဝင်၍ ပြောလိုက်လေရာ ကိုသံဟိတ်ကလည်း

"ဟာ... ကိုဘခင် စိတ်ကူးကလေးကောင်းတယ်ဗျို့။ ဒေါ်ပုကြီးဆိုင်က ငါးသလောက်မုန့်ဟင်းခါးစားပြီးမှ လသာလမ်းက အတီးဆိုင်မှာ တရုတ်လက်ဖက်ရည် သွားသောက်ကြတာပေါ့ဗျာ"

ဟု ဝင်၍ ထောက်ခံပြောလိုက်လေရာ ကိုဘခင်မောင်းသော ဆီဒင်ကားအနီကလေးသည် သိမ်ကြီးဈေးသို့ ဦးတည်၍ မောင်းလေ၏။ ဒေါ်ပုကြီးဆိုင်တွင် မုန့်ဟင်းခါးစားရင်း မြန်မာများ မုန့်ဟင်းခါး ကြိုက်ကြသည့် အကြောင်းကို ပြောလေရာ လွန်စွာ နားထောင်ကောင်းလှလေ၏။ ဒေါ်ပုကြီး၏ ငါးသလောက်မုန့်ဟင်းခါကလည်း ဟင်းအိုးတစ်ခါဖွင့်တိုင်း တစ်ခါမွှေးသွားလေရာ အနီးအနား ဆယ်ပေဝန်းကျင်လောက်တွင် ငါးသလောက်မုန့်ဟင်းရည်အနံ့သည် မွှေးကြိုင်သွားလေတော့၏။

"မြန်မာတွေ မုန့်ဟင်းခါး ကြိုက်ပုံကတော့ စာတင်လောက်ပါပေတယ်ဗျာ"

ဟု ကိုထွန်းသောင်ကြီးက ဝင်၍ပြောလေရာ ကျွန်ုပ်က...

"မှတ်သားထားတာများရှိရင်လည်း ပြောပါဦး ကိုထွန်းသောင်ရဲ့"

ဟု ပြောလိုက်လေရာ ကိုထွန်းသောင်ကြီးသည် ပြုံး၍

"ဒီလိုမောင်တောအုပ်ရဲ့၊ ကျုပ် ဆပ်ကလေးဘဝက ပုသိမ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ ရာဇဝတ်အုပ်ကလေး တာဝန်ထမ်းဆောင်နေတုံးက ထူးထူးခြားခြား တရားခံတစ်ယောက်ကို တွေ့ဖူးတယ်ဗျ။ ဒီလူက ဘရုံလို့ ခေါ်တယ်။ ဓားပြဗျ။ မုန့်ဟင်းခါး အားကြီးကြိုက်တဲ့လူဗျာ။ ဓားပြမှုနဲ့ တိမ်းရှောင်နေလို့ ပုလိပ်က လိုက်ရှာနေတာ ဘယ်မှာမှ ရှာလို့မရဘူး ဖြစ်နေတာဗျ။ ဒါနဲ့ ကျုပ်က အကြံရပြီး အဲဒီအနီးအနားမှ မုန့်ဟင်းခါး ကြေးတဲ့ အလှူရှိရင် သွားသွားချောင်းတယ်။ တစ်နေ့တော့ ဒီကောင် မုန့်ဟင်းခါးစားချင်တဲ့စိတ်ကို မအောင့်နိုင်တော့လို့ ထင်ပါရဲ့ဗျာ။ ရုပ်ဖျက်ပြီး အလှူရောက်လာတယ်ဗျ။ ပြီးတော့ မုန့်ဟင်းခါးကို စားလိုက်တာများ သူတစ်ယောက်တည်းစားတာ တစ်ပိဿာလောက် ရှိမယ်ဗျို့။ ကျုပ်ကလည်း သနားတာနဲ့ စောင့်နေပါတယ်။ သူ စားလို့ပြီးဆိုမှ ထပြန်ကာနီးမှာ အသာကပ်ပြီး လက်ထိပ်ခတ်လိုက်တယ်။ ပြီးတော့ ကိုဘရုံ ကျုပ်နဲ့ မုန့်ဟင်းခါးစား လိုက်ခဲ့ပါဦးဗျလို့ ပြောတော့၊ ဘရုံဟာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတာပေါ့ဗျာ။ လူကြားထဲဆိုတော့ ထပြီး ခုခံဖို့ကလည်း မလွယ်ဘူးမို့လား။ ဒီတော့ အသာကလေးကုတ်ပြီး လိုက်ခဲ့ရတော့တာပေါ့ဗျာ”

ဟု ကိုထွန်းသောင်ကြီးက စကားကို အဆုံးသတ်လိုက်သောအခါ ကျွန်ုပ်တို့လည်း ကိုထွန်းသောင်ကြီးကိုကြည့်၍ ရယ်ကြရလေတော့၏။

“ကိုထွန်းသောင်က ဉာဏ်အသွားသားပဲဗျ။ မုန့်ဟင်းခါး ကြိုက်တဲ့ ဓားပြကို မုန့်ဟင်းခါးကျွေးတဲ့ အလှူက စောင့်ပြီးဖမ်းတာ တစ်ချက်တည်းနဲ့ကို မိတော့တာကိုး”

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်ကလည်း ဝင်၍

“ကျုပ်သာ ဓားပြဝိုက်စားလို့ကတော့ အစုံလျှောက်စားမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ထင်တယ်ဗျို့။ နို့မဟုတ်ရင် ကိုထွန်းသောင်ကြီးက ခေါ်ပုကြီးငါးသလောက်မုန့်ဟင်းခါးဆိုင်က လာစောင့်နေမှ အခက်ပဲ''

ဟု ပြောလေရာ ကျွန်ုပ်တို့အားလုံး ရယ်ကြရလေတော့၏။

မုန့်ဟင်းခါးစားပြီးသောအခါ လသာလမ်းရှိ အတီး လက်ဖက်ရည်ဆိုင်သို့ ရွှေ့ကြပြန်၏။ လက်ဖက်ရည်တစ်ယောက်တစ်ခွက် သောက်ကာ ဆေးလိပ်ဖွာကြပြန်၏။ ခဏကြာတော့မှ ကိုသံဟိတ်က...

''ကဲ... သွားကြစို့ဗျို့။ တော်တော်ကြာ ကျုပ်တို့လူ အပြင်ထွက်သွားလို့ လွဲနေပါဦးမယ်''

ဟု ပြောလိုက်လေရာ ကျွန်ုပ်တို့လည်း အတီးအား ငွေရှင်း၍ ထွက်လာကြလေ၏။ ကိုတခင်၏ ဆီဒင်ကားကလေးသည် လသာလမ်းမှ ထွက်ကာ ရွှေတိဂုံဘုရားလမ်းသို့ လာခဲ့လေ၏။ ပြီးလျှင် ဂေါ်ဒဝင်လမ်း (မြို့မကျောင်းလမ်း)မှ မောင်းလာကာ ကပ္ပလီကွက်သစ်ကိုပတ်၍ ရွှေတိဂုံ အရှေ့ဘက်သို့ မောင်းခဲ့လေ၏။ ဗဟန်းသို့ ရောက်လျှင် လက်သမား ဆရာကြီးဦးမိုးသီး၏ ခြံကိုကျော်၍ မောင်းသွားပြီးမှ သရက်ပင်ကြီး အောက်တွင် ရပ်လိုက်လေ၏။ ကိုသံဟိတ်က ကိုတခင်ထံမှ လက်ထိပ်ကို တောင်းကာ ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။

ပြီးလျှင် လောင်းကုတ်အင်္ကျီရှည်ကြီးဝတ်၍ သက္ကလပ်ဦးထုပ် အပျော့ကို ဆောင်းထားသော ကိုသံဟိတ်က ရှေ့မှသွားကာ ကျွန်ုပ်တို့ သုံးယောက်က နောက်မှကပ်၍ လိုက်ခဲ့ကြလေ၏။ 'ဘုံပျံမိုးသီး'ဟု ခေါ်သော လက်သမားဆရာကြီး ဦးမိုးသီး၏ ခြံဝင်းထဲသို့ ဝင်ခဲ့လေ၏။

ခြံထဲတွင် ကျွန်ုပ်တို့ တစ်နေ့ လာတွေ့ခဲ့သော ဘမောင်ဆိုသူက ရွှေဘော်ထိုးနေကာ အသားညိုညို ဂင်တိုတိုနှင့်လူကား သစ်သားချောင်း



www.burmeseclassic.com

www.burmeseclassic.com



များကို ဆောက်နှင့် ထွင်းဖောက်နေလေ၏။ သူ့ဘေးတွင် လူတစ်ရပ်သာသာခန့်မြင့်သော ကျွန်းသားဖြင့် ပြုလုပ်ထားသည့် ဗီရိုကြီးတစ်လုံး ထောင်ထားလေ၏။ ကျွန်းဗီရိုအသစ်တစ်လုံး ပြုလုပ်နေကြခြင်း ဖြစ်လေ၏။

ထိုအချိန်မှာပင် ဗီရိုကြီး၏ နောက်ဘက်မှ လူငယ်တစ်ယောက် ထွက်လာလေတော့၏။ သျှောင်တစ်စောင်းကလေးကို သေသေချာချာ ထုံးထားသော နှာတံပေါ်ပေါ်၊ မျက်လုံးနက်နက်၊ ပိရိသေသပ်သော နှုတ်ခမ်းများနှင့် ဖြူဖြူ၊ နွဲ့နွဲ့၊ ချောချော ဇာတ်မင်းသားပုံပေါက်နေသည့် လူငယ်တစ်ယောက်ပင် ဖြစ်လေ၏။

ထိုလူငယ်ကို တွေ့သောအခါ ကိုသံဟိတ်က ပြုံး၍ နှုတ်ဆက်လိုက်လေ၏။ လူငယ်ကလည်း ကိုသံဟိတ်ကို ပြုံး၍ နှုတ်ဆက်လေ၏။ ထိုအချိန်တွင် ကိုသံဟိတ်က မြေပြင်တွင်ကျနေသော တစ်ထွာခန့်ရှိသည့် ကျွန်းသားချောင်းကလေးတစ်ခုကို ကောက်ယူလိုက်လေ၏။

"ဘာကိစ္စများ ရှိကြလို့လဲ ခင်ဗျာ"

"ဩော်... လက်သမားဆရာလေး မောင်အုတ်စီများလား ခင်ဗျာ"

ဟု ကိုသံဟိတ်က လေသံကလေးကို နှိမ့်၍ မေးလေ၏။

"ဟုတ်ပါတယ်။ ကျွန်တော်က အုတ်စီပါ။ မိတ်ဆွေတို့ ဘာကိစ္စများ ရှိလို့ပါလဲ ခင်ဗျာ"

မောင်အုတ်စီက ပြန်၍မေးရင်း သူ့လက်တွင် ကိုင်ထားသည့် ရဲတင်းကို တစ်ချက် ငုံ့၍ကြည့်လေ၏။

"ဩော်... ကျုပ်တို့က အိမ်တစ်လုံးအပ်ချင်လို့လာတာပါ



www.burmeseclassic.com

www.burmeseclassic.com



မောင်အုတ်စီ။ မောင်အုတ်စီအဖေကြီး မရှိတော့ပေမယ့် မောင်အုတ်စီကလည်း အင်မတန် လက်ရာကောင်းတယ်လို့ ညွှန်လိုက်ကြလို့ လာခဲ့တာပါ"

"ဪ... အိမ်ဆောက်ချင်လို့လား။ ဒါဆိုရင်တော့ ဖြစ်ပါတယ်ဗျာ။ ရန်ကုန်မှာပဲ ဆောက်ဆောက်၊ နယ်မှာပဲဆောက်ဆောက် ကျွန်တော်တို့အဖွဲ့က လိုက်ပြီးဆောက်ပေးပါတယ်။ ပြီးတော့ အုတ်နဲ့လုပ်ရမယ့် အပိုင်းဆိုရင်လည်း ပန်းရံဆရာကို ထပ်ရှာစရာ မလိုပါဘူးဗျာ။ ကျွန်တော်တို့မှာ လူစုံရှိပြီးသားပါ"

"ကြားပါတယ် မောင်အုတ်စီ။ ဒီသတင်းတွေလည်း အားလုံးကြားပြီးသားပါ။ ဒါထက် ပစ္စည်းပစ္စယတွေ အစုံပေးရင် လက်ခကို ဘယ်လိုယူပါသလဲ မောင်အုတ်စီ"

"ဪ... ကျွန်တော်တို့က သစ်သားအိမ်တစ်ထပ်ဆိုရင် ခုနစ်ရာ ယူပါတယ်။ နှစ်ထပ်အိမ်ဆိုရင်တော့ တစ်ထောင်ယူပါတယ်။ တိုက်ခံအိမ်ဆိုရင်တော့ အရွယ်အစားကိုလိုက်ပြီး နှစ်ထောင်၊ နှစ်ထောင့်ငါးရာ ယူပါတယ်"

"ဪ.. စျေးကတော့ များသားကလား။ ဒါပေမယ့် လက်ရာကလည်း လက်ရာကောင်းဆိုတော့ ပေးရမှာပေါ့လေ"

ဟု ကိုသံဟိတ်က ပြန်၍ ပြောလိုက်လေရာ မောင်အုတ်စီက ကိုသံဟိတ်ကို ကြည့်၍..

"နို့... မိတ်ဆွေတို့က ဘယ်အရပ်မှာ ဆောက်ချင်တာလဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေရာ ကိုသံဟိတ်က လက်ထဲတွင် ကိုင်ထားသော သစ်သားချောင်းကလေးကို လက်ဝါးပေါ်တွင် ကိုင်ရင်းမှ...

"ဆောက်မှာကတော့ ရန်ကုန်ထောင်ကြီးထဲမှာပါ မောင်အုတ်စီ"

"ဗျာ... "

ကိုသံဟိတ်ပြောသောစကားကို ကြားသောအခါ မောင်အုတ်စီသည် ရုတ်တရက်လန့်သွားပုံရလေ၏။ သို့သော် ဤလွန်ကို ချက်ချင်း ဆယ်လိုက်ကာ...

"ရပါတယ်ဗျာ။ ကျွန်တော်တို့က ရန်ကုန်ထောင်ကြီးထဲမှာ တစ်ခါမှ အဆောက်အဦ မဆောက်ဖူးလို့ အံ့သြသွားတာပါ။ ရပါတယ်"

ဟု မောင်အုတ်စီက ပြန်၍ပြောလေ၏။ ထိုအခါ ကိုသံဟိတ်က

"ဒါဆိုရင်တော့ နေရာကျပြီပေါ့ မောင်အုတ်စီ"

ဟု ပြောလေ၏။ ထိုအခါ မောင်အုတ်စီက သူ့လက်ထဲမှ မဲတင်းကို တစ်ဖက်လက်ဝါးပေါ်တွင် တင်လိုက်ရင်းမှ...

"နို့... မိတ်ဆွေတို့ဆောက်ချင်တဲ့အိမ်က ဘယ်လိုပုံစံမျိုးလဲဗျ"

ဟု မေးလေ၏။ ကိုအခါ ကိုသံဟိတ်က...

"ထောင်ပိုင်ကြီးနေဖို့ပါ မောင်အုတ်စီ။ တစ်ထပ်တိုက်ကလေးပေါ့။ ဝင်ဒါမီယာမှာ မောင်အုတ်စီတို့သားအဖ ဆောက်ပေးခဲ့တဲ့ ဘိုဆန်ဆန် ပုံစံမျိုးကလေးပေါ့ကွယ်"

"ဗျာ... "

ဟု ဒုတိယအကြိမ် မောင်အုတ်စီ၏နှုတ်မှ ထွက်ပေါ်လာလေ၏။ ပြီးလျှင် ချက်ချင်း ဤလွန်ပြန်ဆယ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ။ အဖေမရှိတော့ပေမယ့် အဖေ့လက်ရာမျိုး ထွက်လာအောင် ကျွန်တော် ဆောက်ပေးပါ့မယ်"

ဟု မောင်အုတ်စီက မျက်နှာထား တည်တည်လုပ်ကာ ပြောလိုက်စဉ်မှာပင် ကိုသံဟိတ်သည် လက်တွင်ကိုင်ထားသော သစ်သား ချောင်းကလေးဖြင့် မောင်အုတ်စီ၏ မျက်နှာတည်တည်သို့ ပစ်ပေါက် လိုက်လေ၏။

"ခွပ်... "

လွန်စွာလျင်မြန်သော မောင်အုတ်စီက လက်ထဲတွင် ကိုင်ထား သော ရဲတင်းနှင့် လှမ်းတွက်လိုက်လေရာ သစ်သားချောင်းကလေးသည် လွင့်ထွက်သွားကာ အနီးရှိ ငှက်ပျောပင်ကြီးတစ်ပင်တွင် စိုက်ဝင်သွား လေ၏။

"ချောက်... "

မောင်အုတ်စီ လျင်မြန်သည်ထက် ပို၍လျင်မြန်သော ကို သံဟိတ်က မောင်အုတ်စီထံသို့ လွှားခနဲ ပြေးဝင်သွားပြီး မောင်အုတ်စီ၏ လက်ထဲမှ ရဲတင်းကို လက်ဝါးစောင်းနှင့် ခုတ်ချလိုက်ကာ မောင်အုတ်စီ၏ လက်နှစ်ဖက်ကို လက်ထိပ်ခတ်ပြီးသား ဖြစ်သွားလေတော့၏။ မောင် အုတ်စီရော ဘမောင်ရော အသားညိုညိုနှင့်လူပါ အံ့သြ၍ ငေးကြည့်နေ လေ၏။

ထိုအချိန်မှာပင် ခြောက်လုံးပြူးသေနတ်များနှင့် မောင်အုတ်စီ ကို ချိန်ထားသည့် ကိုဘခင်နှင့် ကိုထွန်းသောင်တို့က မောင်အုတ်စီ၏ အနီးသို့ တိုးကပ်သွားကြကာ မောင်အုတ်စီ၏ တစ်ဖက်စီချက်တွင် ရပ်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘမောင်နှင့် အသားညိုညိုလူလည်း နောက်သို့ ဆုတ်သွားကြလေ၏။

"ကျုပ်နာမည် လက်ဖတင်နှင်းသံဟိတ်ပါ မောင်အုတ်စီ။ ထင်းရှူးမိယာက ကိုမင်းယာတို့လင်မယား သတ်မှုနဲ့ မောင်အုတ်စီကို ကျုပ်တို့ ဖမ်းလိုက်ပါပြီ"

ဟု လွန်စွာတည်ငြိမ်၍ အေးဆေးသောအသံဖြင့် ကိုသံဟိတ်က ပြောလိုက်လေရာ မောင်အုတ်စီက ကိုသံဟိတ်ကို ပြုံး၍ မော့ကြည့်လေ၏။ ပြီးတော့မှ...

"ကျွန်တော် ကျိုက်ထီးရိုးက ပြန်လာလာခြင်းမှာပဲ ဒီအမှုကို လက်ဖတင်နှင်းသံဟိတ် လိုက်နေတယ်ဆိုတဲ့ သတင်းကို ကြားပြီးသားပါ။ ဒါပေမယ့် အခုလောက်တော့ မြန်လိမ့်မယ်လို့ မထင်မိဘူး။ အရမ်းလေးစားပါတယ် လက်ဖတင်နှင်းသံဟိတ်။ အရင်တုံးကတော့ ကြားဖူးတာပေါ့ဗျာ။ အခုတော့ ကိုယ်တွေ့ကြုံလိုက်ရတာဆိုတော့ မအံ့သြဘဲ မနေနိုင်ပါဘူးဗျာ။ ဒါပေမယ့် မင်းယာရဲ့မိန်းမကို ကျုပ် မသတ်ပါဘူး"

"ယုံပါတယ် မောင်အုတ်စီ။ မောင်အုတ်စီရဲ့မျက်နှာကို တွေ့လိုက်ရကတည်းက မောင်အုတ်စီဟာ အင်မတန် သတ္တိရှိသလောက် အင်မတန် သစ္စာ၊ သမာဓိရှိတဲ့ လူငယ်တစ်ယောက်ဆိုတာ အကဲခတ်မိပြီးသားပါ"

"မင်းယာဆိုတဲ့လူဟာ သူ့စည်းစိမ်ဥစ္စာနဲ့ သူ့ရုပ်ကို ဘမ်းပြပြီး မိန်းမတွေကို လိုက်ဖျက်ဆီးနေတဲ့ လူပါ။ အဲဒီအထဲမှာ ကျွန်တော့်ရဲ့ ညီမလေးလည်း မင်းယာရဲ့ ဖျက်ဆီးမှုကို ခံခဲ့ရတယ်။ အခုတော့ ကျွန်တော့် အဖေ၊ အမေအတွက် ဒင်းလို လူယုတ်မာကို သုတ်သင်ပစ်နိုင်ခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရမ်းကျေနပ်သွားပါပြီ။ စက်တိုင်တက်ဖို့လည်း ဝန်မလေး တော့ပါဘူး လက်ဖတင်နင်သံဟိတ်။ ကျွန်တော်ပြောတာ ယုံပါဗျာ"

"ယုံပါတယ် မောင်အုတ်စီ၊ ယုံပါတယ်"

ဟု ကိုသံဟိတ်က တကယ့်ကို လှိုက်လှိုက်လှဲလှဲ အသံဖြင့် ပြောလိုက်လေရာ မောင်အုတ်စီက နောက်သို့လှည့်၍..

"ဦးလေးညွန့်နဲ့ ဦးလေးဘာမောင် ဒီဘဝတော့ ဒီမျှပဲပေါ့ဗျာ။ ဒါပေမယ့် သံသရာမှာ ပြန်ဆုံခွင့်ရရင်တော့ ဦးလေးတို့တစ်တွေနဲ့ ပြန် ဆုံချင်ပါသေးတယ်"

ဟု မောင်အုတ်စီက ပြောလိုက်ပြီးလျှင် ကိုဘခင်နှင့် ကိုထွန်း သောင်ကို ကြည့်လိုက်ကာ...

"ကဲ... စုံထောက်ကြီးတို့ ကျွန်တော်တော့ သွားဖို့ အခင်သင့် ဖြစ်ပါပြီ"

ဟု ပြောလိုက်လေရာ ကိုဘခင်နှင့် ကိုထွန်းသောင်ကြီးက မောင်အုတ်စီ၏လက်ကို တစ်ယောက်တစ်ဖက်ကိုင်၍ ခြံဝင်းထဲမှ ထွက်သွားကြလေ၏။

ထိုအချိန်မှာပင် ကိုသံဟိတ်က မြေပြင်တွင် ကျနေသော မောင်အုတ်စီ၏ ရဲတင်းကလေးကို ကောက်ယူလိုက်ကာ...

"မောင်အုတ်စီ ဒီရဲတင်းမို့လား"

ဟု မေးလိုက်လေရာ မောင်အုတ်စီက နောက်သို့ သယ် လည်ပြန် လှည့်ကြည့်လိုက်ပြီးလျှင်

"ဟုတ်ပါတယ် လက်ဖတင်နင်၊ အဲဒါ ကျွန်တော် မင်းယာကို ခုတ်သတ်တဲ့ရဲတင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝန်ခံလိုက်လေ၏။ ထိုအခါ ကိုသံဟိတ်သည် ရဲတင်းကလေးကို လူသတ်လက်နက်အဖြစ် သိမ်းဆည်းယူခဲ့လေတော့၏။

"ကဲ... ဒါဆိုရင် ကိုဘခင်နဲ့ကိုထွန်းသောင်တို့ မောင်အုတ်စီကို ခေါ်သွားကြပေတော့ဗျာ။ ကျုပ်နဲ့ မောင်တောအုပ် ဒီကပဲ ရထားငှားပြီး ဂျူဗလီဟောက ဦးဘညာဏ်တို့ရဲ့ ပန်းချီပြပွဲကို သွားလိုက်ဦးမယ်။ ဪ... ကိုထွန်းသောင်ရေ၊ ရော့... ရော့... ဒါမောင်အုတ်စီရဲ့ လူသတ်တဲ့ရဲတင်း"

ဟု ပြောပြောဆိုဆိုဖြင့် ရဲတင်းကလေးကို ကိုထွန်းသောင်ကြီးအား လှမ်း၍ ပေးလိုက်လေ၏။ ကိုထွန်းသောင်ကြီးက ကိုသံဟိတ်ပေးသောရဲတင်းကို လှမ်းယူပြီးလျှင် ကားကလေးထဲသို့ ဝင်သွားလေတော့၏။ ခဏကြာလျှင် ကိုဘခင်က ဆီဒင်ကားအနီကလေးကို စက်နှိုးကာ မောင်းထွက်သွားလေရာ ကျွန်ုပ်နှင့် ကိုသံဟိတ်သည် ကြည့်၍ ကျန်ခဲ့ကြလေ၏။

ခဏအကြာတွင် ရထားတစ်စီး ရောက်လာလေရာ ကိုသံဟိတ်က ရထားကိုငှား၍ ဂျူဗလီဟောသို့ လိုက်ပို့ခိုင်းလေ၏။ ဂျူဗလီဟောသို့ ရောက်သောအခါ ဦးဘညာဏ် နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် နေစဉ်က ရေးဆွဲခဲ့သော ပင်လယ်ရှုမျှော်ခင်း ရေဆေးပန်းချီကား၊ အီတလီတွင် ရေးဆွဲခဲ့သော ရောမမြို့ဈေးတစ်ခု၏ ရှုခင်း ရေဆေးပန်းချီကား၊ ပါရီတွင် ရေးဆွဲခဲ့သော တံတားကြီးတစ်ခုပုံ ရေဆေးကား၊ အငြိမ့်မင်းသမီးတစ်ယောက်ကနေဟန် ဆီဆေးကားတစ်ကား၊ ရွှေတိဂုံစေတီတော်ကြီး ဆီဆေးကားတစ်ကား၊ မြစ်ကြီးတစ်ခုထဲတွင် သွားလာနေသည့် လှေကြီးများ ရွက်လွှင့်နေပုံနှင့် ကြွက်သားများအမြှောင်းလိုက် ထနေသည့်



www.burmeseclassic.com

www.burmeseclassic.com



လှေထိုးသားများပုံ ဆီဆေးကားကြီးတစ်ကား၊ အသက်ဆယ်နှစ်နှစ် အရွယ်ခန့် ကလေးမကလေးတစ်ယောက် တံချူတံကလေးဖြင့် တရုတ် စကားပန်းများ ခူးနေပုံ ဆီဆေးကား။ ထိုကားတွင် စကားရွက်များ ကြားမှ နေပျောက်ထိုးကျနေပုံများမှာ လွန်စွာမှ သရုပ်ပေါ်သည့်အပြင် အနုပညာအလွန်မြောက်လှလေ၏။

ပြီးလျှင် ဆရာမြစ်၏ ဘုရားကားများ၊ ဦးထွန်းလှ၏ မှန်ပေါ် တွင် ဆွဲထားသည့် ပန်းချီကားများ၊ ဦးစောမောင်၏ နိပါတ်ကားများ ဦးစံလွင်၊ ဦးဘလုံ၊ ဦးဘဇော်၊ ဦးထွန်းကြွယ်၊ ဦးဘိုးဘ၊ ဦးဘအုန်းတို့၏ ဆီဆေး၊ ရေဆေးကားများကို ကျွန်ုပ်နှင့် ကိုသံဟိတ်သည် တဝကြီး ကြည့်ရှုခံစားကြလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ဝင်ဒါမီယာထဲမှ နှစ်လောင်းပြိုင်လူသတ်မှု၏ တရားခံဖြစ်သော က်သမားဆရာ မောင်အုတ်စီကို လက်ရဖမ်းမိပြီးနောက် တရားစီရင်ချက် ချမှတ်ရာတွင် သေဒဏ်ချမှတ်ခြင်းကို ခံခဲ့ရလေ၏။

သေဒဏ်ချမှတ်ခံရပြီးနောက် ထုံးစံအတိုင်း တရားခံမှ အယူခံ အဆင့်ဆင့် ဝင်ခဲ့လေရာ တရားရုံး အဆင့်ဆင့်တွင် ရှုံးနိမ့်ခဲ့သည်ချည်း ဖြစ်လေတော့၏။ သို့သော် နောက်ဆုံးအဆင့်အဖြစ် ဘုရင်ခံထံသို့ အယူခံဝင်သောအခါတွင် မည်သူမျှ ထင်မှတ်မထားသည့် အံ့ဩဖွယ် အဖြစ်ကို ဖြစ်ခဲ့လေ၏။

ဘုရင်ခံမှ တရားခံမောင်အုတ်စီအား သေဒဏ်အစား တစ်သက် တစ်ကျွန်းသို့ ပြောင်းလွှဲပေးရန် အမိန့်ထုတ်ပေးခဲ့လေရာ မောင်အုတ်စီသည် ကြိုးစင်သို့ တက်ရကာနီးမှ သေကံမရောက်သက်မပျောက် ဆိုသကဲ့သို့ သေဒဏ်မှ လွတ်မြောက်ခဲ့ရလေတော့၏။

www.burmeseclassic.com



ကျွန်ုပ်သည် မောင်အုတ်စီအယူခံဝင်နေစဉ် ကာလနှင့် တစ်ကျွန်းသို့ မပို့မီကာလများတွင် စီအိုင်ဒီမှ အင်စပိတ်တော်ကြီးများ၏ အကူအညီဖြင့် မောင်အုတ်စီကို တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခွင့် ရရှိခဲ့လေ၏။

ထိုသို့ မေးမြန်းကြည့်သောအခါတွင်မှ လွန်စွာ ထူးဆန်း၍ အံ့ဩဘွယ်ကောင်းသော မောင်အုတ်စီ၏ ဘဝအတွေ့အကြုံများကို သိရှိလာရလေရာ ကျွန်ုပ်အနေဖြင့် လူ့လောကရှိ တကယ့်အဖြစ်အပျက် များသည် စိတ်ကူးယဉ်၍ရေးသားနိုင်စွမ်းရှိသော စာရေးဆရာ အကျော် အမော်များပင် လိုက်၍မမီနိုင်သည်ကို ဆင်ခြင်မိလေ၏။

ထို့ကြောင့် မောင်အုတ်စီကိုယ်တိုင်ပြောပြခဲ့သော မောင်အုတ်စီ ၏ ဘဝအတွေ့အကြုံများကို ကျွန်ုပ်သည် မှတ်တမ်းတစ်စောင်ဖြစ်အောင် ရေးသားခဲ့ရလေတော့၏။ မှတ်တမ်းကြီးပြီး ဆုံးသွားသောအခါတွင်လည်း မှတ်တမ်း၏ ခေါင်းစဉ်ကို "ယုံပါတယ် မောင်အုတ်စီ" ဟု ရေးထိုး လိုက်ရလေတော့၏။

(မောင်တောအုပ်)

www.burmeseclassic.com

www.burmeseclassic.com

ယခု ဆက်လက်ဖော်ပြမည့် အကြောင်းအရာများသည် "တိမ်ဝဋ္ဋာသခင်မ" ဝတ္ထုတွင် ဖော်ပြခဲ့သည့်အတိုင်း တစ္ဆနိပ် ရရှိခဲ့သော တစ္ဆန်းသေတ္တာကြီးထဲမှ ဦးတောအုပ်၏ မှတ်တမ်းများအနက် လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှသည့် "ယုံပါတယ် မောင်အုတ်စီ" အမည် ရေးထိုးထားသော မှတ်တမ်းကြီးကို စာဖတ်သူများ ဖတ်ရှုရာ၌ အဆင်ပြေပြေ ခံစားနိုင်စေရန် ဝတ္ထုသဖွယ် ပြန်လည်ရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဝေမင်းအိမ်

www.burmeseclassic.com

www.burmeseclassic.com

# လက်ဖတာင်နှင်းသံပရိတ်

# နှင့်

# ယုံပါတယ် မောင့်ဒုတ်ဓိ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)
## အုတ်မစီသော မောင်အုတ်စီ

တစ်နေ့သ၌ တာမွေသင်္ချိုင်းတွင်းသို့ အသုဘတစ်ခု ချလာလေ၏။ သေဆုံးသူမှာ အရိုးကုန်းတွင်နေထိုင်သည့် ပန်းရံဆရာကိုကျောက်ခဲဆိုသူ ဖြစ်လေ၏။ သေဆုံးသူမှာ ပန်းရံဆရာလည်းဖြစ်ပြန် အိမ်ထောင်မရှိသောလူပျိုကြီးလည်း ဖြစ်ပြန်လေရာ လိုက်ပါပို့ဆောင်သူ ဆွေမျိုးအသိုင်းအဝိုင်းလည်း မရှိသလောက်ပင် ဖြစ်လေတော့၏။ ကိုကျောက်ခဲနှင့် အလုပ်အတူတူလုပ်ကြသည့် ပန်းရံဆရာများ အုတ်သယ်သူများ လက်သမားများသာ လိုက်ပါပို့ဆောင်ကြလေ၏။ စုစုပေါင်းမှ လိုက်ပါပို့ဆောင်သူနှစ်ဆယ်ခန့်သာ ရှိလေရာ လွန်စွာမှ ချောက်ကပ်ကပ်နိုင်လှသော အသုဘတစ်ခုပင် ဖြစ်လေတော့၏။

သို့သော် ကိုကျောက်ခဲ၏အလောင်းကို မြေကျင်းသို့ချ ပြင်ဆင်နေစဉ်မှာပင် သျှောင်တစ်စောင်းနှင့် လူတစ်ယောက် မြင်းရထား



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရောက်လာလေ၏။ ထိုသူသည် နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ဖန် ကောင်းကောင်း၊ အသားလတ်လတ်နှင့် ခန့်ညားသော ဥပဓိရုပ်လည်း ရှိသည့်အပြင် သပ်သပ်ရပ်ရပ် ညှပ်ထားသော နှုတ်ခမ်းမွေး၊ ကျင်စွယ်လည်း ရှိသည်ဖြစ်ရာ လေးစားဖွယ်အသွင်ကို ဆောင်နေလေတော့၏။

ထိုသူသည် ရထားသမားအား စောင့်ဆိုင်းရန် မှာကြားရင်း အပေါ်မှ ထပ်ဝတ်လာသည့် တိုက်ပုံအင်္ကျီနံ့သာရောင်ကို ဆွဲဆန့်လိုက်လေ၏။

"ဟာ... ဆရာဦးမိုးသီးပါလား။ ဟော့ကောင်တွေ နေကြဦး။ ကျောက်ခဲရဲ့ဆရာလာတယ်ကွ"

ဟု တစ်ယောက်က အသံခပ်ကျယ်ကျယ်နှင့် အော်ပြောလိုက်သောအခါ အလောင်းကို မြေကျင်းထဲချရန် ပြင်ဆင်နေသော သုဘရာဇာနှင့် ဝိုင်းကူရ လုပ်ပေးနေသော လက်သမားများ၊ ပန်းရံသမားများသည် လုပ်ရှားမှုအားလုံးကို တုန့်ခနဲ ရပ်လိုက်ကာ သချိုင်းအဝင်ပေါက်သို့ လှမ်းကြည့်လိုက်ကြလေ၏။

"ဟာ... ဟုတ်သားပဲ ဆရာဦးမိုးသီးပါလား။ ကျောက်ခဲ သတင်းကို ခုမှ ကြားသွားတယ်ထင်တယ်"

ဟု ပန်းရံသမားတစ်ယောက်က ပြောလေရာ...

"အေး... ဟုတ်မယ်ကွ။ မနေ့က တံခါးကျည်းပေါင်ခွေတဲ့ ကောင်နဲ့ ငထွေးကို လွှတ်ပြီး အကြောင်းကြားခိုင်းတော့ ဆရာဦးမိုးသီး ဆီရောက်နေတယ်လို့ ပြောတာ။ ခုမှပြန်ရောက်ပုံရတယ်ကွ"

ဟု ပြောနေကြစဉ်မှာပင် ဦးမိုးသီးဆိုသူသည် အနီးသို့ ရောက်လာလေတော့၏။

www.burmeseclassic.com



"ဆရာဦးမိုးသီးဆီကို ဝေင်တို့လာပြီး အကြောင်းကြားသေးတယ်။ ဆရာ နယ်ဘက်ရောက်နေတယ်ဆိုလို့"

ဟု တစ်ယောက်က ခရိုးဦးကြိုပြု၍ ဆီးပြောလေ၏။

"ဟုတ်တယ် ဘမောင်ရဲ့၊ နယ်မှာ ဘုန်းကြီးကျောင်းကြီး တစ်ကျောင်း ဆောက်ဖို့ လက်ခံထားလို့ အနေအထားကို သွားကြည့်တာကွ။ မင်းတို့အဖွဲ့တွေအားလုံးကို ခေါ်ရမှာ။ တိုက်ခံဆောက်မှာဆိုတော့ ပန်းရံတွေလည်း လိုမှာပဲ၊ ငါ့စိတ်ထဲမှန်းထားတာက ကျောက်ခဲကို ခေါ်ဖို့ပဲ၊ မနက်က ပြန်ရောက်ရောက်ခြင်း ကျောက်ခဲသတင်း ကြားလိုက်တော့ ငါ့မှာ အားကိုပျက်သွားတာပါပဲကွာ"

"ကိုကျောက်ခဲက မြန်းစားကြီးဆုံးသွားတာ ဆရာရဲ့၊ မနေ့ကပဲ ကျွန်တော်နဲ့ စကားပြောနေသေးတာ၊ ညနေရောက်မှ သွေးတွေအန်တာ ဆိုပဲ၊ သွေးနှစ်ခါလောက်လည်း အန်ပြီးရော အသက်ပါ,ပါသွားတော့ပဲ ဆရာ"

"ခြော်... မြန်လှချေလားကွယ်တို့၊ ကဲ... ကဲ... သေတ္တာလည်း သံရိုက်ပိတ်ပြီးပြီဆိုတော့ ပြန်ဖွင့်မနေပါနဲ့တော့လေ။ မြှုပ်ဖို့သာ လုပ်ကြပါတော့"

ဟု လက်သမားများ၊ ပန်းရံသမားများ အလွန်လေးစားကြသည့် လက်သမားဆရာကြီး ဦးမိုးသီးက ပြောလိုက်လေရာ သုဘရာဇ နှစ်ယောက်နှင့် ကိုကျောက်ခဲ၏မိတ်ဆွေများက အလောင်းထည့်ထားသော ခေါင်းတလားကြီးကို အုန်းဆံကြိုးသုံးချောင်းနှင့် သုံးနေရာမှ ချိုင်းမကာ မြေကျင်းထဲသို့ တဖြည်းဖြည်းချလိုက်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မြေဆိုင်ခဲများကို ဝိုင်းဝန်းဖို့လိုက်လေရာ ခဏ အတွင်းမှာပင် ပြီးစီးသွားခဲ့လေ၏။ ပြီးလျှင် ကိုကျော်ခဲ၏အလောင်း မြှုပ်နှံသောမြေကျင်းအပေါ်တွင် မြေပုံမို့မို့ကလေးတစ်ခုကို လုပ်လိုက်ကြ လေ၏။ ပြီးလျှင် အသင့်ယူလာသော မှတ်တိုင်ကလေးကို မြေပုံ၏ ခေါင်းရင်းဘက်တွင် စိုက်လိုက်ကြလေ၏။

ပျဉ်ချပ်ပေါ်တွင် စာလုံးများ မညီမညာရေးထားသော မှတ်တိုင် ကလေးကို စိုက်လိုက်ပြီးသောအခါ အသုဘသဘင်ကြီးပြီးမှုသည် လုံးဝပြီးဆုံး သွားလေတော့၏။

| |
|---|
| ပန်းရံဆရာကိုကျော်ခဲ |
| အသက် ၃၀ |

ဟူသော မှတ်တိုင်ကလေးကို ငေးကြည့်နေကြရင်းမှ လုပ်ဖော် ကိုင်ဖက်တစ်ယောက်တော့ သွားပြန်ပေါ့ပဲဟု တွေးတောရင်း ငေးငိုင် ကြေကွဲနေကြလေတော့၏။

"ကိုကျော်ခဲက အိမ်ထောင်ရက်သားကလည်း မရှိတဲ့သူ ဆိုတော့ ပြုစုစောင့်ရှောက်မယ့်သူ မရှိဘူးပေါ့ ဆရာ။ ရောဂါရတော့လည်း ဆိပ်ဂရုမစိုက်ဘဲ ဆေးမီတိုကလေးလောက်နဲ့ ပြီးနေတော့တာပေါ့လေ။ ကြားထဲမှာ သူမွေးစားထားတဲ့ သားကလေးကိုလည်း အားကြီးချစ်တာ ဆရာရဲ့ သူ့သားအတွက်ဆိုပြီး အလုပ်တွေ မနားတမ်းလုပ်တာဗျို့"

"ဟေ... ကျော်ခဲလူပျိုကြီးက ကလေးမွေးစားထားတယ် ဆိုတာ။ ငါတောင် မသိရပါလား ညွှန့်ရဲ့"

"ဟုတ်တယ်ဆရာ၊ ဆရာတပည့်ကိုကျော်ခဲက နှုတ်ကလည်း နည်းသားကလား။ သူ့ အကြောင်းရှိလို့ တော်ရုံနဲ့ ပြောတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆရာ။ အခုလိုဖြစ်တာလည်း အဲဒီအကျင့်ကြောင့်ပဲပေါ့ဗျာ။ သူ့မှာ ရောဂါရှိနေတာကို ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး။ မနိုင်ရင်ကာ ဖြစ်တော့မှ သိကြတာ။ သိလည်းသိ အသက်လည်းကုန် ဆိုတာလို ဖြစ်တော့တာ ဆရာရဲ့''

"ဒီကောင်ကျောက်ခဲက တစ်ဖက်သားကို သိပ်အားနာတတ်တဲ့ ကောင်ကွ။ စိတ်ကောင်းကလည်း တော်တော်ကိုရှိတဲ့ ကောင်ပါကွာ။ ဒါနဲ့ သူမွေးစားတဲ့ကလေးက ဘယ်က ကလေးများလဲကွ''

ဟု ဦးမိုးသီးက မေးလိုက်လေရာ ညွှန့်ဆိုသူက...

"သူ့ညီဝမ်းကွဲရဲ့ကလေး ဆရာဦးမိုးသီးရဲ့။ သူ့ညီရဲ့ နာမည်က ရွှေသာလို့ ခေါ်တယ်။ ရွှေသာရဲ့ မိန်းမက မလှသွယ်တဲ့ဆရာ။ ရွှေသာက ချောက်တီးချောက်ချက် အရောင်းအဝယ်ကလေး လုပ်ကိုင်နေရတာလို့ ပြောတယ်။ ကလေးတစ်ယောက်ရပြီး နှစ်နှစ်လောက်ကြာတော့ မလှသွယ်က ကိုမင်းယာလို့ခေါ်တဲ့ သူဌေးတစ်ယောက်နဲ့ လိုက်ပြေးသွားတယ် ဆရာ''

"ဟေ... ဖြစ်မှဖြစ်ရလေကွာ''

"အဲဒီမင်းယာဆိုတဲ့လူက အင်မတန် မိန်းမပွေတယ်ဆိုပဲ ဆရာရဲ့။ မလှသွယ်ကလည်း ရုပ်ကလေးရော ကိုယ်လုံးကိုယ်ပေါက်ကလေးရော ရှိတော့ အဲဒီသူဌေးက မျက်စိကျသွားတာ ဖြစ်မှာပေါ့ဗျာ။ ဒီမှာတင် မလှသွယ်က ရွှေသာနဲ့ကလေးကို ထားခဲ့ပြီးတော့ ထွက်သွား တော့တာပဲ ဆရာရေ''

"ခြော်... မိန်းမများဟာ လင် ဆင်းရဲရင် ပစ်ပြေးတတ်ကြ တာကလား ညွှန့်ရဲ့။ အေး... ဆက်ပါဦးကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာတင် ရွှေသာဆိုတဲ့ကောင်က အရက်ကို မိုးမလင်းအောင် သောက်တော့တာပဲတဲ့ဗျာ။ တယ်မကြာလိုက်ပါဘူး၊ နှစ်နှစ်လောက် ကြာတော့ ရွှေသာ ဆုံးတော့တာပါပဲ"

"ဩော်... လောကီထုပ္ပတ် လူတို့ဇာတ်ဟာ တယ်လည်း ရှုပ်ပေတာကိုး ညွှန့်ရဲ့"

"အဲဒီတော့ ကိုကျောက်ခဲက မနေသာတော့ဘဲ သူ့တူဝမ်းကွဲ ကလေးကို သွားခေါ်ပြီး မွေးရတော့တာပေါ့ ဆရာ"

"ဟာ... ဒါတော့ ဟုတ်တာပေါ့ကွာ။ ကလေးမှာက ဒုက္ခ ရောက်နေမှာပဲ။ ဒါထက် ကလေးအမေက ဒီသတင်းတွေ မကြားဘူး သားကွ။ သူ့သားကလေးကို လာပြန်မခေါ်ဘူးလား"

"ခေါ်ဖို့နေနေသာသာ ဆရာရယ် ဒီမိန်းမက ချောင်ချောင် နေချင်လို့ သူဌေးမင်းယာကို ယူလိုက်တာဗျ။ ဒါပေမယ့် ဟိုလူက သူ့ကို သားမှတ်မှတ် မယားမှတ်မှတ် သဘောမထားဘဲ ဖြစ်သလိုထားတာ ဆိုတော့ မလှသွယ်လည်း စိတ်တွေဆင်းရဲပြီး မအိပ်နိုင်မစားနိုင်နဲ့ နောက်ဆုံး ရောဂါရတော့တာပေါ့ ဆရာ။ သူကတောင် သူယောကျ်ား ရွှေသာထက် စောသေးတယ်ဗျ။ ရွှေသာမဆုံးခင် နှစ်လလောက်မှာတင် ဆုံးသွားတာ။ အဲဒီသတင်းကြားတော့ ရွှေသာက ပိုပြီးသောက်တော့ တာပေါ့ ဆရာ။ ဒါနဲ့တင် ဒီအကောင်လည်း မြန်မြန်သေတော့တာပေါ့ဗျာ"

"အင်း... အဲဒီမင်းယာဆိုတဲ့ အကောင်ဟာ တော်တော့ကို ဆိုးတဲ့ကောင်ပဲကွာ။ သူတစ်ဖက်သားရဲ့ အသိုက်အမြုံကို ဖျက်ဆီးပစ် လိုက်တဲ့သဘောပဲပေါ့ ညွှန့်ရဲ့"

"ဟုတ်တာပေါ့ ဆရာမိုးသီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်.. ဒါထက် ကျောက်ခဲသေတော့ သူမွေးစားထားတဲ့ သူ့သားကလေးကို ဘယ်သူက ဆက်မွေးမှာလဲ"

"အဲဒါခက်နေတာပေါ့ ဆရာ။ ဒီကလေးကသိုလ်ကိုက ဆိုးပါတယ်ဗျာ။ သူ့ကို ဘယ်သူမှ မွေးမယ့်သူ မရှိဘူး ဖြစ်နေတယ်။ လောလောဆယ်တော့ ကျွန်တော့်အိမ်မှာပဲ ခေါ်ထားရတာပေါ့ ဆရာရယ်။ ဒါပေမယ့် ကျွန်တော့်မှာကလည်း ကလေးငါးယောက်တောင် ဆိုတော့ ရေရှည်မှာ ဘယ်လိုလုပ်ရမှန်းတောင် မသိပါဘူးဗျာ"

"ဟေ... ကလေးက မင်းဆီမှာလား။ ဒါဆို ဒီလိုလုပ်ကွာ။ ဒီလောက်ကံဆိုးတဲ့ ကလေးကို ငါ မွေးစမ်းမယ် ညွှန့်ရာ။ မင်းမှာက ကလေးတစ်ပြုံကြီးနဲ့ မဟုတ်လား။ ငါကတော့ ကျောက်ခဲလိုပဲ လူလွတ်လေ။ အိမ်ထောင်ရက်သားလည်း ရှိတာမဟုတ်ဘူးမို့လား။ ဒီတော့ ကြီးလာရင် ဆေးပေးမီးယူလည်း ရတာပေါ့ကွာ"

"ဟာ.. ဝမ်းသာလိုက်တာ ဆရာရယ်။ သိပ်ကောင်းတာပေါ့ ဗျာ။ ဆရာ့အတွက်ရော ကလေးအတွက်ရော အင်မတန်ကောင်းတဲ့ အစီအစဉ်ပါပဲဗျာ။ အင်း.. ဒါဆိုရင် ဒီကောင်လေးဟာ ထင်သလောက် ကံမဆိုးသေးပါဘူးဗျ။ စိတ်ချဆရာ။ မနက်ဖြန်မနက်ကျရင် ကလေးကို ဆရာ့ဆီ ပို့ပေးမယ်"

"အေး... အေး... ငါ အိမ်မှာပဲရှိမယ် ညွှန့်။ ရော့... ရော့... ငွေနှစ်ရာ ကျောက်ခဲအတွက် ဆွမ်းသွပ်လိုက်ပါကွာ"

ဟု ပြောရင်း လက်သမားဆရာ ဦးမိုးသီးက အိတ်ကပ်ထဲမှ ငွေနှစ်ရာ ထုတ်ယူကာ လက်သမားညွှန့်၏ လက်ထဲသို့ အပ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒါဆိုရင် ငါလည်း ပြန်ပြီကွာ။ ဟိုမှာ ရထားစောင့်ခိုင်းထားခဲ့တာ"

"ဟုတ်ကဲ့ ဆရာဦးမိုးသီး"

ဟု ညွှန့်ရော အခြားပန်းရံသမား၊ လက်သမားများကပါ ဦးမိုးသီးကို ရိုကျိုးသေသေ နှုတ်ဆက်ကြလေ၏။ ဦးမိုးသီးက အလာတုံးက စီးလာသည့် ရထားပေါ်သို့ ပြန်၍ တက်လိုက်ကာ တာမွေသချိုင်းထဲမှ ထွက်ခွာသွားလေတော့၏။

နောက်တစ်နေ့မနက်တွင် ဗဟန်းရပ်တွင်ရှိသော ခြံဝင်းကြီး တစ်ခုထဲမှ လွန်စွာလက်ရာမြောက်အောင် ဆောက်လုပ်ထားသော အိမ်ကြီးတစ်လုံးထဲတွင် လက်သမားဆရာ ဦးမိုးသီးသည် ကနုတ်ဖော်ထားသော သစ်သားကုလားထိုင်ကြီး တစ်လုံးပေါ်တွင် ထိုင်နေ၍ သူ့ရှေ့ရှိ ကုလားထိုင်နှစ်လုံးပေါ်တွင် လက်သမားမောင်ညွှန့်ဆိုသူနှင့် အသက် ဆယ်နှစ်သားခန့်ရှိသော ကလေးတစ်ယောက် ထိုင်နေကြလေ၏။

"ဆရာဦးမိုးသီး ဟောဒါ ကျောက်ခဲရဲ့ သားကလေးပဲဗျ"

ဟု လက်သမားမောင်ညွှန့်က ပြောလိုက်လေရာ လက်သမားဆရာဦးမိုးသီးက ခေါင်းညိတ်၍ ကလေးကို ခြေဆုံးခေါင်းဆုံး ကြည့်လေ၏။

"ဪ... အေး... အေး... ဒါထက် လူကလေးက နာမည် ဘယ်လိုခေါ်တုံး"

ဟု မေးလိုက်လေရာ ညှိုးနွမ်းအားငယ်နေပုံရသော ဖြူဖြူသေးသေးကလေးက သူ့ခေါင်းမှ သျှောင်ထုံးကလေးကို လက်နှင့် တစ်ချက်စမ်းလိုက်ရင်းမှ...

"ကျွန်တော့်နာမည် မောင်အုတ်စိပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရည်ရည်မွန်မွန်ကလေး ပြန်ပြောလေ၏။ ထိုအ
ဦးမိုးသီးက ခေါင်းကို ညိတ်ပြကာ...

"ဩော်... မင်းနာမည်က မောင်အုတ်စီတဲ့လား။ နို့
နေပါဦးကွယ့် ဒီနာမည်ကို ဘယ်သူက မှည့်ပေးတာတုံး"

"ကျွန်တော့်ဘကြီး ဦးကျောက်ခဲ မှည့်ပေးတာပါ ခင်ဗျာ"

"ဩော်... မင်းဘကြီးကျောက်ခဲ မှည့်ပေးတာကို။ အဲ
သူက တစ်သက်လုံး အုတ်တွေစီပြီး ပန်းရံလုပ်သွားတဲ့သူဆိုတော့ မင်း
လည်း သူ့လို ပန်းရံဆရာဖြစ်စေချင်လို့ မောင်အုတ်စီလို့ မှည့်ခဲ့ထ
ထင်တယ်ကွ"

"ကျွန်တော့်နာမည် မောင်အုတ်စီဆိုပေမယ့် ကျွန်တေ
ဘယ်တော့မှ အုတ်မစီပါဘူး။ ဘယ်တော့မှလဲ ပန်းရံမလုပ်ပါဘူး။ အဲ
အလုပ်ကြီးကို ကျွန်တော် အားကြီးစိတ်ပျက်တယ်ဗျ"

"ဟေ... ဒါဆိုရင် မင်းက ဘာများလုပ်မလို့ စိတ်ကူးထ
တုံးကွယ့်"

"ကျွန်တော် လက်သမားဆရာကြီးလုပ်မယ်။ ပြီးတော့ အိမ်ဆေ
ဆောက်မယ်"

"ဟာ... ဟန်ကျပြီပေါ့ မောင်အုတ်စီရာ။ ဒါဆိုရင် မင်း
ငါ မွေးစားရမှာပေါ့။ ပြီးတော့ ငါ့ဆီက လက်သမားပညာကို အမွေဆ
ရတော့မှာပေါ့ကွာ။ မဟုတ်ဘူးလား ညွှန့်ရဲ့"

"ဟန်ကျလိုက်တာ ဆရာရယ်။ ကျွန်တော်ဖြင့် ဝမ်းသာလိုက်
တာဗျာ။ ကဲ... မောင်အုတ်စီရေ တို့ဆရာကြီးဦးမိုးသီးဟာ အခုဆိုရင်
မင်းရဲ့အဖေ ဖြစ်သွားပြီကွယ့်။ မင်းကလည်း ဆရာကြီးကို အဖေဆို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပေတော့။ ပြီးတော့ မင်းသိရမှာက ဆရာကြီးဦးမိုးသီးဟာ ဟောဒီ ရန်ကုန်တင်မကဘဲ၊ နယ်တွေအထိ ကျော်ကြားတဲ့ လက်သမားဆရာကြီး ကွယ့်။ မင်း သိပ်တတ်ချင်တဲ့ပညာကို မင်းအဖေဆီကနေ ပညာအမွေ ဆက်ခံပြီး သင်ယူပေတော့ကွာ။ ဦးလေးညွန့်ဖြင့် မင်းဘဝ အခုလို အဆင်ပြေသွားတာကို ဝမ်းသာလိုက်တာ မောင်အုတ်စိရာ''

''စိတ်ချပါ ဦးလေးညွန့်။ အဖေ့ဆီက ပညာအမွေတွေကို အကုန်ရအောင် သင်ပါ့မယ်။ ပြီးတော့ အဖေ့ကိုလည်း ကျွန်တော် စောင့်ရှောက်ပါ့မယ်ဗျာ''

''ဟား... ဟား... ဟား... မင်းတော်တော်လိမ္မာတာပဲ လူကလေးမောင်အုတ်စိရဲ့။ ကဲ... ညွန့် ဒီကနေ့ဟာ ငါ့ဆီကို ငါ့သား ကလေး မောင်အုတ်စိ ရောက်လာတဲ့ အင်မတန်မင်္ဂလာရှိတဲ့နေ့ မဟုတ် လားကွ''

''ဟာ... ဟုတ်တာပေါ့ ဆရာဦးမိုးသီးရာ''

''အေး... အဲဒီတော့ အဲဒီအထိမ်းအမှတ်အဖြစ်နဲ့ မင်းရယ် ငါရယ် ဟောဒီက ဖြူဖြူ နွဲ့နွဲ့နဲ့ လူပုံချောကလေး ငါ့သား မောင်အုတ်စိ ရယ် အပြင်ထွက်ပြီး ထမင်းကောင်းကောင်း၊ ဟင်းကောင်းကောင်းတွေ စားရအောင်ကွယ်။ ကဲ... ထ ညွန့်။ အခုပဲ သွားကြစို့ကွယ့်''

ဟု လက်သမားဆရာကြီးဦးမိုးသီးက ပြောရင်းထလိုက်လေရာ ကိုညွန့်ရော မောင်အုတ်စိကလေးပါ ထရပ်လိုက်ကြရပြီးလျှင် ခြံဝင်းကြီး ထဲမှ အပြင်သို့ ထွက်ခဲ့ကြလေတော့၏။ ပြီးလျှင် ဆရာဦးမိုးသီးက ရထားတစ်စီးငှားလိုက်ကာ ရွှေဂုံတိုင်ဘက်တွင်ရှိသော နာမည်ကြီး ရေချက် ထမင်းဆိုင်ကြီးသို့ မောင်းနှင်းလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်အုတ်စီကလေးသည်လည်း သူ့ဘဝတွင် တွေ့ကြုံလိုက်ရသည့် တတိယမြောက်အင်းဖအသစ်ဖြစ်သော ဦးမိုးသီးခေါ်ဆောင်ရာသို့ ဘုမသိဘမသိဖြင့် လိုက်ပါသွားခဲ့ရလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)
# သံလက်သီး အုတ်စီ

မောင်အုတ်စီသည် ဆယ်ကျော်သက်အရွယ်မှစ၍ အလွန်လိမ္မာရေးခြားရှိလာခဲ့လေ၏။ လက်သမားဆရာဦးမိုးသီးအပေါ်တွင် အင်ကဲ့သို့လည်းကောင်း၊ ဆရာသမားကဲ့သို့ လည်းကောင်း လေးစားသူဖြစ်လေ၏။ ဦးမိုးသီးကလည်း မောင်အုတ်စီကို သူ့ထံသို့ ရောက်၍ သားအဖြစ် အသိအမှတ်ပြုခဲ့သည့်နေ့မှ စပြီးလျှင် အိမ်ဆောက်ရာနေရာတိုင်းဆီသို့ ခေါ်သွားခဲ့လေ၏။

ပထမတွင် ဦးမိုးသီးက မောင်အုတ်စီကလေးအတွက် ရွှေဘော်သေးသေးကလေးများ၊ တူသေးသေးကလေးများ၊ ဆောက်သေးသေးကလေးများ၊ လွှသေးသေးကလေးများ ပြုလုပ်ပြီးလျှင် လက်သမားသွယ်အိတ်သေးသေးတစ်လုံးကိုလည်း ချုပ်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော အလုပ်ဆင်းသောအခါ ဆရာဦးမိုးသီးက အိတ်တစ်လုံးလွယ်၍ ရှေ့မှသွားလျှင် မောင်အုတ်စီကလေးကလည်း သူ၏ အိတ်ထဲတွင် လက်သမားပစ္စည်း သေးသေးကလေးများ ထည့်၍လွယ်ကာ နောက်မှလိုက်ရလေတော့၏။

ဦးမိုးသီး၏တပည့်များသည် မောင်အုတ်စီကို အလွန်သဘော ကျကာ ခင်မင်ကြလေ၏။ အလုပ်သို့ရောက်သောအခါတွင် သစ်သား ချောင်းကလေးများကို ရွှေဘော်ထိုးရခြင်း၊ ညီညီညာညာ ဖြစ်အောင် ဖြတ်တောက်ရခြင်း၊ သံရိုက်ရခြင်းစသည့် လက်သမားပညာ အခြေခံ များကို သင်ကြား၍ လက်တွေ့လုပ်ရလေ၏။

အလုပ်သမားများ ထမင်းစားချိန်ရောက်လျှင် သူပါ ရော၍ စားရလေ၏။ ဤသို့ဖြင့် တစတစ ယဉ်ပါးလာခဲ့လေရာ အသက် ဆယ့်လေးနှစ်လောက်တွင် လက်သမားကြီးများတန်းတူ ဝင်ရောက် လုပ်ကိုင်နိုင်ခဲ့လေ၏။

ထုပ်ဖောက်၊ ဒိုင်းမြားတင်ခြင်း၊ ခေါင်မိုးမိုးခြင်း၊ ဆင့်သားများ စီခြင်း၊ ပျဉ်ခင်းခြင်း၊ ရွှေဘော်ချောခြင်းများကို အများတန်းတူ လုပ်ကိုင် လာနိုင်လေတော့၏။

ဖခင်ကြီးဦးမိုးသီးကလည်း အဆောက်အဦး အမျိုးမျိုး ဆောက်လုပ်နည်းများကို နေ့ရောညပါ သင်ကြားပြသပေးခဲ့လေရာ အသက်နှစ်ဆယ်ခန့်တွင် ကျော်ကြားသောလက်သမားဆရာတစ်ဦး ဖြစ်လာခဲ့လေတော့၏။

ဖခင်ဆရာကြီး ဦးမိုးသီးနှင့်အပြိုင် အိမ်များကို ဆောက်နိုင် လာသည့်အပြင် ဆောက်သမျှအိမ်များမှာလည်း ဦးမိုးသီး၏လက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ိုင်း ထွက်လာလေရာ အားလုံးက အံ့သြရလေ၏။

"ဟော့ကောင် ညွှန့်၊ ငါ့စိတ်ထင်ပြောရရင် မောင်အုတ်စီက ာင် လက်ရာပိုသာသလိုပဲကွ"

ဟု ဘမောင်က ပြောလေရာ ညွှန့်က ပြုံး၍

"ဟကောင်ဘမောင်ရ လူတော်အစစ်ဟာ ဆရာထက်တပည့် က်စွမ်းထက်ဆိုတဲ့စကားလို ဖြစ်ရတယ်ကွ။ မောင်အုတ်စီက ဆရာကြီး သီးထက် ပိုပြီးတော်တာ ဘာများဆန်းလို့လဲ ဘမောင်ရ။ ဆရာကြီး သူ့ပညာကို မချွင်းမချန် သူ့သားကို သင်ပေးတယ်။ ပြီးတော့ ထက်တော်အောင် ကြိုးစားဖို့ အမြဲသွန်သင်တယ်။ ဆရာကြီး ပြောဆို တဲ့အတိုင်းလည်း မောင်အုတ်စီက တသဝေမတိမ်းလိုက်နာတယ် ကွာ။ ဒီတော့ ပိုပြီးတော်လာတော့တာပေါ့ကွာ"

"ဩော်... ဒီလိုလား။ ဝမ်းသာစရာပေါ့ကွာ။ မင်းတို့ ငါတို့ တွက် အလုပ်အကိုင်ဆိုတာ ပေါလာလိုက်ကြတာ ညွှန့်ရာ"

"အေးပေါ့... ဘမောင်ရဲ့။ ဦးမိုးသီးတို့ သားအဖက နာမည် လာလေ အလုပ်တွေက တရစပ်အပ်ကြလေ မဟုတ်လား။ အခုဆိုရင် သီးက တစ်ဆိုင်။ မောင်အုတ်စီက တစ်ဆိုင်း ခွဲပြီးတော့ နှစ်နေရာ ပြိုင်တည်း လုပ်နေကြရတာမို့လား။ ဒီတော့ တို့အတွက်က အရင် က် အလုပ်တွေ နှစ်ဆပေါလာတာပေါ့ကွာ"

"အေးကွ... ပြီးတော့ မောင်အုတ်စီက ငယ်ငယ်ရွယ်ရွယ်နဲ့ ာဖြစ်နေပေမယ့် မာန်မာနက အရှင်းမရှိဘူးကွ။ မင်းတို့ငါတို့ ပေါ်မှာ ကြီးလာတဲ့ကလေးဆိုတော့ ငါတို့ကိုလည်း ဦးမင်းသားကြီး လိုကို ခင်ရှာတာကွ ညွှန့်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ဟုတ်တယ် ဘမောင်ရေ၊ ကျောက်ခဲ ပန်းရံအတူ လုပ်ဖက်တွေဖြစ်တဲ့ ကိုလူအေးတို့ကို လူဝတို့အပေါ်ဆိုလည်း အားကြီးကောင်းရှာတယ်ကွ"

"သြော်... ဒါနဲ့ မင်းနဲ့ငါ ဒီဆင့်တွေ စီပြီးရင် နားကြတော့လို့ မောင်အုတ်စီ ပြောသွားတယ်ကွ။ လမ်းထိပ်ကာကာဆိုင်မှာ သူ စောင့်နေ မယ်တဲ့။ ကျန်တဲ့လူတွေကတော့ ပြန်သွားကြပြီ ဘမောင်"

"ဟင်... ဟုတ်လား ပြီးပြီလေကွာ။ ဒီဆင့်တစ်လုံး စီပြီးရင် ပြီးပြီပဲ"

ဟု ပြောရင်းမှ လက်သမားညွှန့်နှင့် ဘမောင်တို့သည် အလုပ်ကို လက်စသတ်လိုက်ကြလေတော့၏။ ပြီးလျှင် အဝတ်အစားများ လဲ၍ ဆောက်လက်စအိမ်ကြီး၏ ခြံဝင်းထဲမှ ထွက်လာခဲ့လေ၏။ မောင်အုတ်စီ တာဝန်ယူ၍ ဆောက်နေသောအိမ်ကြီးမှာ မြေနီကုန်းတွင် ဖြစ်ရာ မောင်ညွှန့်နှင့် ဘမောင်တို့နှစ်ယောက်သည် ဘောင်ဒရီလမ်း (မွေ့စေတီလမ်း)ဘက်သို့ ထွက်လာခဲ့ကြကာ မောင်အုတ်စီ ထိုင်နေကြ ဖြစ်သော ကာဆင်ဘိုင်၏ ကာကာဆိုင်သို့ လိုက်ခဲ့ကြလေ၏။ ဆိုင်ရှေ့သို့ ရောက်သောအခါ ဘမောင်က...

"ဟော့ကောင်ညွှန့် ကြည့်စမ်းဟေ့။ ဟိုအကောင် တုတ်ကြီး မို့လား။ မောင်အုတ်စီနဲ့ စကားများနေတာ ထင်တယ်ကွ"

"ဟေ... အေးကွ။ ဒါတုတ်ကြီးတို့အဖွဲ့ပဲ။ အသာ အခြေအနေ ကြည့်ကွ ဘမောင်"

ဟု မောင်ညွှန့်က ပြန်၍ ပြောလိုက်ကာ သူတို့ ပြောဆိုနေသော စကားသံများကို ကြားရအောင် အနီးသို့ ကပ်လာခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်အုတ်စီ ဒီရန်ကုန်မှာ မင်းတို့သားအဖက နာမည်အရမ်းကြီးနေတာဆိုတော့ အိမ်ဆောက်မယ့်လူတွေက မင်းတို့နောက်ပဲ လိုက်နေကြတာ။ တခြားလက်သမားဆရာတွေ လုပ်ကိုင်စားဖို့လည်း မင်းတို့တွေးဦးမှပေါ့ကွ"

ဟု လက်သမားဆရာ ကိုတုတ်ကြီးက ပြောလေ၏။

"ဒီမှာ ကိုတုတ်ကြီး၊ ခင်များပြောတဲ့ အိမ်ရှင်တွေက သူတို့သဘောနဲ့ သူတို့ လိုက်လာကြတာဗျ။ ကျုပ်တို့က လိုက်ပြီးစပ်တာ မဟုတ်ဘူးဗျ"

ဟု မောင်အုတ်စီက ပြန်၍ပြောလေ၏။

"လိုက်ပြီးစပ်တာ မစပ်တာ အသာထားလေကွာ။ အခုဟာက ရောက်လာသမျှ အိမ်တွေကို မင်းတို့သားအဖချည်းယူပြီး တစ်မြို့လုံး လှည့်ပတ်ဆောက်နေတော့ ငါတို့မှာက အလုပ်ပါးရှားလာတာပေါ့ကွ။ မင်းတို့သားအဖဟာ အင်မတန် တစ်ကိုယ်ကောင်းဆန်တဲ့လူတွေ"

"ဟော့လူ... ကိုတုတ်ကြီး၊ ခင်များ ကျုပ်အဖေကို ထည့်ပြီး စော်ကားမော်ကားပြောစရာ မလိုဘူး။ ကျုပ်တို့သားအဖက ကြိုးစားလို့ လက်ရာကောင်းလို့၊ ကတိတည်လို့ လူတွေက ကျုပ်တို့နောက်ကို လိုက်ကြတာ။ အဲဒါ ဘာဖြစ်သလဲ၊ ခင်များတို့လည်း ကျုပ်တို့လို ဖြစ်ချင်ရင် လက်ရာကောင်းအောင် လုပ်၊ ကတိတည်အောင် ကြိုးစားကြပေါ့ဗျာ။ တခြား ဘာမှပြောစရာ မရှိပါဘူး"

"အောင်မာ... ခွေးပစ်တဲ့တုတ်လောက်ရှိတဲ့ ကောင်ကများ ငါ့ကို ဆုံးမနေသေးတယ်။ ခွေးမသားလေး ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း လက်သမားဆရာ ကိုတုတ်ကြီးက မောင်အုတ်စိကို လက်သီးနှင့် ထိုးလိုက်လေ၏။ မောင်အုတ်စိက ရှောင်သည်ဆိုရုံမျှ ရှောင်လိုက်ပြီးလျှင် လက်သမားဆရာ ကိုတုတ်ကြီး၏နံစောင်းသို့ ခြေထောက်နှင့် လှမ်း၍ခတ်လေ၏။

"အင့်. . . "

ဟူသော အသံနှင့်အတူ ကိုတုတ်ကြီးသည် ဒူးညွတ်၍ ကြွသွားလေတော့၏။ ဖြူဖြူနွဲ့နွဲ့၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နှင့် ဓာတ်မင်းသားကလေးတစ်ယောက်လို ချောမောသည့် သျှောင်တစ်စောင်းကလေး ထုံးထားသော မောင်အုတ်စိကို ဤသို့ တိုက်ခိုက်တတ်လိမ့်မည်ဟု ထင်မထားသော ကိုတုတ်ကြီးသည် မမျှော်လင့်ဘဲ ကန်လိုက်သော မောင်အုတ်စိ၏ကန်ချက် မိသွားကာ ဒူးညွတ်ကြွသွားလေတော့၏။

ကိုတုတ်ကြီးပင်မဟုတ်ဘဲ မောင်ညွန့်နှင့် ဘမောင်တို့ပါ အံ့ဩသွားကြရလေ၏။ သူတို့၏ တူသားကလေးသဖွယ် ထိန်းကြောင်းလာခဲ့ရသော မောင်အုတ်စိကလေးသည် အရွယ်ရောက်လာသောအခါ လက်သမားဆရာ အကျော်အမော်တစ်ယောက် ဖြစ်လာခဲ့လေ၏။ ယခု အရွယ်သို့ ရောက်လာသည်အထိ မောင်အုတ်စိ ရန်ဖြစ်သည်ကို တစ်ခါမှ မတွေ့ဖူးခဲ့ကြပေ။ ဓာတ်မင်းသားကလေးတစ်ယောက်ကဲ့သို့ ဖြူဖြူချောချော သျှောင်တစ်စောင်ကလေး ထုံးထားသော မောင်အုတ်စိကလေးသည် လွန်စွာ ယဉ်ကျေးသိမ်မွေ့၍ နူးညံ့သောသူတစ်ယောက် ဖြစ်လေ၏။

ထိုအချိန်မှာပင် ကိုတုတ်ကြီး၏ လူတစ်ယောက်က ပြေးဝင်လာကာ မောင်အုတ်စိအား ထမ်းပိုးဝါးချမ်းဖြင့် လွှဲရိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝီ... "

ဟူသောအသံကြီး မြည်သွားစဉ်တွင် မောင်အုတ်စီသည် ခေါင်းငုံ့ရှောင်ပြီးသား ဖြစ်နေကာ ခေါင်းပြန်အမော့တွင် ကိုတုတ်ကြီး၏တပည့်ကို ရင်ဝတည့်တည့်သို့ လက်သီးနှင့် ခပ်ဆတ်ဆတ် ထိုးလိုက်သည်ကို မောင်ညွန့်နှင့်ဘမောင်ပင် ပါးစပ်အဟောင်းသားဖြစ်အောင် အံ့ဩသွားကြလေ၏။

"ဟာ... လျင်လိုက်တဲ့ မောင်အုတ်စီကွာ"

ဟု မောင်ညွန့်က ပြောလိုက်စဉ်မှာပင် မောင်အုတ်စီ၏ လက်သီးချက် မိသွားသော ဝါးထမ်းပိုးငနဲသည် ခါးကြီးကုန်း၍ ခေါင်းကြီးငိုက်စိုက်ဖြစ်သွားလေ၏။ ထိုအချိန်တွင် မောင်အုတ်စီသည် ခြေထောက် အနေအထားကို အနည်းငယ်ပြင်လိုက်ကာ...

'ခွပ်'ခနဲ မြည်အောင် မေးရိုးကို ကော်၍ထိုးလိုက်ပြန်လေရာ ဝါးထမ်းပိုးငနဲလည်း ခေါင်းကြီး နောက်သို့လန်သွားကာ ဖင်ထိုင်လျက်သားကျသွားလေတော့၏။

"ဟာ... ပြင်းလိုက်တဲ့ လက်သီးကွာ။ မထင်ရဘူးဟေ့..."

"ဟုတ်ပဗျာ။ လူကြည့်တော့ မင်းသားရုပ်ကလေးနဲ့"

"ဟိုအကောင်တွေက သက်သက်လာပြီး ရန်စတာကွ"

ဟူ၍ ဘေးမှ ဝိုင်းကြည့်နေသော လူအုပ်ကြီး၏ တစ်ယောက်တစ်ပေါက် ပြောသံများ ထွက်လာလေတော့၏။ ကိုတုတ်ကြီးရော သူ့တပည့်ပါ ရင်ဘတ်ဖိသူဖိ နံစောင်းဖိ၍ ညည်းသူက ညည်းနေစဉ်မှာပင်

"ကဲ... လာ... မောင်အုတ်စီ၊ တော်လောက်ပါပြီကွယ်။ ဒီနေရာမှာ ကြာကြာမနေနဲ့ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်ညွန့်က ပြောပြောဆိုဆိုဖြင့် မောင်အုတ်စီ၏ လက်မောင်းကို ဆွဲကာ ရထားတစ်စီးငှား၍ ဗဟန်းသို့ မောင်းနှင်းလိုက်လေ၏။ ရထားသမားကလည်း

"တက်... တက်... ဆရာလေး။ ကျုပ် ရထားခမယူဘူး။ ဆရာလေးရဲ့ လက်သံပြောင်မြောက်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ အိမ်အရောက်လိုက်ပို့ပါ့မယ်"

ဟု ပြောလိုက်ကာ သူ၏ရထားကို ကပ္ပလီကွက်သစ်ဘက်သို့ မောင်းထွက်လိုက်လေတော့၏။ မောင်အုတ်စီ ရထားပေါ်သို့ တက်သွားသည်အထိ လိုက်ကြည့်နေကြသော လူအုပ်ကြီးကတော့..

"အောင်မယ်မင်း... ရုပ်ကလေးချောသလောက် လက်သံကလည်း ပြောင်ပါ့ဗျာ။ တကယ့်သံလက်သီးပဲဗျို့"

ဟု ပြော၍ ကျန်ရစ်ခဲ့လေ၏။ မောင်အုတ်စီသည် လက်သမားလုပ်ရာတွင် စရွေးအလွန်ကိုက်သော လက်သမားတစ်ယောက် ဖြစ်လေသည်။ အချို့သူများ လွှနှင့်ဖြတ်၍ ဆောက်နှင့်ထွင်းရသော နေရာများတွင်လည်းကောင်း၊ အချို့သူများ ရွှေဘော်နှင့် ညှိရသောနေရာတွင် လည်းကောင်း မောင်အုတ်စီသည် မြဲနေအောင်သွေးထားသော သူ၏ရဲတင်းဖြင့် ခုတ်ခြင်းဖြင့် လွှဖြတ်ထားသကဲ့သို့ လည်းကောင်း၊ ဆောက်ထွင်းထားသကဲ့သို့ လည်းကောင်း၊ ရွှေဘော်ထိုးထားသကဲ့သို့ လည်းကောင်း ချောမွေ့၍ စရွေးကိုက်နေသည်ဖြစ်ရာ လက်သမားများက မောင်အုတ်စီကို 'ရွှေရဲတင်းမောင်အုတ်စီ' ဟု ခေါ်တတ်ကြလေ၏။

ယခုတွင်လည်း တစ်ခါမျှ ရန်မဖြစ်ဖူးသော မောင်အုတ်စီသည် ကိုတုတ်ကြီးတို့ ဆရာတပည့်ကို ဖင်ထိုင်ရက်လဲအောင် ထိုးလာခဲ့လေရာ



www.burmeseclassic.com

www.burmeseclassic.com



လက်သမားလောက၊ ပန်းရံဆရာလောကတွင် မောင်အုတ်စိကို 'သံလက်သီးအုတ်စိ' ဟု ခေါ်ကြပြန်လေ၏။

'ရွှေရဲဘာင်းမောင်အုတ်စိ' ခေါ် 'သံလက်သီးအုတ်စိ' ကတော့ သူ့အား မည်သို့ပင် ခေါ်ခေါ် အလျှင်းဂရုမစိုက်ဘဲ သူ၏လက်သမား အလုပ်ကိုသာ ကောင်းသည်ထက်ကောင်းအောင် အမြဲဂရုတစိုက်နှင့် လုပ်ကိုင်လေတော့၏။ ခါတိုင်းလို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ကလေး နေထိုင်လျက် ရှိလေ၏။

သို့သော် မောင်အုတ်စိက မောင်ညွန့်ကိုတော့ စကားတစ်ခွန်း ပြောခဲ့လေ၏။ ထိုစကားမှာ...

"ဦးလေးညွန့်၊ လူဆိုတာ အမြဲတမ်းခေါင်းညွတ်ပြီး ရေမြွေလို တော့ နေလို့မရဘူးဗျ။ နဂါးလို ခေါင်းထောင်ပြသင့်တဲ့အခါလည်း ထောင်ပြရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ လူတွေ ဖြစ်နေလို့။ ပြီးတော့ လူတွေနဲ့ ရောထွေးပြီး အမြဲနေနေရလို့ဗျ"

ဟူ၍ ဖြစ်လေ၏။ နောက်ပိုင်းတွင်တော့ မောင်အုတ်စိနှင့် သက်သမားဆရာကိုတုတ်ကြီးတို့၏ နှစ်ယောက်တစ်ယောက် ဖြစ်ခဲ့သော ချ်ပွဲအကြောင်းသည် လက်သမားများ၏ ပတ်ဝန်းကျင်တွင် တဖြည်း ဖြည်း ပျံ့နှံ့သွားကာ မောင်အုတ်စိကို ထိကပါးရိကပါး ပြောဆိုရန်စဝံ့သူ ပင် မရှိအောင် ဖြစ်သွားလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)
# အရိပ်မထွက်သောရွာ

တစ်နေ့သ၌ ဗဟန်းတွင်ရှိသော မောင်အုတ်စီတို့သားအဖအိမ်သို့ ဧည့်သည်တစ်ယောက် ရောက်လာခဲ့လေ၏။ ဧည့်သည်မှာ အရပ်ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်ကာ ပုဆိုးကွက်တုံးကြီး ဝတ်ထားပြီး လျှင် လွယ်အိတ်ကြီးတစ်လုံးလည်း လွယ်ထားလေ၏။ ခေါင်းတွင် သျှောင်ထုံးကြီးကိုလည်း နောက်တွဲထုံးထားကာ နံ့သာရောင်ခေါင်းပေါင်းကိုလည်း ကျစ်ကျစ်လစ်လစ်ဖြစ်အောင် ပေါင်းထားလေ၏။ နှုတ်ခမ်းမွေး ပြားပြားကြီးကို လက်နှင့်သပ်ကာ အိမ်ထဲသို့ အကဲခတ်ကြည့်နေလေ၏။ ထိုအချိန်တွင် မောင်အုတ်စီ၏ဖခင် ဦးမိုးသီးက...

"မိတ်ဆွေ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ဟု စတင်၍ မေးမြန်းလိုက်လေရာ...

"ဪ... ဒါ လက်သမားဆရာ ဦးမိုးသီးတို့ မောင်အုတ်စီတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်လားလို့ပါ''

ဟု လွယ်အိတ်ကြီးနှင့်လူကြီးက ပြန်၍ပြောလေ၏။

''ဟုတ်ပါတယ်ဗျာ။ ကိစ္စရှိရင်တော့ အိမ်ထဲကို ကြွပါဗျာ''

ဟု ဦးမိုးသီးက ဖိတ်ခေါ်လိုက်သောအခါ နှုတ်ခမ်းမွှေးပြားပြား ကြီးနှင့် လူလည်း အိမ်ထဲသို့ လှမ်း၍ တောင်ကြည့်မြောက်ကြည့်လုပ်ကာ တံခါးပေါက်မှ ဝင်လာခဲ့လေ၏။

''ထိုင်ပါမိတ်ဆွေ ထိုင်ပါ''

ဟု ပြောရင်း ဦးမိုးသီးက ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက် သောအခါ ညွှဲ့သည်လူကြီးက ဝင်၍ထိုင်လေ၏။

''အင်း... ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လို့ တော်ပါသေးရဲ့ဗျာ''

ဟု ညွှဲ့သည်က ပြောလေ၏။ ထိုအချိန်တွင် မောလာသော ညွှဲ့သည်ကို မောင်အုတ်စီက ရေတစ်ခွက်ခပ်၍ တိုက်လေ၏။

မောင်အုတ်စီခပ်၍တိုက်သော ရေတစ်ခွက်ကို တကျိုက်ကျိုက် နှင့် ကုန်အောင်သောက်ပြီးသောအခါ ညွှဲ့သည်ကြီးသည် မောင်အုတ်စီကို သေသေချာချာကြည့်၍..

''ဪ... မောင်အုတ်စီမှတ်တယ်''

''ဟုတ်ပါတယ် အဘ။ ကျွန်တော် အုတ်စီပါ''

''အင်း... အင်း... ဖြူဖြူသေးသေးကလေးနဲ့ လှုပုံချောလေး ပဲ။ လက်သမားဆရာလုပ်မယ့်အစား ဇာတ်မင်းသားလုပ်ပြီး ဇာတ်က စားဖို့တောင် ကောင်းသေးတော့ကွယ်''

ဟု ညွှဲ့သည်ကြီးက ပြောလေရာ ဦးမိုးသီးရော မောင်အုတ်စီ ပါ ရယ်မောကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . လာရင်းကိစ္စကို ပြောဦးမှာပလေ။ ဒီလိုပါဗျာ၊ ကျွန်တော့်နာမည်က ဦးလှလှပါ။ ကျွန်တော်နေတာက ထောက်ကြံ့ရွာကြီး အလွန်က ကုန်းကြီးရွာမှာပါ။ ထောက်ကြံ့နဲ့ဆိုရင် တောတန်းကလေး တစ်ခုပဲ ခြားတာပါလေ"

"ဩော် . . . ဟုတ်ကဲ့ ဦးလှလှ။ လာရင်းကိစ္စကို အမိန့်ရှိပါ ခင်ဗျာ"

ဟု ဦးမိုးသီးက ပြောလေ၏။

"'ဒီလိုပါဗျာ ကျွန်တော် အိမ်ဆောက်ချင်လို့ပါ။ အိမ်ကြီး အိမ်ကောင်း ဆောက်ချင်တဲ့အခါကျတော့ ထုံးစံအတိုင်း လက်သမား ကောင်းကောင်းကို ရှာရတော့တာပလေ။ ရွာမှာကတော့ သမရိုးကျ ရပ်အိမ်၊ ရွာအိမ်ဆောက်နေကျ လက်သမားတွေတော့ ရှိပါတယ်။ ရွာကလည်း ကြီးတယ်ဆိုတော့ လက်သမားတတ်တဲ့သူကိုက နှစ်ဆယ် လောက် ရှိတာဗျ။ ဒါပေမယ့် ကျွန်တော်က လက်ရာကောင်းကောင်းနဲ့ ရန်ကုန်က အိမ်တွေလို ကျကျနန ဆောက်ချင်တာဗျ။ ဒါနဲ့ ရန်ကုန်ကို တက်ပြီး စုံစမ်းကြည့်တော့ ခင်ဗျားတို့သားအဖ သတင်းက ကျော်နေ တော့တာကိုဗျ။ ဒါနဲ့ ကျွန်တော် ရှာဖွေမေးစမ်းပြီး ရောက်ခဲ့တာပါ"

"ဩော် . . ဦးလှလှက အိမ်ဆောက်ဖို့ အလုပ်အပ်ချင်တာကိုး"

"ဟုတ်ပါတယ် ဆရာကိုမိုးသီး"

"နို့ . . ဆောက်မှာက ဘယ်လိုအိမ်မျိုးတုံး"

"အင်း . . . နှစ်ဆောင်ပြိုင်အိမ်ပေါ့ဗျာ။ ရှေ့မှာတော့ ခေါင်း နှစ်လုံးထုတ်မှာပေါ့ဗျာ။ ပြီးတော့ အိမ်ထဲမှာက အိပ်ခန်း၊ ထမင်းစားခန်း မီးဖိုခန်း စသည်ဖြင့်ပေါ့ဗျာ။ သူ့ဟာနဲ့သူ သပ်သပ်ရပ်ရပ် ရှိချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ရပါတယ်ဗျာ။ ကျုပ်တို့သားအဖ ဦးလူလု လိုချင်တဲ့ အိမ်မျိုးကို ကောင်းကောင်းဆောက်ပေးနိုင်ပါတယ် ခင်ဗျာ"

"ဒါထက် မိတ်ဆွေတို့သားအဖက အခုလိုမျိုး ရွာတွေဘာတွေ ဆင်းပြီးတော့ကော ဆောက်ရဲ့လား"

"ဟာ... ဆောက်ပေးပါတယ် ဦးလူလုရဲ့။ ရန်ကုန်က လူတွေ တင် အိမ်နဲ့နေတာမှ မဟုတ်တာ။ နယ်ကလူတွေလည်း အိမ်နဲ့နေတာပဲ ဗျာ။ နယ်တွေလည်း ဆင်းဆောက်ပေးရမှာပေါ့။ အိမ်နဲ့နေချင်တဲ့သူ မှန်သမျှကို ကျုပ်တို့သားအဖက အိမ်တွေဆောက်ပေးနေတာပါဗျာ။ ကုန်ကုန်ပြောရရင် လူတွေအတွက် အိမ်ဆောက်ရုံတင်မကဘူးဗျို့၊ ဘုန်းကြီးတွေနေဖို့ ကျောင်းတွေ၊ ရုက္ခစိုးဗိမ္မာန်တွေပါ အိပ်တဲ့သူရှိရင် လိုက်ဆောက်ပေးတယ် ဦးလူလုရဲ့"

"ဟာ ... ဒါဆိုရင် ဟန်ကျတာပေါ့ဗျာ။ ကျုပ်တို့လည်း အိမ်နဲ့နေကြတာပါ ဆရာဦးမိုးသီးရယ်။ ကျုပ်အတွက် အိမ်ကောင်းကောင်း တစ်လုံးတော့ လိုက်ပြီးဆောက်ပေးပါဗျာ"

"စိတ်ချပါ ဦးလူလု။ ကျုပ်တို့သားအဖ နှစ်ယောက်စလုံး လိုက်ဆောက်ပေးမယ်"

"ဟုတ်ကဲ့ပါဗျာ။ ဝမ်းသာလိုက်တာဗျာ"

"ဩော်... ဒါထက် ကျုပ်တို့ဆင်းလာရင် လက်သမား ဆယ် ယောက်လောက် ပါလာမှာနော်။ ကျုပ်တို့ တည်းဖို့ရိုဖို့ကော ရှိရဲ့လား"

"ဟာ... ဒါတွေ မပူပါနဲ့ဗျာ။ ကျွန်တော် အားလုံးစီစဉ်ပေး ပါ့မယ်။ နေစရာ စားစရာ ဘာမှလိုလေသေးမရှိစေရပါဘူး။ ဒါပေမယ့် ဆရာတို့သားအဖလာရင် နှစ်ယောက်တည်းလာခဲ့ကြပါ။ လက်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာစရာမလိုပါဘူး။ ကျွန်တော်တို့ရွာမှာ လက်သမားတတ်တဲ့သူ နှစ်ဆယ်လောက်ရှိပါတယ်။ ကျွန်တော် ငှားပေးပါ့မယ်။ အားလုံး ကျွမ်းကျင်သူတွေပါပဲ။ အဲဒီလူတွေအတွက်လည်း ဆရာတို့ အခကြေးငွေ ပေးစရာမလိုပါဘူးဗျာ"

"ဩော်… ဒီလိုလား။ ဒီလိုဖြင့် ကျုပ်တို့သားအဖက လူချည်း ဆင်းလာရုံပဲပေါ့"

"ဟုတ်ပါတယ် ဆရာ။ လက်နက်ကိရိယာတွေလည်း ကျွန်တော် တို့ရွာမှာ အစုံရှိပါတယ်"

"အလို… တယ်လည်း ဟန်ကျပါလားဗျ"

"ဟုတ်ပါတယ် ဆရာ။ ဒါထက် ဆရာတို့ လက်သမားခက ဘယ်လိုယူပါသလဲ"

"အင်း… တိုက်ခံအိမ်ဆိုရင်ရော ပန်းရံတွေပါ ခေါ်ရတာ ဆိုတော့ နှစ်ထပ်အိမ်တစ်လုံးကို လက်စချည်း နှစ်ထောင်ယူပါတယ်။ သစ်သားအိမ်ဆိုရင်တော့ တစ်ထောင်ယူပါတယ်"

"ဩော်.. ဟုတ်ကဲ့ပါဗျာ။ ပေးပါ့မယ်.. ပေးပါ့မယ်။ လက်ရာ ကောင်းတဲ့ အကျော်အမော်တွေဆိုတော့လည်း ပေးရမှာပေါ့ဗျာ။ ကဲ ဒါဆိုရင် ဆရာ ဘယ်တော့လာနိုင်မလဲ"

"ခင်ဗျားဘက်က သစ်ဝါးပြည့်စုံရင် အခုဆင်းဆိုလည်း ဆင်း နိုင်ပါရဲ့ဗျာ"

"ဟာ… ဟန်ကျပြီဗျာ။ ကျွန်တော်က အားလုံးပြည့်စုံမှ လက်သမား ရှာတာဗျ။ ဒီတော့ ဒီလိုလုပ်ဗျာ။ မနက်ဖြန်မနက် ကျွန်တော် လာခေါ်မယ်။ ဆရာတို့သားအဖ အဆင်သင့်သာ စောင့်နေကြဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ဦးလူလှရာ။ အခုရက်ကလေး ရန်ကုန်မှာ အလုပ်ပါးတုံး ခင်ဗျားတို့ဆီ လိုက်ခဲ့တာပေါ့ဗျာ"

"ကောင်းပါပြီဆရာ၊ ကောင်းပါပြီ။ မနက်ဖြန်ဆိုရင်သာ ဆက်ဆက်စောင့်နေပါ။ ကျွန်တော် လာခေါ်ပါ့မယ်"

"ကောင်းပြီ… ကောင်းပြီ မနက်ဖြန်လာခေါ်ပေတော့"

ဟု ဦးမိုးသီးက ပြောလိုက်သောအခါ ဦးလူလှဆိုသူလည်း သူ၏ လွယ်အိတ်ကြီးကို ကောက်လွယ်လိုက်ကာ ပြန်သွားလေတော့၏။

နောက်တစ်နေ့တွင် ဦးလူလှကြီးရောက်လာကာ ဦးမိုးသီးနှင့် မောင်အုတ်စီကို လာ၍ ခေါ်သွားလေ်တော့၏။ ညနေလေးနာရီခန့်တွင် ထောက်ကြံ့ရွာကြီးကိုလွန်၍ တောတန်းကြီးတစ်ခုကို ဖြတ်သွားရလေ၏။ တောတန်းကြီးကို ကျော်သွားသောအခါ လွန်စွာစည်ကားသော ရွာကြီး တစ်ရွာကို ဘွားခနဲတွေ့မြင်ကြရလေ၏။

"အို… ရွာကြီးပဲ"

ဟု ဦးမိုးသီးက လွှတ်ခနဲ ပြောလိုက်သောအခါ ဦးလူလှက ပြုံး၍ ပြောလေ၏။

"ကျွန်တော်တို့ ကုန်းကြီးရွာက ရွာကြီးပါ ဆရာကြီး။ ထောက်ကြံ့က ကားလမ်းပေါ်မှာရှိတော့ လူသိပိုများတာပေါ့။ ဒါပေမယ့် ရွာခြင်းယှဉ်ရင် ကျွန်တော်တို့ရွာကတောင် ပိုကြီးသေးတယ်ဗျ"

"ကောင်းတာပေါ့ ဘကြီးလူလှရာ။ ကျွန်တော်တို့လည်း ခုလို စည်ကားတဲ့ရွာကြီးကို ရောက်ဖူးသွားတာပေါ့ဗျာ"

ဟု မောင်အုတ်စီကလည်း ဝင်၍ပြောလေ၏။ ထိုအခါ ဦးလူလှ က ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ရွာကြီးကလည်း ကြီးသလို အပျိုချောတွေကလည်း ပေါပါ့ဘိ မောင်အုတ်စီ။ သတိလည်းထားနော် တော်တော်ကြာ ကုန်းကြီးရွာသားလည်း ဖြစ်နေဦးမယ်ကွယ့်"

ဟု ပြောရင်း မောင်အုတ်စီကို စလေ၏။ ထိုအခါ ဦးမိုးသီးက

"အောင်မယ် ကိုလူလုရယ်၊ ကျုပ်သားကသာ ကြိုက်စမ်းပါစေ ကုန်းကြီးသော၊ ထောက်ကြံ့သော၊ မဂ်လာဒုံသော မရွေးပါဘူးဗျာ။ ပေးစားမှာပါ။ ခက်တာက ကျုပ်သားမောင်အုတ်စီက အဖေကို အားကြီး သံယောဇဉ်ရှိတာဗျ။ ဒါကြောင့် ဘယ်မိန်းမကိုမှ ရောရောနှောနှော မနေခဲ့တာ။ ကျုပ်ကလည်း အိမ်ထောင်ရက်သား ချပေးချင်လှပါပြီဗျာ။ ဒါမှလည်း မြေးချီရမှာမဟုတ်လား ကိုလူလုရဲ့"

"ဟား… ဟား… ဟား… ဆရာဦးမိုးသီးက မြေးချီချင်နေပြီကို၊ ကြားတယ် မဟုတ်လား မောင်အုတ်စီ၊ မောင်အုတ်စီရဲ့ ရုပ်က လက်သမားမလုပ်လည်း ဇာတ်မင်းသားလုပ်လို့ရတဲ့ရုပ်မျိုးပါ။ မိန်းမတွေကတော့ မကြိုက်မရှိပါဘူးဗျာ။ ခုန ဆရာကြီးပြောသလို အဖေ့အပေါ်မှာ သံယောဇဉ်ကြီးတာပဲ ဖြစ်မှာပါ"

ဟု စကားတပြောပြောနှင့် လာခဲ့ကြလေရာ ရွာအဝင်သို့ ရောက်ခဲ့ကြလေ၏။ ရွာထဲသို့ ဝင်လာသောအခါ ရွာလမ်းကလေးမှာ အလွန်သပ်ရပ်လှပစွာ ဖြူပြင်ထားသည်ကို တွေ့ရလေ၏။ မြေနီလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် စပါယ်ချုံများ၊ ဆောင်တော်ကူးပန်းချုံများ၊ ယုဇနရုံများ၊ ပျိုမနိုင်ပန်းရုံများကို လှပစွာစိုက်ထားလေရာ ရွာလယ်လမ်းကလေးသည် ရှည်လျားဖြောင့်ဖြူးသလောက် ကြည်နူးဖွယ်အသွင်ကို ဆောင်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးတစ်ဖက်တစ်ချက်တွင် ခြံဝင်းများနှင့် အိမ်များကို တွေ့ရလေ၏။ အိမ်များမှာ သပ်သပ်ရပ်ရပ် ဆောက်ထားသောအိမ်များ ဖြစ်လေရာ သိပ်မညံ့ကြောင်း သိသာနေလေ၏။

လူစိမ်းများဖြစ်သော ဦးမိုးသီးနှင့် မောင်အုတ်စိတို့ ရွာထဲသို့ ဝင်လာသောအခါ အိမ်များမှလူများက အိမ်ရှေ့သို့ထွက်ကာ ဝိုင်းကြည့်ကြလေ၏။

"အဘလူလှ ပြန်လာပြီလားဗျ။ လယ်သမားဆရာကြီးတွေ ပါလာပြီးလား"

ဟု အိမ်တစ်အိမ်မှ ထွက်လာသော လူရွယ်ရွယ်တစ်ယောက်က မေးလေရာ...

"အေး... ပြန်လာပြီ ငထွန်းရေ။ ဟောဒါ ရန်ကုန်မြို့က နာမည်ကျော် လက်သမားဆရာကြီး သားအဖပဲကွယ့်"

"ဩော်.. ဟုတ်ကဲ့.. ဟုတ်ကဲ့။ ဒီရွာက လက်သမားတွေ တော့ ကျုပ် စုဆောင်းထားပါတယ်။ လုပ်ငန်းစတာနဲ့ ကျုပ် အားလုံးကို ခေါ်ခဲ့မှာပေါ့"

"အေး... အေး... ကောင်းတယ် ငထွန်း။ ဒီနေ့တော့ ဆရာကြီးတို့ ခရီးပန်းလာတော့ နားကြပါစေလေ။ မနက်ကျမှပဲ လုပ်ငန်း အတွက် စီစဉ်တာပေါ့ ငထွန်းရာ"

"ဟုတ်ကဲ့.. ဟုတ်ကဲ့ အဘလူလှ"

ဟု ထိုလူရွယ်က ပြန်၍ပြောလိုက်သောအခါ ဦးလူလှက ဦးမိုးသီးဘက်သို့ လှည့်လိုက်ကာ

"အဲဒီငထွန်းဆိုတဲ့ကောင်က လွှတ်တော်တဲ့ကောင်းဗျ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသီးရဲ့။ လက်သမားလည်း တော်တော်လုပ်တတ်တာ။ ဒီရွာက အိမ်တော်တော်များများက ငထွန်းနဲ့ သူ့တပည့်တွေ ဆောက်ထားတာ။ ကျွန်တော်က ဆရာတို့သားအဖကို ခေါ်လာတော့ ဒီကောင်ဝမ်းသာသွားတာဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာတို့နဲ့ တွဲလုပ်ရတော့ သူလည်း ပညာလေးဘာလေး ရတာပေါ့ ဆရာရယ်"

"ဟာ.. ဟုတ်တာပေါ့ဗျာ။ ဒီသူငယ်တော်သားပဲဗျ။ အဲဒီလို အမြင်ရှိတယ်ဆိုကတည်းက ဒီသူငယ်မညံ့ပါဘူး ကိုလူလှရဲ့"

"ဟုတ်တယ် ဆရာဦးမိုးသီးရဲ့။ ရပ်ရေးရွာရေးဆိုလည်း ဒီကောင်ငထွန်းပဲ ဦးဆောင်တာဗျ။ လူက အိမ်ထောင်ရက်သားလည်း မရှိတော့။ ခုထိကာလသားခေါင်း ဖြစ်နေတုံးဗျ။ ဒီရွာက ကာလသားတွေဆို သူ့ကို အားကြီးခင်တာ ဆရာရေ။ ကိုကြီးထွန်း၊ ကိုကြီးထွန်းနဲ့ကို နေတာဗျို့"

"အင်း.. ရွာတစ်ရွာမှာ ဒီလိုလူမျိုးရှိတော့ ဟန်ကျတာပေါ့ဗျာ"

"ဟာ ... စကားလေးတပြောပြောနဲ့ လာလိုက်ကြတာ။ ဆရာတို့တဲဖို့ အိမ်တောင်ရောက်ပြီပဲ။ ကဲ.. လာဆရာတို့။ ဟောဒီအိမ်မှာ လွတ်လွတ်လပ်လပ် တည်းကြပေတော့။ အိမ်ဆောက်ရမယ့်အကွက်က မြောက်ဘက်က တောင်ကုန်းကလေးပေါ်မှာဗျ။ မနက်မှပဲ သွားကြတာပေါ့"

"ဟုတ်ကဲ့ ကိုလူလှ"

ဟု ဦးမိုးသီးက ပြောလိုက်လျှင် ခြံဝင်းကလေးတစ်ခုထဲသို့ ဝင်ခဲ့ကြလေ၏။ ခြံဝင်းကလေးထဲတွင် သီးပင်၊ ပန်းပင်များ စုံအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်ထားသည်ကို တွေ့ရလေ၏။ အိမ်ကလေးမှာ တစ်ထပ်အိမ် ခပ်ငယ်ငယ် ဖြစ်ရာ မောင်အုတ်စီတို့ သားအဖ တည်းခိုရန်အတွက်တော့ အနေတော်ကလေး ဖြစ်နေလေတော့၏။

"ကဲ... ဆရာတို့ လာကြ... လာကြ။ ဟောဒီမှာ သောက်ရေအိုး၊ ဟောဒီမှာ ထမင်းစားပွဲ၊ ဟောဟိုမှာ အသင့်ပြင်ထားတဲ့ အိပ်ရာနှစ်ခု"

ဟု ပြောရင်း ဦးလူလုက ထမင်းစားပွဲပေါ်မှ အုပ်ထားသော ဝါးအုပ်ဆောင်းကြီးကို မလိုက်လေ၏။ လွန်စွာမွှေးပျံသော ဟင်းနံ့များသည် မောင်အုတ်စီတို့သားအဖ၏ နှာခေါင်းထဲသို့ ဝင်လာလေ၏။

"ဟာ... မွှေးလှချည်လား ဘကြီးလူလုရဲ့"

ဟု မောင်အုတ်စီက ပြောလိုက်သောအခါ ဦးလူလုက ပြုံး၍

"ဘကြီးစီမံခိုင်းခဲ့တာကွယ့်။ ဖါတူတို့ ဆာတဲ့အချိန် စားရအောင်ပေါ့။ ဟောဟိုခြံထောင့်က ရာဝင်အိုးကြီးနှစ်အိုးထဲမှာ ရေအပြည့်ဖြည့်ထားတယ်ကွယ့်။ မောင်အုတ်စီတို့သားအဖ ကြိုက်သလောက်သာ သုံးပေတော့။ အချိန်တန်ရင် ပြန်ဖြည့်ထားကြလိမ့်မယ်။ အားလုံး ဘကြီး စီစဉ်ထားတယ်"

"ဟုတ်ကဲ့ ဘကြီးလူလု။ အားနာစရာတောင် ကောင်းနေပါပြီဗျာ"

"ဟာ... အားမနာနဲ့။ ဘကြီးတို့ရွာက ဧည့်သည်လာရင် သိပ်ဝမ်းသာကြတာကွယ့်။ ရောက်လာတဲ့ဧည့်သည်ကို တစ်ရွာလုံးက ဝိုင်းပြီးပြုစုကြတာ။ ကြိုတဲ့လူက ချိုးရေဖြည့်ပေးမယ်။ စားစရာ အသင့် ပို့ပေးမယ်။ မောင်အုတ်စီတို့သားအဖ ထမင်းစားချင်တဲ့အခါ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆောင်းကိုသာ မလိုက်၊ အဆင်သင့်ရှိနေစေရမယ်”

“ဟုတ်ကဲ့ပါ ဘကြီးလူလု”

“ကဲ . . . ကဲ . . . မောင်အုတ်စီနဲ့ ဆရာကြီးတို့သားအဖ နားလိုက်ကြပါဦး။ ကျွန်တော် သွားလိုက်ဦးမယ် ဆရာကြီး”

“ဩော် . . . ကောင်းပါပြီ ကိုလူလုရယ်”

ဟု ဦးမိုးသီးက ပြောလိုက်သောအခါ ဦးလူလုသည် သူ၏ လွယ်အိတ်ကြီးကို ကောက်၍လွယ်လိုက်ကာ ခြံဝင်းကလေးထဲမှ ထွက်သွားလေ၏။

ကုန်းကြီးရွာကြီးထဲတွင်တော့ ရွာသူရွာသားများက ဥဒ်ဟို သွားလာလှုပ်ရှားနေကြလေ၏။ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ် ပြောင်လှောင်သံများ၊ ရယ်ကြမောကြသံများ၊ တူထုသံများ၊ ကလေးများ ပြေးလွှားကစားနေကြသံများကိုလည်း ကြားနေရလေတော့၏။

ညနေစောင်းလာချိန်တွင် ဦးမိုးသီးနှင့် မောင်အုတ်စီတို့ သား အဖသည် ရေမိုးချိုး၍ ထမင်းစားကြလေ၏။ ထိုသို့ ထမင်းစားကြချိန်တွင် မောင်အုတ်စီသည် တစ်စုံတစ်ရာကို သတိထားလိုက်မိလေ၏။

“အဖေ ဒီထမင်းတွေဟင်းတွေက အခုမှ အိုးထဲက ခူးခပ်ထား သလို အငွေ့တထောင်းထောင်း ဖြစ်နေတယ်ဗျ။ ဘယ်လိုဖြစ်တာတုံး။ ကျွန်တော်တို့ ရောက်ကတည်းက ခူးခပ်ထားတဲ့ထမင်းပွဲ မဟုတ်လား”

“အေးကွ လူကလေးရဲ့။ မင်းပြောမှ အဖေလည်း သတိထား မိတယ်။ ပူပူနွေးနွေးစားရတော့ ကောင်းတာပေါ့ကွာ။ စားသာစားပါ မောင်အုတ်စီရာ”

ဟု ဦးမိုးသီးက ပြောလိုက်သောအခါ မောင်အုတ်စီလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောတော့ဘဲ ဆာဆာနှင့် ကြုံး၍စားသောက်လေ၏။ စားသောက်ပြီးသောအခါ ဦးမိုးသီးရော မောင်အုတ်စိပါ ဆေးတံ တစ်ယောက်တစ်ချောင်းထုတ်ကာ ဆေးတစ်ဆုံစီ ဖွာကြလေ၏။ ပြီးလျှင် မှောင်လာပြီဖြစ်ရာ အနားတွင်ရှိသော ရေနံဆီမီးခွက်ကြီးကို ထွန်းရလေ၏။

ထို့နောက် သားအဖနှစ်ယောက် စကားစမြည်း ပြောကာစောစော အိပ်ရာဝင်ကြလေ၏။

"လူကလေး မအိပ်ခင် ဘုရားကန်တော့ပြီး မေတ္တာသုတ်ရွတ်ပြီးမှ အိပ်ကွယ့်"

ဟု ဦးမိုးသီးကပြောလေရာ မောင်အုတ်စိသည် ဘုရားကန်တော့၍ မေတ္တာသုတ်ရွတ်ပြီးမှ အိပ်ရလေ၏။

နောက်တစ်နေ့တွင် သားအဖနှစ်ယောက် ခုနစ်နာရီလောက်မှနိုးလာလေရာ မျက်နှာသစ်ကြ၍ ထမင်းကြမ်းစားရန် ညကကျန်သောထမင်းကျန်၊ ဟင်းကျန်များကို အုပ်ဆောင်းဖွင့်၍ ကြည့်လိုက်လေရာ

"အလို... အဖေရေ ညက ထမင်းကျန်တွေ မရှိတော့ဘဲမုန့်ဟင်းခါးတွေ ရောက်နေပါလားဗျ။ ဟင်းရည်မှာ မွှေးပြီး အငွေ့တထောင်းထောင်းထနေတာပဲဗျာ။ ဒါ ဘယ်လိုဖြစ်တာတုံးဗျ"

ဟု မောင်အုတ်စိက အလန့်တကြား ပြောလိုက်လေရာဦးမိုးသီးက ပြုံး၍...

"အေးလေ... တို့သားအဖအိပ်ပျော်နေတုံး ဦးလူလု လွှတ်လိုက်တဲ့သူတွေ ရောက်လာပြီး ထားသွားတာနေမှာပေါ့ မောင်အုတ်စိရဲ့"

ဟု ပြောလိုက်လေရာ မောင်အုတ်စိသည် ဘာမှမပြောတော့ဘဲဦးမိုးသီးနှင့် သူ့အတွက် မုန့်ဟင်းခါးနှစ်ပွဲပြင်ကာ အားရပါးရ စားကြ



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

"ကောင်းလိုက်တဲ့ မုန့်ဟင်းခါးကွယ်"

ဟု ဦးမိုးသီးက ပြောလေရာ မောင်အုတ်စီက..

"ဒီရွာက လူတွေက လူတော်တွေပဲ အဖေရ၊ ထမင်းဟင်းချက်တာရော မုန့်ဟင်းခါချက်တာရော တယ်ကောင်းကြတာပဲဗျ"

ဟု ပြောလိုက်စဉ်မှာပင် ဦးလူလုကြီး အိမ်ထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရလေ၏။

"ဟာ... ဘကြီးလူလု ဒီမုန့်တွေ ဘယ်သူလာပို့သွားတာတုံးဗျ"

ဟု မောင်အုတ်စီက မေးလိုက်လေရာ ဦးလူလုက ပြုံး၍

"ဘကြီးပြောခဲ့ပါသော်ကော မောင်အုတ်စီ၊ ဒီရွာက လူတွေက ညီညီသည် အားကြီးခင်တတ်တာကွယ့်၊ ကြုံတဲ့လူက သူထက်ငါ ဦးအောင် ကျွေးမွေးချင်ကြတာဆိုတော့ တစ်အိမ်အိမ်က လာပြီး ပို့သွားတာပေါ့ကွယ်"

"ခြေဘ်.. ဒီလိုလား၊ ဘကြီးလူလုတို့ရွာက လူတွေကတော့ တယ်လည်း စေတနာ သဒ္ဓါတရား အားကြီးကောင်းတာပဲဗျာ"

ဟု မောင်အုတ်စီက ပြောလိုက်ပြီးလျှင် ဦးမိုးသီးက

"စားသောက်ပြီးရင် အလုပ်လုပ်ရမယ့် နေရာကို သွားကြစို့ကိုလူလုရေ၊ ကျုပ်က အလုပ်ဆိုရင် တယ်ပြီး အကြွေးထားတတ်တဲ့လူမဟုတ်ဘူးဗျို့"

"ဟုတ်ကဲ့ ဆရာဦးမိုးသီး၊ သွားကြတာပေါ့ဗျာ၊ ဒီရွာရဲ့ မြောက်ဘက်က တောင်ကုန်းကလေးပေါ်မှာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မောင်အုတ်စီတို့ သားအဖလည်း စားသောက်ပြီးလျှင် ဦးလူလုနှင့် လိုက်သွားကြလေတော့၏။

ရွာမြောက်ပိုင်းသို့ ရောက်သောအခါ တောင်ကုန်းကလေးများကို တွေ့ရလေ၏။ တောင်ကုန်းကလေးများပေါ်တွင် အိမ်ကြီးအိမ်ကောင်းများကိုလည်း တွေ့ရလေ၏။ အချို့အိမ်ဝိုင်းကြီးများထဲမှ မြင်းစီး၍ ထွက်လာသောလူများကိုလည်း တွေ့ရလေရာ မောင်အုတ်စီသည် တစေ့တစောင်း ကြည့်လေ၏။

"ဒီရွာမှာတော့ ဟိုနားသည့်နား သွားချင်ရင် မြင်းပဲ အားကိုးရတာ မောင်အုတ်စီရဲ့ မောင်တို့ရန်ကုန်လိုတော့ ကားတွေဘာတွေ မရှိဘူးပေါ့ကွယ်"

"အင်း... ရွာမှာတော့ မြင်းဆိုတာ မော်တော်ကားပဲပေါ့ဗျာ"

"ဟုတ်ပ... ဟုတ်ပ... နို့... မောင်အုတ်စီရော မြင်းစီးတတ်သလားကွယ့်"

"မစီးတတ်ပါဘူး ဘကြီးလူလုရာ"

"ဟာ... ဒါဆိုရင် အားတဲ့အချိန်မှာ ထွေန်းတို့နဲ့ မြင်းလေးဘာလေး စီးပေါ့ကွယ်။ ကဲ... ပြောရင်းနဲ့ပဲ ရောက်လာပြီဗျ။ ဟောဒီခြံဝင်းပဲဗျ။ ဒီဝင်းထဲမှာ အိမ်ဆောက်မှာ"

ဟု ဘကြီးလူလုက ပြောလေရာ သံစ်ပင်အုပ်အုပ်များရှိသော ခြံဝင်းကြီး၏အလယ်တွင် ရှိသည့် မြေကွက်လပ်ကြီးကို တွေ့ရလေ၏။

"အင်း... ကျယ်သားပဲ။ ဩော်... ခြံထောင့်မှာ သစ်ပုံကြီး မနည်းပါလား။ သစ်ဝါးလည်း စုံနေမှပဲ။ အလို... ဟိုမှာ ဝိုင်းဖွဲ့ထိုင်နေကြတဲ့ လူငယ်တွေပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမိုးသီးက ပြောလေရာ ဦးလူလှက...

"အဲဒါ ထွန်းတို့အဖွဲ့လေ ဆရာကြီးရဲ့။ ရွာထဲက လက်သမား တွေ ခေါ်ထားတာလေဗျာ။ ဒီကနေ့ပဲ လုပ်ငန်းစကြမလားလို့"

"ဩော်... ဒီလိုလား။ ကောင်းတာပေါ့ဗျာ။ ဩော်... သူတို့ မှာ လက်သမားပစ္စည်းတွေလည်း အစုံကိုပါလာတာပဲ။ ကောင်းတာပေါ့ ကိုလူလှရာ"

ဟု ဦးမိုးသီးက ပြောလိုက်ပြီးလျှင် ဦးမိုးသီးနှင့် မောင်အုတ်စီ တို့ သားလည်း အိမ်ပန္နက်ရိုက်ရန် မြေတိုင်းကြရလေ၏။ ပြီးလျှင် အိမ်၏ မျက်နှာစာယူရန် လည်းကောင်း၊ တိုင်ကျင်းများတူးရန် လည်းကောင်း။ ထုတ်၊ ခေါက်၊ ဒိုင်းမြားများကို ရွေဘော်ထိုးရန်လည်းကောင်း အားလုံး စီစဉ်ကြကာ ကုန်းကြီးရွာမှ ထွန်းခေါင်းဆောင်သော လက်သမားများကို ခိုင်းစေကြရလေ၏။

မောင်အုတ်စီတို့သားအဖအနေနှင့် မယုံနိုင်လောက်အောင် အံ့သြကြရသည်မှာ ထိုနေ့ညနေစောင်းမှာပင် သစ်သားအားလုံး ရွေဘော် ထိုးပြီး တိုင်ကျင်းများအားလုံး တူးပြီးသွားခြင်းပင် ဖြစ်လေ၏။ ထွန်းနှင့် သူ့လူများသည် အဘယ်ကြောင့် ဤမျှလျင်မြန်နေကြသည်ကို တွေး၍ပင် မရနိုင်အောင် ရှိကြလေတော့၏။

နောက်တစ်နေ့မှာပင် တိုင်ထူခြင်း ပြလုပ်ပြီးစီးသွားလေရာ ထုပ်တန်းများ၊ ယောက်တန်းများ၊ ဒိုင်းများကို တတ်ဆင်ကြရလေ၏။ ထိုနေ့က မိုးချုပ်သွားသောအခါ မောင်အုတ်စီတို့ သားအဖလည်း အိမ်ပြန် ခဲ့ကြလေ၏။

နောက်တစ်နေ့ အလုပ်ဆင်းကြသောအခါ ဦးမိုးသီးရော



www.burmeseclassic.com

www.burmeseclassic.com



မောင်အုတ်စီပါ မျက်လုံးမျက်ဆံ ပြူးနေကြလေတော့၏။

"ဟင်... ဒါဘယ်လိုဖြစ်တာလဲ"

ဟု မောင်အုတ်စီက မေးလိုက်သောအခါ လက်သမားခေါင်း ဆောင် ထွန်းက ရယ်ကာမောကာဖြင့်...

"ညက အိပ်မပျော်ကြတာနဲ့ ဆရာတို့ ပြောထားတဲ့အတိုင်း ဆက်ပြီးလုပ်ထားလိုက်ကြတာလေ ဆရာကိုအုတ်စီရဲ့"

"အလို... မှောင်ကြီးထဲမှာ ဘယ်လိုများ လုပ်ကြသတုံးဗျာ"

"မမှောင်ပါဘူး ကိုအုတ်စီရဲ့။ ညက လသာလိုက်တာမှ ထိန်နေတာပါဗျာ"

ဟု ထွန်းက ပြောလိုက်သောအခါ ဦးမိုးသီးသည် ပြုံး၍

"မင်း တော်တော် တော်သားပဲ မောင်ထွန်းရဲ့။ လုပ်ထားလိုက် တဲ့ လက်ရာများ ကောင်းလိုက်တာကွယ်။ အမှားအယွင်းလည်း တစ်ခုမှ မရှိဘူးကွယ့်"

"ဟုတ်ကဲ့ ဆရာကြီးခိုင်းထားတဲ့ အတိုင်းလိုက်လုပ်ထားတာ ပါ ခင်ဗျာ"

"အေး... အေး... ကောင်းပါလေရဲ့ကွယ်။ ကဲ... ဆက်ပြီး လုပ်ကြစို့။ ခေါင်မိုးက သွပ်မိုးမှာဆိုတော့ သွပ်ကွက်တွေ ရိုက်ကြရမယ် ကွယ့်"

"ဟုတ်ကဲ့ ဆရာကြီး။ ဆရာကြီးတို့သားအဖ ဒီမှာပဲ ရေနွေး ကြမ်းသောက်ရင်း နားနေပါ။ ကျွန်တော်နဲ့ ကျွန်တော့်လူတွေ တက်ပြီး လုပ်လိုက်ပါ့မယ်"

"ဖြစ်ပါ့မလား မောင်ထွန်းရဲ့။ ဆရာတို့ပါ တက်ဦးမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မစိုးရိမ်ပါနဲ့ ဆရာကြီး။ ကျွန်တော်တို့လုပ်ပြီးမှသာ တစ်ချက် စမ်းကြည့်ပါ။ စိတ်တိုင်းမကျတာ တွေ့ရင်သာ ပြောပါခင်ဗျာ"

"ကောင်းပြီလေ။ ဒါဆိုရင်လည်း ကိုထွန်း လုပ်လိုက်ပေတော့"

"ဟုတ်ကဲ့.. ဟုတ်ကဲ့"

ဟု ပြောကာ ကိုထွန်းတို့အဖွဲ့ ခေါင်မိုးပေါ်သို့ တက်ကြလေ၏။ ကျန်တစ်ဝက်က ပျဉ်ထောင်ရန်၊ ကျန်တိုင်များစိုက်ကြလေ၏။ ထိုအချိန်တွင် မောင်အုတ်စီက ဦးမိုးသီးအနီးသို့ကပ်ကာ...

"အဖေ ဒီရွာကလူတွေကို သတိထားမိရဲ့လား"

"ဟေ... ဘာကိုလဲကွ လူကလေးရဲ့။ ဘာကို သတိထားမိ ရမှာလဲ"

"အဖေ ဒီလူတွေ နေပူထဲကို ဘယ်လောက်ထွက်ထွက် အရိပ် မထွက်ကြဘူးဗျ"

"ဟေ... ဟုတ်ရဲ့လား လူကလေးရဲ့"

"ကျွန်တော် သေသေချာချာ သတိထားကြည့်တယ် အဖေ။ အဖေမယုံရင် အဖေဆောက်နေတဲ့ အိမ်ကြီးကိုပဲ ကြည့်လေဗျာ။ အရိပ်မှ မထွက်တာ"

"ဟေ... ဟုတ်လား။ ဟာ... ဟုတ်ပါရဲ့။ အဖေလည်း မင်းပြောမှ သတိထားမိတာကွ။ ဟုတ်သားပဲ"

"ကျွန်တော် အကုန်လုံးကြည့်ပြီးပြီ အဖေ။ ဒီရွာက လူတွေ ရော၊ အိမ်တွေရော၊ သစ်ပင်တွေရော အရိပ်မထွက်ဘူး အဖေ။ ပြီးတော့ ရွာထဲမှာရှိတဲ့ ခွေးတွေ၊ ကြောင်တွေ၊ ကြက်တွေကအစ အရိပ်မထွက် ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ... ဟုတ်လား လူကလေးရဲ့။ နို့.. အဖေနဲ့မင်းနဲ့ရော အရိပ်ထွက်ကြသလား"

ဟု ပြောကာ ဦးမိုးသီးက နေပူထဲသို့ ထွက်၍ ရပ်ကြည့်လေ၏။

"ဟာ... ထွက်တယ်ကွ ထွက်တယ်။ လာစမ်း.. လာစမ်း မင်းရော အရိပ်ထွက်သေးရဲ့လား"

ဟု ဦးမိုးသီးက ပြောလိုက်လေရာ မောင်အုတ်စီလည်း နေပူထဲသို့ ထွက်၍ရပ်ပြရလေ၏။

"ဟာ... ထွက်တယ်ကွ လူကလေးရဲ့။ မင်းလည်း ထွက်တယ်ကွ"

"အဖေ တိုးတိုးပြောဗျ။ ဟိုလူတွေ ရိပ်မိသွားဦးမယ်။ အသာ ဖာသိဖာသာနေ။ ဒါ ဘယ်လိုနေတာတုံးဗျ"

"အဖေလည်း မသိဘူးကွ။ အဖေလည်း ဒီအရွယ်ရောက်တဲ့ အထိတော့ တစ်ခါမှ အရိပ်မထွက်တဲ့ရွာကို မရောက်ဖူးဘူးကွ"

"ဒါထက် အဖေနောက်တစ်ခု သတိထားမိသေးလား"

"ဟေ... ဘာကိုလည်းကွ လူကလေးရဲ့"

"အဖေ အခု ကျွန်တော်တို့နေတဲ့ အိမ်မှာ ဘုရားစင် မရှိဘူးဗျ"

"ဟာ... ဒါကတော့ လူမနေတဲ့အိမ်မို့လို့ ဖြစ်မှာပါကွာ"

"မဟုတ်ပါဘူး အဖေရ။ မနေ့က ကျွန်တော် ကိုထွန်းနဲ့ ရွာထဲ လိုက်သွားတယ်။ ဘယ်အိမ်မှာမှ ဘုရားစင်မရှိဘူးဗျ။ ပြီးတော့ ဒီရွာမှာ ဘုန်းကြီးကျောင်းတို့ ဘုရားတို့လည်း မရှိဘူးဗျ"

"ဟေ... ဟုတ်လားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဖေရေ၊ ဒါနဲ့ ကျွန်တော်က ကိုထွန်းကို မသိမသာ မေးကြည့်တယ်ဗျ။ ကိုထွန်းတို့ရွာမှာ ဘုန်းကြီးကျောင်း မရှိဘူးလားဆိုတော့ ကိုထွန်းက ခေါင်းခါပြတယ်ဗျ၊ ပြီးတော့ တခြားကို စကားလွှဲပြီးပြောတယ်။ မေးတာကို သိပ်မကြိုက်တဲ့ပုံပဲ။ ဒါနဲ့ ကျွန်တော်လည်း ဆက်ပြီး မမေးတော့တာ။ ရွာထဲကို လျှောက်လည်တော့ မိန်းကလေးချောချောကလေးတွေလည်း တွေ့တယ်ဗျ၊ ဒါပေမယ့် တစ်ယောက်မှတော့ အရိပ်မထွက်ကြဘူး အဖေရေ"

"ဟေ... ဘယ့်နှယ့်ဖြစ်တာလဲကွာ"

ဟု ဦးမိုးသီးက ပြောလိုက်ပြီး စဉ်းစား၍မရသလို ဖြစ်နေလေတော့၏။

မောင်အုတ်စီတို့အိမ်ကြီး စဆောက်ပြီး လေးရက်မြောက်မှာပင် အိမ်လုံးကြီးပြီးသွားခဲ့လေတော့၏။ နေ့ပိုင်းတွင် ဆောက်၍ ပြီးစီးသမျှထက် ညပိုင်းတွင် နှစ်ဆပြီးနေလေရှိလေရာ ဦးမိုးသီးနှင့် မောင်အုတ်စီတို့လည်း မိုးချုပ်၍ တည်းခိုသောအိမ်သို့ ပြန်ကာနီးလျှင် လက်သမားခေါင်းဆောင် ထွန်းအား ဆက်လုပ်ရမည်များကို မှာကြားထားခဲ့လေ၏။

ထွန်းနှင့် သူ့လူများကလည်း နောက်တစ်နေ့တွင် မှာထားခဲ့သမျှကို အားလုံးပြီးအောင် လုပ်ထားခဲ့သည်ချည်း ဖြစ်၏။ ဤသို့ဖြင့် ခုနစ်ရက် တစ်ပတ်ပြည့်သောအခါ မယုံကြည်နိုင်လောက်အောင်ပင် နှစ်ဆောင်ပြိုင်အိမ်ကြီးသည် လုံးဝ ပြီးသွားလေတော့၏။

အိမ်ကြီးထဲတွင်လည်း ဦးလူလု စိတ်တိုင်းကျ အိပ်ခန်း ရေချိုးခန်း၊ ညေ့ခန်း၊ ထမင်းစားခန်းများပါ ဖွဲ့ပေးပြီးသား ဖြစ်လေ၏။ သို့သော် ဘုရားခန်းတော့ မပါရှိပေ။ မောင်အုတ်စီ၏ ပြောစကားအ



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသီးသည် ဘုရားခန်း မထည့်ဘဲ အိမ်ကြီးကို ဆောက်ပေးခဲ့ခြင်း ဖြစ်လေ၏။ အိမ်ပြီးသောအခါ ပိုင်ရှင်ဦးလူလှကို ခေါ်၍အပ်လေ့ရာ ဦးလူလှမှာ သဘောကျသဖြင့် ပြုံးပြုံးကြီး လုပ်နေလေ၏။

မောင်အုတ်စီတို့သားအဖမှာလည်း တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူး ကြုံလိုက်ရသော နှစ်ဆောင်ပြိုင် နှစ်ထပ်အိမ်ကြီး တစ်လုံးကို ခုနှစ်ရက်နှင့် အပြီးဆောက်နိုင်ခြင်းအတွက် ကိုယ့်ကိုယ်ကို ဟုတ်မှ ဟုတ်ပါလေစဟု တွေးနေကြလေတော့၏။

"ဝမ်းသာလိုက်တာ ဆရာဦးမိုးသီးရယ်။ ကောင်းလိုက်တဲ့ အိမ်ကြီးဗျာ။ အားလုံးဟာ ကျွန်တော်လိုချင်တဲ့အတိုင်းကို အတိအကျ ပဲဗျ။ ကဲ... ကဲ... ဆရာတို့သားအဖကို လက်သမားခ ပေးရဦးမယ်။ ဟောဒီမှာ ငွေတစ်ထောင်ပါ ခင်ဗျာ"

ဟု ပြောကာ ဦးလူလှက ငွေတစ်ထောင်ကို သေသေချာချာ ရေတွက်၍ ဦးမိုးသီးကို အပ်လေ၏။ ဦးမိုးသီးကလည်း သေသေချာချာ လက်ခံယူကာ ငွေတစ်ထောင်ကို အထပ်လိုက်ယူ၍ လက်ကိုင်ပုဝါဖြင့် ထုတ်လေ၏။

"ကဲ... ဆရာတို့ ပြန်ဖို့လှည်း စီစဉ်ထားပါတယ်။ ရွာရှေ့က တောတန်းကလေးကျော်တဲ့အထိ လိုက်ပို့ပေးပါ့မယ်ဗျာ"

ဟု ဦးလူလှက ပြောလေရာ မောင်အုတ်စီတို့သားအဖလည်း အထုပ်အပိုင်းများယူ၍ လှည်းဖြင့် ထွက်ခဲ့ကြလေ၏။ လက်သမား ခေါင်းဆောင် ဝတ္ထုန်းနှင့်အဖွဲ့ကလည်း တရင်းတနှီး နှုတ်ဆက်ကြလေ၏။

ဦးမိုးသီးတို့သားအဖအား လိုက်ပို့သောလှည်းသည် တောတန်း လွန်သောအခါ ရပ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ... ဆရာကြီးတို့ ဟိုရှေ့မှာ ကားလမ်းမြင်နေရပါပြီ။ ကျွန်တော်က ဒီထက် လိုက်ပို့လို့ မရလို့ပါ"

ဟု လှည်းသမားက ပြောလေရာ မောင်အုတ်စီတို့လည်း ဘာမျှ မပြောတော့ဘဲ ထိုနေရာမှပင် ဆင်း၍လျှောက်ခဲ့ကြလေတော့၏။ မကြာမီ ကားလမ်းသို့ ရောက်လာခဲ့ကြလေရာ လှည်းကြုံစီး၍ ထောက်ကြံ့ရွာသို့ လိုက်ခဲ့ကြလေ၏။ ထောက်ကြံ့သို့ ရောက်သောအခါ ထမင်းဆိုင်သို့ ဝင်၍ စားသောက်ကြရင်း ထိုရွာသားများကို ကုန်းကြီးရွာအကြောင်း မေးမြန်းစုံစမ်းကြည့်သောအခါ ကုန်းကြီးရွာကို သိသူရှိဖို့နေနေသာသာ ကြားပင်ကြားဖူးသူ မရှိပေ။

သည်တော့မှ ဦးမိုးသီးလည်း ပို၍အံ့ဩသွားကာ...

"ဘယ်လိုလဲ လူကလေးရဲ့။ တောတန်းတစ်တန်းပဲ ခြားတဲ့ ရွာကြီးတစ်ရွာကိုတောင် မကြားဖူးဘူးဆိုတော့ ဘာသဘောလဲကွယ်။ ဒီရွာကို အဖေတို့ တကယ်ရောက်ပြီး တကယ့်ကို အိမ်ကြီးဆောက်လာခဲ့တာပဲမို့လား။ အင်း... နေဦးကွယ့်"

ဟု ပြောကာ ဦးမိုးသီးက ဦးလူလှပေးလိုက်သော လက်သမား ငွေတစ်ထောင်ကို အိတ်ထဲမှ ထုတ်၍ကြည့်လိုက်လေ၏။

"ဟာ... သစ်ရွက်တွေပါလား လူကလေးရဲ့။ ပိုက်ဆံမှ မဟုတ်တာ"

ဟု ဦးမိုးသီးက ပြောလိုက်လျှင် မောင်အုတ်စီလည်း လှမ်း၍ ကြည့်လိုက်မိလေ၏။

"ဟာ... ဟုတ်တာပဲဗျ။ သစ်ရွက်တွေပဲ အဖေရေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း.. တန်တော့ လူကလေးရေ ဒါဟာ ရှေးလူကြီးသူမတွေ ပြောခဲ့တဲ့ ကျပ်ဆိုတာပဲ ဖြစ်မယ်ကွယ့်။ မင်းနဲ့အဖေနဲ့ အိမ်သွားဆောက်ပေးတာ ကျပ်ရွာကြီး ဖြစ်လိမ့်မယ်ကွ။ ဟား... ဟား... ဟာ... ဟား"

ဟု ပြောရင်း ဦးမိုးသီးက ရယ်လေတော့၏။ ပြီးလျှင် လက်ထဲမှ သစ်ရွက်များကိုလည်း လွှင့်ပစ်လိုက်လေတော့၏။ မောင်အုတ်စီလည်း သည်တော့မှ သူတို့သားအဖ၏ ထူးဆန်းသောအဖြစ်ကို ပြန်တွေးမိကာ မည်သို့မျှ မအောင့်နိုင်တော့ဘဲ တခွီးခွီးနှင့် ရယ်လေတော့၏။ သားအဖနှစ်ယောက်လည်း အားရအောင် ရယ်ကြပြီးသောအခါတွင်မှ..

"ကဲ... လူကလေးမောင်အုတ်စီရေ အဖေတို့ ရန်ကုန်ရောက်အောင် ပြန်ကြစို့ရဲ့။ အင်းစိန်ပတိုဘက်ဆိုရင်တော့ ဘတ်စ်ကားတွေ ပေါပါတယ်ကွယ်"

"ဟုတ်တယ် အဖေ။ ဒီကနေ အင်းစိန်အထိကတော့ လှည်းကြုံနဲ့ သွားရမှာပဲ"

"သွားကြတာပေါ့ လူကလေးရာ၊ သားအဖနှစ်ယောက် နားနားနေနေ သွားကြတာပေါ့ကွာ"

ဟု ပြောရင်း ဦးမိုးသီးနှင့် မောင်အုတ်စီလည်း အထုပ်အပိုးများကိုမှီ၍ နားနေကြလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## ပဝါမတူ ရေမရှူရသောမောင်အုတ်စိ

ဦးမိုးသီးနှင့်မောင်အုတ်စိတို့ သားအဖနှစ်ယောက်သည် သူကြီး
နှင့် ခင်မင်သွားလေရာ ထောက်ကြံ့ရွာကြီးတွင် တစ်ရက် ထပ်၍နေ
ရလေ၏။ အင်းစိန်ဘက်သို့ သွားမည့်လှည်းကြုံ မရှိသေးသောကြော
တစ်ရက်ထပ်နေရန် ရွာသူကြီးက ဆွဲထားသည်နှင့် သားအဖနှစ်ယော
လည်း နေရန် ဆုံးဖြတ်လိုက်ကြလေတော့၏။ လက်သမားဆရာ
ဦးမိုးသီးနှင့် မောင်အုတ်စိတို့၏ အံ့မခန်းထူးချွန်သော လက်သ
အတတ်ပညာကြောင့် မြို့ကျော်ရွာကျော် ဖြစ်နေလေရာ ရွာသူကြီးဦး
က မိတ်ဖြစ်ဆွေဖြစ် ညှိခံခြင်းဖြစ်လေ၏။

"ဦးမိုးသီးရယ်၊ ဟောဒီ ကျုပ်တို့ရွာကြီးလည်း နည်းလှ
မဟုတ်ပါဘူးဗျာ။ လူချမ်းသာတွေလည်း ပေါပါ့ဗျာ။ အိမ်ကြီးအိမ်ကော
တွေလည်း ဆောက်ကြပါ။ ဒီတော့ နောင်လည်း ရွာကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကောင်းဆောက်ဖို့ဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းဆောက်ဖို့ဖြစ်ဖြစ် ရောက်ချင်လည်း ရောက်လာဦးမှာပေါ့လေ။ ဒီအခါကျတော့ ထောက်ကြံ့ဟာ ဦးမိုးသီးတို့အတွက် မစိမ်းဘူးပေါ့ဗျာ''

''ကျေးဇူးတင်ပါတယ် သူကြီး။ အင်မတန်ဖော်ရွေပြီး ခင်တတ်တဲ့ ခင်ဗျားရဲ့ ရွာသူရွာသားတွေလည်း အုံ့ဩမိပါရဲ့ဗျာ''

''ဟုတ်တယ် ဦးမိုးသီးရဲ့။ ကျုပ်တို့ ထောက်ကြံ့သားတွေက အားကြီးခင်တတ်မင်တတ်တာဗျ''

''အေးဗျာ၊ ရွာက ကြီးလည်းကြီး၊ သာလည်းသာယာပါတယ်။ ကျုပ်တို့သားအဖလည်း တစ်ရက်တလေ အေးအေးဆေးဆေး အနားယူရတာပေါ့ သူကြီးရာ။ ခုလို ညှော်ခံတာ ကျေးဇူးတင်ပါတယ်ဗျာ''

ဟု ဦးမိုးသီးက ပြန်၍ပြောရင်း သူကြီးဦးထုံးမိသားစုက ညှော်ခံထားသည့် ငရုံခြောက်ဖုတ်ကလေးကို ယူ၍ဝါးလေ၏။ သူကြီးဦးထုံးနှင့် ဦးမိုးသီးတို့ စကားကောင်းနေကြစဉ်မှာပင် နွားနီကြီးနှစ်ကောင်တပ်ထားသည့် လှည်းယဉ်တစ်စီးသည် သူကြီး၏ အိမ်ဝိုင်းကြီးထဲသို့ ဝင်လာလေ၏။

''ဟင်... စံပပါလား။ လာဟေ့ စံပ။ မင်းရောက်လာတာ အတော်ပဲပေါ့။ ဟောဒီမှာ ရန်ကုန်ကလာတဲ့ ဆရာဦးမိုးသီးတို့လည်း ရောက်နေတယ်ကွ''

ဟု သူကြီးဦးထုံးက အသံဩဩကြီးနှင့် လှမ်း၍ပြောလိုက်လေရာ အိမ်ဝိုင်းထဲသို့ နွားလှည်းမောင်း၍ဝင်လာသူက ခေါင်းတွင်ပေါင်းလာသော ခေါင်းပေါင်းကြီးကို ချွတ်လိုက်ကာ''မျက်နှာပေါ်မှ ချွေးများကို သုတ်လေ၏။ ပြီးလျှင်...

''အဲဒါကြောင့် လာရတာ ကိုထုံးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း အိမ်ထဲသို့ ဝင်လာလေ၏။

"ဘယ်လိုကွ စံပရဲ့။ ဘယ်လို အဲဒါကြောင့် လာရတာလဲ"

ဟု သူကြီးက မေးသောအခါ ညွှသည်ဦးစံပက ရေနွေးကြမ်းဗိုင်းတွင် ဝင်၍ထိုင်လိုက်ရင်း...

"ဒီလိုကိုထုံးရေ ဆရာတော်ဦးရေဝတရဲ့ အဂ္ဂနစ္စာပနကျောင်းပဲ့ ရက်နီးပြီလေဗျာ။ အဲဒါမနေ့က ဆယ်အိမ်ခေါင်းမှတ်၊ ဟောဒီထောက်ကြံ့က ပြန်လာတော့ ရန်ကုန်မြို့က လက်သမားဆရာကြီးသားအဖ ခင်ဗျား အိမ်မှာ ရောက်နေတဲ့အကြောင်း ပြောတာကို။ အဲဒီတော့ ဂေါပကအဖွဲ့က ဟောဒီဆရာကြီးဆီမှာ လောင်တိုက်တွေအပ်ချင်ကြလို့ ကျုပ်ကို လွှတ်လိုက်တာဗျ"

ဟု ဦးစံပက ပြောလေလျှင် ဦးမိုးသီးနှင့် မောင်အုတ်စီလည်း ထိုသူကို လှည့်၍ကြည့်ကြလေ၏။

"ဪ... ဒီလိုကိုး။ ဟန်ကျတာပေါ့ဗျာ။ အင်း... ဟုတ်သားပဲ။ မင်းတို့ရွာ ဘုန်းကြီးပျံတောင် ရက်နီးနေမှကို။ အေး... ဒီရွာက ဟာတွေကတော့ ဘယ်ရွာမှာပွဲရှိလဲဆိုတာကို အမြဲစုံစမ်းနေကြတာပဲ။ ရွာလုံးကျွတ် ဆင်းချလာကြလိမ့်မယ်။ မင်းတို့ဘုန်းကြီးပျံပွဲမှာ မစည်မှာတော့ မပူနဲ့ပေါ့။ ငါတို့ထောက်ကြံ့နဲ့ မင်းတို့ ဟေမန်နဲ့ နစ်ရွာ ပရိသတ်နဲ့တင် ပွဲကဖြစ်နေပါပြီ စံပရာ။ ကဲ... ကဲ... မင်းအလုပ် ကိစ္စကို ဆရာတို့နဲ့ ပြောလေ"

ဟု သူကြီးဦးထုံက ပြောလေရာ ဦးစံပက ခေါင်းပေါင်းမှ သူ့ဆေးလျှောင်တစ်စောင်းကလေးကို လက်နှင့်သပ်လိုက်ကာ...

"ဆရာဦးမိုးသီးရဲ့သတင်းက သိပ်ကြီးနေလို့ အခုလိုလိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပါဗျာ။ ကျွန်တော်တို့ရွာကလည်း ရွာကြီးပါပဲ ဆရာ၊ သာလည်း အလွန်သာယာပါတယ်။ တောင်ကုန်းကလေးတွေ၊ စမ်းချောင်းကလေး တွေလည်း ရှိတော့ ရွာက သာယာတာပေါ့ ဆရာ။ ဆရာလက်ခံမယ် ဆိုရင် ဘုန်းကြီးပျံအတွက် လောင်တိုက်တွေ၊ မဏ္ဍပ်တွေ အလှဆင်ဖို့ အပ်ချင်ပါတယ်"

"အင်း... စဉ်းစားရဦးမှာပေါ့ဗျာ"

ဟု ဦးမိုးသီးက ပြောလိုက်သောအခါ ဦးစံပသည် မျက်နှာ ပျက်သွားလေတော့၏။ သူ့ရွာတွင် ဆရာဦးမိုးသီးတို့သားအဖကို ရအောင် ငှားခဲ့မည်ဟု ဦးစံပက အပိုင်ပြောလာခဲ့သည်ဖြစ်ရာ ယခုကဲ့သို့ ဦးမိုးသီး က စကားကို ဆုပ်ရှုံ့ရှုံ့ ပြောလိုက်သောအခါ ဦးစံပ စိုးရိမ်သွားခြင်း ဖြစ်ပေလေ၏။

ထိုအခါ ဦးစံပက သူကြီးဦးထုံးကို အားကိုးတကြီးနှင့် တစ်ချက် လှမ်း၍ကြည့်လေ၏။ ဦးထုံးက ခေါင်းကိုညိတ်လိုက်ကာ ဝင်၍ပြောလေ ၏။

"ဒီလိုပါ ဆရာဦးမိုးသီးရယ်၊ အခုပျံလွန်တော်မူတဲ့ ဆရာတော် ဦးရေဝတဆိုတာက စံပတို့ဟေမန်ရွာတင်မကပါဘူး။ ကျုပ်တို့ထောက်ကြံ့ ရော ဒီအနီးအနားက ရွာတွေအားလုံးက ကြည်ညိုတဲ့ ဆရာတော်ကြီး ပါ။ အင်မတန်မှ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဆရာတော် တစ်ပါးပါ ဦးမိုးသီး။ ဆရာတော်ကြီးရဲ့ တပည့်တပန်းတွေကလည်း အနယ် နယ်အရပ်ရပ်မှာ ရောက်နေကြတာ မနည်းပါဘူးဗျာ။ အခု ဆရာတော် ရဲ့ အဂ္ဂိနစျာပနမှာ အားလုံးရောက်လာကြမှာဗျ။ ပြီးတော့ အနီးအနား ရွာတွေကလည်း အားလုံးလာကြမယ့်ပွဲဆိုတော့ သူတို့ကလည်း တူတူ



www.burmeseclassic.com

www.burmeseclassic.com



[illegible]က ထုပ်ချင်ကြတာပေါ့ ဆရာရယ်။ ပြီးတော့ ကျုပ်တို့ တောခလေ့ကိုလည်း ဆရာသိပါတယ်လေ။ ဘုန်းကြီးပျံပွဲဆိုရင် သူ့ရွာငါ့ရွာ အပြိုင်ဆင်ကြတာမို့လားဗျ။ ဒါကြောင့် ဆရာရဲ့ ဂုဏ်သတင်းနဲ့ ဆရာ့ရဲ့လက်ရာနဲ့ သူတို့ဘုန်းကြီးပျံပွဲကို ကျင်းပချင်ကြတာပါ ဆရာ။ ရွာရဲ့သမိုင်းကြောင်းမှာ အမှတ်တရလည်း ဖြစ်တာပေါ့ဗျာ။ တခြားမှာ အလုပ်ချိတ်ထိန်း မရှိသေးရင်တော့ လက်ခံလိုက်ပါ ဆရာရယ်"

"ပြီးတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အင်းစိန်ဘက်က ဘုန်းကြီးပျံတစ်ခုမှာ ဆရာလာပြီးလုပ်ပေးတဲ့ လောင်တိုက်တွေ၊ မုဒ်ဦးတွေဟာ တကယ့်ကို နတ်ဘုံနတ်နန်းတွေ ကျနေတာပဲလို့ ကျုပ်တို့ရွာသားတွေက တဖွဖွ ချီးမွမ်းနေကြတာ ဆရာရဲ့။ အခုလည်း ထောက်ကြံ့မှာ ဆရာရောက်နေတယ်ဆိုတာ ကြားတာနဲ့ ကျုပ်ကို အတင်းသွားခိုင်းတော့တာပါပဲဗျာ"

"နို့... ဘုန်းကြီးပျံက ဘယ်တော့လဲ"

ဟု ဦးမိုးသီးက မေးလေရာ ဦးစံပက ပျာပျာသလဲဖြင့်...

"တပို့တွဲလပြည့်ကျော် ၆ ရက်ပါ ဆရာ"

"အင်း... နီးတောင်နီးနေမှုပဲ။ ဒါဆိုရင် ရောက်ရောက်ချင်း စလုပ်ရမှာပေါ့"

"ဟာ... သစ်၊ ဝါး၊ စက္ကူ အားလုံး အဆင်သင့် ရှိနေပါပြီ။ ဆရာလိုတာတွေလည်း ရန်ကုန်ကို ချက်ချင်းတက်ဝယ်ပေးပါ့မယ်။ ဆရာရဲ့ ဉာဏ်ပူဇော်ခကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပါ့မယ်ဗျာ"

ဟု ဦးစံပက တောင်းတောင်းပန်ပန် ခေါ်နေရာ ဦးမိုးသီးသည် ခေါင်းကလေးညိတ်၍ စဉ်းစားနေပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ကိုစံပ၊ ကျုပ်နဲ့ ကျုပ်သားမောင်အုတ်စိတို့ လိုက်ခဲ့ပါ့မယ်။ ဒါပေမဲ့ ဟေမန်ကိုရောက်ရင် တစ်ယောက်လောက်တော့ ရန်ကုန်လွှတ်ပေးပါဗျာ။ ဗဟန်းက ကျုပ်အိမ်ကိုသွားပြီး ကျုပ်တပည့် မောင်ညွှန့်နဲ့ မောင်ဘမောင်ကို ခေါ်လာပေးပါ။ လက်သမားပစ္စည်းတွေ က သူတို့ယူသွားကြပြီဗျ။ အဲဒါတွေလည်း သယ်လာခဲ့ရလိမ့်မယ်"

"ဟာ... စိတ်ချပါဆရာ၊ စိတ်ချပါ။ ရွာရောက်ရောက်ချင်း ကျုပ် လွှတ်ပေးပါ့မယ်။ ဆရာလိုတာတွေလည်း စာရင်းရေးပေးပါ။ ရန်ကုန်ကနေ တစ်ခါတည်း ဝယ်ခိုင်းလိုက်ပါ့မယ်"

"ကောင်းပြီလေ၊ ဒါဆိုရင် သွားကြတာပေါ့"

ဟု ဦးမိုးသီးက ပြောလိုက်သောအခါ ထောက်ကြံ့သူကြီး ဦးထုံးက ပြုံးပြုံးကြီးလုပ်ကာ သူ၏ သျှောင်ထုံးကြီးကို လက်နှင့်သပ်ရင်း

"ဝမ်းသာလိုက်တာ ဆရာဦးမိုးသီးရာ။ ကဲ... စံပရေ မင်းက လည်း ငါ့ဆရာတွေကို ခေါ်သွားပြီးရင် သေသေချာချာ ဂရုစိုက်နော်"

"ဟာ... စိတ်ချပါ သူကြီးရာ။ ကျုပ်တို့ရွာသားတွေ ဘယ် လောက် ဖော်ရွေတယ်ဆိုတာ အားလုံးသိကြပါတယ်လေ။ အင်း.. လူ ကလေး မောင်အုတ်စိလည်း ဟေမန်မှာ ပျော်မှာပါ။ အမှန်အတိုင်း ပြောရရင် ထောက်ကြံ့က ရွာကြီးတာပဲရှိတာဗျာ။ ဟေမန်လို ရွာတည် ထားတဲ့ အကွက်အကွင်းမလှဘူး။ ဟေမန်က တောင်ကုန်းကလေးတွေ စမ်းချောင်းကလေးတွေ တောအုပ်၊ တောတန်းကလေးတွေနဲ့ဗျ"

ဟု သူကြီးဦးထုံးက ပြောလေ၏။ ပြီးလျှင် ခြံဝင်းထဲသို့ လှမ်း ကြည့်လိုက်ကာ..

"ဟေ့... ငတောက်တို့ မောင်စတို့ ဘယ်သွားကြသုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... စံပ၊ အကြမ်းကလေးလည်း သောက်၊ ငါးခြောက်ဖုတ်ကလေးလည်း စားဦးကွ"

ဟု ပြောလေ၏။ ထိုအခါ ဦးစံပက သူကြီး၏အိမ်ထဲသို့ လှည့်ပတ်ကြည့်ကာ...

"သူကြီး၊ သူကြီးကတော် မမယ်ခတို့ ရှင်နှောင်းတို့ရော မမြင်ပါလား"

"မယ်ခနဲ့ သူ့သမီးက တောင်ကျောင်းကို ဆွမ်းအုပ်သွားပို့တယ် စံပရဲ့"

"ဪ... ဒါကြောင့် မမြင်တာကိုး"

ဟု ပြောရင်း ဦးစံပလည်း ငါးခြောက်ဖုတ်ကလေး စားရင်း ရေနွေးကြမ်းသောက်လေတော့၏။

နံနက် ရှစ်နာရီခန့်တွင် ဦးစံပမောင်းသော လှည်းယဉ်ကလေးသည် ဦးမိုးသံနှင့် မောင်အုတ်စိကိုတင်၍ ဟေမန်ရွာသို့ သွားသော လှည်းလမ်းကြောင်းအတိုင်း မောင်းနှင်လျက်ရှိလေတော့၏။ မောင်အုတ်စိတို့ သားအဖသည် ဟေမန်၏ ရွာဦးကျောင်းတိုက်ကြီးဖြစ်သော လွန်စွာကျယ်ဝန်းခန့်ညားသည့် ပုဗ္ဗာရုံကျောင်းတိုက်ကြီးတွင် တည်းကြရလေ၏။ ကျောင်းဝင်းကြီးသည်လည်း အလွန်ကျယ်ဝန်း၍ သရက်၊ ဩဇာ၊ မာလကာ စသော သီးပင်မျိုးစုံရှိလေရာ ညိုမှိုင်း၍ နေလေတော့၏။

ဟေမန်သို့ ရောက်ရောက်ချင်းမှာပင် ဦးစံပသည် သူကြီး ဦးအုန်းကို အကျိုးအကြောင်းပြောပြလေရာ ဦးအုန်းက ရန်ကုန်သို့လည်း လည်ဝယ်ဝယ်သွားတတ်လာတတ်သော ထွန်းဆိုသူကို ရန်ကုန်သို့ ချက်ချင်းစေလွှတ်ကာ လိုအပ်သော ဆေးဘူးများ၊ ပစ္စည်းများဝယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပဟာန်းမှ ကိုညွန့်နှင့် ကိုဘမောင်ကို လာက်သမားပစ္စည်းများနှင့်တကွ ဝင်၍ခေါ်ခိုင်းလေ၏။

မောင်အုတ်စီတို့ ပဟာမန်သို့ရောက်ပြီး နောက်တစ်နေ့ ညနေမှာပင် ကိုညွန့်နှင့် ကိုဘမောင်တို့ ရောက်လာကြလေတော့၏။

"အေးဟေ့၊ ငါလည်း ဆရာတော်ကြီးကို ကြည်ညိုသွားတာနဲ့ လက်ခံလိုက်တာကွာ"

ဟု ဆရာကြီးဦးမိုးသီးက ဆီးကြို၍ ပြောလေ၏။

"ဟာ... ကောင်းပါတယ် ဆရာရယ်။ မောင်အုတ်စီလည်း ဘုန်းကြီးပျံမှာ လောင်တိုက်တွေ၊ မုဒ်ဦးတွေဆောက်တဲ့ နည်းပညာတွေ ရသွားတာပေါ့။ ပြီးတော့ ဘုန်းကြီးပျံရဲ့လောင်တိုက်တလားကို ဒုန်းနဲ့ ပစ်ပြီး အဂ္ဂိနစျာပနာလုပ်တာ တတ်သွားတာပေါ့ ဆရာ"

"အေး... ဟုတ်တယ် ညွန့်ရဲ့။ အဲဒီရည်ရွယ်ချက်လည်း ပါသပေါ့ကွာ။ ငါ့သားမောင်အုတ်စီကို ဒီပညာတွေ သင်ပေးချင်နေတာ ကြာပြီကွ။ အခုလို ကြုံတုန်းမှာ သင်ရမှာပေါ့ကွာ။ လက်သမားဆရာ တစ်ယောက် ဖြစ်လာရင် အိမ်လောက်ဆောက်တတ်ရုံနဲ့ မဖြစ်သေးဘူး ကွ။ အခုလို မဏ္ဍပ်ကြီးတွေ လှလှပပဆောက်ပေးနိုင်ရမယ်၊ ပြာသာဒ်တွေ၊ လောင်တိုက်တွေ၊ မုဒ်ဦးတွေ ဆောက်တတ်ရမယ်။ မဟုတ်ဘူးလား ညွန့်ရဲ့"

"ဟာ... ဟုတ်ပါပြီလား ဆရာရယ်။ ဒါတွေ အစုံတတ်မှ လက်သမားဆရာစစ်စစ် ဖြစ်မှာဗျာ။ လူချင်းယှဉ်လိုက်ရင် ကိုယ့်ကို ဘယ်သူမှ ပညာနဲ့ပတ်သက်လို့ မကျော်နိုင်ဘူးပေါ့။ မဟုတ်ဘူးလား မောင်အုတ်စီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေးညွန့်။ ကျွန်တော် သေသေချာချာ သင်ပါ့မယ်"

ဟု မောင်အုတ်စိကလည်း ပြန်၍ပြောလေ၏။ နောက်တစ်နေ့မှာပင် ဘုန်းကြီးပျံပွဲကျင်းပမည့် ကွင်းကြီးထဲတွင် ဆရာဦးမိုးသီးတို့အဖွဲ့သည် ပြသာဒ်များ၊ လောင်တိုက်များ၊ မုဒ်ဦးများကို စတင်၍ဆောက်လုပ်ကြလေတော့၏။

ထိုအချိန်မှာပင် အငြိမ့်စင်များ၊ ရိုးရာလက်ဝှေ့ကြိုးဝိုင်းများ၊ ဈေးတန်းများကိုလည်း အခြားလက်သမားများက စတင်၍ ဆောက်လုပ်ကြလေတော့၏။ တဖြည်းဖြည်းနှင့် ဘုန်းကြီးပျံပွဲကျင်းပမည့်နေရာတွင် လွန်စွာစည်ကားသော ပွဲခင်းကြီးတစ်ခု ဖြစ်လာလေတော့၏။

အနီးအနားရှိ ရွာများမှ လူများလာလျှင် တည်းရန်ခိုရန် နေရာများကို စနစ်တကျ ပြုလုပ်ပေးကြလေ၏။ လှည်းဝိုင်းကြီးများချရန်နေရာများ၊ ရေမိုးချိုးရန်၊ ပွဲကြည့်ရန်များမှစ၍ ချက်ပြုတ်စားသောက်ရန်၊ နေ့ခင်းနေ့လယ် တည်းခိုရန် ကနဖျင်းကြီးများ ကျကျနန ထိုးပေးကြလေ၏။ တောမန်ရွာသူရွာသားများ၏ စိတ်စေတနာကောင်းမှု မိမိတို့ရွာသို့ ရောက်လာမည့်ဧည့်သည်စောင်သည်များအပေါ် တာဝန်ကျေပွန်မှုတို့သည် မြင်သူတိုင်း ချီးမွမ်းရမည့်အရာသာ ဖြစ်လေတော့၏။

သည်လိုနှင့် ဘုန်းကြီးပျံပွဲသည် တဖြည်းဖြည်း စည်းကားသည်ထက် စည်းကားလာလေရာ အဂ္ဂိနစျာပနကျင်းပရန် တစ်ပတ်အလိုတွင် ပွဲမျိုးစုံသွားလေတော့၏။ မင်းသားတလိုင်းစိန်ဇာတ်၊ စိန်တလေး မြဝတီလေး ဇာတ်၊ ပုပ္ပားမှ မိန်းမအလမ္ပာယ်ဆရာမ၏ အလမ္ပာယ်ပွဲ၊ မြန်မာ့လက်ဝှေ့ စိန်ခေါ်ပွဲများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ရောက်လာသော ဆယ်နှစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဈေးသယ်များ၊ မုန့်သယ်များနှင့် ဟေမန်ရွာသည် ချက်ချင်းပင် ပွဲခင်းကြီး ဖြစ်သွားခဲ့လေတော့၏။

မောင်အုတ်စီတို့လည်း ပြသာဒ်ကြီးများနှင့် မုဒ်ဦးများ၊ လောင်တိုက်နှင့် ဒုံးပစ်ပြီးမီးရှို့ရန် ကြိုးများကို စနစ်တကျ တည်ဆောက်ပြီးသွားပြီဖြစ်ရာ အလုပ်များ လုံးဝပြီးဆုံးသွားပြီ ဖြစ်လေတော့၏။ နောက်ဆုံးရက်ဆိုလျှင် အေးရင်ကြူပွဲ စတင်တော့မည်ဖြစ်ရာ ရွာအနီးတစ်ပိုက်မှ ပရိသတ်များအပြင် ခပ်ဝေးဝေးရွာများမှ ပရိသတ်များ ရောက်ရှိလာကြလေတော့၏။

ညဘက်ရောက်လျှင် ပွဲခင်းကြီးမှာ တိုး၍မပေါက်နိုင်အောင် ဖြစ်နေလေတော့၏။ သူ့လူကိုယ့်လူ လူစုမကွဲသွားရန် လက်ချင်းချိတ်၍ နေကြရလေတော့၏။

မောင်အုတ်စီတို့မှာ အလုပ်ပြီးသွားသော်လည်း ဘုန်းကြီးပျံ သင်္ဂြိုလ်ပြီးမှ မိမိတို့တာဝန် ပြီးဆုံးမည်ဖြစ်သဖြင့် ပြန်၍မရကြသေးပေ။ ထို့ကြောင့်လည်း ဆရာဦးမိုးသီးမှလွဲ၍ မောင်အုတ်စီ၊ ကိုညွန့်နှင့် ကိုဘမောင်တို့သည် ညတိုင်းပွဲဈေးတိုးခြင်း၊ ပွဲကြည့်ခြင်း၊ လက်ဝှေ့ပွဲကြည့်ခြင်းဖြင့် ညလုံးပေါက် လည်ပတ်ကြလေ၏။

တစ်ညတွင်တော့ မောင်အုတ်စီတို့သုံးယောက်သည် စိန်တလေးမြစာလေးပွဲကြည့်ရန် ရုံးပေါက်ဝနားတွင် စောင့်နေကြစဉ် မောင်အုတ်စီသည် ပွဲခင်း၏ တစ်နေရာသို့ စိုက်ကြည့်နေသည်ကို ကိုညွန့်က မြင်သွားသဖြင့်...

"မောင်အုတ်စီ ဘာကိုကြည့်နေတာလဲကွယ့်"

ဟု မေးလေ၏။ မောင်အုတ်စီက ကိုညွန့်မေးသည်ကို မကြား



www.burmeseclassic.com

www.burmeseclassic.com



အဲ ကြည့်မြဲတိုင်းသာ ကြည့်နေလေ၏။

"မောင်အုတ်စီ၊ ဘာကိုကြည့်နေတာလဲ"

ဟု ကိုညွန့်က တစ်ခါထပ်မေးတော့မှ မောင်အုတ်စီလည်း သတိဝင်သွားသကဲ့သို့ဖြစ်ကာ...

"ဗျာ... မနှင်းဆီဗျ ကိုညွန့်ရဲ့၊ မနှင်းဆီ"

ဟု အထစ်ထစ်အငေါ့ငေါ့ဖြင့် ဖြေလေ၏။

"မနှင်းဆီ ဟုတ်စ။ ဘယ်ကမနှင်းဆီလဲ။ ဒီရွာမှာ မောင့် အသိအကျွမ်းရှိလို့လား"

"မရှိပါဘူးဗျာ။ မနှင်းဆီက ကျွန်တော့်အိပ်မက်ထဲကပါ"

"မော... ဘယ်လိုလဲ မောင်အုတ်စီရဲ့။ အိပ်မက်ထဲက မိန်းကလေး ဟုတ်လား"

ဟု ကိုဘမောင်ကပါ ဝင်၍မေးလေ၏။ ထိုအခါ မောင်အုတ်စီက

"ဟုတ်တယ် ဦးလေးဘမောင်။ ကဲ.. ဦးလေးတို့နှစ်ယောက် ကြည့်ကြစမ်းဗျာ။ ဒါပေမဲ့ မသိမသာတော့ ကြည့်နော်။ ကျွန်တော်ပြော တဲ့ နေရာကို မသိမသာကြည့်။ ဟိုကုက္ကိုပင်ကြီးအောက်က ခေါင်ပြင်သယ် အမယ်ကြီးရဲ့ဘေးမှာ မိန်းမကြီးကြီးတစ်ယောက်နဲ့ မိန်းကလေး သုံး ယောက် ရပ်နေတာ တွေ့လားဗျ"

ဟု မောင်အုတ်စီက ပြောသောအခါ ကိုညွန့်နှင့် ကိုဘမောင်က မောင်အုတ်စီပြောထားသည့်အတိုင်း မသိမသာ ကြည့်ကြလေ၏။

"အေး.. တွေ့ပြီ.. တွေ့ပြီ"

"အဲဒီမိန်းကလေးသုံးယောက်ထဲက အသားဖြူဖြူ၊ အရပ် မြင့်မြင့်နဲ့ မိန်းကလေးကို သေသေချာချာကြည့်၊ သနက်ထည်လုံချည်



www.burmeseclassic.com

www.burmeseclassic.com



အနီပွင့်ကလေး ဝတ်ထားတာလေဗျာ"

"အေး... တွေ့ပြီ၊ တွေ့ပြီ။ ဟာ... တော်တော်ချောတဲ့ မိန်းကလေးပါလား မောင်အုတ်စီရဲ့။ နို့... နေပါဦးကွ၊ သူ့နာမည်က မနှင်းဆီရော ဟုတ်ရဲ့လား"

"ဒါတော့ အတတ်မပြောနိုင်ဘူး ဦးလေးညွန့်ရဲ့။ ကျွန်တော့်ကို အိပ်မက်ထဲမှာ ပြောတာကတော့ သူ့နာမည် မနှင်းဆီတဲ့"

"ဟာ... လာပြန်ပြီ၊ မင်းအိပ်မက်က ဘယ်လိုအိပ်မက်ဆိုတာ လည်း ပြောဦးမှပေါ့ မောင်အုတ်စီရဲ့"

"ဒီလိုဗျ။ ကျွန်တော့်အိပ်မက်ကို မက်တာ သုံးနှစ်ရှိပြီဗျို့။ အိပ်မက်ထဲမှ ကျွန်တော်နဲ့ မိန်းကလေး ချောချောလှလှတစ်ယောက်ဟာ အမြဲတမ်း လျှောက်လျှောက်လည်ကြတယ်။ ဘုရားတွေလည်း ဖူးကြတယ်။ ရွှေတိဂုံဘုရားကြီးဆိုရင် ကျွန်တော်တို့နှစ်ယောက် မကြာမကြာ ရောက်လာကြတယ်"

"တစ်ခါတလေတော့လည်း ဘယ်နေရာက ဘုရားမှန်းတော့ မသိဘူးဗျ။ ထုံးသင်္ကန်းဖွေးဖွေးနဲ့ စေတီကလေးတစ်ဆူဆီကို ရောက်သွားတယ်။ ဘေးပတ်ဝန်းကျင်မှာ အကျော်ပင်တွေ၊ တရုတ်စကားပင် တွေ ဖွေးဖွေးလှုပ်အောင် ပွင့်နေတာဗျ"

"ကျွန်တော်သိတာကတော့ အိပ်မက်ထဲမှာ မနှင်းဆီနဲ့ ကျွန်တော်က ချစ်သူတွေဗျ ဦးလေးညွန့်ရဲ့"

"ဟာ... ဟုတ်လားကွ။ နို့... အရင်တုန်းက ဒီအကြောင်း တွေကို တစ်ခါမှ မင်း မပြောဖူးပါလား"

"မပြောဆို ဒါက အိပ်မက်ကိုဗျ ဦးလေးညွန့်ရဲ့၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာက သမီးရည်းစားချင်း စကားတွေပြောတာဆိုတာဆိုတော့ ကျွန်တော်လည်း ပြန်ပြောရမှာ ရှက်တော့ မပြောဖြစ်ဖူးပေါ့ဗျာ''

''မင်းဟာက သေချာရဲ့လား မောင်အုတ်စီရဲ့''

''ဘာကို သေချာတာလည်း ဦးလေးညွန့်ရဲ့''

''ဒီမိန်းကလေးဆိုတာလေ။ သေသေချာချာကြည့်ပါဦးကွယ့်''

''ဟာ... ဦးလေးညွန့်ကလည်းဗျာ သုံးနှစ်လုံးလုံး အိပ်မက်ထဲမှာ သမီးရည်းစားဖြစ်နေကြတာ ကျွန်တော်က မမှတ်မိဘဲ ရှိပါ့မလားဗျာ''

''ကဲ... ဒါဆိုရင် အခု မင်း ဘာလုပ်မလို့လဲ''

''ကျွန်တော် ဦးလေးတို့နှစ်ယောက်ကို အမှန်အတိုင်း ပြောမယ်ဗျာ။ မနှင်းဆီကို ကျွန်တော် အသည်းပေါက်ထွက်မတတ် ချစ်တယ် ဦးလေးတို့ရေ''

''ဟာ... မောင်အုတ်စီ မဟုတ်သေးဘူးလေကွာ။ အဲဒါက မင်းအိပ်မက်ထဲမှာလေကွာ။ ဒါက အပြင်မှာကွ။ ပြီးတော့ သူများရပ်ရွာနော်။ အများအယွင်းဖြစ်သွားလိုက်တော့ တောင်းပန်ဖို့တောင် အချိန်ရလိုက်မှာ မဟုတ်ဘူးနော်''

''ဟာ... ဦးလေးညွန့်ကလည်းဗျာ။ မဟုတ်ကဟုတ်ကတွေ သိပ်တွေးမှုတာပဲ''

''ဟုတ်တော့ မဟုတ်ဘူး မောင်အုတ်စီရဲ့။ ပွဲခင်းကြီးတစ်ခုမှာ ရွာခံကာလသားတွေနဲ့ ဟောဒီအနီးအနားရွာတွေက ကာလသားတွေ ပေါင်းပြီး ပွဲခင်းအနှံ့ လျှောက်သွားပြီး ပွဲထိန်းနေကြတာ ဖိတွေ့တယ်။ ဒါကြောင့် သတိပေးတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဘာမှမဖြစ်ပါဘူးဗျာ။ ဟော... ဟော... မနှင်းဆီ ကျွန်တော့်ကို မြင်သွားပြီဗျို့။ ဟော... ကြည့်နေတယ်ဗျ။ မနှင်းဆီ ကျွန်တော့်ကို ကြည့်နေတယ်"

"ဟုတ်မှလည်းလုပ်ပါ မောင်အုတ်စီရယ်။ တို့ကိုကျော်ပြီး တခြားသူ့အသိတွေကို ကြည့်တာ ဖြစ်ပါလိမ့်မယ်"

"မဟုတ်ဘူးဗျို့ မနှင်းဆီရဲ့။ ဒီအကြည့်တွေကို ကျွန်တော် ယဉ်ပါးပြီးသားပါဗျာ။ ဟာ... သေချာတာပေါ့ဗျာ။ မနှင်းဆီ ကျွန်တော့် ကို ကြည့်တာဗျာ။ ဟော... ပြုံးပြနေပြီ"

"အေး... ဟုတ်တော့ ဟုတ်တယ်ကွ။ ပြုံးတော့ပြုံးပြနေတယ် ဘမောင်ရဲ့။ မင်းကိုလား ငါ့ကိုလား မသိဘူးကွ"

"ဟာ... ဦးလေးညွန့်ကလည်းဗျာ။ ကျွန်တော့်ကို ပြုံးပြတာဗျ။ ကဲ... ကျွန်တော်သွားမယ်"

"ဟေ... ဘယ်ကိုသွားမှာလဲ မောင်အုတ်စီရဲ့။ မင်း မှားမယ် နော်"

"မမှားပါဘူးဗျာ။ ကဲ... လာသွားမယ်"

ဟု ပြောရင်း မောင်အုတ်စီက ရှေ့မှထွက်သွားလေရာ ကိုညွန့် နှင့် ကိုဘမောင်တို့လည်း နောက်မှလိုက်သွားကြရလေတော့၏။ မိန်း ကလေးသုံးယောက်နှင့် အဒေါ်ကြီး၏အနီးသို့ ရောက်သောအခါ...

"ဒီက ကိုအုတ်စီမို့လား"

ဟု ဖြူဖြူသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်းနှင့် မိန်းမချောကလေးက ဆီးကြို၍မေးလေ၏။ နှင်းဆီပူးကလေးလို နှုတ်ခမ်း ဖူးကလေးက ပြုံးရင်းမေးလိုက်သည်ဖြစ်ရာ မောင်အုတ်စီကို မဆိုထား



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုညွန့်နှင့် ကိုဘမောင်တို့ပင် ရင်ထဲတွင် တဒုန်းဒုန်း ခုန်သွားခဲ့လေတော့၏။

"ဟုတ်ပါတယ်။ မနှင်းဆီ၊ ဪ... မနှင်းဆီ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ကိုအုတ်စီရဲ့။ ဒါနဲ့ ကိုအုတ်စီက ဘုန်းကြီးပျံပွဲကို ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ကိုအုတ်စီအဖေက လက်သမားဆရာကြီး ဦးမိုးသီးပါ မနှင်းဆီ။ ဘုန်းကြီးပျံပြာသာဒ်တွေ၊ မုဒ်ဦးတွေနဲ့ လောင်တိုက်ကြီး လာဆောက်ပေးတာပါ"

"ဪ... မနှင်းဆီက ဘယ်မှာနေတာလဲ"

"မနှင်းဆီက ဟောဒီရွာမှာနေတာပါ။ ဟောမန်သူပါ ကိုအုတ်စီ။ ကိုအုတ်စီကရော ဘယ်မှာနေတာလဲ"

"ကိုအုတ်စီက ရန်ကုန်မှာနေတာပါ။ ဒါထက် မနှင်းဆီ၊ ကိုအုတ်စီကို ဘယ်တုန်းကတည်းက သိတာလဲ"

ဟု မောင်အုတ်စီက မေးလေရာ မနှင်းဆီအလှကလေးသည် ရှက်သွားကာ ခေါင်းငုံ့ထားလေ၏။ ပြီးတော့မှ...

"ကိုအုတ်စီကော မနှင်းဆီကို ဘယ်တုန်းက သိတာလဲ"

ဟု ပြန်၍မေးလေ၏။

"ကိုအုတ်စီက မနှင်းဆီကို လွန်ခဲ့တဲ့သုံးနှစ်ကတည်းက သိတာပါ"

"ဒါဆိုရင် အတူတူပဲပေါ့"

"ဟင်... ဟုတ်လား မနှင်းဆီ။ မနှင်းဆီလည်း အဲဒီအိပ်မက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကံ. . . ”

မောင်အုတ်စီက စကားမဆုံးမီမှာပင် မနှင်းဆီက ခေါင်းကလေး ညှိ၍ မသိမသာခေါင်းညိတ်ပြလေ၏။

“ဟာ. . . ထူးဆန်းလိုက်တာ မနှင်းဆီရယ်”

မနှင်းဆီက ဘာမှပြန်မပြောတော့ပေ။ ခေါင်းကိုသာ ငုံ့ထား သည်။

“အိပ်မက်ဆိုတာ တစ်ယောက်တည်းမက်လို့ ရတာရှိသလို နှစ်ယောက်ပေါင်းပြီးမက်ရတဲ့ အိပ်မက်မျိုးတွေလည်း ရှိတယ် ကိုအုတ် စီရဲ့”

“ဟာ. . . ဒါဆိုရင် မနှင်းဆီ အိပ်မက်ထဲကအတိုင်း. . . ”

မောင်အုတ်စီပြောသော စကားမဆုံးပြန်ပါချေ။ မနှင်းဆီက ခေါင်းကလေးညိတ်ပြလေ၏။

“ဝမ်းသာလိုက်တာ မနှင်းဆီရယ်။ ကိုအုတ်စီလေ မနှင်းဆီကို တွေ့လိုတွေ့ငြားဆိုပြီး ရောက်လေရာမှာ ရှာနေတာပါ မနှင်းဆီ”

“ဟော့. . . နှင်းဆီ၊ ဘယ်သူနဲ့ စကားပြောနေတာလဲ။ ငါက သူကြီးသား မောင်မင်းအင်မှတ်လို့ ကြည့်နေတာ။ နို့. . . နေပါဦး၊ သူတို့ က ဘယ်သူတွေလဲ”

“ဒါ ဒီရွာက ဘုန်းကြီးပျံအတွက် ပြာသာဒ်တွေ၊ လောင်တိုက် တွေ လာပြီးဆောက်ပေးတဲ့ လက်သမားဆရာ ကိုအုတ်စီပါ အမေ”

“အေး. . . လက်သမားဆရာက ငယ်ငယ်လေးပဲ ရှိသေးတာ ပဲ။ လက်ရာ အင်မတန်ကောင်းတာကလား။ အေး. . . အေး. . . အမေ တို့အိမ်လည်း လာလည်ပါဦး မောင်ရင်လေးရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

ဟု မောင်အုတ်စီက ပြန်၍ပြောသကဲ့သို့ ကိုညွန့်နှင့် ကိုတာမော တို့ကလည်း ခေါင်းညိတ်ပြကြလေ၏။

"သူ့နာမည်က ကိုအုတ်စီလို့ ခေါ်တယ်အမေ။ မနှင်းဆီ အမေ့ကို ပြောပြတဲ့ အိပ်မက်ထဲက ကိုအုတ်စီလေ အမေ"

"ဟေ... ဟုတ်လားတော့။ အိပ်မက်ထဲကလူက အပြင်မှာ တကယ်ရှိသတဲ့လား။ အံ့ပါ့တော်။ နို့... ညည်းက အိပ်မက်မက်တော့ သူ့ကိုသိနေတယ်ပဲထား ဒီသူငယ်က ညည်းကို ဘယ်လိုသိတာတုန်း"

"ကိုအုတ်စီလည်း အဲဒီအိပ်မက်ကို မက်တယ်အမေ"

"ဟေ... ဟုတ်လား။ ညည်းတို့ဟာကလည်း ထူးဆန်းလှ ချည်လားတော်။ အေးလေ၊ မောင်အုတ်စီ အိမ်လာဦးကွယ်။ ကဲ... အခေါ်တို့ ရွာဦးကျောင်းက စေတီကလေးဘက် သွားလိုက်ဦးမယ်။ အဲ ဘက်မှာလည်း တော်တော်စည်ကားတယ်လို့ ပြောကြတယ်။ တစ်ခါမှ မသွားရသေးလို့ မင်းနှမတွေ လိုက်ပို့လိုက်ဦးမယ်"

ဟု မနှင်းဆီ၏အမေက ပြောလေ၏။ ထိုအခါ မနှင်းဆီက

"ကိုအုတ်စီ... အမေ့နာမည်က ဒေါ်ယိမ်းလို့ ခေါ်တယ် ဟောဒါက မနှင်းဆီရဲ့အထက်အောက် စပယ်။ ဟောဒါက မနှင်းဆီရဲ့ ညီမ အငယ်ဆုံး သရဖီတဲ့။ မနှင်းဆီတို့ မွေးချင်းက ဒီသုံးယောက်ပဲ မောင်အုတ်စီက ခေါင်းညိတ်ပြလျက်...

"ကိုအုတ်စီတော့ ဝမ်းသာလိုက်တာ မနှင်းဆီရယ် ပြော ဒေါ်ဒေါ် ကျွန်တော်တို့သွားအဖက အခု ဒေါ်ဒေါ်တို့သွားမယ့် စေတီ ကလေးရှိတဲ့ ရွာဦးကျောင်းမှာ တည်းတာပါ။ ကျွန်တော့်အဖေ ဦးမိုးသီး



www.burmeseclassic.com

www.burmeseclassic.com



ာ အခု အဲဒီမှာပါပဲ။ ကျွန်တော်တို့လည်း ပြန်မှာဆိုတော့ အတူတူ
သွားကြတာပေါ့"

ဟု မောင်အုတ်စီက ပြောလေရာ မနှင်းဆီ၏မိခင် ဒေါ်ယိမ်းက

"ဪ.. ဒါဆိုရင်ကောင်းသားပဲ။ ကဲ.. ကဲ.. သွားကြ
အောင်၊ မင်းလည်း မင်းနှမ မနှင်းဆီနဲ့ စကားလေးဘာလေး ပြောရ
တာပေါ့လေ"

ဟု ဒေါ်ယိမ်းက ပြောလိုက်လေရာ အားလုံး ရွာဦးကျောင်း
ဘက်သို့ ဦးတည်၍ ထွက်ခွာလာခဲ့လေတော့၏။ ထိုသို့မောင်အုတ်စီတို့
ထွက်လာသည်ကို မယောင်မလည်လုပ်ကာ နောက်မှလိုက်လာသော
လူတစ်ယောက်ကိုတော့ မည်သူမျှ သတိမထားမိကြပေ။

ထိုသူသည် ရွာသူကြီး၏သား မင်းဒင်လွှတ်ထားသော အောင်ပု
ဆိုသူ လူငယ်တစ်ယောက်ပင် ဖြစ်လေ၏။ အောင်ပု၏တာဝန်မှာ မနှင်း
ဆီတို့ အိမ်မှထွက်ကတည်းက နောက်ယောင်ခံ၍ လိုက်လာကာ မသိ
သာ အကဲခတ်ရန် ဖြစ်လေ၏။ ပြီးလျှင် မနှင်းဆီ၏ သွားလာမှုများ
ကို ဆရာမင်းဒင်ကို ပြောပြရန်ဖြစ်လေ၏။

ရွာဦးကျောင်းသည် တောင်ကုန်းမြင့်မြင့်ကလေးပေါ်တွင်
တည်ထားသည်ဖြစ်ရာ စေတီတော်သည် တောင်ကုန်းအစွန်ကလေးတွင်
ရှိလေ၏။ စေတီကလေး၏ဘေးတွင် တရုတ်စကားပင်များက ဝိုင်းရံလျက်
ဖွေးဖွေးလှုပ်အောင် ပွင့်နေလေ၏။ တရုတ်စကားပင်များကြားတွင်
စကျော်ပင်ကြီးများကလည်း အရွက်ဝိုင်းဝိုင်းကြီးများနှင့် အပွင့်များ
ဖွေးဖွေးလှုပ်အောင် ပွင့်နေသည်မှာ စေတီတော်ကို ပူဇော်နေသည့်နှယ်ပင်
ထင်ရလေ၏။ စေတီတော်၏ဘေးဘက်တွင် တောင်ကုန်းဆင်ခြေလျော

www.burmeseclassic.com



လမ်းကလေးတစ်ခု ရှိလေရာ ထိုလမ်းကလေးမှ ဆင်းသွားလျှင် စမ်းချောင်းကလေးတစ်ခု စီးဆင်းနေသည်ကို တွေ့ရလေ၏။

ကောင်းကင်မှ လခြမ်းကလေး၏ အရောင်နှင့် ကြယ်တို့၏ အရောင်ဖြင့်သာ လင်းနေသော စမ်းချောင်းကလေးကို အပေါ်စီးမှ ကြည့်မြင်နေရသည်မှာ ကြည့်နူးဖွယ်ပန်းချီကား တစ်ချပ်ဖြစ်နေလေတော့၏။

ဒေါ်ယိမ်းနှင့် သမီးနှစ်ယောက်ဖြစ်သော စပယ်နှင့် သရဖီတို့သည် ကိုညွန့်နှင့် ကိုဘမောင်တို့ကို ခင်မင်သွားကာ စကားဖောင်ဖွဲ့ပြောနေကြလေတော့၏။ ထိုအချိန်တွင် မောင်အုတ်စီနှင့် မနှင်းဆီတို့သည် တောင်ကုန်းကလေးပေါ်မှ ဆင်ခြေလျှောလမ်းကလေးအတိုင်း ဆင်းသွားကာ စမ်းချောင်းကလေးဘေးမှ ပိတောက်ပင်ကြီးအောက်တွင် ရပ်ကာ. . .

"မနှင်းဆီရယ်၊ အိပ်မက်ထဲက ချစ်သူကို အပြင်မှာ တကယ်တွေ့ရတော့ ကိုအုတ်စီလေ အံ့လည်းအံ့ဩသလို ဝမ်းသာလိုက်တာလည်း မပြောပါနဲ့တော့ကွယ်"

"မနှင်းဆီလည်း ကိုအုတ်စီလိုပါပဲကွယ်"

ဟု ပြောရင်း ချစ်သူနှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက်က ငေးကြည့်နေကာ မျက်တောင်ပင် မခတ်နိုင်အောင် ရှိနေကြလေတော့၏။

တစ်ယောက်၏လက်ကလေးကို တစ်ယောက်က ယုယုယယဖြင့် ဆုပ်ကိုင်ထားကာ ပူးကပ်၍ ရပ်နေကြလေတော့၏။ ထိုအချိန်တွင် သူတို့နောက်မှ တောအုပ်ကလေးအစပ်တွင် အောင်ပုဆိုးမှ ရောက်နေသည်ကိုတော့ မောင်အုတ်စီရော မနှင်းဆီပါ မသိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါ မနှင်းဆီကစ၍

"ကိုအုတ်စီ ပြန်ကြစို့နော်။ မနက်ဖြန် အိမ်ကို လာခဲ့ပါ။ အဖေနဲ့လည်း တွေ့ရအောင်လေ။ အဖေ့နာမည်က ဦးကျော်ရင်လို့ ခေါ်တယ်။ အင်မတန်မှ စိတ်သဘောထား ပြည့်ဝတာ ကိုအုတ်စီရဲ့။ မနှင်းဆီ ကြိုပြောထားပါ့မယ်။ ကိုအုတ်စီသာ လာခဲ့ပါ"

"လာမှာပေါ့ မနှင်းဆီရယ်။ နောင်လည်း ကိုအုတ်စီနေရမယ့် အိမ်ပဲ မဟုတ်လား"

ဟု မောင်အုတ်စီက ပြောသောအခါ မနှင်းဆီသည် သဘောကျစွာဖြင့် ရှက်ပြုံးကလေးပြုံးလေ၏။ သည့်နောက်တော့ မောင်အုတ်စီ၏ အနမ်းပန်းတစ်ပွင့်ကာ ချစ်သူ၏ပါးကလေးပေါ်သို့ ပွင့်ဖူးခဲ့လေတော့၏။

ညတွင်းချင်းမှာပင် အောင်ပုက အဖြစ်အပျက်အားလုံးကို သူ့ဆရာမင်းဒင်အား ပြောပြလေ၏။ မနှင်းဆီအား တစ်ဖက်သတ် ကြိုက်နေသော မင်းဒင်၏အသည်းကို ကွဲဆယ်ကောင် ဝိုင်း၍ခတ်သကဲ့သို့ ခံစားရလေတော့၏။

"တောက်... တော်တော်လူပါးဝတဲ့ လက်သမား။ သိကြသေးတာပေါ့ကွာ"

ဟု မင်းဒင်က ကြိမ်းဝါးလေ၏။ သူကြီးသား၏ တပည့်များဖြစ်ကြသော အောင်ပု၊ နက်ကျော်နှင့် ဗလတို့ကလည်း အံတကြိတ်ကြိတ်ဖြစ်နေကာ

"ကိုမင်းဒင် ဘာလုပ်ချင်သလဲ။ ဒီကောင့်ကို ပွဲဈေးသလျှောက်သွားတုန်း ဝင်ပြီးရှင်းလိုက်ရင် သူလိုလိုကိုယ်လိုလိုနဲ့ ဘိစ္စတုံးသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဗလက ပြောသောအခါ မင်းဒင်က ခေါင်းကို ခါပြလိုက်လေ၏။

"ငါက အဲဒီလိုလူ မဟုတ်ဘူး ဗလ။ မင်းတို့က ငါနဲ့ ပေါင်းလာတာ ကြာပြီပဲကွာ ငါ့အကြောင်း သိနေရောပေါ့။ မင်းဒင်က မကျေနပ်ရင် ခိုးကြောင်ခိုးဝှက် ပြဿနာရှင်းတတ်တဲ့ကောင် မဟုတ်ဘူးကွ။ မနက်ဖြန်ညမှာ ဒီကောင်ကို စိမ်ခေါ်ပြီး လက်ဝှေ့ကြိုးဝိုင်းထဲမှာ ထိုးမယ်။ အဲဒီ မနက်ဖြန်မနက်မှာ ဒီကောင့်ကို လူလွှတ်ပြီး စာပို့လိုက်။ ငါက စိမ်ခေါ်တယ်လို့၊ ကြောက်ရင် ဒီရွာက တစ်ခါတည်း ထွက်သွားတော့လို့၊ မကြောက်ရင် ကြိုးဝိုင်းထဲကို ဝင်ခဲ့လို့ တစ်ခါတည်း ထည့်ရေး။ ငါရှုံးရင် မနှင်းဆီကိစ္စမှာ တစ်ခါတည်း နောက်ဆုတ်ပေးမယ်။ သူရှုံးရင်လည်း တစ်ခါတည်း နောက်ဆုတ်ပေးရမယ်လို့ ထည့်ရေးလိုက်"

"ကောင်းပြီ ကိုမင်းဒင်။ ဒီစာကို ကျုပ် ဒီည ရေးပြီး မနက်စောစော ဒီကောင်တွေတည်းတဲ့ ဘုန်းကြီးကျောင်းကို သွားပို့လိုက်မယ်။ ကိုမင်းဒင်သာ မနက်ဖြန်ပွဲအတွက် အသင့်ပြင်ထားပါ"

"စိတ်ချပါ အောင်ပု။ အုတ်စီဆိုတဲ့ သျှောင်တစ်စောင်းနဲ့ လူပလံကလေးကို လက်ဝှေ့ပွဲကြည့်မယ့် ပရိသတ်ရှေ့မှာ လုလုပပ အရှက်ခွဲပြလိုက်မယ်။ မင်းတို့ စောင့်သာကြည့်နေ"

"ဒီကောင်က စိမ်ခေါ်တာကို လက်မခံရင်ရော ကိုမင်းဒင်"

ဟု အောင်ပုက မေးလေရာ မင်းဒင်က ပြုံး၍...

"အဲဒါကို တစ်ခါတည်းပြတ်အောင် မေးခဲ့လေကွာ"

"ကောင်းပြီ ကိုမင်းဒင်၊ ကျုပ် ပြတ်အောင်မေးခဲ့မယ်။ စိမ်ခေါ်ပွဲဝင်ပြီး မယှဉ်ရဲရင် ရွာထဲက တစ်ခါတည်း မောင်းထုတ်ခိုင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အောင်ပုက ပြောသောအခါ နက်ကျော်က...

"မင်းတစ်ယောက်တည်း မသွားနဲ့လေကွာ။ ငါနဲ့ဗလလည်း လိုက်ခဲ့မှာပေါ့"

ဟု ပြောလေရာ မင်းဒင်က ခေါင်းညိတ်၍...

"အေး... ဟုတ်တယ်။ မင်းတို့နှစ်ယောက်ပါ လိုက်သွားကြ"

ဟု အမိန့်ပေးလိုက်လေ၏။ ထိုညက လူစုခွဲလိုက်သော်လည်း မင်းဒင်မှာ ချက်ချင်း အိပ်လို့မပျော်နိုင်အောင် ဒေါသမီးတို့ တဟုန်းဟုန်း လောင်မြိုက်လေတော့၏။

နောက်တစ်နေ့မှာပင် ပေမန်တစ်ရွာလုံးတွင် ဤသတင်းသည် ပျံ့နှံ့ထွက်လာလေတော့၏။

"သူကြီးသားက လက်သမားဆရာကလေးကို လက်ဖွေ့ထိုးဖို့ စိမ်ခေါ်လိုက်တယ်တဲ့ဟေ့"

"ဟာ... မင်းဒင်က စိမ်ခေါ်တာလား"

"ဟုတ်ပဗျာ၊ ဟုတ်ပ်ါ"

"ဟာ... ဒီလိုလုပ်လို့ တော်ပါ့မလားဗျာ။ ဟိုခမျာက ညွှဲသည် မဟုတ်လား။ ပြီးတော့ ကိုယ့်ရွာက ဆရာတော်ရဲ့ အဂ္ဂိနစျာပနမှာ ပြာသာဒ်တွေ လာဆောက်ပေးကြတာ။ ရန်ကုန်မြို့ကြီးက နာမည်ကျော် လက်သမားဆရာကွယ့်"

"ဟုတ်တော့ ဟုတ်တာပဗျာ။ ဒီကိစ္စကို သူကြီးကလည်း မသိဘူးဗျ။ အဲဒါ သူကြီးကို အသိပေးရရင် ကောင်းမလားလို့ စဉ်းစား နေကြတယ်"

"နို့... ဘာအကြောင်းခံများ ရှိလို့လဲမှ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာတော့ မသိဘူးဗျ။ ဟိုရွာတောင်ပိုင်းမှာနေတဲ့ ကျောက်ရင်တို့ မိယိမ်းတို့သမီးနဲ့ ပတ်သက်တာလို့တော့ ပြောနေကြတယ်"

"ဟေ… မိယိမ်းသမီးတွေက သုံးယောက်တောင်မှရှိတာ။ ဘယ်သူနဲ့များ ပတ်သက်တာပါလိမ့်"

"အကြီးမနဲ့လို့ ပြောတယ်ဗျ"

"အလို… ဟိုမိန်းမချောကလေး မနှင်းဆီလား"

"အဲဒီလိုတော့ ကြားတာပဲဗျာ။ ဟုတ်မဟုတ်တော့ အတိအကျ မသိပါဘူး"

"အင်း… ဖြစ်တော့ဖြစ်နိုင်တာပဲကွ။ ဒီအရွယ်တွေဟာ ဒီလို ကိစ္စမျိုးနဲ့ ပတ်သက်လာရင် ဘာမှမြင်ကြတာ မဟုတ်ဘူးကွ။ ဒါထက် ကလေးမလေးမနှင်းဆီက ဘယ်သူ့ကို မေတ္တာမျှလို့တုန်း"

"ကြားတာကတော့ လက်သမားဆရာကလေး မောင်အုတ်စီ အပေါ်မှာ မေတ္တာမျှတယ်ဆိုပဲဗျ။ အဲဒါကို မင်းအင်က မခံမရပ်နိုင်ဖြစ် တာဆိုပဲ"

"ဟာ… ဒါကတော့ကွာ သူ့ကိုယ်ပိုင်အခွင့်အရေးပဲ။ သူ မေတ္တာရှိတဲ့သူ သူကြိုက်မှာပေါ့။ ဒါကတော့ မင်းအင်လွန်တာပေါ့ကွာ"

"ဒါပေမဲ့ ငါတို့ရွာတွေမှာ ဓလေ့တစ်ခုရှိတာ မင်းလည်း သိသားပဲ။ အခုလို ဘုန်းကြီးပျံပွဲတွေမှာ လက်ဝှေ့ပွဲပါရင် စိမ်ခေါ်လို့ ရတာပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့လေ။ ခုဟာက ကိုယ့်ရွာကိုလာပြီး အရှက်ခွဲ ပေးတဲ့ သူမို့လို့ ပြောတာပါ"

"ဘာပဲဖြစ်ဖြစ် ဒီညကတော့ ပွဲကြီးပွဲကောင်း ကြည့်ရမှာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာပြီကွ"

"နို့... နေပါဦးကွ။ မောင်အုတ်စိကရော မင်းဒင်ရဲ့ စိန်ခေါ်မှုကို လက်ခံလို့လား"

"မောင်အုတ်စိက ပြုံးပြုံးကလေးလုပ်ပြီးတော့ကို လက်ခံတာဗျို့"

"ဩော်... ဒီသူငယ်ကလည်း နည်းတဲ့သတ္တိမှ မဟုတ်တာပဲ။ အေးလေ... ဒီညတော့ ပွဲကြီးပွဲကောင်း ကြည့်ကြရပြီပေါ့လေ"

ဟု ရွာသားများက ဟိုအိမ်သည်အိမ်တွင် စု၍ ယခုထိုးမည့် လက်ဝှေ့ပွဲအကြောင်းကိုသာ ပြောနေကြလေ၏။ မောင်အုတ်စိနှင့် မင်းဒင်ကတော့ မိမိနေရာတွင် လက်ဝှေ့ရေးများ လေ့ကျင့်နေကြလေတော့၏။

ဟောမန်ဘုန်းကြီးပျံပွဲသည် ယခုညအစည်ကားဆုံး ဖြစ်နေလေတော့၏။ ဇာတ်ပွဲများပင် ပွဲထွက်ချိန်ကို နောက်သို့ ရွှေ့ပေးထားကြရလေ၏။ လက်ဝှေ့ကြိုးဝိုင်းအနီးတွင် ပရိသတ်က အစောကြီးကတည်းက နေရာယူထားကြသည်ဖြစ်ရာ တိုးမပေါက်နိုင်အောင် ဖြစ်နေတော့၏။

လက်ဝှေ့ပွဲစလေပြီ။

စိန်ခေါ်သူ မင်းဒင်က ကြိုးဝိုင်းအတွင်းသို့ အလျင်ဝင်ရလေ၏။ လက်ဝှေ့ရေးအနည်းအကျဉ်း ပြရလေ၏။ ပြီးလျှင် စိန်ခေါ်ခံရသူ မောင်အုတ်စိက နောက်မှ ကြိုးဝိုင်းသို့ ဝင်ရလေ၏။ မောင်အုတ်စိက လက်ဝှေ့ရေးတစ်ချက်နှစ်ချက်သာ ပြလေ၏။

"ဟာ... မင်းဒင်က လူကောင်ကြီးတာပေါ့ကွ။ မောင်အုတ်စိက ဖြူဖြူနွဲ့နွဲ့ကလေး။ လက်ဝှေ့ထိုးဖို့ထက် ဇာတ်မင်းသားလုပ်ဖို့ပဲ တော်တာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကြသော်လည်း ပွဲစပြီဆိုသည်နှင့် အားလုံးငြိမ်သွားလေတော့၏။ ပွဲစလေပြီ၊ ဒေါ်သမီးတို့ ဟုန်းဟုန်းထနေသော မင်းဒင်က စ၍ထိုးလေတော့၏။ မနားတမ်း ဒရစပ် ဝင်ထိုးလေရာ မောင်အုတ်စီက မင်းဒင်၏ လက်သီးချက်များကို အသာ ကလေး ဇော့တိုက်ကာ ရှောင်သည်ဆိုရုံကလေး ရှောင်ပေးနေလေတော့၏။

"ခွပ်... ခွပ်... ဖုန်း"

'ခွပ်၊ ခွပ်' ဆိုသည်မှာ မောင်အုပ်စီ၏မျက်နှာကို မင်းဒင်၏ လက်သီးချက်နှစ်ချက် ဆင့်ဝင်သွားခြင်းဖြစ်ပြီး 'ဖုန်း' ဆိုသည်မှာ မင်းဒင်၏ရင်ဝသို့ မောင်အုတ်စီ၏ ထောက်လက်သီးတစ်လုံး ဝင်သွား ခြင်းဖြစ်လေ၏။

မောင်အုတ်စီ၏မျက်နှာတွင် ချက်ချင်း ညိုမည်းတက်လာသလို မင်းဒင်၏ရင်ဝတွင်လည်း သပြေသီးမှည့်ရောင် ထသွားလေ၏။ ထိုးပြန် ပြီ မင်းဒင်က အတင်းဝင်၍ ဆက်တိုက်ထိုးပြန်လေ၏။

"ဗိုး... ဖုန်း... ဖုန်း"

'ဗိုး' ဆိုသည်မှာ မင်းဒင်၏ အပိုင်ထိုးသွင်းလိုက်သော လက်သီး တစ်လုံးက မောင်အုတ်စီ၏ မျက်နှာအနီးက ပွတ်၍ထွက်သွားခြင်း ဖြစ်လေ၏။

'ဖုန်း၊ ဖုန်း' ဆိုသောအသံမှာ မင်းဒင်၏ရင်ဝသို့ မောင်အုတ် စီ၏ ထောက်လက်သီးနှစ်ချက် ဆင့်ဝင်သွားခြင်းဖြစ်ကာ မင်းဒင် ... အနည်းငယ်ကွေးသွားလေ၏။ ထိုအချိန်တွင် အောက်သို့ငိုက်ကျလာသော မင်းဒင်၏ မျက်နှာမှာ အကာအကွယ်မဲ့နေသည်ဖြစ်ရာ မောင်အုတ်စီ အနေနှင့် စိတ်ကြိုက်ထိုးလိုက်၍ ရသော်လည်း မောင်အုတ်စီက မထိုးဘဲ

www.burmeseclassic.com



နောက်သို့ ဆုတ်လိုက်လေ၏။

"ဟာ... ထိုးပါလားကွ မောင်အုတ်စီရဲ့"

ဟု ပရိသတ်ကြီးက ပိုင်း၍အော်ကြလေ၏။ သို့သော် သက်လုံကောင်းသော မင်းဒင်က ချက်ချင်းပြန်၍ ခါးကိုမတ်လိုက်ကာ မောင်အုတ်စီထံသို့ ပြေးဝင်လာကာ မောင်အုတ်စီ၏ရင်ဝသို့ ဒူးနှင့် ခုန်၍တိုက်လေ၏။ မောင်အုတ်စီက ဖျတ်ခနဲ ရှောင်ပေးလိုက်ကာ အရှိန်လွန်သွားသော မင်းဒင်၏ပခုံးကို တံတောင်နှင့် ဆတ်ခနဲ တွက်လိုက်လေ၏။

မင်းဒင်မှာ ပြေးဝင်လာသောအရှိန်နှင့် မောင်အုတ်စီ တွက်လိုက်သော တံတောင်ချက်တို့ ပေါင်းမိသွားကာ ယိုင်ထွက်သွားပြီးလျှင် ကြိုးဝိုင်းရှိ ကြိုးတန်းများဆီသို့ ရောက်သွားလေတော့၏။

ထိုအချိန်မှစ၍ မင်းဒင်သည် အရှိန်နှင့် ပြေး၍ မဝင်ရဲတော့ဘဲ နောက်သို့ ဆုတ်သွားလေတော့၏။

တစ်ယောက်နှင့်တစ်ယောက် လှည့်ပတ်ကာ ချောင်းနေကြပြီးလျှင် မင်းဒင်က ရှေ့သို့ ဖျတ်ခနဲတိုးကာ မောင်အုတ်စီ၏မေးဖျားကို ခြေထောက်နှင့် လှမ်း၍ခတ်လေ၏။

"ခွပ်... ဝုန်း"

မောင်အုတ်စီ အငိုက်မိသွားလေတော့၏။ မေးဖျားကို မင်းဒင်၏ ခြေများက မိမိရရ ဝင်သွားကာ မောင်အုတ်စီ တစ်ပတ်လည်၍ လဲကျလေတော့၏။

"ဝေး... မင်းဒင်ကွ၊ မင်းဒင်"

ဟူသော အားပေးသံကြီးမှာ ဆူညံ၍ ထွက်လာလေတော့၏။ ထိုအချိန်တွင် ဒိုင်လူကြီးက ပွဲကို ခေတ္တရပ်ခိုင်းကာ မောင်အုတ်စီထံသို့

www.burmeseclassic.com



ပဝါနှင့်ရေဖလုံကို ယူလာလေ၏။ သို့သော် မောင်အုတ်စီက ခေါင်းခါပြလေ၏။ ပဝါလည်းမကူ၊ ရေလည်းမရှုသော မောင်အုတ်စီပင် ဖြစ်လေတော့၏။ ဤအဖြစ်အပျက်ကို မြင်ရသော ပရိသတ်ကြီးက စုတ်တသတ်သတ် လုပ်ကာ...

"မောင်အုတ်စီက လူကောင်သာသေးတာပေ့ါ၊ သတ္တိကတော့ မသေးဘူးဗျ"

ဟု ချီးမွမ်းကြလေ၏။ ခေါင်းမူးမိုက်သွားသော မောင်အုတ်စီသည် အားတင်းကာ ပြန်၍ထလေ၏။ ပြီးလျှင် သတ်ကွင်းသို့ ရဲရဲဝံ့ဝံ့ပင် ပြန်၍ လျှောက်လာလေ၏။

"အုတ်စီ၊ မနှင်းဆီကို လက်လွှတ်ပြီး ဒီက အမြန်ဆုံးပြန်မလား"

ဟု မင်းဒင်က မေးလေ၏။ ထိုအခါ မောင်အုတ်စီက ပြုံး၍

"ဝေးသေးတယ် မင်းဒင်"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ မင်းဒင်က ခေါင်းညိတ်၍

"ကောင်းပြီလေ၊ ငါက ညှော်သည်မို့လို့ ညှာတာပါ။ ဒါဆိုတော့ ငါ့အလွှန် မရှိတော့ဘူးပေါ့ကွာ"

ဟု မင်းဒင်က ရိသဲ့သဲ့စကားများပြောရင်း မောင်အုတ်စီ၏ အလစ်ကိုသာ ချောင်းနေလေတော့၏။ စောစောကကဲ့သို့ မောင်အုတ်စီ၏ အငိုက်တစ်ချက်၊ အလစ်တစ်ချက်ကို လှည့်ပတ်ချောင်းလေတော့၏။

မင်းဒင်၏အကြံကို ရိပ်မိသော မောင်အုတ်စီက မသိဟန်ဆောင်ကာ မင်းဒင် ဝင်လာစေရန် လစ်သွားဟန်ပြုလိုက်လေ၏။ မင်းဒင်ကလည်း အခွင့်အရေးကို လက်မလွှတ်ဘဲ ပြေးဝင်လာရာ မောင်အုတ်စီ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ခြေဖြင့် ခုန်၍ကန်လေ၏။

"ပိုး..."

သည်ယုန်ကိုမြင်သဖြင့် သည်ချုံကိုထွင်လိုက်သော မောင်အုတ်စီ၏ အကွက်ထဲသို့ မင်းအင် တည့်တည့်ကြီးဝင်သွားလေတော့၏။ မောင်အုတ်စီက ဘေးသို့ ဆတ်ခနဲ ခုန်ထွက်လိုက်ကာ မင်းအင်၏ပါးချောင်ဆီသို့ ညာဖြောင့်လက်သီးတစ်လုံးကို မိမိရရ ထိုးသွင်းလိုက်လေတော့၏။

"ခွပ်... ဘုန်း"

သွားပြီ။ မင်းအင် ခေါင်းကြီး ဘေးသို့လည်ထွက်သွားကာ ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့၏။

"ဝေး... မောင်အုတ်စီကွ"

ဟု ပရိသတ်၏ အော်ဟစ်သံကြီး ထွက်ပေါ်လာလေတော့၏။ မင်းအင်မူးသွားလေပြီ။ သို့သော် သက်လုံကောင်းသော မင်းအင်က ပြန်ထလာလေ၏။ မင်းအင်၏မျက်နှာကြီးတွင် တစ်ခြမ်းဖူးရောင်ထလာလေတော့၏။

မင်းအင်... ဒေါသတို့ လုံးလုံးပေါက်ကွဲသွားလေပြီ။ ဘာကိုမှ မဆင်ခြင်တော့ဘဲ မောင်အုတ်စီကိုသာ အတင်းဝင်ပူး၍ လိုက်ထိုးလေတော့၏။

"ဝေး... မင်းအင်ကွ။ မောင်အုတ်စီကွ"

ဟူသော ပရိသတ်၏ အားပေးသံကြီးသည် ကျက်ကျက်ညံ၍နေလေတော့၏။ လက်ဝှေ့ပရိသတ်ကြီးအားလုံးသည် လက်သီးလေးမောင်းတွန်းကာ မနားတမ်း အော်ဟစ်နေလေရာ မရပ်မနားပေ ရှိချေတော့၏။ မင်းအင် ဘာကိုမှ မမြင်တော့ပေ။ မောင်အုတ်စီကိုကား



www.burmeseclassic.com

www.burmeseclassic.com



အသေသတ်ရန် မနားတမ်း လိုက်၍ထိုးလေတော့၏။ တချို့ထိုးချက်များ ကန်ချက်များက မောင်အုတ်စီကို ထိသည်သာဖြစ်၍ မောင်အုတ်စီက လည်း ကြိုးစား၍ ရှောင်နေသော်လည်း ချက်တိုင်းလိုတော့ ရှောင်နိုင်သည် မဟုတ်ပေ။ မောင်အုတ်စီ၏ မျက်နှာတစ်ခုလုံးတွင် ဖူးရောင်ထလာကာ မျက်စိပေါက်ကလေးပင် ကျဉ်း၍လာလေတော့၏။

မောင်အုတ်စီ၏ ပြန်ထိုးသောလက်သီးချက်များကလည်း မင်းဒင်၏ ရင်ဝသို့ တဖုန်းဖုန်း ထိနေသည်ဖြစ်ရာ မင်းဒင်သည် ပို၍မောလာကာ တစ်ကိုယ်လုံး ချွေးများရွှဲရွှဲစို၍နေကာ ခြေလှမ်းများလည်း သိပ်၍ မမှန်တော့ပေ။

လက်ဝှေ့ပွဲကြီးသည် တဖြည်းဖြည်းနှင့် ကြောက်ခမန်းလိလိ ဖြစ်လာလေတော့၏။ မင်းဒင်ရော မောင်အုတ်စီပါ ရှောင်ခြင်းတိမ်းခြင်း မပြုကြတော့ဘဲ တစ်ယောက်တစ်ချက် ပေး၍ထိုးနေသကဲ့သို့ ဖြစ်လေတော့၏။

"ဝေး... သတ္တိခဲတွေကွ"

ဟု ပရိသတ်က ဆူညံအော်ဟစ်နေလေတော့၏။

"ခွပ်... ဖုန်း... ခွပ်... ဖုန်း"

မင်းဒင်က မောင်အုတ်စီ၏မျက်နှာကို ထိုးသည်။ မောင်အုတ်စီကလည်း မရှောင်တော့။ မင်းဒင်ထိုးသမျှထိသည်သာ ဖြစ်၏။ မောင်အုတ်စီကလည်း မင်းဒင်၏ ညိုမည်းနေသော အရှိက်ကိုသာ ဇိုင်ထိုးလေ၏။ မင်းဒင်ကလည်း မရှောင်တော့သဖြင့် မောင်အုတ်စီထိုးသမျှ ထိသည်ချည်းဖြစ်၏။ သို့သော် နှစ်ယောက်စလုံး ခြေကုန်လုံးပန်းကျနေပြီ ဖြစ်ရာ နှစ်ယောက်စလုံး၏ လက်သီးချက်များက ပြင်းပြင်းထန်ထန်



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့သောကြောင့် မည်သူမျှ လဲကျခြင်း မရှိသေးပေ။

သို့သော် အရှိုက်ကိုထိတိုင်း အသက်ရှူမှားသွားသော မင်းဒင်သည် တဖြည်းဖြည်းနှင့် ခေါင်းများမူးလာကာ ဒူးညွှတ်၍ ကျသွားလေတော့၏။ ဤအချိန်ကိုစောင့်နေသော မောင်အုတ်စိသည် နောက်သို့ အနည်းငယ်ဆုတ်လိုက်ကာ မင်းဒင်၏မေးစေ့သို့ ပင့်လက်သီးတစ်ချက်ကို မိမိရရ ထိုးသွင်းလိုက်လေတော့၏။

"ခွပ်... ဖုန်း"

သွားပြီ။ လဲလုလဲခင်ဖြစ်နေသော မင်းဒင်သည် ခေါင်းကြီးနောက်သို့ တစ်ချက်လန်သွားကာ လဲပြိုကျသွားလေတော့၏။

"ဝေး... မောင်အုတ်စိဟေ့၊ မောင်အုတ်စိ နိုင်ပြီဟေ့"

ဟူသော အော်သံကြီးက မိုးပေါ်သို့ ပျံတက်သွားလေတော့၏။ မင်းဒင်ကတော့ ပြန်၍ထနိုင်ဖို့ဝေးစွ၊ သူ့ခန္ဓာကိုယ်ကြီးကို ကြိုးဝိုင်းထဲမှ သယ်ထုတ်သွားသည်အထိ သတိမရသေးပေ။ မောင်အုတ်စိလည်း ကြိုးဝိုင်းထဲတွင် ဖူးရောင်နေသောမျက်နှာကြီးနှင့် ကျန်ရစ်ခဲ့လေ၏။

"ဝေး... မောင်အုတ်စိကွ"

ဟူသော အော်သံကြီးသည် မရပ်မနား ပေါ်ထွက်နေလေတော့၏။ တကယ့် ပွဲကြီးပွဲကောင်းတစ်ပွဲကို ကြည့်ရတော့မည်ဟု မျှော်လင့်ထားသော ပရိသတ်ကြီးသည်လည်း ထင်ထားသည့်အတိုင်း ယောက်ျားပီပီသသ၊ ရေကုန်ရေခန်းထိုးသွားသော မင်းဒင်နှင့် မောင်အုတ်စိတို့ နှစ်ယောက်စလုံးကို ချီးမွမ်းကြ၍ မဆုံးနိုင်အောင် ရှိကြလေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## ချစ်ပြုံးနှင်းဆီတစ်ပွင့်

မောင်အုတ်စီနှင့် မင်းခင်၏ လက်ထပ်ပွဲပြီး၍ သုံးရက်မြောက်နေ့တွင် ဘုန်းကြီးပျံသင်္ဂြိုလ်ပွဲ ပြုလုပ်ကြလေ၏။ အဂ္ဂိနရျာပနာတွင် မောင်အုတ်စီတို့သားအဖသည် အတိမ်းအစောင်းမရှိအောင် အားလုံးစီစဉ်ပေးခဲ့လေ၏။ လောင်တိုက်ပေါ်တွင်ရှိသော ဆရာတော်၏ ရုပ်ကလာပ်ကို ဒုံးလွှတ်၍ အဂ္ဂိပူဇာပြုလုပ်ကာ မီးရှို့ပေးကြလေ၏။ ဤသို့ဖြင့် ပေါမန်ရွာဆရာတော်ဘုရား၏ အဂ္ဂိနရျာပနသဘင်သည် အောင်မြင်စွာပြီးဆုံးသွားခဲ့လေတော့၏။

ပေါမန်ရွာမှ ဘုန်းကြီးပျံပွဲအတွက် တာဝန်ယူထားရသူများက ဆရာဦးမိုးသီးနှင့် မောင်အုတ်စီတို့ကို လက်သမားခများပေးပြီးကာ ကျေးဇူးတင်ကြောင်း ပြောကြလေ၏။

မောင်အုတ်စီတို့ တည်းခိုသောကျောင်းသို့ ပြန်ရောက်သော

www.burmeseclassic.com



အခါ ကျောင်းတွင် မင်းဒင်ခေါင်းဆောင်သော ရွာမှကာလသားများက ရောက်ရှိနေနှင့်ကာ မောင်အုတ်စီအား ဖက်လှဲတကင်းပြုလုပ်ကာ မင်းဒင်က ပြောလေ၏။

"အုတ်စီ၊ မင်းနဲ့ငါ မနှင်းဆီနဲ့ပတ်သက်ပြီး ယောကျ်ားပီပီသသ လက်ဝှေ့ထိုးခဲ့ကြတယ်။ အဲဒီပွဲမှာ မင်း ထိုက်ထိုက်တန်တန် နိုင်သွားခဲ့တယ်။ ငါ ကျေနပ်သွားပါပြီ အုတ်စီ။ မင်းနဲ့ မနှင်းဆီတို့ရဲ့ လမ်းကြောင်းမှာ ငါ ဘယ်တော့မှ အနှောင့်အယှက်မဖြစ်စေရပါဘူးကွာ။ ပြီးတော့ မင်းနဲ့ မနှင်းဆီ မင်္ဂလာဆောင်ရင်လည်း ငါတို့ ကာလသားတွေက ရွာထုံးစံနဲ့အညီ ပျော်ပျော်ရွှင်ရွှင် ဝိုင်းပြီးလုပ်ကိုင်ပေးကြမယ်။ အခုအချိန်ကစပြီး မင်းကို ငါတို့ရဲ့ ပေါမန်ရွာသားအဖြစ် တို့က အသိအမှတ် ပြုပါတယ်ကွာ"

ဟု မင်းဒင်က ယဉ်ယဉ်ကျေးကျေး ပြောလေရာ မောင်အုတ်စီကလည်း

"ငါ ဝမ်းသာတယ် မင်းဒင်ရာ။ မင်းတို့ရွာကိုလည်း ငါ သိပ်လေးစားသွားပါတယ်။ မင်းတို့ ပေါမန်ရွာသူ ရွာသားများဟာ အင်မတန်ရိုးသားပွင့်လင်းကြတယ်၊ သတ္တိလည်း အင်မတန်ကောင်းကြတယ်ဆိုတာ ငါ သိပါတယ်ကွာ။ ငါ့ကို မင်းတို့ရွာသားအဖြစ် အသိအမှတ်ပြုကြတာ ငါ အရမ်းဝမ်းသာပါတယ်"

"အုတ်စီ၊ မင်းအဖေ ဆရာကြီးဦးမိုးသီးကို လွှတ်ပြီး ငါ့အဖေ သူကြီးဆီမှာ မင်းနဲ့မနှင်းဆီအကြောင်း ပြောပါ။ ငါ အားလုံး ပြောထားပြီးသွားပါ။ ဒါ တို့ရွာရဲ့ ထုံးစံပဲ။ တခြားရပ်ရွာကလူက ဒီရွာက မိန်းကလေးကို ယူချင်ရင် သူကြီးဆီကို အရင်သွားပြီး ပြောရတယ်။ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ဂ့ါအဖေက ဦးဆောင်ပြီး နားဖောက်ပေးလိမ့်မယ်''

"ဟော... ဟုတ်လား မင်းဒင်''

ဟု မောင်အုတ်စီက ပြောကာ သူ့အဖေကို လှည့်ကြည့်လေ၏။ ထိုအခါ ဦးမိုးသီးက ပြုံးပြုံးကြီးလုပ်၍ သူ့သားမောင်အုတ်စီကို ကြည့်ပြီး လျှင်

"ငါ့သား မောင်အုတ်စီ၊ ဒါဟာ မိဘတွေရဲ့ တာဝန်ပဲကွာ။ အဖေ ဒီညပဲ သူကြီးနဲ့ သွားတွေ့ပြီး ပြောမယ်။ ပြီးရင် သူကြီးစီစဉ်တဲ့ အတိုင်း ဆက်လုပ်တာပေါ့ကွာ။ ငါ့သားနဲ့ မနှင်းဆီကိစ္စကို အဖေ အားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးမှာပေါ့''

ဟု ပြောလိုက်လေရာ မောင်အုတ်စီလည်း ပျော်သွားလေ တော့၏။ ထိုညက ဦးမိုးသီးနှင့် ကိုညွန့်က သူကြီးအိမ်သို့ သွားကြကာ မောင်အုတ်စီနှင့် ကိုဘမောင်က မင်းဒင်တို့ ကာလသားများနှင့်အတူ ဟောမန်သားအဖြစ် ခံယူရန် ထန်းရည်ဆိုင်သို့ ပျော်ပျော်ပါးပါး လိုက်သွား ကြလေတော့၏။ ထိုညက မောင်အုတ်စီသည် ရွာခံကာလသားများနှင့် သူငယ်ချင်းဖြစ်သွားကာ ပွဲဈေးတန်းတွင် အတူတူ လည်ပတ်ကြလေ တော့၏။ အထူးသဖြင့် မောင်အုတ်စီနှင့် မင်းဒင်သည် အထူးခင်မင် ခဲ့ကြလေ၏။

ပွဲဈေးတန်းတွင် ထိုင်နေသော လူများသည် လည်ပင်းဖက်၍ လျှောက်လာကြသော မင်းဒင်နှင့် မောင်အုတ်စီကို တွေ့ကြသောအခါ အံ့သြ၍ ဝမ်းသာပျော်ရွှင်သွားကြလေ၏။ ဟိုတစ်နေ့ကမှ တစ်ယောက်နှင့် တစ်ယောက် ရေကုန်ရေခမ်း ထိုးကြကြိတ်ကြသော လူငယ်နှစ်ယောက် သည် ယခုကဲ့သို့ ခင်မင်ရင်းနှီးစွာ လမ်းလျှောက်၍သွားနေကြလာကြသည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့သောအခါ အံ့ဩရုံမက ဝမ်းသာလေးစားကြလေ၏။

မောင်အုတ်စီ၏ကိစ္စ ရှိနေသေးသဖြင့် ဦးမိုးသီးလည်း ရန်ကုန်ကို မပြန်နိုင်အောင် ရှိနေရလေတော့၏။ နောက်တစ်နေ့မနက်မှာပင် သူကြီးအစီအစဉ်ဖြင့် ရွာမှ လူကြီးငါးယောက်ကိုခေါ်ကာ မနှင်းဆီတို့အိမ်သို့သွား၍ မောင်အုတ်စီနှင့် မနှင်းဆီတို့ကိစ္စကို ပြောကြလေ၏။ လွန်စွာသဘောကောင်းသော ဦးကျော်ရင်နှင့် ဒေါ်ယိမ်းတို့ကလည်း

"သူကြီးရယ် အခုလို သူကြီးကိုယ်တိုင်လာပြီး မြန်းတဲ့ကိစ္စကို ဝမ်းသာမိပါတယ်ဗျာ။ ကျွန်တော့်သမီးကလေး စိတ်ချမ်းသာမယ်ဆိုရင် ဘယ်သူနဲ့မဆို ကျွန်တော်တို့လင်မယားက သဘောတူမှာပါဗျာ။ သူကြီးတို့ ဦးမိုးသီးတို့သာ တိုင်ပင်ပြီး မင်္ဂလာနေ့ရက်ကို သတ်မှတ်ကြပါဗျာ"

"ကောင်းပြီလေ၊ ကိုကျော်ရင်ရယ် ဒါဆိုတော့ ကိုမိုးသီးရယ်၊ ငါရယ် ဟောဒီက လူကြီးတွေရယ် သင့်သလို တိုင်ပင်ပြီး စီစဉ်ရမှာပေါ့လေ"

"ဒြော်... ဒါထက် ကလေးတွေက မင်္ဂလာဆောင်ပြီးတဲ့အခါ ဘယ်မှာနေကြဖို့ စီစဉ်ကြသလဲဗျ"

ဟု ဦးကျော်ရင်က မေးသောအခါ ဦးမိုးသီးက...

"ကျွန်တော့်သဘောပြောရရင်တော့ ကျွန်တော့်မှာက ဒီသားကလေးတစ်ယောက်ပဲ ရှိတာမို့လာ ဦးကျော်ရင်ရယ်။ ဒီတော့ မနှင်းဆီကလေးကို ရန်ကုန်ကိုပဲ ခေါ်သွားချင်ပါတယ်။ ရန်ကုန်မှာက ကျွန်တော်တို့ သားအဖက အလုပ်တွေ လက်မလည်အောင် လုပ်နေရတာဗျ။ ပြီးတော့ မောင်အုတ်စီဟာ အရွယ်ငယ်ပေမယ့် ရန်ကုန်မြို့ကြီးရဲ့ လက်သမားဆရာတွေကြားမှာကို နာမည်ကျော်နေပါပြီဗျာ။ ဒီတော့ မနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရှေ့ရေးအတွက်လည်း စိတ်အေးရမှာပါ။ ဒီမှာဆိုရင် ဒီကောင် အုတ်စီက လယ်ယာချောင်းမြောင်းနဲ့ လုပ်ကိုင်စားတတ်မှာ မဟုတ်ဘူး ထင်တယ်"

"အင်း.. ကိုမိုးသီးပြောတာ သဘာဝကျပါတယ်ဗျာ။ ဒါတော့ သျှောင်နောက်ဆံထုံးပါဆိုသလိုပေါ့လေ။ မနှင်းဆီကို မောင်အုတ်စီတို့ ရန်ကုန်ကိုပဲ ထည့်လိုက်ရမှာပေါ့"

ဟု ဦးကျော်ရင်က သမီးအကြီးကို ခွဲရမှာ စိတ်မကောင်းသလို ဖြင့် ပြောလေ၏။

"ဒါကတော့ ထုံးစံပါပဲ ဦးကျော်ရင်ရယ်။ သမီးတွေချည်း မွေးထားတာဆိုတော့ အကုန်ထည့်လိုက်ရမှာပဲ ထင်တယ်။ နောက်ဆုံး တော့ ဒီအဘိုးကြီးနဲ့ အဘွားကြီးနှစ်ယောက်ပဲ စလယ်ဝင်အိုးကလေး ပြန်ချက်ကြပေါ့ဗျာ။ ဟား.. ဟား.. ဟား"

ဟု ရယ်မောပြောဆိုရင်းဖြင့် မောင်အုတ်စီနှင့် မနှင်းဆီတို့၏ မြန်းသောကိစ္စ ပြီးမြောက်သွားခဲ့လေတော့၏။

"ဒီလိုဆိုရင် ဝါမဝင်ခင်မှာ မင်္ဂလာရက်ရွေးကြတာပေါ့ဗျာ"

ဟု သူကြီးက နောက်ဆုံး အဆုံးအဖြတ် ပြုလိုက်လေတော့၏။

မနှင်းဆီကို နှုတ်ဆက်၍ မောင်အုတ်စီတို့ ရန်ကုန်ကို ပြန်ခဲ့ ကြလေ၏။

လက်သမားဆရာကြီး ဦးမိုးသီးလည်း ပြုံးပြုံး ပြုံးပြုံးနှင့် အကျေနပ်ကြီး ကျေနပ်နေကြလေ၏။

"ညွှန့်ရေ ကလေးမလေးက မောင်အုတ်စီ ကြိုက်မယ်ဆို လည်း ကြိုက်လောက်ပါပေတယ်။ အတော်ချောတာပဲဟား"



www.burmeseclassic.com

www.burmeseclassic.com



"ချောတာထက် ဆန်းတာက ပိုတယ် ဆရာကြီးရဲ့"

"ဟေ… ဘာတွေက ဆန်းနေလို့လဲ။ ဘုန်းကြီးပျံပွဲမှာ တစ်ယောက်နဲ့တစ်ယောက် တွေ့ပြီးကြိုက်ကြတာပဲမို့လား"

"ဟာ… မဟုတ်ဘူး ဆရာရဲ့။ မောင်အုတ်စိက အဲဒီကလေး မလေးကို အိပ်မက်ထဲမှာ တွေ့ပြီး အိပ်မက်ထဲမှာတင် သမီးရည်စား ဖြစ်နေတာ သုံးနှစ်လောက် ရှိပြီတဲ့"

"ဟေ… ဘယ်လိုဟာလဲကွ"

"နေဦး ဆရာ၊ မအံ့သြနဲ့ဦး။ အဲဒီကလေးမလေးကလည်း မောင်အုတ်စိလိုပဲ အိပ်မက်တွေ အမြဲမက်ပြီး မောင်အုတ်စိကို သိနေပြီးသားဆရာ။ စတွေ့တဲ့ညက တစ်ယောက်နာမည်ကို တစ်ယောက်က တန်းပြီးခေါ်တာ ဆရာ"

"ဟာ… တယ်လည်းထူးဆန်းပါလားကွ။ အင်း… ဒါပေမဲ့ ဒါမျိုးတွေက ဖြစ်တော့ဖြစ်တတ်တဲ့ အရာပါပဲလေ။ ငါ ကြားဖူးတယ် မောင်ညွန့်ရဲ့"

"လူ့လောကကြီးကလည်း အဆန်းသားပါလား ဆရာကြီးရဲ့"

"ဒါပေါ့ကွာ။ လောကလို့သာ တစ်ခွန်းတည်းခေါ်ပေမယ့် ကျယ်ဝန်းသားကလား မောင်ညွန့်ရဲ့။ ကိုယ်မသိနားမလည်တာနဲ့တင် သူများ သိတာ၊ တတ်တာကို မဝေဖန်မရှုချသင့်ဘူးကွယ့်"

"ဟုတ်တာပေါ့ ဆရာကြီးရယ်"

ထိုသို့ ပြောဆိုနေစဉ်မှာပင် မောင်အုတ်စိသည် အိပ်ခန်းထဲမှ ထွက်လာကာ ကုလားထိုင်တစ်လုံးတွင် ထိုင်၍ငိုင်နေလေ၏။

"အလို… လူကလေးမောင်အုတ်စိ၊ နေမကောင်းလို့လား



www.burmeseclassic.com

www.burmeseclassic.com



ကွယ့်"

ဟု ဦးမိုးသီးက မေးလေရာ မောင်အုတ်စိသည် ငိုင်၍သာ နေလေ၏။

"ဟာ… ပြောလေ မောင်အုတ်စိ။ မင်း ဘာများသန္ဒရှိလို့လဲ၊ မနှင်းဆီကို သတိရနေလို့လား"

"သတိရနေတာ မဟုတ်ပါဘူး ဦးလေးညွန့်ရာ။ အိပ်မက်မက် တာပါ။"

"ဟော… မင်းတို့ချင်းတွေ့လို့ လက်ထပ်ဖို့တောင် စီစဉ်နေ ကြပြီပဲ၊ အိပ်မက်က လာတုန်းပါလားကွ"

"ဟုတ်တယ် ဦးလေးညွန့်။ ဒီတစ်ခါမက်တဲ့ အိပ်မက်က မကောင်းဘူးဗျာ"

"ဘာများမက်လို့တုန်း လူကလေးရဲ့"

ဟု ဦးမိုးသီးက ဝင်၍မေးလေ၏။ ထိုအခါ မောင်အုတ်စိက

"ဒီလိုအဖေရဲ့။ အိပ်မက်ထဲမှာ ကျွန်တော်နဲ့မနှင်းဆီဟာ တိုင်တွေကို ရွှေချထားတဲ့အိမ်ကြီးတစ်လုံးထဲမှာ ရောက်နေတယ်။ ကျွန်တော်တို့ရှေ့မှာရှိတဲ့ ရွှေကုလားထိုင်ကြီးပေါ်မှာ လူကြီးတစ်ယောက် ဘွားခနဲပေါ်လာတယ်၊ မနှင်းဆီက အဲဒီလူကြီးကိုလည်းတွေ့ရော လန့်ပြီး ချက်ချင်းဒူးတုပ်ရှိခိုးတော့တာပဲ"

"ဒီမှာတင် အဲဒီလူကြီးက မနှင်းဆီကို စိုက်ကြည့်ပြီး နင့် အိမ်ထောင်ပြုခွင့်မရှိဘူး။ နင့်ကို ငါ အိမ်ထောင်ပြုခွင့် မပေးလိုက်ဘူး မို့လား။ နင်တို့နှစ်ယောက် ဒီအတိုင်းနေ။ ဒါထက် ရှေ့ဆိုးရင်တော့ နင် ပြန်လာဖို့ပြင်ထားပေတော့လို့ ပြောပြီး ပျောက်သွားတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



မနှင်းဆီဆိုတာလေ အိပ်မက်ထဲမှာ ကျွန်တော့်ကိုမက်ပြီး ငိုပါလေရောဗျာ”

“ဟင်… ဒါက အိပ်မက်ပါလူကလေးရာ သွားပြီးစွဲမနေပါနဲ့။ အိပ်မက်ဆိုတာ သွေးကြောင့်လည်း မက်သလို၊ လေကြောင့်လည်း မက်တာပါပဲကွာ”

“ဟုတ်တော့လည်း ဟုတ်ပါတယ် အဖေ၊ ဒါပေမဲ့ ဒီအိပ်မက် မက်ပြီးတော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်”

“ဟာကွာ… မောင်အုတ်စိကလည်း ဒါတွေကို အစွဲအလန်း မထားစမ်းပါနဲ့။ ဒါတွေ ယုံမနေနဲ့။ သွား… သွား… လန်းလန်းဆန်း ဆန်းသာနေ”

ဟု ကိုညွှန့်ကလည်း ပြောလေ၏။ မောင်အုတ်စိလည်း ရေချိုး လိုက်ဦးမယ်ဟုပြောကာ ထသွားလေတော့၏။ သည်တော့မှ ဦးမိုးသီးနှင့် ကိုညွှန့်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်နေကြလေတော့၏။

ရက်လတွေကြာညောင်း၍ တစ်လပြီးတစ်လ ပြောင်းလာခဲ့ပြီ ဖြစ်ရာ မောင်အုတ်စိနှင့် မနှင်းဆီတို့၏ မင်္ဂလာရက်မြတ်ပင် ရောက်လာ ခဲ့လေတော့၏။

ဟေမန်ရွာတစ်ရွာလုံးက ဝမ်းပန်းတသာနှင့် မောင်အုတ်စိကို ကြိုဆိုကြလေ၏။ မင်္ဂလာပွဲကို မနှင်းဆီတို့ အိမ်ဝိုင်းကြီးထဲမှာပင် မဏ္ဍပ်ထိုး၍ မင်္ဂလာပွဲကို မြိမ့်မြိမ့်သဲအောင် ကျင်းပကြလေ၏။

ရွာလုံးကျွတ် မီးခိုးတိတ်သွားအောင် ကျွေးမွေးဧည့်ခံသရာ ဟေမန်ရွာမှ မင်းဒင်ဦးဆောင်သော ကာလသားများကလည်း ဝမ်းသာ ပျော်ရွှင်နေကြကာ မမောမပန်း လာသမျှပရိသတ်ကို ဧည့်ခံကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကြီးအတွင်း မောင်အုတ်စီသည် မင်းသားကလေး တစ်ယောက်နှယ် လုပခန့်ညားနေသကဲ့သို့ မနှင်းဆီသည်လည်း နန်းဆန် သော အလှနှင့် နေနှင့်လပမာ တွဲဖက်ညီစွာဖြင့် တစ်ယောက်လက်ကို တစ်ယောက်တွဲကာ မမောနိုင်အောင် ဧည့်ခံနေကြလေတော့၏။

ရာသီကလည်း ပူအိုက်သော အချိန်ဖြစ်သည့်အပြင် လူ ပရိသတ်က များလွန်းလေရာ ဧည့်ခံရသူများမှာ ချွေးလုံးပြန်၍နေကြလေ တော့၏။

မနက်ပိုင်းမှာပင် ထိမ်းမြားမင်္ဂလာပြုပြီးပြီဖြစ်၍ ဘိသိက်လည်း သွန်းပြီးပြီဖြစ်ရာ မောင်အုတ်စီနှင့် မနှင်းဆီတို့သည် အကြင်လင်မယား အဖြစ်သို့ ရောက်ရှိပြီးကြလေပြီဖြစ်၏။ တဖြည်းဖြည်းနှင့် ဧည့်ပရိသတ် ကြီးသည် ပြန်သွားကြလေတော့၏။ မင်းဒင်ဦးဆောင်သော ကာလသား များသာ မဏ္ဍပ်ထဲတွင် ကျန်နေကာ သူကြီးနှင့် လူကြီးများက အိမ်ကြီး ပေါ်တွင်ထိုင်ကာ စကားပြောနေကြလေတော့၏။ ထိုအချိန်မှာပင်...

"ဟင်... မနှင်းဆီ၊ မနှင်းဆီ။ ဟာ... လာကြပါဦး။ ဒီမှာ မနှင်းဆီမူးလဲလို့ ကြီးတော်ယိမ်းရေ"

ဟူသော အော်သံသည် အိမ်ကြီးပေါ်မှ ထွက်လာလေရာ မဏ္ဍပ်ထဲတွင်ထိုင်၍ စကားပြောနေကြသော ကာလသားများသည် ရုတ် တရက် တိတ်ဆိတ်သွားကာ

"ဟေ့... အုတ်စီ သွားစမ်း။ သွားစမ်း။ မင်းမိန်းမ မနှင်းဆီ မူးလဲလို့တဲ့"

ဟု မင်းဒင်က ပြောလိုက်လေရာ မောင်အုတ်စီလည်း အိမ် ကြီးပေါ်သို့ ပြေး၍တက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မနှင်းဆီ... မနှင်းဆီ၊ ဟာ... လုပ်ပါဦး ကိုကျော်ရင်ရဲ့။ တော့်သမီး ခေါ်လို့လည်း မရတော့ဘူးတော့"

ဟု ဒေါ်ယိမ်း၏အော်ငိုသံသည် မောင်အုတ်စိ၏ရင်ဝသို့ ဆောင့်ကန်လိုက်သကဲ့သို့ ဖြစ်သွားလေတော့၏။

"လာပါဦး မောင်အုတ်စိရဲ့။ မင်းမိန်းမ မနှင်းဆီကို ခေါ်ကြည့်ပါဦးကွယ့်"

မောင်အုတ်စိ မနှင်းဆီ၏ ပျော့ခွေနေသော ကိုယ်လုံးကလေးကို ပြေးပွေ့လိုက်လေ၏။ လူကြီးတွေက ဝိုင်း၍ မနှင်းဆီကို စမ်းသပ်ကြည့်ကြသည်။

"ဟာ... အသက်မရှိတော့ပါလား မယ်ယိမ်း။ ညည်းသမီး ဘယ်လိုဖြစ်တာတုန်းတော်"

ဟု ပြောရင်း မျက်ရည်ဖြိုင်းဖြိုင်းကျကြ၊ ငိုကြလေတော့၏။ စောစောက စည်ကားလှသော မင်္ဂလာအိမ်ကြီးသည် ချက်ချင်းပင် အမင်္ဂလာအိမ်ကြီး ဖြစ်သွားလေတော့၏။

"မနှင်းဆီရယ်"

ဟုသာ မောင်အုတ်စိ တစ်ခွန်းပဲ ပြောနိုင်လေတော့၏။ မောင်အုတ်စိ၏ မျက်လုံးမှ မျက်ရည်မိုးတို့သည် ဖြိုင်ဖြိုင်ရွာလေတော့၏။

"မောင်အုတ်စိရယ် စိတ်ထိန်းပါကွာ"

ဟု မင်းဒင်က မောင်အုတ်စိကို နှစ်သိမ့်လေ၏။

တဖြည်းဖြည်း အေးစက်လာသော မနှင်းဆီ၏ အလောင်းကို မောင်အုတ်စိက မလွှတ်ဘဲ ပွေ့ဖက်ထားလေရာ ကာလသားများက မနည်းပင် ချော့၍ လက်ကို ဖြည်ထုတ်ယူကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မနှင်းဆီကို သင်္ဂြိုလ်၍ ရက်လည်ဆွမ်းသွပ်ပြီးသောနေ့မှာပင် မောင်အုတ်စီသည် ရန်ကုန်သို့ ပြန်ခဲ့လေ၏။ ဟောမန်ရွာမှ အထွက်တွင်တော့

"ဒီဘဝမှာ မဆုံဆည်းခဲ့ရပေမယ့် သံသရာတစ်ကွေ့မှာ ပြန်တွေ့ကြရဦးမှာပေါ့ မနှင်းဆီရယ်။ ကိုအုတ်စီရင်ထဲမှာတော့ မနှင်းဆီရဲ့ ပြုံးနေတဲ့ အချစ်မျက်နှာပုံရိပ်ကလေးက ဘယ်အခါမှ ပျောက်ပျက်သွားမှာ မဟုတ်ဘူးဆိုတာကိုတော့ ကိုအုတ်စီ သစ္စာဆိုပြီး ပြောဝံ့ပါတယ် မနှင်းဆီ။ မနှင်းဆီ မရှိတော့ပေမယ့် ကိုအုတ်စီကတော့ ချစ်လျက်ပါပဲ မနှင်းဆီရယ်"

ဟု မောင်အုတ်စီက ကြေကွဲနေသောရင်ဖြင့် ပြောခဲ့လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## မြင်းခုန်ရွာတွင် အိမ်ဆောက်ခြင်း

အချစ်ကြောင့်ရသော ဝေဒနာကို ကုစားရာတွင် အချိန်ကာလသည် အကောင်းဆုံးဆေးဆရာ ဖြစ်၏။ အချိန်တည်းဟူသော ဆေးဆရာ၏ ကုသမှုကြောင့် မောင်အုတ်စီသည် ခံစားနေရသောဝေဒနာ သက်သာစပြုလာလေတော့၏။ တစ်နှစ်ဆိုသော အချိန်ကာလသည်လည်း နည်းလှသည်တော့ မဟုတ်ပေ။

"လူကလေးရေ မင်းလည်း မေ့သင့်တာတွေ မေ့သလောက်တော့ ရှိပါပြီလေ။ စိတ်ပြေလက်ပျောက် ခရီးလည်းသွားရင်း အလုပ်လည်း လုပ်ရင်း ဆိုသလို အဖေတော့ မြင်းခုန်ရွာမှာ အိမ်တစ်လုံးဆောက်ဖို့ လက်ခံလာခဲ့တယ်ကွယ့်။ အဖေတို့ ဒီကနေ ဆယ်ယောက်လောက် ဆင်းပြီးလုပ်လိုက်ရင် နှစ်လလောက်ဆို ပြီးသွားမှာပါ။ သူ့မှာက သစ်ဝါးကလည်း စုံနေပြီဆိုတော့ မကြာပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမိုးသီးက ပြောလေ၏။ ထိုအခါ မောင်အုတ်စီက

"ကောင်းသားပဲ အဖေ။ ဒါထက် ဘယ်ရွာမှာတုံး"

ဟု မေးလေ၏။ ဦးမိုးသီးက ခေါင်းညိတ်လိုက်ကာ

"ဒီလိုမှပေါ့ လူကလေးရဲ့။ လောကမှ လောကဓံဆိုတာကတော့ ကြုံကြရမှာချည်းပဲကွယ့်။ 'ဝိယောဂဟိဝိပ္ပရောဂေါ' ဆိုတဲ့ ချစ်တဲ့သူနဲ့ ကွေကွင်းရခြင်းဟာလည်း လောကဓံတစ်ပါးပဲပေါ့ကွယ်။ ခံတော့ ခံစားရတာပေါ့။ ဒါပေမယ့်လည်း အသိတရားနဲ့ ဖြေဖျောက်ရတာပေါ့။ ကြံ့ကြံ့ ခံနိုင်ရမှာပေါ့။ ဒါမှ မင်္ဂလာတရားနဲ့ညီတဲ့ ယောကျ်ားဖြစ်မှာ လူကလေးရဲ့"

"ကျွန်တော် နားလည်ပါတယ် အဖေ။ ဒါပေမယ့် ကြုံကာစတုံး ကတော့ လုံးဝကို မထင်မှတ်တာ ဖြစ်ခဲ့တာဆိုတော့ တော်တော့်ကို ခံစားခဲ့ရတာကို ကျွန်တော် မငြင်းပါဘူး။ အခုတော့ ကျွန်တော် ဖြေနိုင်ပါပြီလေ"

"ကောင်းတယ် လူကလေး။ ကောင်းတယ်။ အဖေ အလုပ် လက်ခံခဲ့တဲ့ လူက တရုတ်ထောင်ကဲကွယ့်။ ပိုက်ဆံတော့ ရှိပုံပါပဲ။ လူကတော့ အကုသိုလ်သမားကွယ့်။ ဝက်ဝယ်ပြီး ရောင်းတဲ့လူပဲ"

"ဒါကတော့ သူ့အလုပ် သူလုပ်တာပေါ့ အဖေရာ။ ကဲ... ဘယ်တော့ သွားကြမလဲ"

"နောက်တစ်ပတ်ထဲမှာ သွားကြမယ် လူကလေး။ မင်း ဦးလေး ညွန့်နဲ့ ဦးလေးဘမောင်ကိုတောင် လက်သမားတွေ စုခိုင်းလိုက်ပြီကွယ်"

ဟု ဦးမိုးသီးက ပြောလေ၏။ ဤသို့ဖြင့် နောက်တစ်ပတ်ထဲ မှာပင် မြင်းခုန်ရွာသို့ ဆင်းခဲ့ကြလေတော့၏။ မြင်းခုန်ရွာမှ ဘုန်းတော် ကြီးသည် ဦးမိုးသီးနှင့် ရင်းနှီးဖူးလေရာ ဘုန်းကြီးကျောင်းကြီးထဲမှာပင်

www.burmeseclassic.com

www.burmeseclassic.com



မောင်အုတ်စီတို့ တည်းခိုရှိ ချက်ပြုတ်စားသောက်ကြလေ၏။

ဝက်အရောင်းအဝယ်လုပ်သော တရုတ်ကြီး အလျောင်သည် လွန်စွာ ပစိပစပ်များသူတစ်ယောက် ဖြစ်လေရာ သူ၏အိမ်ကို ဟိုလို ဆောက်ပါ။ သည်လိုဆောက်ပါ။ ဘယ်လိုမလုပ်ပါနဲ့ စသည်ဖြင့် မကြာ မကြာ လာ၍ပြောနေလေရာ မောင်အုတ်စီသည် ဒေါသဖြစ်လာသဖြင့်

"ဟေ့လူ... အလျောင်၊ ခင်များအိမ်ကို ကျုပ်တို့ ဆက်ဆောက် ပေးရမလား။ မဆောက်ရဘူးလား။ ဒါပဲပြော။ ကျုပ်နာမည် အုတ်စီ။ ကျုပ်အဖေက ဦးမိုးသီး။ ခင်ဗျား ရန်ကုန်ရောက်ဖူးလား။ ကျုပ်တို့ နာမည်ကော ကြားဖူးရဲ့လား"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သောအခါတွင်မှ...

"ဟာ... ဝ ရန်ကုန်ကို ရောက်ဖူးပါတယ်။ မောင်အုတ်စီတို့ သားအဖ နာမည်ကြီးတာလည်း သိပါတယ်။ ဝ မိပြောနဲ့ဆိုရင် မိပြောပါ ဘူး မောင်အုတ်စီ။ ဝရဲ့အိမ်ကိုတော့ ဆက်ပြီး ဆောက်ပေးပါ။ မိုးဖိုပိုင်း-ကိုသာ ဝပြောသလို"

"ဟေ့လူ ခင်များကို မပြောနဲ့လို့ ပြောထားတယ် မဟုတ်လား"

ဟု မောင်အုတ်စီက အော်လိုက်သောအခါ ပါးစပ်ကြီး ဖြဲ၍ ရယ်လိုက်ကာ...

"ဟာ... ဟုတ်သားပဲ။ ဝ မှားသွားလယ်။ ဆောရီး မောင် အုတ်စီ။ ဆောရီး၊ ဝအိပ်ဖို့ အိပ်ခန်းကိုသာ သေသေချာချာ လုပ်။ ဟဲ... ဟဲ... ဟဲ... "

ဟု ပြောရင်း ခပ်သုတ်သုတ် ထွက်သွားလေတော့၏။ သည် တော့မှ ဦးမိုးသီးလည်း မထိန်းနိုင်အောင် ရှိလေရာ အော်၍ ရယ်လိုက်

www.burmeseclassic.com



လေတော့၏။ အခြားသော လက်သမားများလည်း ရယ်မောကြလေတော့၏။

"အဲဒါ ဝသီပဲ မောင်အုတ်စီရဲ့။ ဝသီဆိုတာ သေမှ ပျောက်တာကွယ့်"

ဟု ကိုညွန့်က ပြောလေရာ ကိုတာမောင်နှင့် အခြား လက်သမားများက ရယ်မောရင်း...

"ကိုညွန့်ရေ ခင်ဗျားတရုတ်က ဝသီကလည်း သီပဲ သီနိုင်လွန်းတယ်ဗျာ"

ဟု ပြောလိုက်ပြီးလျှင် အလုပ်ကို ဆက်၍လုပ်ကြလေ၏။ ထိုနောက်ပိုင်းတွင် အလျောင်သည် မောင်အုတ်စီရှိလျှင် သိပ်မလာတော့ဘဲ မောင်အုတ်စီ မရှိတော့မှ လိမ့်လိမ့်လိမ့်လိမ့်နှင့် တက်လာခဲ့လေ၏။ ပြီးလျှင် ဟိုလိုလုပ်ပါ သည်လိုလုပ်ပါဟု ပြောတတ်လေ၏။

ဤသို့ဖြင့် နှစ်လကျော်သောအခါ ထောင်ကဲအလျောင်၏ အိမ်ကြီးလည်း ပြီးသွားလေတော့၏။ အိမ်ကြီး ပြီးသွားသောအခါ ဦးမိုးသီးသည် လက်သမားများကို လုပ်ခငွေများ ရှင်းပေးလိုက်ကာ လက်သမားပစ္စည်းများကို ယူ၍ ပြန်နှင့်ခိုင်းလိုက်လေ၏။ ဦးမိုးသီးနှင့် မောင်အုတ်စီမှာကား ပြန်၍မရကြသေးပေ။

ထောင်ကဲအလျောင် ဝက်သွားရောင်းနေသဖြင့် လက်သမားခငွေမရသေးသောကြောင့် စောင့်နေကြရခြင်း ဖြစ်လေ၏။ နှစ်ရက်ကြာသောအခါတွင်မှ အလျောင်သည် ပြန်ရောက်လာခဲ့လေ၏။ မောင်အုတ်စီတို့သားအဖလည်း အလျောင်ထံမှ လက်သမားခငွေကောင်းရန် ရောက်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ထောင်ကဲရော"

ဟု မောင်အုတ်စီက မေးလေ၏။ ထိုအခါ အိမ်ရှေ့တွင် ဝက်တစ်ကောင်အား အမွှေးနှုတ်နေသည့် အလျောင်ဓါတပည့်များက. . .

"ထောင်ကဲ အိပ်နေတယ်"

"အိပ်နေရင်လည်း သွားနှိုးပေတော့။ ငါတို့ လက်သမားခ တောင်းဖို့လာတာ။ စောင့်နေရတာ နှစ်ရက်ရှိသွားပြီ"

ဟု မောင်အုတ်စီက ပြောသောအခါ ထင်းဖြတ်နေသူများ၊ ထင်းပေါက်နေသူများက မောင်အုတ်စီကို မိုက်ကြည့်ကြည့်ကြလေ၏။ အလျောင်ဓါတပည့်များ စုစုပေါင်းလျှင် ဆယ်ယောက်ခန့် ရှိကြလေ၏။ အားလုံးသည် ဝက်သတ်သမားများဖြစ်လေရာ လူမိုက်ရုပ်များနှင့် ဖြစ်လေ၏။

"ကျုပ်တို့တော့ မနှိုးရဲဘူး။ ထောင်ကဲက သူအိပ်နေတာကို နှိုးရင် အားကြီးစိတ်ဆိုးတယ်"

"အေး. . မင်းတို့ထောင်ကဲ စိတ်ဆိုးလည်း မတတ်နိုင်ဘူးကွ။ ငါတို့ကလည်း ရန်ကုန်ကို ပြန်ရဦးမှာ။ နှိုးကို နှိုးရမယ်"

"ဒါဆိုရင်လည်း ခင်များတို့ဘာသာ ဝင်ပြီး နှိုးကြပေတော့ဗျာ။ ဟောဟိုက အိပ်ခန်းထဲမှာ ထောင်ကဲ အိပ်နေလေရဲ့"

ဟု နှုတ်ခမ်းမွှေးစုတ်ဖွားနှင့် ဝက်သတ်သမားက ပြောလေရာ မောင်အုတ်စီကလည်း. . .

"အေး. . . နှိုးရမှာပဲ"

ဟု ပြောရင်း အိမ်ပေါ်သို့ တက်လေ၏။ မောင်အုတ်စီ အိမ်ပေါ်သို့ တက်သွားလျှင် ဦးမိုးသီးကလည်း နောက်မှ လိုက်ခဲ့လေ၏။ ဦးမိုးသီး၏



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဝက်သတ်သမား တစ်ယောက်လည်း ကပ်၍ လိုက်လာလေ၏။ အလျှောင်အိပ်နေသော အိပ်ခန်းအဝသို့ရောက်လျှင် မောင်အုတ်စီသည် အိပ်ခန်းထဲသို့ ကြည့်လိုက်လေရာ ခုတင်ကြီးတစ်လုံးပေါ်တွင် ပက်လက်ကြီး အိပ်နေသော အလျှောင်ကို တွေ့ရလေ၏။ မောင်အုတ်စီလည်း စိတ်ကတိုနေပြီဖြစ်ရာ...

"အလျှောင်... ဟေ့လူ အလျှောင်"

ဟု နှိုးလေ၏။ သို့သော် အလျှောင်မှာ နိုးဖို့ နေနေသာသာ အဟောက်ပင်မပျက်ဘဲ 'ဂွ'ခေါ်ခေါ်' ဟောက်၍သာ အိပ်နေလေတော့၏။

"ဟေ့လူ အလျှောင်... အလျှောင်"

ဟု မောင်အုတ်စီက နှိုးပြန်လေ၏။ အလျှောင်ကလည်း 'တခေါ်ခေါ်' သာ ဟောက်ပြန်လေ၏။ နောက်ဆုံးတွင် မောင်အုတ်စီလည်း စိတ်မရှည်တော့ဘဲ အလျှောင်၏ လက်တစ်ဖက်ကို ကိုင်ကာ...

"အလျှောင်... အလျှောင်"

ဟု ခေါ်ရင်း ဆောင့်ဆွဲလိုက်လေရာ အလျှောင်၏ ညာဘက်လက်ကြီးသည် လက်ကောက်ဝတ်မှ ပြုတ်၍ပါလာလေတော့၏။ မောင်အုတ်စီလည်း...

"ဟာ... "

ဟု တစ်ခွန်းအော်လိုက်မိလေ၏။ အလျှောင်၏ လက်ပြတ်ကြီးကိုမူ ယောင်၍ ဆုပ်ထားလေ၏။ လက်ပြတ်ကြီးကလည်း မောင်အုတ်စီ၏ လက်ကို ပြန်၍ဆုပ်ကိုင်ထားလေရာ ဖြုတ်၍မရအောင် ရှိလေတော့၏။ ထိုအချိန်မှာပင်...

"ဟာ... ထောင်ကဲလက်ကြီး ပြန်သွားပြီ၊ ဟေ့ကောင်တွေ

www.burmeseclassic.com



သာဝတို့ ယက္ခတို့ လာကြစမ်း''

ဟု ဝက်သတ်သမားက အော်လေရာ မောင်အုတ်စီသည် ဝက်သတ်သမား၏ မျက်ခွက်ကို ပြေး၍ 'ခွပ်'ခနဲ ထိုးချလိုက်လေ၏။ ပြီးလျှင်...

''အဖေ ပြေး... ပြေး''

ဟု အော်ရင်း သူကိုယ်တိုင်လည်း အိမ်ပေါ်မှ ဆင်း၍ပြေးလေ၏။ ဦးမိုးသီးလည်း မောင်အုတ်စီ၏နောက်မှ လိုက်၍ပြေးရလေ၏။ အိမ်အဝတွင် အပြင်မှပြေးတက်လာသော အလျောင်၏တပည့်များနှင့် တွေ့ကြလေရာ မောင်အုတ်စီက ထိုးကြိတ်ကန်ကြောက်ပစ်ခဲ့ကာ ဆက်၍ ပြေးလေ၏။ ရွာလမ်းကြီးအတိုင်း ပြေးနေရာမှ ရွာပြင်ဘက်သို့ ပြေးထွက်ခဲ့ရလေတော့၏။

''ဟာ... လိုက်လာကြပြီ အဖေရေ။ ပြေး... ပြေး... ''

ဟု ပြောရင်းမှ သားအဖနှစ်ယောက် မနားတမ်း ပြေးကြလေ၏။ လှည်းလမ်းကြောင်းအတိုင်း ပြေးခဲ့ကြလေရာ နောက်မှ လိုက်လာသော အလျောင်၏ တပည့်များနှင့် တဖြည်းဖြည်း ဝေးလာခဲ့လေတော့၏။ သို့သော် မောင်အုတ်စီတို့ သားအဖမှာ မနားရသေးဘဲ ဆက်၍ ပြေးလာခဲ့ကြလေရာ နောက်ဆုံး တောထဲသို့ရောက်မှ နောက်သို့ လှည့်ကြည့်လိုက်လေရာ အလျောင်၏ တပည့်များ လှည့်၍ပြန်သွားသည်ကို တွေ့ရလေတော့၏။

သည်တော့မှ သားအဖနှစ်ယောက်လည်း သစ်ပင်အရိပ်တစ်ခုတွင် ထိုင်ကာ အမောဖြေကြရလေ၏။ ထိုအချိန်မှာပင်...

''ဟာ... အဖေ၊ ဒီမှာ... ဒီမှာ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်အုတ်စီက အော်လိုက်လေရာ ဦးမိုးသီးသည် လန့်သွားကာ…

"ဘာ… ဘာများလဲ လူကလေးရဲ့"

ဟာ ဗျာဗျာသလဲ မေးလေ၏။ ထိုအခါက မောင်အုတ်စီက သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော အလျောင်၏ လက်ပြတ်ကြီးကို ပြလေ၏။

"ဟာ… ဘယ်… ဘယ်လိုဖြစ်တာလဲ လူကလေးရဲ့။ ရွှေ ဖြစ်နေပါလား"

"ဟုတ်တယ် အဖေ။ အလေးကြီးဖြစ်နေတယ်။ ဒါ ရွှေဗျ။ ရွှေ။ ဟား… ဟား… ဟား… အလျောင်က ဥပါယ်တံမျဉ်နဲ့ လက်သမားခကို ရွှေတွေ ပေးလိုက်တာပဲ"

ဟု ပြောရင်း သူ့လက်ထဲမှ ရွှေလက်ဝါးကြီးကို ဦးမိုးသီးအား လှမ်းပေးလိုက်လေ၏။ ဦးမိုးသီးကလည်း ရွှေဖြစ်နေသော လက်ပြတ်ကြီးကို လှမ်း၍ ယူလိုက်ကာ သေသေချာချာ ကြည့်လေ၏။

"ဟုတ်တယ် လူကလေးရေ။ ဒါ ရွှေအစစ်ပဲကွယ့်။ နှစ်ဆယ် သားတော့ အောက်ထစ်ပဲ။ အခုရွှေဈေးနဲ့ဆိုရင် အဖေတို့ လက်သမားခ တော့ ကောင်းကောင်းရမှာပါ"

ဟု ဦးမိုးသီးက ပြောလိုက်သောအခါ မောင်အုတ်စီလည်း သူ့အဖေကိုခေါ်၍ တောထဲမှ ဖြတ်ထွက်ကာ အနီးဆုံးရွာသို့ ရောက်အောင် သွားရလေ၏။ ပြီးလျှင် အလျောင်၏ ရွှေလက်ပြတ်ကြီးကို အင်္ကျီဖြင့်ထည် နှင့် ထုပ်ကာ သိုသိုသိပ်သိပ်ယူ၍ ပြန်ခဲ့ကြလေတော့၏။

ဤကိစ္စအတွက် နောက်ဆက်တွဲ ဘာများဖြစ်လာမည်လဲဟု

www.burmeseclassic.com



စိုးရိမ်မိကြသော်လည်း မည်သို့မျှ အကြောင်းထူးမလာတော့သဖြင့် အလျှောင်၏ ရွှေလက်ပြတ်ကြီးကို ဖြတ်တောက် ထုရိုက်ကာ ရောင်းချ ပစ်လိုက်ကြလေတော့၏။ သို့သော် ၎င်းအဖြစ်အပျက်ကိုတော့ ယနေ့တိုင် အောင် မောင်အုတ်စီတို့သားအဖ နားလည်ခြင်း မရှိကြပေ။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)
# တတိယမယားနေဖို့အိမ်

တစ်နေ့သ၌ ဗဟန်းရှိ ဦးမိုးသီးတို့အိမ်သို့ တိုရိန်ကားအနီကလေးနှင့် သူဌေးတစ်ယောက် ရောက်လာခဲ့လေ၏။

"ဒါ လက်သမားဆရာ ကိုမိုးသီးတို့အိမ် ဟုတ်ပါရဲ့နော်"

ဟု စကားစလေ၏။ ထိုအခါ ဦးမိုးသီးက

"ဟုတ်ပါတယ်ဗျာ။ ဘာကိစ္စရှိလို့များလဲ မိတ်ဆွေ"

ဟု မေးလေ၏။ အသားဖြူဖြူ ရုပ်ဖြောင့်ဖြောင့်နှင့် သူဌေးဂိုက် အပြည့်ရှိသောလူက ပြုံး၍...

"ဒါဆိုလည်း အေးအေးဆေးဆေး ပြောကြတာပေါ့"

ဟု ပြော၍ ဧည့်ခန်းသို့ ဝင်လာလေ၏။ ထိုအခါ ဦးမိုးသီးက လည်း နေရာထိုင်ခင်း ပေးရလေ၏။ မောင်အုတ်စီကတော့ ကိုညွှန့်နှင့် အပြင်သို့ လိုက်သွားလေရာ အိမ်တွင် မရှိပေ။ ကိုဘမောင်က ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ကို အမောပြေ ရေခတ်တိုက်လေ၏။ ညွှသည်က ဘလေဇာကုတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူကာ မီးညှိဖွာရှိုက်လေ၏။ ပြီးတော့မှ...

"ကျုပ်နာမည်က မင်းယာလို့ ခေါ်ပါတယ်။ အလုပ်ကတော့ မြို့ထဲမှာ ကုမ္ပဏီတစ်ခုထောင်ထားတယ်။ ကျုပ်မှာ မိန်းမသုံးယောက် ရှိတယ်ဗျ"

ဟု မင်းယာဆိုသူက သွေးဟန်အပြည့်နှင့် ပြောလေ၏။ ထိုအခါ ဦးမိုးသီးက...

"ဒီမှာမိတ်ဆွေ ကျုပ်တို့က လက်သမားဆရာတွေပါဗျာ။ လက်သည်တွေ မဟုတ်ပါဘူး"

ဟု ဘုပြောလိုက်လေ၏။ ထိုအခါ ထိုသူက မခိုးမခန့် ပြုံး လိုက်ရင်း...

"ဟဲ... ဟဲ... ကျုပ်သိပါတယ် ကိုမိုးသီး။ ကျုပ်မိန်းမတွေ မီးဖွားဖို့ လာခေါ်တာ မဟုတ်ပါဘူး။ ခင်ဗျားအနေနဲ့ ကျုပ်စကားကို ပိုပြီးသဘောပေါက်အောင် ပြောချင်လို့ပါ။ ပထမမိန်းမနဲ့ ဒုတိယမိန်းမ ကိုတော့ ကျုပ် အိမ်ဝယ်ပေးထားပြီးပြီဗျ။ အခု တတိယမိန်းမကတော့ အိမ်ကို ဝယ်မနေချင်ဘူးတဲ့ဗျာ။ စိတ်တိုင်းကျဆောက်ပြီး နေချင်တယ်တဲ့။ အဲဒါကြောင့် အလုပ်အပ်ချင်လို့ လာတာပါ"

"သြော်... ဒီလိုဖြင့် ရပါတယ်ဗျာ"

"ဆောက်မယ့်နေရာကတော့ ဝင်ဒါမီယာထဲမှာပါ"

"သြော်.. သြော်.. နေရာကောင်းပဲဗျာ။ နို့.. ဘယ်လိုပုံစံ မျိုး ဆောက်မှာလဲဗျ"

"ကျုပ်ရဲ့ တတိယမိန်းမက ဘိုကပြားမဗျာ။ နာမည်က ရိုလင်ဒါ



www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်တယ်။ ပြီးတော့ ခင်ဗျားသိတဲ့အတိုင်း ဝင်ဒါမီယာလို အရပ်မှာက နိုင်ငံခြားသားတွေ များတယ်မို့လား။ အဲဒီတော့ ဘိုဆန်ဆန် ခေါင်းတိုင်ပါတဲ့ အိမ်မျိုး လိုချင်တာတဲ့ဗျာ''

''ဩော်... ရပါတယ် ကိုမင်းယာ။ ခင်ဗျားရဲ့ တတိယမိန်းမ ဘိုမကလေး သဘောကျသွားမယ့် အိမ်မျိုး ကျုပ်ဆောက်ပေးပါ့မယ်။ တစ်ထပ်တိုက် လှလှကလေး။ ခေါင်းတိုင်နဲ့ဘာနဲ့ ဘိုအိမ်ပေါ့ဗျာ''

''ဟာ... ဟုတ်တယ် ကိုမိုးသီးရေ။ ခင်ဗျားက လူတော်ပဲကိုး။ နည်းနည်းပြောလိုက်တာနဲ့ကို တတ်အပ်သိတော့တာပဲ''

''ဒီအလုပ်ကို လုပ်လာတာကလည်း ကြာပြီဆိုတော့ အသက်ကလည်း ကြီးလာပြီဆိုတော့ အစစအရာရာ တွေးတောချင့်ချိန်နိုင်လာတော့တာပေါ့ ကိုမင်းယာရယ်''

''အိုဗျာ... ခင်ဗျားအသက်က ဒီလောက်မကြီးသေးပါဘူးဗျ။ မသကာရှိလှမှ ကျုပ်နဲ့ အတူတူပါပဲ''

''လေးဆယ့်ငါးနှစ် ရှိပါပြီ ကိုမင်းယာ''

''အဲဒါကြောင့် ပြောတာပေါ့။ ကျုပ်လည်း လေးဆယ့်ငါးနှစ်ပါပဲ''

''ဩော်... ဒါဆိုတော့ အတူတူပဲပေါ့။ ဒါထက် မြေနေရာကလေး ဘာလေးကြည့်ဖို့ ဘယ်တော့လာခဲ့ရမလဲ''

''မနက်ဖြန်မနက် ကိုးနာရီမှာ ကျုပ် လာခေါ်မယ် ကိုမိုးသီး''

''ကောင်းပါပြီ ကိုမင်းယာ။ ကျုပ်တို့သားအဖ စောင့်နေပါ့မယ်''

''ဩော်... ခင်ဗျားသားပါ လိုက်ကြည့်မှာလား။ ကောင်းတာပေါ့ဗျာ။ ခင်ဗျားသားလည်း တော်တယ်လို့ ကျုပ်သိထားပါတယ်။ ခင်ဗျားသားကိုလည်း ပြောပါ။ တိုက်ကလေးကို အကောင်းဆုံးဖြစ်အောင်သာ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပေးပါလို့။ လက်ခအတွက်တော့ နည်းနည်းမှ မယူပါနဲ့။ သူများ ထက် သာစေရပါမယ်လို့"

"ကောင်းပါပြီ ကိုမင်းယာ။ မနက်ဖြန်ကိုးနာရီ စောင့်နေပါ့မယ်"

ဟု ဦးမိုးသီးက ပြောလိုက်သောအခါ မယားသုံးယောက်ရှိသည့် ကုမ္ပဏီပိုင်ရှင်သူဌေး ကိုမင်းယာလည်း ပြန်သွားလေတော့၏။

ကိုညွှန့်နှင့် မောင်အုတ်စိတို့ အပြင်မှ ပြန်ရောက်သောအခါ ကိုဘမောင်က မယားသူဌေးတစ်ယောက် အလုပ်လာအပ်ကြောင်း ပြန်၍ ပြောပြလေ၏။

"ဘယ့်နှယ့်လဲ ဘမောင်ရဲ့။ ငါ ကြားဖူးတာက စက်သူဌေး သစ်သူဌေး စပါးသူဌေးဆိုတာတွေပါ။ အခု မင်းပြောတာက မယားသူဌေး ဆိုတာ ငါဖြင့် တစ်ခါမှကို မကြားဖူးပါဘူးကွာ"

ဟု ကိုညွှန့်က ပြောလေလျှင် မောင်အုတ်စိကလည်း

"ဟုတ်သားပဲဗျ ဦးလေးဘမောင်ရဲ့။ မယားသူဌေးဆိုတာ ဘာကိုပြောတာလဲဗျ"

"ဒီလိုကွ အဲဒီလူက မယားသုံးယောက်တောင် ရှိသတဲ့ဗျို့။ အခုလာအပ်တဲ့အိမ်က တစ်ထပ်တိုက်တဲ့။ ဘိုဆန်ဆန်ဆောက်ပေးရမှာ တဲ့ဗျာ။ သူ့ရဲ့တတိယမယားက ဘိုကပြားမလေးတဲ့ဗျို့"

"ဪ.. ဒီလိုလား။ ဟား.. ဟား.. ဟား.. ဒါကြောင့် မင်းက ဒီလူ့ကို မယားသူဌေးလို့ ပြောတာကိုး ဘမောင်ရဲ့"

"နို့.. ဒီလူက ဘာလုပ်လို့ ဒီလောက်ချမ်းသာနေတာတဲ့ဗျ"

ဟု မောင်အုတ်စိက မေးလိုက်လေ၏။ ထိုအခါ ကိုဘမောင်က

"သူပြောတာတော့ ရန်ကုန်မြို့ထဲမှာ ကုမ္ပဏီတစ်ခု ထောင်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်ဆိုပဲ"

"ဩော်... နာမည်က ဘယ်သူတဲ့တုံး ဘမောင်ရဲ့"

"ကိုမင်းယာလို့ ပြောတယ်ကွ။ လူပုံကတော့ လူပုံချောပဲကွ။ မိန်းမသုံးယောက်ဆိုတာလဲ ဟုတ်လောက်တယ်မောင်ရေ၊ ဒီလူ့ရုပ်က မိန်းမပွေမယ့်ရုပ်မျိုးဗျို့"

"ဘာကွ... ဘမောင်၊ ကိုမင်းယာ ဟုတ်လား"

ဟု ကိုညွှန့်က မေးလျှင် မောင်အုတ်စိက ဝင်၍...

"ဘာလဲဗျ။ ဦးလေးညွှန့်က အဲဒီလူကို သိလို့လား"

ဟု မေးလေရာ ကိုညွှန့်က ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ဦးမိုးသီးကို လှမ်းကြည့်လိုက်လေ၏။ ဦးမိုးသီးကလည်း ဆေးတံကို ဖွာနေရာမှ ကိုညွှန့်ကို အမူအရာနှင့် ပြလိုက်လေရာ ကိုညွှန့်က ချက်ချင်း...

"အို... သိတော့ ဘယ်သိမလဲ မောင်အုတ်စိရဲ့။ သူများပြောတာဆိုတာ ကြားဖူးသလားလို့ ပြန်ပြီးစဉ်းစားနေတာပါ"

"ကျွန်တော်ကတော့ အဲဒီလို မိန်းမပွေတဲ့ရုပ်တဲ့ လူမျိုးဆိုရင် အားကြီးမုန်းတာဗျ"

ဟု မောင်အုတ်စိက ပြောလေရာ ကိုညွှန့်က...

"ဦးလေးညွှန့်လည်း မုန်းတာပါပဲကွာ။ ဒါပေမယ့် သူ့အကြောင်းက ကိုယ်နဲ့မဆိုင်ပါဘူးကွာ။ ကိုယ့်အလုပ်က အိမ်ရှင်စိတ်တိုင်းကျအောင် အိမ်ဆောက်ပေးဖို့ပဲ မဟုတ်လား"

"ဒါပေါ့ ဦးလေးညွှန့်ရာ လူဆိုတာ ကိုယ့်အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့ပဲ ရှိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်အုတ်စီက ပြောလိုက်ကာ ရေချိုးရန် ရေချိုးခန်းသို့ ဝင်သွားလေ၏။

နောက်တစ်နေ့မှာပင် ကိုမင်းယာ လာ၍ခေါ်သဖြင့် ဝင်ဒါမီယာသို့ လိုက်၍ မြေတိုင်းခြင်း၊ အိမ်ပုံစံရွေးခြင်းများကို ပြုလုပ်ကြရလေ၏။ ပြီးလျှင် အိမ်ပုံစံကို အင်္ဂလိပ်ကပြား အင်ဂျင်နီယာတစ်ယောက်နှင့် ရေးဆွဲရလေ၏။ ထို့နောက်တွင်တော့ အိမ်သစ်ကို ပန္နက်ရိုက်ကြလေ၏။

အင်္ဂလိပ်အင်ဂျင်နီယာကြီး ထုတ်ပေးသည့်ပုံစံ ဖြစ်လေရာ အင်္ဂလန်မှာ ဘိုအိမ်ကလေးများအတိုင်း ဆောက်လုပ်ပေးရလေ၏။ အတွင်းမှ သစ်သားထည့်သောအပိုင်းများကို မောင်အုတ်စီက ဦးစီး၍ အချောကိုင်ပေးရလေ၏။ မီးဖိုဆောင်တွင် မီးခိုးခေါင်းတိုင်ကိုလည်း သပ်သပ်ရပ်ရပ်ကလေး ထည့်၍ လုပ်ပေးရလေ၏။

ဤသို့ဖြင့် လေးလအကြာတွင် တိုက်ကလေးပြီးသွားသောအခါ သူဌေးကိုမင်းယာနှင့် သူ၏ တတိယမိန်းမတို့ ရောက်လာကာ အိမ်ကို ကြည့်လေ၏။

"ဟာ... လှလိုက်တဲ့တိုက်တလေးပါလား ဒါလင်ရယ်"

ဟု လင်လုပ်သူကို ချွဲချွဲနွဲ့နွဲ့ ပြောလေ၏။

"ရှိုလင်ဒါ ကြိုက်တယ်မို့လား"

ဟု ကိုမင်းယာက မေးလေရာ ဘိုကပြားမလေးက ခေါင်းကို ညိတ်လိုက်ပြီးလျှင်...

*"ရှိုလင်ဒါ သိပ်ကို ကြိုက်ပါတယ် ဒါလင်"*

ဟု ပြောလိုက်လေရာ ကိုမင်းယာက သွားကြီးဖြီး၍ရယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကိုမိုးသီး ကျုပ်ရဲ့ဇနီးချောကလေးကတော့ ခင်ဗျားတို့သားအဖ ဆောက်ပေးတဲ့အိမ်ကို လုံးဝသဘောကျသွားပြီတဲ့ဗျို့။ ကျုပ်ရဲ့ကတိအတိုင်း ဟောဒီမှာ လက်သမားခ နှစ်ထောင်နဲ့ ပုံထုတ်ခ။ ပြီးတော့ ဟောဒီမှာ ခင်ဗျားတို့သားအဖအတွက် ဘောက်ဆူး"

ဟု ပြောကာ ဘူးကလေးတစ်ခုကို ပေးလေ၏။

"ဒါက ဘာများလဲ ကိုမင်းယာ"

ဟု ဦးမိုးသီးက မေးလေလျှင် ကိုမင်းယာက ပြုံး၍...

"ဖွင့်ကြည့်လေဗျာ ကိုမိုးသီးရဲ့။ ဖွင့်ကြည့်ရင် သိမှာပေါ့ဗျ"

ဟု ပြောလိုက်သောအခါ ဦးမိုးသီးက သံဘူးကလေးကို ဖွင့်၍ ကြည့်လေ၏။

"ဟင်... ရွှေတုံးကလေးတွေပါလား"

"ဟုတ်ပဗျာ။ ခင်ဗျားတို့သားအဖ လက်စွပ်တွေဘာတွေ လုပ်ဝတ်ကြပေါ့"

"ဟာ... အားနာစရာ ကိုမင်းယာရယ်။ အိမ်ဆောက်ခလည်း ပိုပိုသာသာ ပေးထားပြီးမှပဲဗျာ"

"အားမနာပါနဲ့ ကိုမိုးသီးရဲ့။ အဲဒီပစ္စည်းကလေးတွေက ဝယ်လာတာ မဟုတ်ပါဘူး။ လုပ်ထားတာပါ"

"ဗျာ... လုပ်ထားတာဟုတ်စ ကိုမင်းယာ။ ရွှေဆိုတာ လုပ်လို့ ရလို့လားဗျာ"

"ရပါသော်ကော ကိုမိုးသီးရယ်။ ရွှေထုံဆိုတာရှိရင် လုပ်လို့ ရပါသော်ကော်ဗျာ"

"ရွှေထုံ ဟုတ်စ။ ကျုပ်ဖြင့် ပညာနဲ့တယ်ပဲ ပြောပါတော့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းယာပြောမှပဲ ကြားဖူးပါတော့တယ်ဗျာ။ နို့... ကိုမင်းယာက အဲဒီရွှေထုံးဆိုတာကို လုပ်တတ်လို့လား''

''ကျုပ်ကတော့ မလုပ်တတ်ပါဘူးဗျာ။ ကျုပ်ဖခင် ဦးဒေဝဆီက အမွေရခဲ့တာပါ။ ဟဲ.. ဟဲ.. ဟဲ.. ဒါကြောင့်လည်း မိန်းမသုံးယောက်ကို တင့်တောင်းတင့်တယ် ထားနိုင်တာပေါ့ဗျာ။ ကုမ္ပဏီဆိုတာကတော့ ဟန်ပြလုပ်ထားတာပါ''

''ဩော်... တယ်လည်း ပညာမြင့်တဲ့ လူပေပဲဗျာ''

ဟု ဦးမိုးသီးက ပြောလိုက်လေရာ ကိုမင်းယာက သဘောအကျကြီးကျသွားကာ ဦးမိုးသီးနှင့် မောင်အုတ်စီတို့ကို လှိုက်လှိုက်လှဲလှဲ ဆက်ဆံလေ၏။

ဦးမိုးသီးတို့ သားအဖလည်း အိမ်ရှင်အား အိမ်အပ်ပြီးပြီ ဖြစ်လေရာ ဗဟန်းသို့ ပြန်ခဲ့လေတော့၏။ လူ့လောကသည် အဆန်းတကြယ်ကိစ္စများ အမြဲဖြစ်နေသော လောကကြီးဖြစ်သည့်အလျောက် ဦးမိုးသီးလည်း မမျှော်လင့်ဘဲ မကျန်းမမာ ဖြစ်ခဲ့လေ၏။

ဝင်ဒါမီယာမှ အိမ်ကလေးဆောက်ပြီးသည့် အချိန်မှစ၍ ဦးမိုးသီးသည် တမှိုင်မှိုင်ဖြစ်နေလေ၏။

''အဖေ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး ထင်တယ်။ ဆေးဆရာကောင်းကောင်းနဲ့ ပြပြီး ကုသဦးမှ ဖြစ်မယ်ဗျ''

''အဖေ ဘာမှမဖြစ်ပါဘူး လူကလေးရဲ့''

''ဘာမှမဖြစ်ဘူးသာ ဆိုတယ်။ အဖေ အိပ်ရာထဲမှာချည်း ခွေခွေနေတာ ကြာပြီဗျ။ အစာလည်း အရင်လောက် မစားဘူး။ ဦးလေးညွှန့်တို့ ဦးလေးဘမောင်တို့ကလည်း အဖေ့ကို ဆရာနဲ့ပြဖို့ ပြောနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီဗျ"

"မပြုရပါဘူး လူကလေးရယ်။ အဖေ အလုပ်ပင်ပန်းလို့ ဖြစ်တာနေမှာပါ။ ခရီးလေးဘာလေး နည်းနည်းလောက် ထွက်လိုက်ရရင် ပြန်ပြီးလန်းဆန်းသွားမှာပါ"

"ဟာ... ဒါဆိုရင်လည်း သွားကြတာပေါ့ အဖေရ။ အဖေ ဘုရားဖူးသွားမလား"

"အင်း... သွားချင်တယ် လူကလေးရဲ့"

"ဘယ်ဘုရားလဲ အဖေ။ မန္တလေးက မဟာမြတ်မုနိဘုရား ဖူးမလား"

"မဟုတ်ပါဘူး လူကလေးရဲ့။ ကျိုက်ထီးရိုးကို သွားကြရ အောင်ကွယ်"

"ဟာ... အဖေတက်နိုင်ပါ့မလား"

"တက်နိုင်ပါတယ် လူကလေးရဲ့။ အဖေ တက်နိုင်ပါတယ်"

"ဒါဆိုရင် ဦးလေးညွန့်တို့ ဦးလေးဘမောင်တို့ ခေါ်သွားမလား"

"ဟာ... မခေါ်ဘူး လူကလေး။ လူကလေးနဲ့ အဖေနဲ့ပဲ သွားမှုဖြစ်မယ်။ အဲဒီမှာ ဘုရားဖူးရုံတင် မဟုတ်ဘူးကွယ့်။ လူကလေးကို ပြစရာ ပြောစရာတွေ ရှိတယ်"

"ဟင်... ဟုတ်လား အဖေ။ ဘာများ ပြောမှာလဲဗျ"

"ဟိုရောက်တော့မှ ပြောကြတာပေါ့ လူကလေးရာ"

"အင်း... ဒါဆိုရင်လည်း ခရီးထွက်ဖို့ ပြင်ဦးမှပဲ အဖေ"

"ပြင်ပေတော့ လူကလေး။ ပြင်ပေတော့"

ဟု ဦးမိုးသီးက ပြောလေလျှင် မောင်အုတ်စီလည်း ကျိုက်ထီးရိုး



www.burmeseclassic.com

www.burmeseclassic.com



ခရီးအတွက် လမ်းပန်းကို စုံစမ်းခြင်း၊ စားရေးရိက္ခာအတွက် စီစဉ်ခြင်း ဦးမိုးသီးအတွက် လိုအပ်မည့်ဆေးဝါးများကို ဝယ်ယူခြင်းများ ပြုရလေ၏။

အားလုံး ပြင်ဆင်၍ ပြည့်စုံသောအခါတွင် သားအဖနှစ်ယောက် ခရီးထွက်ခဲ့ကြလေတော့၏။ ရထားဖြင့် ကျိုက်ထိုသို့လာ၍ ကျိုက်ထိုမှ တစ်ဆင့် ကင်မွန်းချောင်းသို့ လာရလေ၏။ ကင်မွန်းချောင်းမှစ၍ တောင်ပေါ်သို့ စတင်တက်ရလေရာ ဦးမိုးသီးမှာ လန်းလန်းဆန်းဆန်း ရှိလာပြီးလျှင် မောင်အုတ်စီ ထင်ထားသည်နှင့် တခြားစီဖြစ်နေကာ မောင်အုတ်စီပင် ဦးမိုးသီးအား မှီအောင် မနည်းလိုက်နေရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)
# ရွှေထုံတည် ငွေထုံတည်

ရသေ့တောင်၏ အနောက်ဘက်စူးစူးသို့ ဦးမိုးသီးက ဝင်သွားလေရာ မောင်အုတ်စီလည်း နောက်မှလိုက်ရလေ၏။ ကျိုက်ထီးရိုးသို့ လာပြီးမှ ကျိုက်ထီးရိုးဘုရား မဖူးဘဲ ရသေ့တောင်၏ အနောက်စူးစူးသို့ ဝင်သွားသော ဦးမိုးသီးကို မောင်အုတ်စီ မည်သို့မျှ နားမလည်နိုင်အောင် ရှိလေတော့၏။

တစ်တောင်နှစ်တောင်ပြီးတော့ တတိယတောင် တောင်ထိပ်သို့ ရောက်အောင် ဦးမိုးသီးက တက်နေလေတော့၏။ ဖခင် မောပန်းနေမည်ကို စိုးရိမ်သဖြင့် မောင်အုတ်စီက ဘာကိုမှ မမေးတော့ဘဲ ဦးမိုးသီး တက်သော တောင်ကိုသာ လိုက်၍တက်ခဲ့လေ၏။

တောင်ထိပ်သို့ ရောက်သောအခါ တောအုပ်ကလေးထဲတွင် စေတီကလေးနှစ်ဆူကို တွေ့ရလေ၏။ ဉာဏ်တော်ငါးတောင်ခန့်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



စေတီကလေးနှစ်ခု ဘက်ဆူကို ရွှေသင်္ကန်းကပ်ထား၍ တစ်ဆူကိုတော့ ငွေသင်္ကန်း ကပ်ထားလေ၏။

သို့သော် စေတီကလေးများအား သုတ်ထားသည့် ငွေရောင်နှင့်ရွှေရောင်များသည် အတော်ကလေး မှိန်နေပြီကို တွေ့ရလေ၏။

ငွေစေတီကလေးတွင် ထူးခြားမှု ဘာမှမရှိသော်လည်း ရွှေစေတီကလေးတွင်တော့ ထူးခြားမှုကို တွေ့ရလေ၏။ ဌာပနာတိုက်နေရာတွင် အပေါက်တစ်ခု ဖြစ်နေသည်ကို တွေ့ရလေ၏။

"ဟာ... ဒီစေတီက အပေါက်ကြီးပါလား အဖေ"

ဟု မောင်အုတ်စီက ပြောလိုက်သောအခါ ဦးမိုးသီးက ခေါင်းညိတ်လိုက်ကာ...

"ပြောမယ် လူကလေး ပြောမယ်။ ဒီအကြောင်းကို ပြောချင်လို့ လူကလေးကို တမင်ခေါ်ခဲ့တာပါ"

ဟု ပြောရင်း အနောက်ဘက်သို့ လှည့်ကြည့်လေရာ သစ်ပင်အုပ်ကလေးများ အတွင်း၌ ဇရပ်ပျက်ကလေးတစ်ဆောင်ကို တွေ့ရလေ၏။

"ကဲ... လာ... လူကလေး။ အဲဒီဇရပ်ကလေးကို သွားကြရအောင်"

ဟု ပြောရင်း ရှေ့မှဦးဆောင်၍ သွားလေ၏။ ပြီးလျှင် ဇရပ်ကလေးပေါ်သို့ ဘက်၍ထိုင်လိုက်ကာ...

"ဟောဒီဇရပ်ကလေးဟာ တစ်ခါတုံးက မိုးလုံလေလုံ ကျောင်းသင်္ခန်းကလေးတစ်ခုပေါ့ကွယ်။ အဲဒီကျောင်းသင်္ခန်းကလေးမှာ ဦးသုတလို့ ခေါ်တဲ့ ရသေ့ကြီးတစ်ပါး သီတင်းသုံးတယ်ကွယ့်။ ရသေ့ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက် ရှိတယ်။ နှစ်ယောက်စလုံး ရန်ကုန်သားတွေပဲ။ တစ်ယောက်ကတော့ အလုပ်အကိုင် မယ်မယ်ရရ မရှိတဲ့ ဘထွန်းဆိုတဲ့ လူတစ်ယောက်နဲ့ လက်သမား လုပ်ကိုင်စားတဲ့ ဘဖံဆိုတဲ့ လူတစ်ယောက် ပေါ့။ သူတို့နှစ်ယောက်ဟာ မိုးရာသီကုန်တာနဲ့ ရသေ့ကြီးဆီကို ရောက် လာပြီး မီးသွေးဖုတ်ပေးကြ၊ အလှူခံပေးကြ၊ ဖိုဆွဲပေးကြနဲ့ တပည့် ခံကြတာပေါ့လေ။ ရသေ့ကြီးကလည်း သူတို့ကို အင်းပညာ၊ ဆေးပညာ၊ အဂ္ဂိရတ်ပညာတွေ သင်ကြားပေးတာပေါ့။ တစ်ဖက်ကလည်း ဓာတ်လုံး ကို အောင်အောင် ထိုးရတာပေါ့။ ဒီလိုနဲ့ တစ်နေ့မှာ ရသေ့ကြီးရဲ့ ဓာတ်လုံးအောင်သွားတော့တာပေါ့။ အောင်တယ်ဆိုပေမယ့် အဆင့် အကုန်တော့ မဟုတ်သေးဘူးကွယ့်။ တစ်ဆင့်လောက်တော့ ကျန်နေသေး တယ်။ ဒီမှာတင် ရသေ့ကြီးက သူ့ဓာတ်လုံးနဲ့ ရွှေထုံတစ်ခုနဲ့ ငွေထုံ တစ်ခု တည်ခဲ့တယ်"

"ရွှေထုံတို့ ငွေထုံတို့ဆိုတာက ဘာကိုပြောတာလဲ အဖေရဲ့"

ဟု မောင်အုတ်စီက မေးလေ၏။ ထိုအခါ ဦးမိုးသီးက ဓာတ် ပစ္စည်းတွေကို ရသေ့ကြီးရဲ့ ဓာတ်လုံးထိုးထားတဲ့ လုံးချွန်တွေနဲ့ လုံးကျင်း ပြီး ဓာတ်သေတွေရအောင် လုပ်ရတယ်။ ပြီးတော့မှ ထုံခွက်လို့ခေါ်တဲ့ အိုးပုံစံကလေး နှိပ်ရတာပေါ့။ အဲဒီထုံးခွက်ကို မီးနဲ့ ရဲနေအောင်အပူပေးပြီး ပြဒါးရည် လောင်းထည့်လိုက်ရင် ရွှေထုံခွက်ထဲက ပြဒါးက ရွှေဖြစ်သွား ပြီး ငွေထုံးခွက်ထဲက ပြဒါးက ငွေဖြစ်သွားတာပေါ့"

"အလို... တယ်လည်း အစွမ်းထက်တဲ့ ထုံခွက်တွေပါလား အဖေရဲ့"

"ဟုတ်တယ် လူကလေး၊ ဓာတ်ပညာဆိုတာ အတော့်ကို



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းထက်တဲ့ ပညာပဲ လူကလေးရဲ့"

"ဟုတ်ကဲ့ အဖေ။ ပြောပြပါဦး"

"အဲဒီမှာတင် ရသေ့ကြီးနဲ့ သူ့တပည့်နှစ်ယောက်ဟာ ရွှေငွေ အနည်းအကျဉ်းလုပ်ကြတယ်။ ပြီးတော့ အဲဒီပစ္စည်းတွေရောင်းပြီး ဒီဘုရားကလေးတွေ တည်ကြတာပေါ့။ တစ်ဆူကို ရွှေထုံတည်ဘုရားလို့ ဘွဲ့တော်ပေးပြီး နောက်တစ်ဆူကိုတော့ ငွေထုံတည်ဘုရားလို့ ဘွဲ့တော် ပေးကြတာပေါ့။ လူကလေးမြင်တဲ့အတိုင်း ငွေသက်နိုးနဲ့ ရွှေသက်နိုး ကပ်ထားတာလေ။ ငွေထုံခွက်ကို ငွေထုံတည်ဘုရားမှာ ဌာပနာလိုက်တယ်။ ရွှေထုံခွက်ကိုတော့ ရွှေထုံတည်ဘုရားမှာ ဌာပနာတည်ဖို့ပဲပေါ့။ ဒါပေမယ့် ဌာပနာမတည်ခင် ညမှာပဲ ရသေ့ကြီးရဲ့တပည့် ဘထွန်းက ရွှေထုံခွက် ကို ခိုးပြီး ပြေးတော့တာပဲ"

"ဗျာ... ဖြစ်မှဖြစ်ရလေဗျာ"

"ရသေ့ကြီးရဲ့ အဓိဋ္ဌာန်တွေလည်း အားလုံး ပျက်စီးကုန်တော့ တာပေါ့ လူကလေးရယ်။ သူတို့မှာက သစ္စာတွေ၊ အဓိဋ္ဌာန်တွေနဲ့ လုပ်ကြရတာ မဟုတ်လား သစ္စာပျက်ရင် ဒဏ်တွေထမ်းကြရတယ်တဲ့။ ဒါနဲ့ ရသေ့ကြီးက ကျန်နေတဲ့ သူ့တပည့်ဘဖဲကို ခေါ်ပြောတယ်။ ဘဖဲ ငါတော့ သွားမယ့်လမ်း မဖြောင့်တော့ဘူး။ သွားမယ့်ပန်းတိုင်လည်း ရောက်မှာ မဟုတ်တော့ဘူး။ နောက်ဆုံး ကုန်ကုန်ပြောရရင် သေတာ တောင် ကျွတ်မှာ မဟုတ်တော့ဘူး။ ဒီတော့ ဘထွန်းခိုးသွားတဲ့ ရွှေထုံ ခွက်ကို ရအောင်ပြန်ယူခဲ့ပြီး ဒီဘုရားမှာ ဌာပနာထည့်ပေးပါ။ ဒါမှ ငါ ကျွတ်လွတ်ပြီး ခရီးဆက်လို့ရမှာလို့ ပြောလိုက်တယ်။ ဘဖဲကတော့ ဆရာ အပေါ်မှာ သစ္စာလည်း ရှိတယ်။ ပြီးတော့ သူ့ဆရာ ရသေ့ကြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သနားတယ်။ သူ့ဆရာ အောင်မြင်ကာနီးမှ အခုလို အဖျက်ပေါ်ရတာကို တော်တော်စိတ်မကောင်း ဖြစ်ရှာတယ်။ ဖျက်ဆီးတဲ့ ဘထွန်းကိုလည်း အရမ်းစိတ်ဆိုးတာပေါ့။ ဒါနဲ့ပဲ ကျွန်တော် ရအောင်ပြန်ယူပြီး ဘုရားမှာ ဌာပနာပေးပါ့မယ်လို့ ကတိပေးလိုက်ပြီး ရန်ကုန်ကို ပြန်ဆင်းလာခဲ့တယ်။ အဲဒီနေ့ကတည်းက လက်သမားလုပ်စားရင်း ဘထွန်းကို တစ်နိုင်ငံလုံး ပတ်ပြီး ရှာခဲ့တာ လုံးဝကို မတွေ့ခဲ့ရဘူး။ ဘဖုံလည်း မမင်းသွယ်ဆိုတဲ့ မိန်းမနဲ့ အိမ်ထောင်တွေ ဘာတွေကျပြီး သားတစ်ယောက်ရခဲ့တယ်။ ဘထွန်းကိုလည်း ရှာနေဆဲပဲ။

ဒါပေမယ့် ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့ စကားအတိုင်းပေါ့ လူကလေးရာ။ နောက်ဆုံးတော့ ဘထွန်းကို ပက်ပင်းတိုးတော့တာပဲကွယ့်။ ဘထွန်းဆိုတဲ့လူကလည်း ဘသာလို့ နာမည်ပြောင်းထားတာကွယ့်။ သူလည်း မပိုးစံဆိုတဲ့ မိန်းမနဲ့ အိမ်ထောင်ကျပြီး သားတစ်ယောက်ရတယ်။

လိုက်ရှာနေတဲ့သူကို တွေ့တော့ ဘဖုံက ချော့မော့တောင်းပန်ပြီး ရွှေထုံးခွက်ကို ပြန်တောင်းတာပေါ့။ ဘထွန်းကလည်း သူ နောင်တရတဲ့ အကြောင်း၊ ရသေ့ကြီးရဲ့ ရွှေထုံးခွက်နဲ့ ရွှေတွေလုပ်စားတာ သူ့ဒွေး ဖြစ်နေတဲ့ အကြောင်း၊ သူ့ဘဝမှာ စည်းစိမ်ဥစ္စာဆိုတာလည်း မမက်မော တော့တဲ့အကြောင်း၊ ယခုတော့ နောင်တလည်း ရပြီဖြစ်လို့ သူကိုယ်တိုင် ကို ရသေ့ကြီးရဲ့ ရွှေထုံးခွက်ကို ပြန်ပေးချင်တဲ့အကြောင်း ပြောပြတယ်။ ဘဖုံကလည်း ဝမ်းသာသွားတာပေါ့။ ရသေ့ကြီး မရှိတော့ပေမယ့် ဒီရွှေထုံးခွက်ကို သွားပြီးဌာပနာပေးမှ ရသေ့ကြီးမှာ သူသွားမယ့်လမ်းကို ဖြောင့်သွားမှာဖြစ်တဲ့အကြောင်း ဘဖုံကပြောပြတော့ ဘထွန်းကလည်း သူ ပြန်ပေးမယ့်အကြောင်း ပြောပြီး ဘဖုံပဲ ဘုရားမှာ ဌာပနာတည်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပြောတယ်။ ဒီလိုနဲ့ ဘထွန်းက ဘဇံကို ချိန်းလိုက်တယ်။ ဘဇံကလည်း ဘထွန်းချိန်းဆိုတဲ့ညမှာ ရွှေတိဂုံဘုရားကြီးရဲ့ မြောက်ဘက်သံပုန်ချိုင့်ကို သွားတာပေါ့"

"ဒါပေမယ့် ဘထွန်းက အကောက်ကြံပြီး ဘဇံကို ဓားနဲ့ထိုးတယ်။ ဘဇံကလည်း သတိနဲ့သွားတာဆိုတော့ သူ့မှာလည်း လက်နက်ပါသွားတာပေါ့။ နှစ်ယောက်သား သတ်ကြပုတ်ကြနဲ့ ဘထွန်း ပွဲချင်းပြီး သေသွားတယ်။ ဘဇံကတော့ ရင်ဘတ်မှာ ဓားရှရုံပဲ ရှပြီး သူနေတဲ့ ဗဟန်းကို ပြန်ရောက်လာတယ်"

"ဒါပေမယ့် လူကလေးရေ ဘထွန်းကိုင်တဲ့ ဓားက အဆိပ်ဓားကွယ့်၊ ဘဇံမှာ တဖြည်းဖြည်း အဆိပ်တွေတက်လာတော့တာပေါ့။ ဒီမှာတင် ဘဇံက လူပျိုပေါက်အရွယ်ရောက်နေတဲ့ သူ့သားကို အဖြစ်အပျက်အားလုံးကို ပြောပြပြီး အဲဒီတာဝန်ကို ဆက်ယူဖို့ ရွှေထုံခွက်ကလေးရရင် ဟောဒီရွှေထုံတည်ဘုရားကလေးမှာ လာပြီးဌာပနာတည်ဖို့ မှာခဲ့တယ်။ မနက်လင်းအားကြီးတော့ ဘဇံလည်း သေတော့တာပါပဲ"

"အဲဒီအချိန်ကစပြီး ဘဇံရဲ့သားကလည်း ဘထွန်းရဲ့မျိုးဆက်ကို စုံစမ်းတာပါပဲ၊ ဒါပေမယ့် ဘယ်လိုမှ စုံစမ်းလို့မရခဲ့ဘူး။ အခုမှပဲ မမျှော်လင့်ဘဲ သွားတွေ့တော့တယ်"

"ဗျာ... အဖေပြောတာ ကျွန်တော် နားထွေးသွားပြီ အဖေ"

"ဒီလိုပါ လူကလေး၊ ဦးဘဇံရဲ့သားဆိုတာ တခြားသူ မဟုတ်ပါဘူး။ မိုးသီးလို့ခေါ်တဲ့ အဖေပါ။ ဦးဘထွန်းရဲ့သားဆိုတာကလည်း တခြားသူမဟုတ်ဘူး လူကလေးရဲ့။ ဝင်ဒါမီယာမှာ အဖေတို့ အိမ်ဆောက်ပေးခဲ့တဲ့ မယားသုံးယောက်ရှိတဲ့ မင်းယာပဲ"

www.burmeseclassic.com



"ဗျာ... ဒါကြောင့် ဦးမင်းယာက အဖေနဲ့ ကျွန်တော့်ကို ရွှေတုံးကလေးတွေ လက်ဆောင်ပေးပြီး ရွှေထုံ့ချက်နဲ့ သူကိုယ်တိုင် လုပ်ထားတာလို့ ပြောတာကိုး"

"ဟုတ်တယ်ပေါ့ လူကလေး။ ဒီကိစ္စအတွက် အဖေ အလုပ် လုပ်ရတော့မယ်။ အခု ပေါ်ဘုတ်ရွှေထုံ့တည်ဘုရားမှာ လာပြီး သစ္စာပြု တာပဲ လူကလေး"

"ဟာ... ဒါဆိုရင် အဖေမလုပ်နဲ့ ကျွန်တော်သွားမယ်။ ဒီရွှေထုံ့ချက်ကို ကျွန်တော် ရအောင်ယူလာခဲ့မယ်"

"မဖြစ်ဘူး လူကလေး။ ဒါ အဖေ့တာဝန်။ အဖေ့တာဝန်ကို အဖေ ကျေမှဖြစ်မယ်။ အေး.. တစ်ခုတော့ရှိတယ် လူကလေး။ အဖေ တစ်ခုဖြစ်သွားရင်တော့ ဒီတာဝန်ကို အဖေ့ရဲ့အမွေခံသားဖြစ်တဲ့ မင်းက ဆက်ပြီး ထမ်းဆောင်ပေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘရသေ့ရော၊ အဖေ့ရဲ့ အဖေ ဦးဘဖုံရော၊ အဖေရော မကျွတ်မလွတ်ကြဘဲ ဒီတောင်ပေါ်မှာ ရှိနေကြရလိမ့်မယ်"

"ဟာ.. ဒီအထိတောင်လား အဖေရယ်။ ကျွန်တော့်ကို ယုံပါ အဖေ။ အဖေရဲ့ ကျေးဇူးတွေဟာ ကျွန်တော့်အတွက် တစ်သက်မဟုတ် ပါဘူး။ ဆယ်သက်ဆက်တာတောင် ကျေဖွယ်ရာ မရှိပါဘူး အဖေ။ အဖေ့အတွက်ဆိုရင် အသက်စွန့်ဖို့ဆိုလည်း ကျွန်တော် ဝန်မလေးပါဘူး အဖေရယ်။ ကျွန်တော့်စကားကို အဖေယုံပါဗျာ"

"ယုံပါတယ် မောင်အုတ်စီ"

ဟု ဦးမိုးသီးက လေးလေးနက်နက်ပြောလိုက်ကာ ရွှေထုံ့တည် ဘုရားကလေး၏ ရှေ့တွင် အသက်နှင့်လဲ၍ ရွှေထုံ့ချက်ကို ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ယူပါမည့်အကြောင်း သစ္စာဆိုလေ၏။

မောင်အုတ်စီကလည်း ဘုရားရှေ့တွင် ဒူးတုတ်၍ သစ္စာဆိုလေ၏။ သို့သော် မောင်အုတ်စီ မည်သည့်သစ္စာကို ဆိုလိုက်မှန်း ဦးမိုးသီး မသိလိုက်ပါပေ။

ရွှေထုံတည် ငွေထုံတည် ဘုရားကလေးများမှ ပြန်ဆင်းလာသောအခါတွင်မှ သားအဖနှစ်ယောက် ကျိုက်ထီးရိုးသို့တက်၍ ဖူးကြလေ၏။ ကျိုက်ထီးရိုးရင်ပြင်ပေါ်တွင် တစ်ညအိပ်ပြီးမှ သားအဖ နှစ်ယောက် ပြန်၍ဆင်းလာခဲ့လေတော့၏။

ရန်ကုန်သို့ ပြန်ရောက်သည့်အချိန်မှစ၍ ဦးမိုးသီးသည် ဦးမင်းယာ၏ အသွားအလာကို မပြတ်ထောက်လှမ်းလေတော့၏။

တစ်လခန့်ကြာသောအခါ ဦးမိုးသီးသည် ဦးမင်းယာ၏ မယားကြီးအိမ်သို့ ညဘက်ဖောက်ထွင်းဝင်ရောက်လေတော့၏။ လက်သမားအကျော်အမော်တစ်ယောက်အတွက် ဦးမင်းယာ၏အိမ်ကို ဖောက်ထွင်းဝင်ရောက်ရသည်မှာ အခက်အခဲမရှိ လွယ်လင့်တကူရှိလေ၏။

အိမ်ထဲသို့ရောက်ပြီး မီးခံသေတ္တာကိုဖွင့်၍ ရွှေထုံခွက်ကို လိုက်ရှာလေရာ ကတ္တီပါသေတ္တာအနီကလေးနှင့် ထည့်ထားသော ရွှေထုံခွက်ကို တွေ့ရလေ၏။ ဦးမိုးသီးလည်း မီးခံသေတ္တာအတွင်းမှ မည်သည့်ပစ္စည်းကိုမှ မယူဘဲ ရွှေထုံခွက်ထည့်ထားသည့် သေတ္တာနီကလေးကိုသာယူရန် ပြန်ထွက်ရန်ပြင်လိုက်စဉ်မှာပင် တစ်အိမ်လုံးမှ မီးများပွင့်လာပြီး ဦးမင်းယာသည် ဓားမြှောင်တစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ခြေပြီးထိုးလေတော့၏။

ဦးမိုးသီးသည် ခေါင်းစွပ်အနက်ကြီး စွပ်ထားသည်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မည်သူမည်ဝါမှန်းတော့ ဦးမင်းယာ မသိခဲ့ပေ။ ဦးမင်းယာက ဓားနှင့်ထိုး၊ ဦးမိုးသီးက ရှောင်ပေးရင်းဖြင့် နှစ်ယောက်သား လုံးထွေးသွားစဉ် ဦးမိုးသီး၏ လက်သီးတစ်ချက်က ဦးမင်းယာ၏ပါးချိတ်သို့ 'ခွပ်' ခနဲ ဝင်သွားလေ၏။ ထိုအချိန်မှာပင် ဦးမင်းယာ၏လက်ထဲမှ ဓားမြှောင်က လည်း ဦးမိုးသီး၏လက်မောင်းသို့ စိုက်ဝင်သွားကာ လက်ထဲမှသေတ္တာနီ ကလေး လွတ်ကျသွားလေ၏။

"သူခိုးဗျို့... သူခိုး"

ဟူသော အော်သံများ အဆက်မပြတ် ထွက်ပေါ်လာလေရာ ဦးမိုးသီးသည် ဓားမြှောင်ကိုသာ ဆွဲနှုတ်လိုက်နိုင်ပြီးလျှင် သေတ္တာနီ ကလေးကိုကား ကောက်ယူရန် အချိန်မရတော့ပေ။ ဝင်ခဲ့သောအပေါက် မှ လျှောထွက်လိုက်ကာ မနားမနေပြေးခဲ့ရလေတော့၏။

ရွှေဂုံတိုင်မှ ဗဟန်းအထိ မနားတမ်းပြေးခဲ့သော ဦးမိုးသီးသည် အိမ်သို့ပြန်ရောက်သောအခါ မောနေလေတော့၏။

ဖခင်ပြန်မလာသဖြင့် စိတ်ပူ၍စောင့်နေသော မောင်အုတ်စီနှင့် ဦးမိုးသီး၏ တပည့်များဖြစ်သော ကိုညွန့်နှင့် ဘမောင်တို့သည် ပြေးထွက် လာကြလေ၏။ သို့သော် ဆင်ဝင်အောက်သို့ အရောက်တွင် ဦးမိုးသီး ဒူးညွတ်ကျသွားလေတော့၏။

"အဖေ... အဖေ"

"ဆရာ... ဆရာ"

ဟူသော ခေါ်သံများကြောင့် ဦးမိုးသီး သတိပြန်၍ လည်လာ လေ၏။ သို့သော် စကားပင် ပီအောင်မပြောနိုင်တော့ပေ။

"လူကလေး အဖေ့လက်ထဲရောက်ပြီးမှ ကျခဲ့တာ နာတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ အဆိပ်အားက မင်းယာဆီမှာကွ။ အဖေတော့ အဆိပ်တွေတက်နေပြီ လူကလေး။ မင်းအလုပ်ရှောက်ပြန်ပြီ မောင်အုတ်စီ"

"စိတ်ချပါ အဖေ၊ ကျွန်တော် ရအောင်ယူပြီး ဌာပနာတည်ပေးပါ့မယ်"

"ယုံပါတယ် မောင်အုတ်စီ၊ အဖေ ယုံပါတယ်။ ညွှန့် မင်းယာအကြောင်း လူကလေးကို အားလုံးပြောပြလိုက်ပါ"

ဟု ဦးမိုးသီးက ပြောလိုက်ပြီးလျှင် ဇက်ကျိုးကျသွားလေတော့၏။

"အဖေ... အဖေ"

"ဟာ... ဆရာ... ဆရာ... တောက်၊ ဘယ်လိုဖြစ်ရတာလဲ မောင်အုတ်စီရယ်။ ဆရာနဲ့မင်းနဲ့ သားအဖနှစ်ယောက် ပြောကြတဲ့ စကားတွေကို ဦးလေးညွှန့်တို့လည်း ဘာမှနားမလည်ပါလားကွာ"

ဟု ပြောရင်း ကိုညွှန့်ရော ဘမောင်ပါ ငိုကြလေ၏။ နံနက်မိုးလင်းချိန်တွင်တော့ ဦးမိုးသီး၏ တစ်ကိုယ်လုံးသည် မြွေဆိပ်တက်သကဲ့သို့ ပြာနှမ်းနေလေတော့၏။

မောင်အုတ်စီလည်း ကိုညွှန့်နှင့် ဘမောင်ကိုယ်တိုင်ပင် ညကခြံထဲသို့ဆင်းရင်း ပိုးထိခံရ၍ ဦးမိုးသီး ရုတ်တရက်ကွယ်လွန်ကြောင်း သတင်းလွှင့်ခိုင်း လိုက်လေတော့၏။ ဦးမိုးသီး၏ အသုဘသည် ပန်းရံဆရာများ၊ လက်သမားများနှင့် လွန်စွာစည်ကားသော အသုဘတစ်ခုဖြစ်ခဲ့လေ၏။ မောင်အုတ်စီက မိမိ၏ကျေးဇူးရှင်ကြီးအား တာမွေသင်္ချိုင်းမှာပင် ဂူသွင်း၍ ကျကျနန သင်္ဂြိုလ်ပေးလိုက်လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## ရွှေထုံတစ်ခွက် စားတစ်သက်

ဦးမိုးသီးရက်လည်သောနေ့တွင် မောင်အုတ်စီက ကိုညွန့်ကို ခြံထဲသို့ခေါ်သွားကာ...

"ဦးလေးညွန့်ရဲ့ အဖေသေကာနီးမှာ ပြောသွားတဲ့ ညွှန့် မင်းယာ အကြောင်း လူကလေးကို အားလုံးပြောပြလိုက်ဆိုတာ ဘာများလဲ ဦးလေး ညွန့်ရဲ့"

ဟု မောင်အုတ်စီက မေးလိုက်လေရာ ကိုညွန့်သည် မျက်နှာ ကွက်ခနဲပျက်သွားလေတော့၏။ ပြီးတော့မှ သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်ကာ

"မောင်အုတ်စီရယ်၊ ဆရာဦးမိုးသီးကို မမျှော်လင့်ဘဲ ဆုံးရှုံး ခဲ့ရတဲ့ ငါတို့မှာ မင်းကိုပါ ထပ်ပြီးဆုံးရှုံးရဦးမှာလားကွာ"

ဟု ကိုညွန့်က ငိုသံပါကြီးနှင့် မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်များတုံး ဦးလေးညွှန့်ရဲ့။ ဘာကြောင့် ကျွန်တော့်ကို ဆုံးရှုံးရမှာလဲ။ ကဲပါဗျာ၊ ပြောမှသာ ပြောစမ်းပါ ဦးလေးညွှန့်ရာ"

ဟု မောင်အုတ်စီက ဖွတ်မေးလေပြီဖြစ်ရာ ကိုညွှန့်လည်း မည်သို့မျှ ရှောင်လွှဲ၍ရမည် မဟုတ်သောကြောင့်. .

"ကဲပါလေ၊ မင်းလည်း မင်းဘဝအကြောင်းကို သိချင်မှာပေါ့။ ပြီးတော့ ဆရာကလည်း မင်းကိုပြောပြဖို့ ငါ့ကို မှာသွားတယ် မဟုတ်လား။ ငါ ပြောပြရတော့မှာပေါ့ မောင်အုတ်စီရယ်"

"ကဲ. . . ဦးလေးညွှန့်ရယ် စကားပလ္လင်တွေ ခံမနေပါနဲ့တော့ဗျာ။ ပြောမှသာ ပြောပါဗျာ။ ကျွန်တော်က သိချင်လှပြီဗျ"

"အေး. . . ဒီလိုကွ မောင်အုတ်စီရဲ့။ မင်းရဲ့အဖေနာမည်က ကိုရွှေသာတဲ့။ မင်းရဲ့အမေက မလှသွယ်တဲ့"

"ဟုတ်ကဲ့ ကျွန်တော့်အဖေနဲ့ အမေရဲ့နာမည်ကို ဦးကြီး ကျောက်ခဲပြောပြထားလို့ ကျွန်တော် သိပြီးသားပါ ဦးလေးညွှန့်"

"အေး. . . အေး. . . မင်းအမေ မလှသွယ်က မိန်းမချောကွ မောင်အုတ်စီရဲ့။ မင်းအဖေကိုရွှေသာက ဆင်းရဲရှာတယ်။ အဲဒါကို အခွင့်ကောင်းယူပြီး လူတစ်ယောက်က သူ့ရဲ့စည်းစိမ်နဲ့ သူ့ရဲ့ရုပ်ရည်ကို ဘမ်းပြပြီး မလှသွယ်ကို ခိုးပြေးသွားခဲ့တယ်။ မင်းအဖေလည်း မလှသွယ် စိတ်နဲ့ အရက်တွေအလွန်အကျွံသောက်ပြီး သေခဲ့ရတယ်။ မလှသွယ် ကလည်း သူ့ကို သွေးဆောင်ပြီး ခိုးသွားတဲ့လူက သားမှတ်မှတ် မယားမှတ်မှတ် မပေါင်းသင်းလို့ စိတ်ဆင်းရဲပြီး ရောဂါရ သေသွားခဲ့တယ်"

"တောက်. . အဲဒီလူက ဘယ်သူတုံးဗျ ဦးလေးညွှန့်ရဲ့။ ကျုပ်တို့ မိသားစုကလေးဘဝကို သက်သက်မယ့် ဖျက်ဆီးပစ်ခဲ့တဲ့ လူပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက တခြားလူ မဟုတ်ဘူး မောင်အုတ်စီ။ အခု မင်း အဖေ ဆရာဦးမိုးသီးကို သတ်လိုက်တဲ့ ဦးမင်းယာပဲ"

"ဗျာ… "

"ဟုတ်တယ် မောင်အုတ်စီ၊ ဒီအကြောင်းတွေကို ကျောက်ခဲ မသေခင်က ငါ့ကို ပြောပြသွားလို့ ငါ သိခဲ့ရတာ။ ငါ ပြောပြလို့ မင်းအဖေ ဆရာဦးမိုးသီးက သိသွားတာ။ ဦးမင်းယာအိမ်ခေါက်ဖို့ လာအပ်တုံးက ငါ မျက်နှာပျက်နေလို့တောင် ဆရာက ငါ့ကို အမူအရာနဲ့ပြပြီး သတိ ပေးခဲ့သေးတယ်"

"တောက်… ဖြစ်မှဖြစ်ရလေဗျာ။ မင်းယာဆိုတဲ့လူက ကျုပ် အဖေနဲ့အမေကိုလည်း သေအောင် ဒုက္ခပေးခဲ့တယ်။ ကျုပ်ရဲ့ဘဝကိုလည်း မိတကွဲဖတကွဲဖြစ်အောင် လုပ်ခဲ့တယ်။ ကျုပ်ရဲ့ မွေးစားအဖေ ဦးမိုးသီး ကိုလည်း သတ်ခဲ့တယ်။ ဒီအတိုင်းပဲမို့လား ဦးလေးညွန့်"

"ဟုတ်တယ် မောင်အုတ်စီ။ အဲဒီအတိုင်းပါပဲ"

"တွေ့ကြသေးတာပေါ့ မင်းယာရယ်။ ငါ့မိဘတွေနဲ့ ငါ့အဖေ ဦးမိုးသီးတို့အတွက် လက်စားချေရုံတင်မကဘူး မင်းလည်းချောင်းသွေးနဲ့ ခြေဆေးရမှုကို ငါကျေနပ်နိုင်မယ်ကွ မင်းယာရဲ့။ ထမင်းဝအောင်သာ စားထားပေတော့ပေါ့"

ဟု မောင်အုတ်စီက အံကြိတ်ရင်း ကြိမ်းဝါးလိုက်လေရာ မောင် အုတ်စီ တကယ်လုပ်တော့မည်မှန်း သိနေသောကိုညွန့်က သက်ပြင်းရှည် ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်လေတော့၏။

မောင်အုတ်စီ ဦးမင်းယာကို စောင့်ကြည့်သည်။ မိုးမကြီးက ရွှေဂုံတိုင်မှာ နေသည်။ နာမည်က ဖတင်လှိုင်ဟု ခေါ်သည်။ ဒုတိယမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



က မခင်စိန်ဟု ခေါ်သည်။ မြို့ထဲတွင်နေသည်။ ဦးမင်းယာက ခုနောက်ပိုင်းတွင် တတိယမိန်းမဖြစ်သော ဝင်ဒါမီယာမှ ဘိုကပြားမထံတွင် အနေများနေသည်။ ခေါင်းစွပ်အမည်းကြီးစွတ်ပြီး ဖောက်ထွင်းဝင်ရောက်လာသည့် သူခိုးသည် အခြားပစ္စည်းများကို မယူဘဲ မီးခံသေတ္တာကိုဖောက်၍ ရွှေထုံ့ထည့်ထားသော ကတ္တီပါသေတ္တာနီကလေးကိုသာ ယူပုံကို ထောက်ခြင်းဖြင့် အတွင်းလူပါလို့သာ ဖြစ်မည်ဟု ဦးမင်းယာက ယူဆခဲ့သေ၏။

ထို့ကြောင့် ဦးမင်းယာသည် မယားကြီးများကို မယုံတော့သဖြင့် ဝင်ဒါမီယာရှိ မယားအငယ်ဆုံးထံတွင်သာ အနေများနေလေတော့၏။ ကတ္တီပါသေတ္တာ အနီကလေးကိုလည်း သွားလေရာသို့ အမြဲယူဆောင်သွားလေတော့၏။

ထိုအချက်ကိုတော့ မောင်အုတ်စီ အလွန်သဘောကျမိလေ၏။ ကတ္တီပါသေတ္တာနီကလေးထဲတွင် ရွှေထုံ့ခွက်က ရှိနေမည်ဖြစ်၏။

လကွယ်ညတစ်ညတွင် နှင်းများစောစီးစွာ ကျနေသဖြင့် အပြင်တွင် လူသွားလူလာ အလွန်နည်းနေလေ၏။ ရထား တစ်စီးတလေသာ မောင်းသွားလျက်ရှိလေ၏။

ထိုအချိန်တွင် ရထားတစ်စီးက ခပ်မှန်မှန်မောင်း၍ လာလေ၏။ ရထားသည် ရွှေဂုံတိုင်သို့ ရောက်သောအခါ အနောက်ဘက်သို့ ချိုးကွေ့လိုက်လေ၏။ အချိန်က ဆယ်နာရီကျော်သွားလေပြီဖြစ်ရာ လမ်းပေါ်တွင် လူသွားလူလာ မရှိသလောက် ဖြစ်သွားလေတော့၏။ မှန်မှန်မောင်းလာသော ထိုရထားကလေးသည်သာ ရေတာရှည်လမ်းထိပ်သို့ အရောက်တွင် ခေတ္တရပ်လိုက်လေ၏။

ပြီးတော့မှ ဘေးဘီကို တစ်ချက် အကဲခတ်တာ သူ၏ရထား

www.burmeseclassic.com



ကို မှန်မှန်မောင်း၍ လက်ယာဘက်သို့ ချိုးကွေ့လိုက်လေ၏။ ရထားက လင့်လမ်းပေါ်သို့ ရောက်သွားလေတော့၏။ လင့်လမ်းဆုံးသွားသောအခါ တွင် ဘောင်ဒရီလမ်း(မွေစေတီလမ်း) ပေါ်သို့ ရောက်သွားလေ၏။ လက်ဝဲ ဘက်သို့ ရထားကို ချိုးလိုက်ပြန်၏။ ထိုမှတစ်ဆင့် ဝင်ဒါမီယာထဲသို့ ချိုးဝင်လိုက်ပြန်၏။

ဝင်ဒါမီယာထဲတွင် နေထိုင်သော လူကုံတန်များသည် ယခုကဲ့သို့ ညမိုးတွင် ပါတီများ၊ ကလပ်များမှ ကားနှင့်တစ်မျိုး၊ ရထားနှင့်တစ်မျိုး ပြန်လာတတ်ကြလေရာ ယခုမောင်းလာသော အနက်ရောင် ရထားသမား ၏ ရထားကိုလည်း မည်သူကမျှ အသစ်အဆန်း မဖြစ်ကြပေ။

ရထားကလေးသည် ဝင်ဒါမီယာလမ်းတစ်လျှောက် ကွေ့ကာ ဝိုက်ကာ မောင်းလာရင်း မှောင်ရိပ်ကျကျနေရာတစ်ခုတွင် ရပ်သွားလေ၏။ ရထားသမားသည် လှုပ်ရှားမှုမပြုဘဲ ငြိမ်၍နေလိုက်လေ၏။ ပတ်ဝန်းကျင် သို့ အကဲခတ်နေလေ၏။

ထိုရထားသမားသည် သျှောင်တစ်စောင်းထုံးထားသည့် ဖြူနွဲ့နွဲ့ လူချောကလေးမောင်အုတ်စီပင် ဖြစ်လေတော့၏။

အခြေအနေအားလုံး တည်တည်ငြိမ်ငြိမ် ရှိသည်ကို သေချာ အောင် ကြည့်ပြီးတော့မှ မှောင်ထဲမှ လူနက်ကလေး မောင်အုတ်စီသည် ရထားပေါ်မှ ဆင်းလိုက်လေ၏။

"သားကြီး ဒီနေရာမှာ ငြိမ်ငြိမ်နေနော်။ အသံမပေးနဲ့။ ငါ မကြာဘူး ပြန်လာခဲ့မယ်"

ဟု သူ့မြင်းကြီးကို မှာကြားနေပြန်လေ၏။ ပြီးလျှင် မှောင်ထဲ သို့ ဝင်၍ လှစ်ခနဲ ပျောက်သွားလေ၏။ မောင်အုတ်စီသည် မှောင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်ကာ တစ်ခါက သူနှင့် သူ့အဖေ ဦးစီးပြီးဆောက်ပေးခဲ့သည့် တစ်ထပ်တိုက်ကလေးကို ငေးကြည့်ရင်း ဖခင်ကြီးကို သတိရနေလေတော့၏။

မောင်အုတ်စီ အချိန်မဆိုင်းချင်တော့ပေ။ သူဆောက်ခဲ့သည့် အိမ်တစ်အိမ်ကို မည်ကဲ့သို့ ဝင်မှရမည်ကို မလာမီကတည်းက ကြိုတင်တွက်ဆထားခဲ့ပြီးသား ဖြစ်လေရာ လူတစ်ရပ်ခန့်မြင့်သည့် ဝင်းတံတိုင်းကို အသာကလေး ကျော်ဝင်ခဲ့လေတော့၏။

ပြီးလျှင် ဘာကိုမျှ စဉ်းစားမနေတော့တဲ တစ်ထပ်တိုက်ကလေး၏ ခေါင်းရင်းဘက်မှကွေ့ကာ အိမ်နောက်ဘက်သို့ လျှောက်လာခဲ့လေ၏။ မီးဖိုဆောင်အနီးမှ သရက်ပင်ကို တစ်ချက်မော့ကြည့်ကာ မောင်အုတ်စီ ပြုံးလိုက်လေ၏။ ထင်ထားသည့်အတိုင်းပင် ဖြစ်လေ၏။ သရက်ပင်၏ ကိုင်းတစ်ခုက မီးဖိုဆောင်ခေါင်မိုးပေါ်သို့ ထိုးကျနေလေ၏။

မောင်အုတ်စီ အချိန်မဆွဲတော့။ သရက်ပင်ပေါ်သို့ ရှဉ့်ကလေးတစ်ကောင်ကဲ့သို့ လျင်မြန်ပေါ့ပါးစွာ တက်လိုက်သည်။ ပြီးလျှင် တစ်ကိုင်းမှ တစ်ကိုင်းသို့ ကူးသွားကာ မီးဖိုပေါ်သို့ ထိုးနေသော သစ်ကိုင်းကြီးပေါ်တွင် တွယ်ဖက်ကာ ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာ သွားလိုက်လေ၏။ မီးဖိုဆောင်၏ ခေါင်မိုးပေါ်သို့ ရောက်ခဲ့လေ၏။ လက်သမားတစ်ယောက်ဖြစ်သည့်အတွက် မောင်အုတ်စီ အသံမကြားအောင် ခြေဖော့၍ လျှောက်နိုင်သူ ဖြစ်လေ၏။

မီးဖိုဆောင်ရှိ မီးခိုးခေါင်းတိုင်အနီးသို့ ရောက်လျှင် ခဏရပ်၍ အခြေအနေကို ကြည့်ပြန်၏။ ပြီးလျှင် ခေါင်းတိုင်ပေါက်တွင် နားကပ်၍ အသံကို နားထောင်လေ၏။ မည်သည့်အသံမျှ မကြားရသည်ကို သေချာပြီ

www.burmeseclassic.com



ဆိုတော့မှ မောင်အုတ်စီသည် အဆင်သင့်ယူလာသော ကြိုးခွေကို ပခုံးမှ ဖြုတ်ယူ၍ အဝတ်ထူထူဖြင့် ပတ်ထားသည့် သံချိတ်ကို ခေါင်းတိုင် နှုတ်ခမ်း၌ ချိတ်ကာ ကြိုးစကို ခေါင်းတိုင်ထဲမှ ချလိုက်လေ၏။

သူတို့သားအဖ ဆောက်သော ဤတိုက်ကလေးသည် ဤ နေရာတစ်ခုကလွဲလျှင် အခြားဝင်ပေါက် လုံးဝမရှိသည်ကို မောင်အုတ်စီ သိပြီးသားဖြစ်သည်။ ကြိုးကို တွဲခို၍ ခေါင်းတိုင်အတွင်းသို့ ဝင်လိုက် လေ၏။ ပြီးလျှင် ကြိုးအတိုင်း တဖြည်းဖြည်း ဆင်းလိုက်လေရာ မီးဖိုခုံ ပေါ်သို့ ရောက်လေ၏။

မီးဖိုခန်းမှတစ်ဆင့် အိမ်မထဲသို့ ဝင်လိုက်လေ၏။ အိမ်ထဲတွင် မီးရောင်မှိန်မှိန်ကလေးကိုသာ တွေ့နေရလေရာ မောင်အုတ်စီသည် ခန်းဆီးစ၏နောက်တွင် ခိုဝင်လိုက်ကာ အိမ်ရှေ့ခန်းသို့ ကြည့်လေ၏။

"ဩော်... ဦးမင်းယာ မအိပ်သေးဘဲကိုး။ အေးအေးဆေးဆေး အရက်သောက်ပြီး ဖိမ်ယူနေတာပဲ။ သူ့မယားကတော့ အိပ်နေပုံပဲ။ ဩော်... ဦးမင်းယာ၊ ခင်ဗျားဟာ သူတော်ကောင်းကြီး တစ်သက်လုံး ကြိုးစားလို့ အောင်မြင်သွားတဲ့ ရွှေထုံ့ခွက်နဲ့ ရွှေလုပ်ပြီး အရက်ကလေး တမြမြ၊ မိန်းမက တစ်ယောက်ပြီးတစ်ယောက်၊ လင်ရှိမယားလည်း မရှောင် သူတစ်ပါးအသိုက်အမြုံမှန်းလည်း မသိတဲ့သူပဲ။ တွေ့ကြသေး တာပေါ့ ဦးမင်းယာရယ်"

ဟု မောင်အုတ်စီက စိတ်ထဲမှ ပြောလိုက်ရင်း ဦးမင်းယာ အရက်စည်းစိမ်ခံနေသည့် အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့လေ၏။

သူ့ရှေ့တွင် ဘွားခနဲပေါ်လာသော မောင်အုတ်စီကို ရုတ်တရက် မြင်လိုက်ရလေရာ ဦးမင်းယာသည် လန့်သွားပြီး ဆတ်ခနဲ မတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ထရုပ်လိုက်လေ၏။

"မင်း... မင်း ဘယ်သူလဲ။ ငါ့တိုက်ထဲကို ဘာလို့ ဝင်လာတာလဲ။ ဘယ်က ဝင်လာတာလဲ"

"ဖြည်းဖြည်းပေးပါ ဦးမင်းယာရယ်။ ကျုပ် အားလုံး ပြောပြမှာပါ"

မောင်အုတ်စီက ခါးကြားတွင် ထိုးထားသော ရဲတင်းကို ဖြုတ်ယူလိုက်ကာ

"ကျုပ်နာမည် အုတ်စီပါ"

"အုတ်စီ၊ မောင်အုတ်စီလား။ ဟာ... ဟုတ်သားပဲ။ မင်း ငါ့တိုက်ကို ဆောက်သွားတဲ့ လက်သမားမောင်အုတ်စီမို့လား"

"ဟုတ်ပဗျာ ဟုတ်ပ"

"မင်း ဘာလာလုပ်တာလဲ။ ဓားပြတိုက်ချင်လို့လား။ မဟုတ်တာ မလုပ်ပါနဲ့ မောင်အုတ်စီရာ။ မင်းတို့သားအဖက ပညာကောင်းတွေပါ။ အေးအေးဆေးဆေး ကိုယ်တတ်တဲ့ပညာကလေးနဲ့ လုပ်ကိုင်စားသောက်တာ ကောင်းပါတယ်"

"ဟုတ်တယ် ဦးမင်းယာ။ ကျုပ်က ဓားပြတိုက်မလို့ လာတာပဲ။ ဒါပေမယ့် ရွှေတွေငွေတွေကို တိုက်မှာမဟုတ်ပါဘူး ဦးမင်းယာ။ ခင်ဗျားရဲ့ အသက်ကို ဓားပြတိုက်မှာပါ"

"ဘာကွ... မင်းနဲ့ငါ ဘာရန်ငြိုးရှိလို့လဲ မောင်အုတ်စီ"

ဦးမင်းယာက တုန်တုန်ရီရီနှင့် မေးလိုက်ရင်းမှ ဘေးမှ စားပွဲခုံကလေးတွင် တင်ထားသည့်ဓားမြှောင်ကို မသိမသာ လှမ်းယူလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ယူပါ ဦးမင်းယာ။ ယူပါ။ ကျုပ်က ခင်ဗျားတို့ ခွေစဉ်မျိုးဆက် အသုံးပြုခဲ့တဲ့ အဲဒီအဆိပ်လူးဓားမြှောင်ကို အရမ်းစိတ်ဝင်စားနေတာဗျ"

"ဘာကွ... မင်းက ဒီဓားမြှောင်အကြောင်းကိုတောင် သိနေတယ် ဟုတ်လား။ မင်း ဘယ်သူလဲ"

"ကျုပ်က ခင်ဗျားအဖေ ဦးဘထွန်းရဲ့ အဆိပ်ဓားကြောင့် သေခဲ့ရတဲ့ ဦးဘဖုံရဲ့မြေး။ ဟိုတလောက ခင်ဗျားရဲ့ဟောဒီအဆိပ်ဓားနဲ့ သေခဲ့ရတဲ့ ဦးမိုးသီးရဲ့သား။ ပြီးတော့ ခင်ဗျားဖျားယောင်းပြီး ယူခဲ့ဖူးတဲ့ မလှသွယ်ရဲ့သားလေ"

"ဘာကွ... မင်းက မလှသွယ်ရဲ့သား မဟုတ်လား။ ဒါဆိုရင် မင်းအဖေရင်းက ရွှေသာပေါ့။ ဟိုတစ်လောက ငါ့အိမ်ကို ဝင်ခိုးတဲ့ သူခိုးဟာ မိုးသီးကို။ မင်းက မိုးသီးရဲ့ မွေးစားသားပေါ့။ ဒါဆိုရင် ငါ့အဖေပိုင်တဲ့ ရွှေထုံးခွက်ကို အမြဲလိုက်ပြီး လုနေတဲ့ကောင်တွေဟာ မင်းတို့ပဲပေါ့။ တွေ့ကြသေးတာပေါ့ကွာ"

ဟု ပြောရင်းမှ ဦးမင်းယာက ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မောင်အုတ်စီဆီသို့ ပြေး၍ဝင်လာလေတော့၏။

"ကြိုက်တယ်ဗျာ။ အဲဒီလိုသတ္တိမျိုးမှ ကြိုက်တာဗျ။ ခင်ဗျားအဖေ ဘထွန်းဆိုတဲ့လူကြီးကတော့ သူခိုးပဲ။ သူတော်ကောင်းရဲ့ ပစ္စည်းကိုတောင် ခိုးရဲတဲ့လူ"

"ဘာကွ... မင်း ငါ့အဖေကို စော်ကားတယ် ဟုတ်လား"

ဟု ပြောရင်း ဦးမင်းယာက မောင်အုတ်စီကို ဓားနှင့် ပြေး၍ ထိုးလေ၏။ မောင်အုတ်စီက ရှောင်ပေးလိုက်သည်။ ဦးမင်းယာက ထိုးပြန်သည်။ မောင်အုတ်စီကလည်း ရှောင်လိုက်ပြန်သည်။ ရှောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တိမ်းရင်းမှ နောက်သို့ ခြေတစ်လှမ်း ဆုတ်ပေးလိုက်သည်။ ဦးမင်းယာကလည်း လိုက်၍ထိုးပြန်သည်။ မောင်အုတ်စီက ဘေးသို့ တိမ်းပေးလိုက်သည်။

ဦးမင်းယာ၏ ဓားချက်က လေထဲသို့ ရောက်သွားသည်။

"ဝှစ်... ဝှစ်... ဝှစ်"

ဟူသော အသံများက အဆက်မပြတ် ထွက်လာသည်။ မောင်အုတ်စီက ကျယ်ဝန်းသော အိမ်ခန်းကြီးထဲတွင် ပတ်၍ ရှောင်ပေးနေလေ၏။ ဦးမင်းယာက အရက်လည်း မူးနေသည်ဖြစ်ရာ ခဏကလေးနှင့် မောလာလေသည်။

"ထိုးပါ ဦးမင်းယာ။ ဒီဓားအကြောင်း ကျုပ် ကောင်းကောင်းသိပါတယ်။ နည်းနည်းကလေး ရှသွားတာနဲ့ မြွေဆိပ်တက်သလို တက်လာပြီး မည်းပြာသွားတာမို့လား။ ထိုးပါ။ ထိအောင်သာ ထိုးဗျာ"

ဟု မောင်အုတ်စီက ပြောသောအခါ ဦးမင်းယာက ဒေါသကိုပို၍ဖြစ်လာကာ ဒရကြမ်းလိုက်၍ ထိုးလေတော့၏။

ထိုအချိန်မှာပင် လူသံကြားသဖြင့် အခန်းထဲမှ ထွက်လာသော ဘိုကပြားမကလေးက...

"ဒါလင် ဘာဖြစ်နေတာလဲဟင်။ သူခိုးလား"

ဟု ပြောရင်း ပြေးဝင်လာကာ မောင်အုတ်စီအား နောက်မှ သိုင်းဖက်လိုက်ကာ ချုပ်ထားလေ၏။ ထိုအခွင့်အရေးကို ဦးမင်းယာက အမိအရ အသုံးချလိုက်လေ၏။ သူ၏ ဓားမြှောင်ကို တစ်ချက်ဝင်လိုက်ကာ မောင်အုတ်စီ၏ရင်ဝသို့ စိုက်ချလိုက်လေ၏။

လွန်စွာသတိကောင်းသော မောင်အုတ်စီက ကိုယ်ကို ချာလ

www.burmeseclassic.com



ပတ် လှည့်ပေးလိုက်လေရာ သူ့အား နောက်ကျောမှ သိုင်းဖက်ထားသည့် ဘိုကပြားမကလေးက ဦးမင်းယာဘက်သို့ ရောက်သွားလေရာ...

"အား... "

ဟူသော အော်သံနှင့်အတူ မောင်အုတ်စီအား ချုပ်ပေးထားသည့် ဘိုကပြားမကလေး ပြုတ်ကျသွားလေ၏။

"ဟာ... ရိုလင်ဒါ... ရိုလင်ဒါ။ မင်း... မင်းကြောင့် ငါမိန်းမ သေပြီ အုတ်စီ။ မင်း သေပေတော့"

ဟု ဦးမင်းယာက သွေးရူးသွေးတမ်းဖြင့် အော်လိုက်ရင်းမှ မောင်အုတ်စီအား သူ့လက်ထဲမှ ဓားမြှောင်နှင့် ပေါက်လိုက်လေ၏။ ရင်ဝတည့်တည့်သို့ ဝင်လာသော အဆိပ်ဓားအား လက်ထဲတွင် ကိုင်ထားသည့် ရဲတင်းနှင့် ခတ်ထုတ်လိုက်ရလေ၏။

"ချွင်... ဒုတ်"

ဟူသောအသံနှင့်အတူ ပြတင်းပေါက်ကျည်းပေါင်တွင် ဓားမြှောင် စိုက်ဝင်သွားလေတော့၏။ မောင်အုတ်စီ အချိန်မဖြုန်းတော့ လွှားခနဲ ခုန်ဝင်သွားကာ ရဲတင်းဖြင့် ခုတ်လိုက်လေ၏။ ပထမတစ်ချက် ဦးမင်းယာ၏ ခေါင်းမှ ချိုးစောင်း...

"ခွပ်... အား"

သွေးတွေ ဖွားခနဲ ကျလာသည်။ 'အား' ခနဲ အော်သံနှင့်အတူ ဦးမင်းယာ နောက်သို့ခုန်လိုက်သည်။ ယောင်၍ ခုန်လိုက်ခြင်းပင် ဖြစ်လေ၏။

နောက်တစ်ချက် မိမိရရ ပတ်ခုတ်လိုက်ပြန်သည်။

"ဒုတ်... အား"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ လည်ပင်းကို ပိုင်းချလိုက်ခြင်းပင် ဖြစ်၏။ အော်လိုက်သည့်အသံက အသံနက်ကြီးနှင့် ဘယ်လောက်ပင် အော်အော် ဤတိုက်ကလေးက အသံလုံပြီးသားမှန်း မောင်အုတ်စီ သိသည်။ နောက်သို့ လန်ကျသွားသော ဦးမင်းယာကို ဆံပင်မှ ဆောင့်ဆွဲယူလိုက်ကာ ဦးမင်းယာ၏ လည်ပင်းမှ ပန်းထွက်နေသောသွေးဖြင့် မောင်အုတ်စီ ခြေဆေးလိုက်သည်။ ပြီးတော့မှ တဖြည်းဖြည်း လေးလေးကြီး ဖြစ်လာသော ဦးမင်းယာကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ သွေးအိုင်ထဲတွင် ပက်လက်ကြီး ကျသွားလေတော့၏။

သူ့မယား ဘိုကပြားမက မှောင်ခုံကြီး လဲကျနေပြီး သူက ခြေကားယားလက်ကားယားနှင့် ပက်လက်ကြီး ဖိုဖိုနဲ့ကြွနေလေတော့၏။

မောင်အုတ်စီ အလောင်းနှစ်လောင်းကို ခွကျော်လိုက်ပြီး စားပွဲခုံပေါ်မှ သေတ္တာနီကလေးဆီသို့ လာခဲ့လေ၏။ သေတ္တာကလေးကို ဖွင့်ကြည့်လိုက်သည်။

BURMESE CLASSIC

"ဩော်... ရွှေထုံခွက်ဆိုတာ ဒါပဲကို"

ပိုးဖဲတောက်တာရောင် အရောင်စုံထွက်နေသည့် သတ္တုတုံး တစ်ခုဖြစ်၏။ အလယ်တွင် အိုးကလေးလို အချိုင့်ခွက်တစ်ခု ရှိသည်။ သည်ထုံခွက်ကို အပူပြင်းပြင်းပေးပြီး ပြဒါးရည်လောင်းထည့်လိုက်လျှင် ပြဒါးအားလုံး ရွှေဖြစ်သွားသည်ကို ဖခင်ကြီးဦးမိုးသီး ပြောခဲ့သောပစ္စည်း သည် ဤအရာပါကလားဟု မောင်အုတ်စီ စိတ်ဝင်တစား ကြည့်မိလေ၏။

"ဩော်... လောဘတရားဟာ တယ်လည်းကြောက်စရာ ကောင်းလှပါလား။ သူတော်ကောင်းတစ်ယောက်ကို လမ်းမဖြောင့်အောင် ကို နှောင့်ယှက်ကြတာပဲ။ ဒီထုံခွက်ကို ရွှေထုံတည်စေတီကလေးမှာ အမြန်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဥာပနာထည့်ပေးရမယ်။ ဒါ ငါ့သစ္စာဆိုခဲ့တဲ့ တာဝန်ပေပဲ"

ဟု မောင်အုတ်စီက တွေးရင်း ရဲဘာင်းကို ခါးတွင်ထိုး၍ သေတ္တာ နီကလေးကို ယူကာ မီးဖိုဆောင်သို့ လာခဲ့လေ၏။ ပြီးလျှင် မီးဖိုးခေါင်းတိုင်မှ ပြန်၍တွယ်တက်ကာ ခေါင်မိုးမှတစ်ဆင့် သရက်ပင်သို့ဆက်ကာ လာလမ်းအတိုင်း ပြန်၍ထွက်ခဲ့လေတော့၏။

"ငါ့သားကြီး ပျင်းနေပြီလားကွ"

ဟု ပြောရင် မောင်အုတ်စီ ရထားပေါ်သို့ တက်ကာ မှောင်ထဲမှ မောင်းထွက်လာခဲ့လေ၏။ မြင်းကြီးက လူသွေးနံ့ရသဖြင့် တဖူးဖူးနှင့် နှာမှုတ်လေ၏။ ဝင်ဒါမီယာမှထွက်လျှင် ဘောင်ဒရီလမ်း(မွေစေတီလမ်း) သို့ ရောက်၍ ထိုမှတစ်ဆင့် လင့်လမ်းသို့ ချိုးဝင်ကာ ဗဟန်းသို့ ပြန်လာခဲ့လေ၏။

"အဖေနဲ့အမေ ကျွန်တော်တို့ မိသားစုကို အသိုက်အမြုံ ဖျက်တဲ့ လူယုတ်မာကို ကျွန်တော် လက်စားချေခဲ့ပါပြီ၊ အဖေဦးမိုးသီးရေ လူယုတ်မာ မင်းယာရဲ့ လည်ချောင်းသွေးကို ကျုပ် ခြေဆေးခဲ့ပြီဗျို့"

ဟု မောင်အုတ်စီက တစ်ယောက်တည်း ပြောလိုက်လေ၏။ မကြာမီ အိမ်သို့ ပြန်ရောက်ကာ ခြေရာလက်ရာမကျန်အောင် ဖျောက်ဖျက် ပြစ်ခဲ့လေ၏။ နောက်တစ်နေ့မှာပင် ကိုညွန့်ကိုခေါ်၍ ကျိုက်ထီးရိုးသို့ ခရီးထွက်ခဲ့လေ၏။ ပြီးလျှင် ရွှေထုံတည်စေတီကလေး၏ ဥာပနာတိုက်အတွင်း ရွှေထုံခွက်ကလေးကို ထည့်၍ ပိတ်လိုက်လေတော့၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)
# ထောင်ထဲတွင် အိမ်ဆောက်လိုသူ

BURMESE CLASSIC .com

ကျိုက်ထီးရိုးမှ ပြန်ရောက်လာပြီးနောက် မောင်အုတ်စီသည် အိမ်တွင်နေရင်း စိတ်ငြိမ်စေရန် ဗီရိုတစ်လုံး လုပ်နေလေ၏။ ကိုညွန့်နှင့် ကိုဘမောင်တို့လည်း မောင်အုတ်စီကို ဝိုင်းကူ၍ လုပ်ပေးကြလေ၏။

မောင်အုတ်စီက ရဲတင်းကိုကိုင်ကာ သစ်သားချောင်းတစ်ခုကို ခုတ်နေစဉ် လူလေးယောက်သည် ခြံထဲသို့ ဝင်လာလေ၏။ အရုပ်မြင့်မြင့် ရုပ်ချောချောနှင့် လောင်းကုတ်အင်္ကျီ၊ သက္ကလပ်ဦးထုပ်အပျော့ကို ဆောင်းထားသူက ရှေ့ဆုံးမှဝင်လာကာ သူ့နောက်မှ နှုတ်ခမ်းမွှေးပြားပြားကြီးနှင့် လူတစ်ယောက်၊ ခပ်ဝဝ ထွားထွားကျိုင်းကျိုင်းနှင့်လူက တစ်ယောက်၊ ငယ်ငယ်ချောချောလူက တစ်ယောက်ဖြစ်လေ၏။

ရှေ့ဆုံးမှ ဝင်လာသော လောင်းကုတ်နှင့်လူက...

"မောင်အုတ်စီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စ၍မေးလေ၏။

"ဟုတ်ပါတယ်ဗျာ။ ဘာကိစ္စများ ရှိလို့ပါပဲ"

ဟု မောင်အုတ်စီက ပြန်၍မေးလေရာ...

"ဩော်... အိမ်တစ်လုံး အပ်ချင်လို့ပါ"

ဟု ထိုသူက ပြောလေ၏။ ထိုအခါ မောင်အုတ်စီက

"အိမ်ဆောက်ချင်လို့လား။ ရပါတယ်။ ဒါထက် နောင်ကြီးက ဘယ်အရပ်မှာ ဆောက်ချင်တာပါလဲဗျာ"

ဟု ပြန်၍မေးလေရာ လောင်းကုတ်ဝတ်ထားသည့် လူချော ကြီးက သူ၏မေးစေ့ဘယ်ဘက်ထောင့်မှ မှဲ့နက်ကလေး လှုပ်သွားအောင် ပြုံးလိုက်ရင်းမှ...

"ဆောက်ချင်တာတော့ ရန်ကုန်ထောင်ကြီးထဲမှာပါ"

"ဗျာ... "

ဟု မောင်အုတ်စီက ယောင်၍ ပြောလိုက်လေ၏။ ပြီးတော့မှ ဣန္ဒြေဆယ်ကာ...

"ဘယ်လိုအိမ်မျိုး ဆောက်ချင်တာလဲ"

ဟု မေးလေ၏။ ထိုအခါ ထိုသူက...

"မောင်အုတ်စီတို့သားအဖ ဆောက်ပေးခဲ့တဲ့ ဝင်ဒါမီယာထဲက ဘိုဆန်ဆန် တစ်ထပ်တိုက်ကလေးမျိုးပါ မောင်အုတ်စီ"

"ဗျာ... "

ဟု မောင်အုတ်စီက ဒုတိယအကြိမ် ယောင်၍ အော်လိုက်ပြီး မှာပင် လူချောကြီးက သူ့လက်ထဲတွင် ကိုင်ထားသည့် တစ်ထွာခန့်သာ ရှိသည့် သစ်သားချောင်းကလေးကို မောင်အုတ်စီထံသို့ ပစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်အုတ်စီကလည်း သူ့လက်ထဲတွင် ကိုင်ထားသည့်ရဲတင်းဖြင့် ဖြတ်ခနဲ ခုတ်လိုက်လေရာ သစ်သားချောင်းကလေးသည့်...

'ခွပ်'ခနဲမြည်၍ လွင့်စင်သွားကာ အနီးရှိ ငှက်ပျောပင်တစ်ပင်တွင် စိုက်ဝင်သွားလေတော့၏။

"ချောက်... "

ထိုအချိန်မှာပင် အရပ်မြင့်မြင့် လူချောကြီးက မောင်အုတ်စီထံသို့ လွှားခနဲ ခုန်ဝင်လိုက်ကာ မောင်အုတ်စီ၏ လက်ထဲမှရဲတင်းကို ပုတ်ချလိုက်ပြီး 'ချောက်'ခနဲမြည်အောင် လက်ထိပ်ခတ်လိုက်လေတော့၏။

"ကျုပ်နာမည် လက်ဖတင်နှင်သံဟိတ်ပါ မောင်အုတ်စီ။ ဝင်ဒါမိယာက နှစ်လောင်းပြိုင်လူသတ်မှုအတွက် မောင်အုတ်စီကို ကျုပ်တို့ ဖမ်းလိုက်ပါပြီ"

ဟု ပြောလိုက်သောအခါ မောင်အုတ်စီက သူ့လက်တွင် ခတ်ထားသော လက်ထိပ်ကို တစ်ချက်၊ လက်ဖတင်နှင်သံဟိတ်၏ မျက်နှာကို တစ်ချက် ကြည့်ရင်းမှ ကျေကျေနပ်နပ် ပြုံးလိုက်လေ၏။ ပြီးတော့မှ...

"လက်ဖတင်နှင်သံဟိတ်ရဲ့ နာမည်ကို ကျွန်တော် ကြားဖူးပါတယ်။ အဲဒီလူသတ်မှုကို လက်ဖတင်နှင်သံဟိတ် လိုက်နေတယ်ဆိုတဲ့ သတင်းကိုလည်း ကျွန်တော် ကြားပါတယ်။ အဲဒီကတည်းက ကျွန်တော့်ဆီကို တစ်နေ့ ရောက်လာလိမ့်မယ်ဆိုတာ သိနေပါတယ်"

"ဒါဆိုရင် ဘာလို့ ထွက်မပြေးတာလဲ မောင်အုတ်စီ"

ဟု လက်ဖတင်နှင်သံဟိတ်က မေးလေရာ မောင်အုတ်စီက ပြုံး၍...



www.burmeseclassic.com

www.burmeseclassic.com



"ထွက်ပြေးတယ်ဆိုတာ ကြောက်တဲ့လူတွေရဲ့ အလုပ်ပါ စုံထောက်ကြီးရယ်။ ကျွန်တော်က ကြောက်မှမကြောက်တာ။ ဘယ်ပြေး မလဲဗျ"

"ဒါဆို အဲဒီလင်မယားကို မောင်အုတ်စီ သတ်ခဲ့တာပေါ့ ဟုတ်လား"

ဟု နှုတ်ခမ်းမွေးကြီးနှင့်လူက ပုလိပ်စစ် စစ်လေ၏။

"ကျွန်တော်သတ်တာ ဦးမင်းယာကိုပါ။ သူ့မယားက ကျွန်တော် သတ်တာ မဟုတ်ပါဘူး။ သူ့လင်ရဲ့ဓားနဲ့ ထိုးမိပြီး သေတာပါဗျာ"

"နို့... အဲဒီတုံးကခုတ်တဲ့ ရဲတင်းက ဘယ်မှာလဲကွယ့်"

ဟု ကိုသံဟိတ်က မေးလိုက်လေရာ မောင်အုတ်စီက မြေပြင် တွင် ကျနေသော ရဲတင်းကို ကောက်ယူလိုက်ကာ...

"ဒီရဲတင်းပါပဲ စုံထောက်ကြီး"

ဟု ပြော၍ လူသတ်သောလက်နက်ကိုပါ အပ်လေ၏။

"မောင်အုတ်စီကြည့်ရတာ စက်တိုင်တက်ရမှာကို တစ်စက် ကလေးမှ မကြောက်ဘူးထင်တယ်"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ မောင်အုတ်စီက ခေါင်းကို ငြိတ်ပြလိုက်ပြီးလျှင်...

"ကျွန်တော် တကယ်ကို မကြောက်တာပါ လက်ဖတင်နင် သံဟိတ်"

ဟု ဖြေလေ၏။ ထိုအခါ ကိုသံဟိတ်က ပြုံး၍ အောက်ပါအတိုင်း ပြောလိုက်လေတော့၏။

*"ယုံပါတယ် မောင်အုတ်စီ"*

---

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်အုတ်စီလည်း ကိုညွှန့်နှင့် ကိုဘမောင်တို့ကို နှုတ်ဆက်လေ၏။

"ကဲ... ဦးလေးညွှန့်နဲ့ ဦးလေးဘမောင်၊ ကျွန်တော် သွားတော့မယ်။ ဒီဘဝတော့ ဒီမျှပဲပေါ့ဗျာ။ နောင်ဘဝတွေမှာ ပြန်ဆုံခွင့်ရှိရင်တော့ ဆုံရဦးပါသေးတယ်။ ပြော်... ဦးလေးညွှန့် ကျောက်ကုန်းဘက်ရောက်ရင်လည်း မနှင်းဆီကို ကျွန်တော် နှုတ်ဆက်ခဲ့တယ်ဆိုတာလေး ဝင်ပြောပေးပါဗျာ"

"ကဲ... မောင်အုတ်စီရေ သွားကြစို့ကွယ်"

ဟု ကိုယွန်းသောင်ကြီးက ပြောလိုက်လေရာ...

"ဟုတ်ကဲ့ အဆင်သင့်ပါပဲ ခင်ဗျာ"

ဟု မောင်အုတ်စီက ပြန်၍ပြောလိုက်လျှင် ကိုသံဟိတ်တို့လည်း မောင်အုတ်စီအား ခေါ်၍ မြို့ပြင်တွင် ရပ်ထားခဲ့သော ဆီဒင်ကားအနီကလေးပေါ်သို့ တက်ခိုင်းလေတော့၏။ ပြီးလျှင် ကိုဘခင်မောင်းသော ဆီဒင်ကားကလေးသည် ရွှေတိဂုံစေတီတော်ကြီးကို ပတ်ကာ ရန်ကုန်ထောင်ကြီးရှိရာသို့ ဦးတည်၍ မောင်းနှင်သွားလေတော့သတည်း။

**ဝေမင်းအိမ်**

www.burmeseclassic.com